
7Day News ဂျာနယ် (၁၂)နှစ်ပြည့်အထိမ်းအမှတ် အထူးအချပ်ပို စာမျက်နှာ(၂၀) မေတ္တာလက်ဆောင်ထည့်သွင်းထားပါသည်

ဂု ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

LIVES BRILLIANTLY

အတွဲ(၁၃)၊ အမှတ်(၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ၊ ဗုဒ္ဓဟူး ၊ (မတ် ၅ ၊ ၂၀၁၄)



*လှည်းကူးမြို့နယ်အတွင်းရှိ ပဲတီစိမ်းစိုက်ခင်းတစ်ခုတွင် ပဲဆွတ်ခူးနေသည့် တောင်သူမိသားစုတစ်စုကို တွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# စနစ်တကျပြန်စွန့်ပါ

**ခိုင်ထွန်း၊ ထူးသန့်၊ သူရကျော်၊ ပြည့်စုံငြိမ်း**

တပ်မတော်က သိမ်းဆည်းလယ်ယာမြေများကို စွန့်လွှတ်ခဲ့သော်လည်း စနစ်ကျသည့် စီစဉ်ပြင်ဆင်မှုမရှိသဖြင့် မူလပိုင်ရှင်များလက်ဝယ်သို့ စိုက်ပျိုးချိန်အမီပြန်မရနိုင်သည့် အဖြစ်အပျက်များ အများအပြားရှိနေသည်။

စာမျက်နှာ ၈ »

## အာဂုံဆောင်စနစ်ဆိုးမှ ခွဲမထွက်နိုင်သည့် ပုဂ္ဂလိကကျောင်းများ

**နေလင်းထွန်း၊ ဇော်မျိုးလှိုင်**

ငွေကြေးပိုမိုကုန်ကျသည့်အတွက် အစိုးရကျောင်းနှင့် မတူကွဲပြားသော ပညာရေးစနစ်ကို ကိုယ်ပိုင်ကျောင်းများကအမှန်တကယ်ပေးစွမ်းနေသည်လားဆိုသည်ကိုကိုယ်ပိုင်ကျောင်းတည်ထောင်ထားသူများနှင့်ကျောင်းသားမိဘများအနေဖြင့် အဖြေရှာဆန်းစစ်ရန် လိုအပ်နေပြီဖြစ်သည်။

စာမျက်နှာ ၁၄ »

## ချစ်တာ အပြစ်မရှိပါ သို့သော်...

**သီဟ**



ဆောင်းပါးအပြည့်အစုံ A4 »

## ပင်းတယက မီးအိမ်ရှင်

**ဥက္ကာကိုကို**

နေ့မအား၊ ညမအား အလုပ်လုပ်ပြီး ခရီးလမ်းခက်ခဲကြမ်းတမ်းသည့် တောင်ပေါ်ဒေသကျေးရွာများသို့အခမဲ့ဆေးလိုက်ကုပေးနေသော ရှားရှားပါးပါးပြည်သူ့အကျိုးပြုစေတနာရှင်ဆရာဝန်ကြီးများကိုများသောအားဖြင့် ဇာတ်လမ်းများထဲတွင်သာ တွေ့ရလေ့ရှိသည်။

စေတနာရှင်ဖန်မီးအိမ်ဆရာဝန်ကြီးတစ်ဦး ခေုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ယနေ့ရောက်ရှိနေပါသည်။

စာမျက်နှာ ၅ »

## နိုင်ငံ့ဝန်ထမ်းလစာနှင့် ရိုက်ခတ်လာမည့် ဂယက်

စာမျက်နှာ A5 »




CNC
MEN'S WEAR
CNC Men's Wear Customer များအား
ကျေးဇူးတုံ့ပြန်သောအားဖြင့်
အဆိုတော် ကိုလေးဖြူ၏ "စိတ်ပူတယ်"
MTV သီချင်းသစ်ကို အမြို့မြို့အနယ်နယ်ရှိ
CNC အရောင်းဆိုင်များတွင် CNC တံဆိပ်
ဝယ်ယူသူတိုင်း VCD တစ်ခွေ
လက်ဆောင်ပေးသွားမည် ဖြစ်ပါသည်။
www.cncmenwear.com|www.facebook.com/cnc1999


MAKE it POSSIBLE
HUAWEI
Have Every Reason to Smile
HUAWEI Ascend G730
၅.၅ လက်မ HD မျက်နှာပြင်
Quad Core CPU 1.3GHz
ဆင်းကဒ် ၂ ကဒ် အသုံးပြုနိုင်ခြင်း
မြန်နှုန်းမြင့် 21Mbps ကွန်ယက်ချိတ်ဆက်ခြင်း ထောက်ပံ့မှု
အသုံးပြုရ လွယ်ကူသော Emotion UI 2.0
http://consumer.huawei.com
Catch up with us on facebook
facebook.com/huawei device myanmar

# ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ကားတင်သွင်းသည့် ထိပ်ဆုံးသုံးနိုင်ငံတွင် မြန်မာပါဝင်လာ

**မိုးညို**

**ရန်ကုန်၊ မတ်-၃**

ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ကားတင်သွင်းမှုအများဆုံးနိုင်ငံစာရင်းတွင် မြန်မာနိုင်ငံမှာ ထိပ်ဆုံးသုံးနိုင်ငံစာရင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဂျပန်တစ်ပတ်ရစ်ကားတင်ပို့စိစစ်ရေးအဖွဲ့က ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်တစ်ပတ်ရစ် လူစီးတင်သွင်းမှုအများဆုံးစာရင်းတွင် မြန်မာက နယူဇီလန်နှင့် ရုရှားပြီးပါက တတိယနေရာတွင် ရပ်တည်နေပြီး လုပ်ငန်းသုံးကားများ ဂျပန်နိုင်ငံမှ တင်သွင်းမှု အများဆုံးနိုင်ငံများစာရင်းတွင် နံပါတ်တစ်နေရာသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ဂျပန်တစ်ပတ်ရစ်တင်ပို့စိစစ်ရေးအဖွဲ့၏ စာရင်းများမှသိရသည်။

ထို့အပြင် အရှေ့တောင်အာရှတွင် တစ်ပတ်ရစ်ကားအများဆုံး အသုံးပြုတင်သွင်းနေသည့် နိုင်ငံလည်းဖြစ်ကြောင်း အထက်ပါအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံတွင် အစိုးရသစ်လက်ထက် မော်တော်ယာဉ်မူဝါဒနှင့်ပတ်သက်ပြီးအပြောင်းအလဲပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံမှတစ်ပတ်ရစ်ကားများကို အများဆုံးတင်သွင်းလာကြသဖြင့် ဂျပန်တစ်ပတ်ရစ်တင်သွင်းမှု နိုင်ငံများစာရင်းတွင် ထိပ်ဆုံးသုံးနိုင်ငံစာရင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ပြည်တွင်းကားလုပ်ငန်းရှင်များက သုံးသပ်သည်။

ယာဉ်အိုယာဉ်ဟောင်းစီမံချက်အရ အများစုမှာ ဂျပန်တစ်ပတ်ရစ် 98 မော်ဒယ်များမှစတင်ပြီး ၂၀၀၈–၂၀၀၉ မော်ဒယ်များအထိ ဂျပန်နိုင်ငံမှလစဉ် ကားတင်သင်္ဘောများဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ကားအစီးရေထောင်ကျော်၊ သင်္ဘောသုံးစီးထက်မနည်း ဝင်ရောက်လျက်ရှိကြောင်း ဂျပန်သတင်းဌာနများက မြန်မာအစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားရေးသားထားကြသည်။

"မြန်မာက ဂျပန်ရဲ့အမှိုက်ပုံလိုဖြစ်နေပြီ"ဟု ရောင်နီဦးကားအရောင်းပြခန်းမန်နေဂျာဦးအောင်ဝင်းကပြောသည်။

ဂျပန်တစ်ပတ်ရစ်ကားတင်ပို့စိစစ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ ၂၄လအတွင်း မြန်မာနိုင်ငံသို့ အစီးရေနှစ်သိန်းကျော်တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံမှ ယာဉ်အိုယာဉ်ဟောင်းစနစ်ဖြင့် တင်သွင်းခွင့်ပြုမိန့်ပေးထားသည့်အစီးရေနှစ်သိန်းကျော်အထိ ရှိနေပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပါမစ်မလိုဘဲ တစ်ဦးချင်းတင်သွင်းနိုင်သည့်စနစ်ကို စတင်ပြောင်းလဲချိန်တွင်မူ အင်ဂျင်ပါဝါနိမ့်ကားငယ်အစီးရေ နှစ်သိန်းနီးပါးမြန်မာက တင်သွင်းထားပြီးဖြစ်ကြောင်း အစိုးရ၏ ကိန်းဂဏန်းများအရ သိရသည်။



*နိုင်ငံခြားမှရောက်ရှိလာသောကားများကို သီလဝါဆိပ်ကမ်း၌ တွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)



7DAY NEWS JOURNAL

12th ANNIVERSARY

## ၁၂ နှစ်ပြည့် ဆုမွန်ကောင်း

7Day News ဂျာနယ်နှင့် လက်တွဲ၍ ကြော်ငြာများထည့်သွင်းပေးခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များအား ကျေးဇူးဥပကာရ တင်ရှိပါသည်။ နောင်အနာဂတ်တွင်လည်း လူကြီးမင်းတို့၏လုပ်ငန်းများ ဆထက်ထမ်းပိုးအောင်မြင်ပြီး အများအကျိုးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | | | |
|---|---|---|---|---|
| SAMSUNG | Unilever | SILKAIR / SINGAPORE AIRLINES | Market Expansion Services by www.dksh.com DKSH | AYA Bank ဧရာဝတီဘဏ် Your Trusted Partner |
| DELL | Panasonic | AirAsia | MITSUBISHI ELECTRIC Changes for the Better | SONY |
| KIA The Power to Surprise | SCANIA | DIAMOND AUTO Showroom | City Mart Supermarket | AA Medical Products Ltd. (a member of Pacific-AA Group) |
| SWISS microlife DESIGN | CHERRY OO | FAME | MDG MYANMAR DISTRIBUTION GROUP | i-MAX COLLECTION |
| LIVOLIN Forte | gsk do more feel better live longer | G Trim The Natural Fat Burner | SUNLIFE® A brand that works ! | Eve 500 Evening Primrose Oil |
| CNC men's wear COTTON N COTTON | CENTRA စင်ထရာ | TRI LIVES BRILLIANTLY | The YANGON DIRECTORY | SOLO® COLLECTION |
| TODAY Ogilvy & Mather | MANDALAY ADVERTISING | RedLine BUILD YOUR BRAND THROUGH THE LINE | MSTF | mango media |
| ILBC | Junction CENTRE | riverorchid CAMBODIA LAOS MYANMAR THAILAND VIETNAM | WIRED MEDIA MYANMAR | FUTURE COM. ADVERTISING |
| Yadanabon Glass Co., Ltd. | SWEETY HOME | Mingalar Mingalar Cinemas | Nagar Pyan နဂါးပျံ လက်ဖက်ခြောက် Finest Myanmar Tea | TV 5 NETWORK |

Life
7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

ဥက္ကာကိုကို

# ပင်းတယက မီးအိမ်ရှင်



*လူနာများနှင့်အတူ တွေ့ရသည့် ဒေါက်တာသန်းမင်းထွန်း*

ဓာတ်ပုံ– ဥက္ကာကိုကို

လူထုကျန်းမာရေးအတွက် နေ့မအား၊ညမအားအလုပ်လုပ်ပြီး ခရီးလမ်းခက်ခဲကြမ်းတမ်းသည့် တောင်ပေါ်ဒေသကျေးရွာများသို့ အခမဲ့ဆေးလိုက်ကုပေးနေသော ရှားရှားပါးပါးပြည်သူ့အကျိုးပြုစေတနာရှင်ဆရာဝန်ကြီးများကိုများသောအားဖြင့် ဇာတ်လမ်းများထဲတွင်သာ တွေ့ရလေ့ရှိသည်။ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးပြုခဲ့သော ဆရာဝန်များစွာ ရှိခဲ့သော်လည်း သူတို့၏အကြောင်းမှာ မှတ်တမ်းတင်သူမရှိသည့်အတွက် တိမ်မြုပ်ပျောက်ကွယ်သွားလေ့ရှိသည်။

ထိုသို့သော ဆရာဝန်များကို တစ်နိုင်ငံလုံးက မသိရှိကြသော်လည်း သူတို့တာဝန်ကျရာဒေသများရှိ ဒေသခံလူထု၏ ရင်ထဲမှာ ဘယ်တော့မှမမေ့နိုင်ကြပါ။

စေတနာရှင်ဖန်မီးအိမ်ဆရာဝန်ကြီးတစ်ဦး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ယနေ့ရောက်ရှိနေပါသည်။ ဆရာဝန်ဆိုသည်မှာ အကောင်ပလောင်တစ်မျိုးလားဟု ထင်မှတ်မေးမြန်းကြရသည့် ဝေးလံခေါင်ဖျားတိုင်းရင်းသားကျေးရွာလေးများသည် ဖန်မီးအိမ်ရှင်ဆရာဝန်ကြီး၏ ပြုစုစောင့်ရှောက်မှုအောက်တွင်နွေးထွေးစွာ ရှိနေကြပါပြီ။

ဗမာလူမျိုး၊ မြောင်းမြမြို့သား ဆရာဝန်ကြီးဒေါက်တာသန်းမင်းထွန်းသည် ရောက်လေရာဒေသတွင် လူထုထောက်ခံမှုနှင့် ချစ်ခင်လေးစားမှုတို့ကို အပြည့်အဝပိုင်ဆိုင်ထားခဲ့သည်။

ထိုဆရာဝန်ကြီးသည် ဆေးကုသသည့်အလုပ်တစ်ခုတည်းကိုသာ ဆောင်ရွက်သည်မဟုတ်ဘဲ ရောက်လေရာဒေသရှိ ကျေးရွာများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ တိုးတက်ဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ပေးခြင်းတို့ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတစ်ခွင် နာမည်ကျော်ကြားလူကြိုက်များလာခဲ့သည်။

သူ လက်ရှိ တာဝန်ကျရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်လေးသို့ မြို့နယ်ကျန်းမာရေးဦးစီးမှူးတာဝန်ဖြင့် ရောက်ရှိခဲ့ပြန်သည်။ ၂၀၁၁ခုနှစ်တွင် ပင်းတယမြို့နယ် ၂၅ခုတင်ဆံ့ ဆေးရုံလေးသို့ရောက်ရှိခဲ့ရာ ဆေးရုံတစ်ဝန်းလုံးမှာ ပျက်စီး ယိုယွင်းနေပြီးများပြားလှသည့်ကြက်ဆူတောကြီးအကြား နစ်မြုပ်နေသည်ကို သူတွေ့ရသည်။

သို့ဖြင့် စိုက်ပျိုးထားသော ကြက်ဆူပင်များအားလုံးကို ပြတ်ပြတ်သားသားခုတ်လှဲပစ်ခဲ့သည်။ ဒေသလူထုမှာ ယခင်ဆေးရုံ တာဝန်ကျသူများကို အမြင်မကြည်လင်သဖြင့် နာမကျန်းဖြစ်ပါက ဆေးရုံတက်ရန်ပင် ရှဲ့ကြောက်နေကြသည်ကိုတွေ့ရှိရသဖြင့် ဆရာဝန်ကြီးမှာ ပြုပြင်ပြောင်းလဲမှုများကိုအားသွန်ခွန်စိုက်ပြုလုပ်ရတော့သည်။

**စာမျက်နှာ (၁၃)သို့**



7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ပခန်းကိုကြီးကျော်နတ်ပွဲသို့ ထိုင်းမိန်းမလျာအဖွဲ့ လာရောက်လေ့လာမည်

**မိုးညို**

**ရန်ကုန်**- နာမည်ကျော်နတ်ပွဲများထဲမှ ထင်ရှားသည့် ပခန်းကိုကြီးကျော်နတ်ပွဲသို့ ထိုင်းနိုင်ငံမှ မိန်းမလျာဦးရေ ၃၀ ကျော် ပါဝင်သည့် အဖွဲ့တစ်ဖွဲ့လာရောက်လေ့လာမည်ဖြစ်ကြောင်း Nice and Fair ခရီးသွားကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကပြောသည်။

"ဒီဘက်က အားလုံးစီစဉ်ပေးထားတယ်။ ရုပ်သံကုမ္ပဏီတစ်ခုလည်းပါမယ်။ ပွဲကတော့အခုစနေပြီ။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း လေယာဉ်ရတာနဲ့ လာမှာ"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာပြည် အလယ်ပိုင်း ပခုက္ကူခရိုင် ပခန်းကြီးဒေသ ရွှေကူနီရွာတွင် နှစ်စဉ်နှစ်တိုင်းရိုးရာဓလေ့အရ ကျင်းပလေ့ရှိသည့် ပခန်းကိုကြီးကျော်နတ်ပွဲသို့ ထိုင်းနိုင်ငံမှ မိန်းမလျာများ လာရောက်ဆင်နွှဲလေ့လာကြမည်ဖြစ်သည်။

"ပြီးခဲ့တဲ့ နှစ်ကစပြီး သူတို့ဘက်က တောင်းဆိုထားတာ။ ဒီနှစ်မှစပြီး အကောင်အထည် ဖော်ဖြစ်တာ"ဟု အထက်ပါ မန်နေဂျင်းဒါရိုက်တာကပြောသည်။

အဆိုပါပခန်းကိုကြီးကျော်နတ်ပွဲမှာ မတ်လ ၃ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် နတ်ပွဲတစ်ခုဖြစ်ပြီး ရန်ကုန်မှ အလှူဖန်တီးရှင်များ၊ မိန်းမလျာများ နှစ်စဉ်အစဉ်အလာမပျက် သွားရောက်ကြသည့် ပွဲတော်တစ်ခုလည်း ဖြစ်သည်။

ပွဲတော်အတွင်း မဏ္ဍိစည်သူမင်းကြီးနှင့် မိဖုရားကြီးတို့အား ဇာက်ရေယာဉ်၌ တင်ဆောင်ခြင်း၊ ချိုးရေသုံးခြင်း၊ ဒိုးဆွဲခြင်း၊ အဘပန်မင်းကြက်တိုက်ခန်း၌ ကြက်တိုက်ပေးခြင်း၊ မင်းနှစ်ပါးအား ကြိုဆိုခြင်းနှင့် သံဃာတော်များအား ဆွမ်းလောင်းသည့် အစီအစဉ်များပါဝင်ကြောင်း ပခန်းကြီးဒေသရွှေကူနီရွာမှ ဒေသခံတစ်ဦးကပြောသည်။

အဆိုပါပွဲတော်သို့ ပြီးခဲ့သည့်နှစ်များက နိုင်ငံခြားသားခရီးသွားများက လှည်းယာဉ်များ စီတန်းစီးနင်း၍လာရောက်လေ့လာလေ့ရှိသည့် အစဉ်အလာရှိခဲ့သော်လည်း တစ်နှစ်ထက် တစ်နှစ်နည်းပါးလာကြောင်း ယခုကဲ့သို့ မိန်းမလျာများ လာရောက်မှုမှာ ပထမဆုံးဖြစ်နိုင်ပြီး ပြီးခဲ့သည့် တောင်ပြုန်းပွဲတော် ကာလကလည်း ထိုင်းမှ မိန်းမလျာများ လာရောက်လေ့လာသည့်အပြင် ပွဲတော်အတွင်း ယုံကြည်မှုအရ ဝင်ရောက်ဆင်နွှဲကြကြောင်း ပခုက္ကူဒေသခံတစ်ဦးကပြောသည်။



## ငါးကျည်း ဒန့်သလွန်သီး မီးအုံးချက်

ဒီဟင်းအတွက်လိုတာကတော့ ငါးကျည်း ၁၀ ကျပ်သား၊ ဒန့်သလွန်သီးသုံးတောင့်၊ ငရုတ်သီးစိမ်းတို့ပဲလိုပါတယ်။

ပထမဆုံး ဒန့်သလွန်သီးကို မီးအုံးပြီး ဇွန်းနဲ့ခြစ်၊ ငါးကိုအရသာမှုန့်တို့နဲ့ နယ်နှပ်ထားပါ။ ကြက်သွန်ဖြူနီ၊ ချင်းအနည်းငယ် ဆီသတ်၊ ငရုတ်သီးအနံ့မွှေးလာရင် ကိုင်းခရမ်းချဉ်သီးနှစ်လုံးကို ညှပ်ထည့်။ ဆီပြန်ရင် ငါးထည့်လုံးပြီး ရေအနည်းငယ်ထည့်ကာ ဆီပြန်အောင်တည်ပါမယ်။

ဆီပြန်လာရင် ဇွန်းနဲ့ခြစ်ထားတဲ့ ဒန့်သလွန်သီးအဖတ်ထည့်ပြီး ရေမြုပ်အောင်တည်ပါ။ ရေခန်းခါနီးရင် မန်ကျည်းနှစ်အနည်းငယ်၊ မဆလာတို့ထည့်ပါ။ ငရုတ်သီးစိမ်းများ ခွဲခြမ်းပြီးအုပ်ပါ။ နောက်ဆုံးမှာတော့ ဆီကျန် ရေကျန်လေးကို နံနံပင်အုပ်ပြီး ချလို့ရပါပြီ။





F4P giz

**သင့်စိတ်ကူးများကို ဖိတ်ခေါ်လိုက်ခြင်း**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော Company၊ အသင်းအဖွဲ့၊ ဒေသလူမှုအဖွဲ့၊ NGO၊ အရပ်ဖက်အဖွဲ့အစည်းတို့တွင် သင်လုပ်ကိုင်နေပါသလား?

သင်နှင့် သင့်လုပ်ငန်းပါတနာ၊ အသင်းအဖွဲ့တို့သည် ရှမ်းပြည်နယ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကျိုးတူစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ရန်စိတ်ကူးကြံစည်ထားပါသလား?

ယင်းစီမံကိန်းများအကောင်အထည်ဖော်ရန် အကူအညီလိုအပ်နေပါက Project Idea Format ကိုဖြည့်၍ လျှောက်လွှာပုံစံငယ်နှင့်အတူ အကျိုးတူပူးပေါင်းမှု ပုံပိုးရေးသို့ မတ်လ ၃၁ရက် ၂၀၁၄ နောက်ဆုံးထား လျှောက်လွှာပေးပို့လိုက်ပါ။

သင့်လျှောက်လွှာရွေးချယ်ခံရပါက စီမံကိန်းမူဝါဒ (Project Concept) ရေးဆွဲခြင်းတွင် GIZ မှ အကူအညီပေးမည်ဖြစ်ပြီး ဒုတိယအဆင့်ရွေးချယ်မှုသို့ တက်ရောက်နိုင်သည်။ နောက်ဆုံးရွေးချယ်အောင်မြင်သူများ သည် US$ 10,000 မှ US$ 125,000 အထိ ထောက်ပံ့ကူညီမှုရရှိမည်။

Project Idea လျှောက်လွှာပုံစံရယူရန်နှင့်
သတင်းစုံစမ်းရန်
f4p@giz.de သို့ ဆက်သွယ်ပါ။

TOURISM




ညီညီဇော်

# တမုတ်ဆိုးကျေးရွာ၏ပြစ်ဒဏ်




"ဒီတစ်ခါတော့ ကျုပ်ကဂါတ်တဲတိုင်တော့မှာ မရတော့ဘူး။ ဒီအရည်တွေချည်းသောက်သောက်လာတာ။ အိမ်ကနှင်ချလည်းမဆင်းဘူး။နောက်ဆုံးကိုယ်ပဲဆင်းရတော့မယ့်ကိန်းပဲ"

အသက် (၆၀)ကျော်ပြီဖြစ်သည့် ဒေါ်မြက ၎င်း၏သားသမက်အကြောင်း ကရုဏာဒေါသဖြင့်ပြောပြနေခြင်းဖြစ်သည်။

ဒေါ်မြက အမရပူရမြို့နယ် တမုတ်ဆိုးရွာမှာနေသည်။ ဒေါ်မြ၏သမက်မှာအလုပ်ကြိုးစားသော်လည်း အရက်ခဏခဏ သောက်နေ၍ ဒေါ်မြစိတ်ညစ်ရသည်။ မူးလာလျှင်မိန်းမကို နည်းနည်းရစ်ချင်သည်။ ဒါကြောင့် သူမူးလာပြီဆိုလျှင် ဒေါ်မြက ရပ်ကွက်လူကြီးပြေးခေါ်လေ့ရှိသည်။ ရပ်ကွက်လူကြီးပြေးခေါ်ရတာကလည်း အကြောင်းရှိသည်။ ဒေါ်မြတို့တမုတ်ဆိုးရွာတွင် အခြားကျေးရွာများနှင့်အနည်း ငယ်ခြားနားနိုင်သည့်ဒဏ်ပေးစနစ်များရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

အခြားကျေးရွာနှင့် ရပ်ကွက်များတွင် ညကြီးအချိန်မတော်လင်မယား (သို့မဟုတ်)ဆွေမျိုးသားချင်းအိမ်နီးချင်းရန်ဖြစ်နေသည်ပဲဖြစ်ဖြစ်၊ မူးလာပြီးဆူရင်ပဲဖြစ်ဖြစ် ရပ်ကွက်လူကြီးရောက်မလာမချင်း ပတ်ဝန်းကျင်ရှိသူများအိပ်ရေးပျက်ရပါလိမ့်မည်။ စိတ်ညစ်ရပါလိမ့်မည်။ နောက်ဆုံးမခံမရပ်နိုင်ဖြစ်၍ သွားပြောပါက ပြဿနာက သင့်ထံသို့ပင်မြားဦးလှည့်လာနိုင်ပါသည်။

တမုတ်ဆိုးရွာတွင်တော့ပတ်ဝန်းကျင် အထိတ်တလန့်ဖြစ်အောင် ရန်ဖြစ်နေတာမျိုး မူးပြီးဆူညံနေတာမျိုးဖြစ်သည်ဆိုပါက ဆယ်အိမ်ခေါင်း(သို့မဟုတ်) ရပ်ရွာလူကြီးတစ်ဦးဦး ဓာတ်မီး တဝင့်ဝင့်ဖြင့် ရောက်လာပါမည်။ ညကြီးအချိန်မတော်မို့ မဖြစ်သင့်ကြောင်း ဘေးပတ်ဝန်းကျင်များကိုအားနာရန်၊ မနက်လင်းမှသာ အေးအေးဆေးဆေးဖြေရှင်းရန် ဖျောင်းဖျလေ့ရှိပါသည်။ ပြောစကား နားထောင်ပြီးငြိမ်သက်သွားတာလည်း ရှိသလို နားမထောင်ဘဲ ဆက်ရန်ဖြစ်နေတာမျိုးလည်း ရှိသည်ဟု တမုတ်ဆိုးကျေးရွာအုပ်ချုပ်ရေးမှူးဦးလှိုင်ကပြောပြသည်။

"အဲလိုသွားဖျောင်းဖျလို့မှ မရဘူးဆိုရင်တော့ နောက်တစ်နေ့မနက်ဆင့်ခေါ်ရတော့တာပဲ"ဟု ဦးလှိုင်ကပြောသည်။

ရပ်ရွာအတွင်းရှိ ရပ်မိရပ်ဖများကိုဖိတ်ခေါ်ကာ ရန်ပွဲကိုဖျန်ဖြေပေးရသည်။ ဖြစ်စဉ်ကို နားထောင်ပေးရသည်။ တစ်ယောက်ပြီးမှတစ်ယောက်ပြောရသည်။ လုမပြောရ။ နှစ်ဖက်ပြောစကားနှင့်သက်သေများ၏ ထွက်ဆိုချက်အပေါ်မူတည်ကာ မှန်သူမှားသူခွဲရသည်။ နောက်ဆုံးမှားတဲ့သူကိုတော့ဖြင့် ရပ်ရွာကချမှတ်ထားသည့်စည်းကမ်းအတိုင်း ရွာလည်လမ်းမ၏လိုအပ်သည့်နေရာတွင် ကျောက်တစ်စီးဆိုတစ်စီး၊ နှစ်စီးဆိုနှစ်စီးဝယ်ပြီး လမ်းခင်းပေးရသည်။

"ရပ်ကွက်လူထုကို တအားစိတ်အနှောင့်အယှက်ဖြစ်တယ်ဆိုရင်တော့ ကျောက်ကား နှစ်စီးလောက်ချရတယ်။ ကိုယ်တိုင်လမ်းခင်းရတယ်"ဟု ရွာလူကြီးဦးလှိုင်ကပြောပြသည်။

အချို့ကျပြန်တော့ ရန်ဖြစ်ပြီဆိုကတည်းက မိန်းမတွေအဖြစ်များတာမို့ ဆံပင်ဖွာလန်ကြဲ၊ ထဘီဖို့ရိုးဖားရားဖြင့် ရှိုက်ကြီးတငင ငိုကြွေးကာ ရွာလူကြီးအိမ်သို့ဦးအောင်လာတိုင်ကြသည့်သူလည်းရှိသည်။ အဲလိုလူတွေကျတော့ ရေပြေး ခပ်တိုက်ပြီး စိတ်ငြိမ်သွားအောင် လုပ်ပေးရသည်။ ယပ်တောင်ခပ်ပေးရသည်။ အချို့ အမျိုးသမီးတွေကျတော့ရန်ဖြစ်လို့လာတိုင်ရင်းရွာလူကြီးအိမ်ရောက်မှ တက်သွားလို့ ပျာပျာသလဲ ပြုစုရတာလည်းကြုံဖူးသည်ဟု ရပ်ရွာလူကြီးများကဆိုပါသည်။

"ခြေမချိုးတဲ့သူချိုး ပါးစပ်လေမှုတ်ပေးတဲ့သူကပေး အလုပ်ကိုရှုပ်သွားတာပဲ"ဟု ရွာလူကြီးဦးလှိုင်ကရယ်မောရင်းပြောသည်။

ရွာထဲရန်ဖြစ်ပြီဆို နီးစပ်ရာအိမ်နီးနားချင်းတွေက ကူဆွဲပေးကြသည်။ သို့သော် အမြဲတမ်းသွားဆွဲကာ ဖျန်ဖြေပေးရဲကြသည်တော့မဟုတ်။ "ကျုပ်တူလင်မယားရန်ဖြစ်နေလို့သွားဆွဲတာ အိမ်ပေါက်လည်းအရောက်ကံကောင်းလို့ခေါင်းမပေါက်တာ။ ကျောက်ပျဉ်ကြီးလွင့်ထွက်လာတာ။မနည်းရှောင်လိုက်ရတယ်။ အဲဒီနောက်ပိုင်းမဆွဲရဲတော့ဘူး။ ရွာလူကြီးပြေးပြောလိုက်တာပဲ"ဟု တမုတ်ဆိုးရွာနေ ဒေါ်မြကပြောပြသည်။

**စာမျက်နှာ (၁၉)သို့**

MEGA
We care

FERROVIT walkathon
မြန်မာအမျိုးသမီးများကျန်းမာပြီးလှပသောအနာဂတ်ဆီသို့

ချစ်လှစွာသော မမ၊ ညီမလေး

မြန်မာအမျိုးသမီးအများစုဟာ သံဓာတ်ချို့တဲ့ သွေးအားနည်းတတ် ကြပါတယ်။ သွေးအားနည်းခြင်းဟာ မြန်မာအမျိုးသမီးများအတွက်နှင့် မြန်မာနိုင်ငံအတွက် အလေးအနက်ထား စဉ်းစားရာ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံလူမှုအဖွဲ့အစည်းအတွက်လည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်ပါတယ်။

ဒါကြောင့်မြန်မာအမျိုးသမီးများ သွေးအားနည်းခြင်း ကင်းဝေးပြီး ကျန်းမာလှပသော အမျိုးသမီးအဖြစ် အနာဂတ်ကို လျှောက်လှမ်းနိုင်ဖို့ ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာနနှင့် Ferrovit မှ ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး Walkathon ပွဲကြီးကို လာမဲ့ မတ်လ (၁၆) ရက်နေ့ ကျင်းပမှာ ဖြစ်ပါတယ်။

မြန်မာအမျိုးသမီးများအားလုံးကို ပါဝင်ဖို့ ဖိတ်ခေါ်လိုက်ပါရစေ။ ဒီပွဲကြီးကို ပါဝင်ခြင်းအားဖြင့် မြန်မာအမျိုးသမီးများ၏ ကျန်းမာလှပသော အနာဂတ်ကို မြှင့်တင်ကြပါစို့။

မြန်မာနိုင်ငံ၏ပထမဦးဆုံး အမျိုးသမီးလမ်းလျှောက်ပွဲကြီး
အမျိုးသမီးများကျန်းမာဖို့ စုပေါင်းပါဝင်လမ်းလျှောက်စို့...

နေ့ရက် - မတ်လ (၁၆) ရက်
နေရာ - အင်းယားကန်ဘောင်ရှ (ပြည်လမ်း)
အချိန် - နံနက် (၆:၀၀) နာရီ
သတ်မှတ်အကွာအဝေး - ၅ ကီလိုမီတာ

အကျေးအမွေးအစီအစဉ်၊ အမှတ်တရလက်ဆောင်ပေးတဲ့ အစီအစဉ်၊ သွေးအားနည်း၊ မနည်းစမ်းသပ်ပေးတဲ့အစီအစဉ်တွေ၊
ဒေါက်တာလှကြည်မှ သွေးအားနည်းရောဂါနှင့်ပက်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပေးခြင်း၊ ဟာသုတရစရာနဲ့ ပျော်စရာအစီအစဉ်များစွာ။

တရင်းပေးသွင်းရန်
www.facebook.com/ferrovitmyanmar
SMS Mobile နံပါတ် ၁၈၈၇၇ သို့ reg, မိမိရဲ့ နာမည်, အသက်, မှတ်ပုံတင်နံပါတ်
နီးစပ်ရာ ဆေးဆိုင်ကြီးများ။

နာမည် ________
နေရပ်လိပ်စာ ________
အသက် ________
________
မှတ်ပုံတင်နံပါတ် ________
ဖုန်းနံပါတ် ________

FERROVIT walkathon

7 DAY NEWS JOURNAL
Vol.13, No.1 ▪ MARCH 5 , 2014

ခိုင်ထွန်း၊ ထူးသန့်၊
သူရကျော်၊ ပြည့်စုံငြိမ်း



ပဲတီစိမ်းဆွတ်ခူးနေသည့် အမျိုးသမီးတစ်ဦး

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# စနစ်တကျပြန်စွန့်ပါ

လွန်ခဲ့သည့် ၂၃နှစ်ကျော်က စွန့်ခွာခဲ့ရသည့် မြေနေရာဆီသို့ ဦးရင်နွယ်တစ်ယောက် နောက်တစ်ခေါက်ခြေချခွင့်ရခဲ့ပြီ။

၁၉၉၁ ခုနှစ်ဝန်းကျင် တပ်မတော်က သိမ်းဆည်းခဲ့သည့် ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ နောင်တော်ကြီးကျေးရွာမှ သူ၏ လယ်မြေအချို့ကို ပြန်ပေးရန်တပ်မတော်က ဆုံးဖြတ်ချက်ချပြီးနောက် ပြန်ရသည့်လယ်မြေများထဲတွင် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိသည်။

ဦးရင်နွယ်၏ လယ်မြေအပါအဝင် သိမ်းယူထားသည့်မြေများ အနက် ကေသိန်းနှင့်ချီသည့်လယ်မြေများကို မူလသက်ဆိုင်သူထံ ပြန်လွှဲပေးမည့်အစီအစဉ်တစ်ရပ်ကို တပ်မတော်က ကြေညာခဲ့သည်။

သို့သော်လည်း ဦးရင်နွယ်ကဲ့သို့စွန့်လွှတ်ခဲ့ရသော မြေနေရာတွင် ပြန်လည်ခြေချခွင့်မရသေးသူများလည်း အများအပြားရှိနေဆဲဖြစ်သည်။ တပ်မတော်က သိမ်းဆည်းလယ်ယာမြေများကို စွန့်လွှတ်ခဲ့သော်လည်း စနစ်ကျသည့် စီစဉ်ပြင်ဆင်မှုမရှိသဖြင့် မူလပိုင်ရှင်များလက်ဝယ်သို့ စိုက်ပျိုးချိန် အမီပြန်မရသည့် အဖြစ်အပျက်များကလည်း အများအပြားရှိနေဆဲဖြစ်သည်။

တပ်မတော်ဘက်ကမြေဧကနှစ်သိန်းကျော်ကို မူလသက်ဆိုင်သူများထံသို့ ပြန်လည်စွန့်လွှတ်ပေးထားကြောင်း ဖေဖော်ဝါရီ ပထမပတ်အတွင်းက နိုင်ငံပိုင်သတင်းစာများတွင်ကြေညာခဲ့သည်။

တပ်မတော်က မြေဧကမည်မျှသိမ်းဆည်းထားကြောင်း အတိအကျမသိရသော်လည်း ပြန်လည်ပေးအပ်သည့် မြေပမာဏသည်ပင်လျှင် ရန်ကုန်တိုင်းအကျယ်အဝန်း၏ ၁၂ပုံတစ်ပုံ (သို့တည်းမဟုတ်) နေပြည်တော်အကျယ်အဝန်း၏ ရှစ်ပုံတစ်ပုံမျှရှိသည်။

တပ်စွန့်လွှတ်သည့်မြေများအတွင်း မိုးစပါးစိုက်ပျိုးမည်ဆိုပါက လူဦးရေရှစ်သိန်းသုံးသောင်းကျော်အတွက် တစ်နှစ်စာစားသုံးရန်လုံလောက်မှုရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကယားနှင့် ချင်းပြည်နယ်အတွင်းနေထိုင်သူတို့အတွက် ဆန်စားသုံးရန် တစ်နှစ်စာလုံလောက်သည့်ပမာဏရရှိမည်ဖြစ်သည်။

သို့သော်လည်း အဆိုပါမြေနေရာများတွင် စိုက်ပျိုးရန်မဆိုထားနှင့်။ ဦးရင်နွယ်ကဲ့သို့ မူလပိုင်ရှင်များခြေချခွင့်ရရန်ပင် ကြန့်ကြာနေဆဲဖြစ်သည်။

"သိမ်းတုန်းက မြန်တယ်။ ပြန်ပေးတော့ ရောက်မလာဘူး" ဟု ရောဝတီတိုင်းဒေသကြီး၊ မော်ကျွန်းမြို့နယ်၊ လှိုင်ဘုန်းကျေးရွာမှ လယ်သမားအရေးဆောင်ရွက်သူ ဦးအောင်ကျော်ဦးက အစိုးရ၏ လယ်ယာမြေပြန်လည်ပေးဝေရေးမူဝါဒကို ဝေဖန်ခဲ့သည်။

ရှုပ်ထွေးလှသည့်ပိုင်ဆိုင်မှုပြဿနာများ၊ အောက်ခြေနှင့် အထက်ဆက်သွယ်မှုကြန့်ကြာသည့် အစိုးရယန္တရားနှင့်အခြားအခက်အခဲများကြောင့် တပ်မတော်၏ လယ်ယာမြေစွန့်လွှတ်မှုများသည် လက်တွေ့ထက်စာရွက်ပေါ်တွင်သာအလုပ်ဖြစ်လျက်ရှိကြောင်း လယ်သမားများနှင့် ၎င်းတို့အရေးဆောင်ရွက်သူများကပြောသည်။

တပ်ဘက်မှ ပြန်လည်ပေးအပ်သည်ဆိုသော်လည်း စုံစမ်းစိစစ်မှုများမှာ ရက်ပေါင်းများစွာကြာမြင့်ခြင်း၊ ခေတ်အဆက်ဆက်အာဏာပြခဲ့သော အုပ်ချုပ်ရေးဝန်ထမ်းများကို ဦးစီးစေခြင်း၊ လယ်သိမ်းခံရသည်မှာကြာမြင့်နေပြီဖြစ်သောကြောင့် လယ်သမားများဘက်မှ အထောက်အထားများပျောက်ဆုံးနေခြင်းတို့ကြောင့် ကြန့်ကြာနေရကြောင်း လယ်သမားများကပြောသည်။

"မိုးစပါးကို ဇွန်၊ ဇူလိုင်လောက်မှာစိုက်တယ်ဆိုပေမယ့် မေလလယ်လောက်ကတည်းက ထွန်ရေးပြင်မှကောင်းတယ်။ ပြန်စွန့်တဲ့အချိန်မှာရေကြီးနေတယ်ဆိုရင် အလုပ်မဖြစ်ဘူး"ဟု စိုက်ပျိုးရေးကျောင်းဆင်းဦးစိုးနိုင်က စိုက်ပျိုးချိန်လွန်မှ လယ်သမားလက်ထဲ လယ်ယာမြေပြန်ရောက်ပါက ကြုံတွေ့နိုင်သည့်အခက်အခဲကိုပြောပြသည်။

တပ်ဘက်ကတော့တပ်သိမ်းမြေများလယ်သမားများထံ ပြန်ရောက်ရေးသည် ပြည်ထဲရေးဝန်ကြီးဌာန တာဝန်သာဖြစ်ကြောင်း စွန့်လွှတ်မြေများလယ်သမားများထံပြန်ရောက်ရေး ကြန့်ကြာနေသည့် ဝေဖန်မှုများပေါ် လွှတ်တော်တွင်းမှတုံ့ပြန်ခဲ့သည်။ တပ်ဘက်မှ စွန့်လွှတ်မြေများကို ပြည်ထဲရေးထံသို့ပြန်အပ်ထားပြီးဖြစ်ကြောင်းလည်းတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖေဖော်ဝါရီတတိယပတ်အတွင်းက လွှတ်တော်တွင် ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနကလည်း ပြန်လည်စွန့်လွှတ်သည့် မြေများတွင် ကိုယ့်မြေပါ၊ မပါလာရောက်စုံစမ်းနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ကြေညာခဲ့သည်။ သို့သော်လည်း အတိတ်က အဖြစ်အပျက်များကြောင့်အစိုးရထံအဆက်အသွယ်လုပ်ရန် ထိတ်လန့်နေသည့်လယ်သမားအများအပြားရှိနေဆဲဖြစ်ကြောင်းရန်ကုန်တိုင်းလှိုင်သာယာမြို့နယ်အတွင်းမှ လယ်ယာမြေအရေးဆောင်ရွက်သူဦးဝင်းကျော်က ပြောသည်။

"အရင်က တိုင်ချင်တဲ့သူလက်မှတ်ထိုးဆိုပြီး ကုမ္ပဏီနဲ့ အာဏာပိုင်တွေက စာရင်းကောက်တယ်။ နောက်ကျတော့ ကုမ္ပဏီက တရားစွဲတော့ အဲဒီလက်မှတ်ထိုးတဲ့ လူတွေအားလုံးကိုစွဲတယ်" ဟု ဦးဝင်းကျော်ကပြောသည်။

သိမ်းဆည်းမြေများပြန်စွန့်ရာတွင် လယ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သည့်စနစ်တစ်ခုဖော်ဆောင်ရန်အစိုးရအနေဖြင့်ကြိုးစားသင့်ကြောင်းလည်း ဦးဝင်းကျော်ကပြောသည်။

"လယ်သမားတွေက မပြောရဲကြဘူး။ အစိုးရကိုဆက်သွယ်ဖို့ကလည်းခက်ခဲတယ်"ဟု ရောဝတီတိုင်း မော်ကျွန်းမြို့နယ်တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌဦးအေးသောင်းကပြောသည်။

လယ်သိမ်းခံရသူများ စုံစမ်းရန် ပြည်ထဲရေးလက်အောက်မှ အုပ်ချုပ်ရေးအဖွဲ့အစည်း နှစ်ရာနီးပါး၏ ဖုန်းနံပါတ်များကို တရားဝင်ထုတ်ပြန်ထားသော်လည်း ၎င်းတို့ထဲမှအများစုမှာ လယ်သမားများကို လိုလိုလားလားကူညီရန် တွန့်ဆုတ်နေဆဲဖြစ်ကြောင်း လယ်သမားအချို့ကပြောသည်။

အဆိုပါ ဖုန်းများထဲမှ ဖုန်းအလုံးရေ လေးဆယ်နီးပါးကို 7Day က ဆက်သွယ်မေးမြန်းခဲ့ရာတွင် သုံးနေရာကသာလယ်သမားများဘက်မှ လာရောက်စုံစမ်းမေးမြန်းမှုကို လက်ခံရရှိထားကြောင်း အကြောင်းပြန်သည်။ အများစုမှာ အဆိုပါအဖွဲ့အတွင်း ၎င်းတို့ပါဝင်နေကြောင်းပင် မသိကြောင်းပြန်လည်ဖြေကြားသလို ဖြေကြားရန်ငြင်းဆန်သူများလည်းရှိခဲ့သည်။

ပြန်လည်ပေးအပ်သည့် မြေများထဲမှအချို့သည် ပိုင်ဆိုင်မှုပြဿနာများနှင့်လည်းကြုံတွေ့ရနိုင်ကြောင်း မွန်ပြည်နယ်၊ ရေးမြို့နယ် မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းကပြောသည်။

"လယ်တွေသိမ်းပြီးအခြားသူတွေကို နှစ်သုံးဆယ်ဂရန်ပေးထားတဲ့ ပြဿနာတွေလည်းရှိတယ်"ဟု ဒေါ်မိမြင့်သန်းကပြောသည်။

ရှုပ်ထွေးပြီး ကြန့်ကြာနေသည့် လယ်ယာမြေများ မူလပိုင်ရှင်လက်ဝယ် ပြန်ရောက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းဆောင်ရွက်ရန်သမ္မတက လွှတ်တော်သို့ သဝဏ်လွှာပေးပို့တိုက်တွန်းခဲ့သည်။

တပ်သိမ်းမြေစွန့်ရာတွင် တပ်က ပြည်ထဲရေးသို့ပုတ်ထုတ်လိုက်ပြီး ယခုသမ္မတကလည်း လွှတ်တော်ကိုယ်စားလှယ်များကို ဆွဲထည့်ရန် ကြိုးစားသလိုဖြစ်သည်။

"လွှတ်တော်ကိုယ်စားလှယ်တွေကလည်း တစ်မြို့နယ် လေးယောက်လောက်ရှိတော့ ပိုပြီးလုပ်ငန်းတွင်ကျယ်တာပေါ့" ဟု ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရန် စုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူး ဦးသိန်းထွန်းက ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များ မြေယာမှုခင်းပြဿနာများဝင်ရောက်ဖြေရှင်းပါက ဇွန်လ (မိုးစပါးအမီ)လယ်သမားများကို ပြန်လည်လွှဲပေးနိုင်မည်ဟုလည်း ၎င်းကဆိုသည်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်းက စွန့်လွှတ်ခဲ့ရသော မြေများပေါ်တွင် မူလပိုင်ရှင်များခြေချခွင့်ရရန် အခွင့်အရေးအချို့ရရှိနေပြီဖြစ်သည်။

သို့သော်လည်း ရှုပ်ထွေးလှသည့် ပိုင်ဆိုင်မှုပြဿနာများ၊ ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့သည့်အုပ်ချုပ်ရေးယန္တရား၏ အဆင့်ဆင့်ရှည်ကြာလှသည့် စီမံခန့်ခွဲမှု ပြဿနာများကြောင့် သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရေးမှာ ကြန့်ကြာနေဆဲဖြစ်သည်။

သာမန်အားဖြင့် လယ်ယာမြေမှုခင်းတစ်ရပ် ဖြေရှင်းရန် ၁၃၅ ရက်ခန့် ကြာမြင့်နိုင်သည်။

ထိုအချိန်ဆိုလျှင် စပါးစိုက်ချိန်ကျော်ပြီး ရင့်မှည့်ချိန်ပင် ရောက်နေပြီဖြစ်သည်။

**သာမန်အားဖြင့် လယ်ယာမြေမှုခင်းတစ်ရပ်ဖြေရှင်းရန် ၁၃၅ရက်ခန့်ကြာမြင့်နိုင်သည်။ ထိုအချိန်ဆိုလျှင် စပါးစိုက်ချိန်ကျော်ပြီး ရင့်မှည့်ချိန်ပင်ရောက်နေပြီဖြစ်သည်။**

Health
7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# သဘာဝဆဲလ်အာဟာရအရည်များ သောက်သုံးရန်မသင့်ဟု ဆေးပညာရှင်များ သတိပေး

**ရဲနောင်**

**ရန်ကုန်၊ မတ်-၁**

ကျန်းမာရေးအထောက်အကူပြုသည်ဟုဆိုသော ထိုင်းနိုင်ငံမှ တင်သွင်းသည့် သဘာဝဆဲလ်အာဟာရအရည်(Cell Food)များ သည် ကျန်းမာရေးအတွက် မည်သို့မျှ အထောက်အကူမပြုသဖြင့် အများပြည်သူများ မသုံးစွဲသင့်ဟု နိုင်ငံတကာမှ လေ့လာစမ်းသပ်ထားသည့်အချက်အလက်များကို အခြေခံ၍ မြန်မာနိုင်ငံမှ ဆေးပညာရှင်များက သတိပေးပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ထံတွင် ဖြည့်စွက်အာဟာရတစ်ခုအဖြစ် မှတ်ပုံတင်၍ ထိုင်းနိုင်ငံမှတင်သွင်းသော Adoxy Cellfood အား ဆဲလ်ကလပ်စီးအာဟာရ၊ အမိုင်နိုအက်စစ် ၁၇ မျိုး၊ အင်ဇိုင်း ၁၄ မျိုး၊ သတ္တုဓာတ် ၇၈ မျိုး၊ စွမ်းအားမြှင့်အောက်ဆီဂျင်ရေနှင့် အာဟာရပစ္စည်းများကို ခန္ဓာကိုယ်ဆဲလ်များအတွင်းသို့ အရောက်ပို့ပေးနိုင်သည့် သဘာဝအာဟာရအဖြစ် ကြော်ငြာထားသော်လည်း ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ထားသူများနှင့် ကင်ဆာရောဂါခံစားနေရသူများအတွက် အားထားရသော ဆေးသဖွယ် ပြောဆိုကြော်ငြာမှုများကြောင့် အများပြည်သူကလွဲမှားစွာ လက်ခံသုံးစွဲလျက်ရှိသည်။

"ထိုင်းက တင်သွင်းကြတယ်ကွာ။ အောက်ဆီဂျင်ဆေးရည်၊ အာဟာရရည်၊ ရောဂါတွေ အတွက် ကောင်းတယ်ဆိုပြီးရောင်းကြတယ်။တကယ်တမ်းတော့ဘာမှ မကောင်းဘူး။ ဒီဆေးကဘာမှ အကျိုးမပြုဘူးဆိုတာ နိုင်ငံတကာက ရေးထားတဲ့သုတေသနစာရွက်စာတမ်းတွေရှိတယ်"ဟု ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်တွင် ပရဟိတဆေးခန်းတစ်ခုတည်ထောင်ထားသူ ဒေါက်တာထိန်ဝင်းကပြောသည်။

Adoxy Cellfood သဘာဝအာဟာရဆေးရည်ဘူးကြီး တစ်ဘူးလျှင် ကျပ်ငွေ သုံးသောင်း ခွဲ၊ ဘူးငယ်တစ်ဘူးလျှင်ကျပ်တစ်သောင်းခွဲ၊ ၎င်းနှင့် တွဲစပ်သောက်သုံးရန် စိမ်းပြာရေညှိ(စပီရူလိုင်းနား)တစ်ဘူးလျှင် သုံးသောင်းခွဲ အထိကျသင့်သော်လည်း ယုံကြည်အောင် ပြောဆိုကြော်ငြာမှုများကြောင့် အသုံးပြုသူ ပိုမိုများပြားနေသည်။

"ကျွန်မတို့က သဘာဝအာဟာရဆေးရည်အဖြစ် ထိုင်းကနေ တိုက်ရိုက်တင်သွင်းပြီး ရောင်းတယ်။ ဖြန့်တယ်။ တချို့ကျတော့လည်း ကော်မရှင်ယူ၊ အဖွဲ့ဝင်တွေအဖြစ် ခန့်ကြပြီး Network Marketing တို့၊ Multilevel Marketing ပုံစံတွေနဲ့ ရောင်းကြတယ်။ FDA မှာ ဖြည့်စွက်အာဟာရအဖြစ်နဲ့ မှတ်ပုံတင်ထားပြီးသားပါ"ဟု ရန်ကုန်မြို့ ၄၆ လမ်းရှိ အဆိုပါဆေးရည်တင်သွင်းဖြန့်ဖြူးသော ကုမ္ပဏီမှတာဝန်ခံတစ်ဦးကပြောသည်။

သဘာဝအာဟာရဆေးရည်ဟု မြန်မာနိုင်ငံ FDA တွင် မှတ်ပုံတင်ထားသော်လည်း လက်တွေ့ရောင်းချမှုအပိုင်း၌ ရောဂါဝေဒနာများသက်သာပျောက်ကင်းစေသည်ဟု ယုံကြည်အောင် ကြော်ငြာမှုများ၊ ပြောဆိုရောင်းချမှုများကြောင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လူနာရှင်များ၊ ဝေဒနာသည်များကြား မြန်မာနိုင်ငံအနှံ့အပြား နာမည်ကြီးသောဆေးတစ်မျိုးရှိနေသည်။

"အခုရောဂါတွေ ပျောက်တယ်ဆိုပြီး သုံးကြတယ်။ ဘယ်ရောဂါတွေမှာ ဘာသုတေသနလုပ်ပြီး ဘယ်လိုရလဒ်တွေ ရထားလဲဆိုတာမပါဘူး။ အမေရိကန်မှာမူပိုင်ခွင့်မှတ်ပုံတင်ထားတယ်လို့သာပြောတယ်။ အမေရိကန်နဲ့ တခြားနိုင်ငံ FDA တွေက အသိအမှတ်ပြုလက်ခံထားလားဆိုတာ ယောင်လို့တောင်မပြောဘူး"ဟု အဆိုပါ Adoxy Cellfood များ ကြော်ငြာရောင်းချနေခြင်းအား ရုရှားနိုင်ငံ ဘလော့ခ်အင်ကင်ဆာသုတေသနစင်တာတွင် ပညာသင်ကြားခဲ့သူ ဆရာဝန်တစ်ဦးက ဝေဖန်ပြောဆိုသည်။

သို့ရာတွင် အဆိုပါဆေးရည်သုံးစွဲနေသည့်အချိန်တွင် ရောဂါများသက်သာသည်ဟု သက်သေခံပြောဆိုသူများလည်းရှိနေသည်။

"အဖေက ဆီးချို၊ သွေးချို၊ နှလုံးရောဂါအစုံရှိတယ်။ ဒီဆေးသောက်ပြီး နောက်ပိုင်း သက်သာလာတယ်လို့ထင်တယ်။ ဆီးဝမ်းပိုမှန်လာတယ်။ သွေးပေါင်ချိန်တောင်ပုံမှန်ဖြစ်နေလို့ သွေးပေါင်ကျဆေးဖြတ်လိုက်တာ ၁၅ ရက်လောက်ရှိပြီ။ ရောဂါဒဏ်ခံနိုင်ရည်ရှိဖို့ တိုက်တဲ့ သဘောပါ"




ဟု ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နေ မသူက ၎င်း၏ ဖခင်ကျန်းမာရေးအခြေအနေတိုးတက်လာမှုကို ပြောဆိုသည်။

ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများအတွက် ဆေးရည် နှစ်စက် သုံးကြိမ်၊လေးစက် သုံးကြိမ် အစရှိသဖြင့် သောက်သုံးကြသော်လည်း ကင်ဆာရောဂါများအတွက်မူ ဆရာဝန်၏ ညွှန်ကြားမှုဖြင့် သောက်သုံးရမည်ဟုဆိုသည်။ အဆိုပါဆေးသောက်သုံးလျှင် ယခင်သောက်သုံးနေသော အင်္ဂလိပ်ဆေးဝါးများကို ဆက်လက်သောက်သုံးရန်လိုသည်ဟု Adoxy ဆေးဝါးဖြန့်ဖြူး ရောင်းချသူတစ်ဦးကဆိုသည်။

အဆိုပါသဘာဝအာဟာရဆေးရည်တွင် ပါဝင်သော ဓာတ်တိုးပစ္စည်းလျှော့ချမှုများ(Antioxidants) များသည် ကင်ဆာရောဂါကုသရာတွင် အသုံးပြုသော အချို့ဆေးဝါးများ၏ အာနိသင်ကို အဟန့်အတားဖြစ်စေသဖြင့် သုံးစွဲရန်မသင့်ဟု အမေရိကန်နိုင်ငံ FDA က အသိပေးပြောကြားထားပြီး သဘာဝအာဟာရဆေးရည်အဖြစ် ထုတ်ဝေရန် စတင်မှတ်ပုံတင်သော Lumina Health ကုမ္ပဏီ၏ မှတ်ပုံတင်ခွင့်ကိုလည်း ငြင်းပယ်ထားသည်။ ထို့အပြင် ဆက်လက်ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းများ မပြုလုပ်ရန် ၂၀၁၃ ခုနှစ်တွင် ပြင်းထန်စွာ သတိပေးထားခဲ့သည်။

"သူတို့က ကျန်းမာရေးဝန်ကြီးဌာနမှာ ဖြည့်စွက်အာဟာရ (Food Supplier)အဖြစ်မှတ်ပုံတင်ထားတယ်။ အခုတော့ကြားရတာတွေက ပုံစံတစ်မျိုးဖြစ်နေတယ်။ FDAက သူတို့ကို ပြန်လည်သုံးသပ်မှာပါ"ဟု ဒေသဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ရောဂါမျိုးစုံ ကုသနိုင်သည်ဟု ကြော်ငြာရောင်းချနေကြသော်လည်း လေ့လာကြည့်သောအခါ ဗီတာမင်အစုံပါဝင်သော အားဆေးတစ်ခုသာဖြစ်ကြောင်း၊ အသက်အန္တရာယ်မထိခိုက်စေသော ဆေးအဖြစ် သုံးစွဲခွင့်ရသော ဆေးများထဲတွင် CellFood များ မပါဝင်ကြောင်း အထွေထွေရောဂါကုဆရာဝန်ဒေါက်တာ နှင်းမျိုးအောင်က ၎င်း၏အင်တာနက် စာမျက်နှာမှတစ်ဆင့် အသိပေး ရေးသားထားသည်။

"ဆေးခန်းမှာ တချို့လူနာတွေ သောက်နေကြလို့ မသောက်နဲ့လို့ပြောလည်းမရဘူး။ အကျိုးစုံ၊ အကြောင်းစုံကို သေသေချာချာ ရှင်းပြနေရတယ်"ဟု ရန်ကုန်မြို့ ရွှေပြည်သာတွင် ဆေးခန်းဖွင့်လှစ်ထားသူ ဒေါက်တာပြည့်ဖြိုးကပြောသည်။

သဘာဝအာဟာရဆေးရည် Cell Food များမှာ လူနာများအား စိတ်သက်သာရာရစေသည့် ဆေးတစ်မျိုးသာဖြစ်သည်ဟု သုတေသနပြုမှုများတွင် ဖော်ပြထားပြီး သုတေသနလုပ်ဆောင်ချက်များဖြင့် သက်သေပြနိုင်ခြင်းမရှိဘဲ ရောဂါမျိုးစုံသက်သာပျောက်ကင်းသည်ဟု ကြော်ငြာရောင်းချနေမှုများကို ဥပဒေအရတားမြစ်သွားရန် လိုအပ်နေသည်ဟု ဆေးပညာရှင် အသိုင်းအဝိုင်းကပြောဆိုနေကြသည်။



7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# အသက် ၅၀ မှ ၆၀ ကြား ၁၅ ရာခိုင်နှုန်း အရိုးပွရောဂါဖြစ်ပွား


**ရဲနောင်**

**ရန်ကုန်**-အသက် ၅၀ မှ ၆၀ ကြား အရွယ်သည် အရိုးပွရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်ပြီး ၁၀၀ လျှင် ၁၅ ယောက်နှုန်း ရှိသည်ဟု အရိုးပွခြင်းနှင့် ဆက်စပ်သည့် အရိုးကျိုးခြင်းအား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ သုတေသနစာတမ်းတွင် ဖော်ပြသည်။

သုတေသနပြုမှုများအရ အသက် ၂၀ မှ ၃၀ ကြားအရွယ်တွင် အရိုးပွခြင်း နှစ်ရာခိုင်နှုန်း၊ အသက် ၃၀ မှ ၄၀ ကြားအရွယ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်း၊ အသက် ၄၀ မှ ၅၀ ကြားအရွယ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အသက် ၅၀ မှ ၆၀ ကြားအရွယ်တွင် ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိသည်ဟု ရေးသားထားသည်။

အသက် ၂၀ မှ ၆၀ အတွင်း ရှိသော လူပေါင်း ၄၂၃ ဦးအား အရိုးသိပ်သည်းဆ တိုင်းတာခြင်း၊ ခန္ဓာကိုယ်ညွှန်းကိန်းများကို အရပ်၊ ကိုယ်အလေးချိန်တို့ဖြင့် တိုင်းတာတွက်ချက်ခြင်း၊ တစ်ဦးချင်းအချက်အလက်များ၊ လူနေမှုပုံစံများ၊ ဖြစ်ပွားဖူးသော ရောဂါအခြေအနေများ၊ သုံးစွဲဖူးသော ဆေးဝါးများ၊ အားဖြည့်ဆေးများ၊ အရိုးပွခြင်းနှင့် ဆက်စပ်သည့် ဗဟုသုတများကို တစ်နှစ်ကြာအချိန်ယူ၍ သုတေသနပြုလုပ်ခဲ့ကြပြီး အရိုးပွခြင်းနှင့် ဆက်စပ်သည့် အရိုးကျိုးခြင်းကို မြန်မာနိုင်ငံတွင် သတိပြုမိသူ နည်းပါးနေသေးကြောင်း သုတေသနပညာရှင်များက ရေးသားထားသည်။

အရိုးပွခြင်းသည် မျိုးရိုးရှိသူများ၊ ဆေးလိပ်သောက်သူများ၊ အားကစားလှုပ်ရှားမှု မရှိသူများ၊ ပန်းနာရင်ကြပ်ရောဂါအတွက် ဆေးဝါးစွဲသောက်နေရသူများ၊ အချိန်မတိုင်မီ ဓမ္မတာဆုံးသည့် အမျိုးသမီးများနှင့် အသက် ၆၅ နှစ် ကျော်သူများတွင်အဖြစ်များပြီး အရိုးပွ၍ အရိုးကျိုးခြင်းမှ ကာကွယ်ရန် နေ့စဉ်စားသုံးသော အစားအသောက်များတွင်ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီ ပြည့်ဝစွာ စားသောက်ရန်၊ အာဟာရမျှတစေရန် စားသောက်ခြင်း၊ ဆေးလိပ်နှင့်အရက်ဖြတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု အားကစားတစ်ခုခုကို လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆေးပညာရှင်များက အကြံပြုသည်။



အရိုးပွခြင်းနှင့် ခန္ဓာကိုယ်ညွှန်းကိန်းဆက်စပ်မှုအရ ပုံမှန်အလေးချိန်ရှိသူများတွင် ၅၃ ရာခိုင်နှုန်း၊ ပုံမှန်အလေးချိန်ထက် လျော့နည်းသူများတွင် ၁၃ ရာခိုင်နှုန်း၊ ပုံမှန်အလေးချိန်ထက် များသူများတွင် ၂၅ ရာခိုင်နှုန်းနှင့် အဝလွန်သူများတွင် ရှစ်ရာခိုင်နှုန်း အထိ ရှိနေသည်ဟု သိရသည်။

# သူနာပြု၏ အလုပ်တာဝန်နှင့် ပညာအရည်အချင်းသည် ဆေးရုံ၌လူနာများသေဆုံးမှုနှင့်ဆက်စပ်မှုရှိ

**ပါရီ၊ ဖေဖော်ဝါရီ-၂၆**

အလုပ်တာဝန်အလွန်များသော သူနာပြုများရှိသည့် ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူနေသောလူနာများအသက်အန္တရာယ်ကြုံတွေ့နိုင်သည်ဟုဥရောပနိုင်ငံကိုးနိုင်ငံ၏ သုတေသနပြုချက်က ဖော်ပြသည်။

ဘယ်လ်ဂျီယမ်၊ အင်္ဂလန်၊ ဖင်လန်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေး၊ စပိန်၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံများရှိ ဆေးရုံပေါင်း ၃၀၀ မှ လူနာ ၄၂၂,၀၀၀ နှင့် သူနာပြု ၂၆,၀၀၀ ဦးတို့ကို သုတေသနပြု၍ ဆေးရုံ၌လူသေမှုသည် သူနာပြုများ၏အလုပ်တာဝန်နှင့်ဆက်စပ်နေသည်ဟု ပညာရှင်များကပြောကြားခဲ့သည်။

သာမန် ခွဲစိတ်ကုသမှုခံယူသော အသက် (၅၀)နှင့်အထက် လူကြီးများသည် ခွဲစိတ်ကုသမှုခံယူပြီးနောက်တွင် အလုပ်တာဝန်အလွန်များသောသူနာပြုများရှိနေသည့်ဆေးရုံ၌ ဆေးဝါးကုသမှုဆက်လက်ခံယူပါက တစ်လအတွင်း အသက်သေဆုံးနိုင်သည့် အန္တရာယ်နှင့်နီးစပ်သည်ဟု ယင်းသုတေသနကဖော်ပြသည်။

ဆေးရုံတစ်ရုံတွင် သူနာပြုတစ်ဦးလျှင်ပျမ်းမျှ လူနာ ခြောက်ဦးခန့် စောင့်ကြည့်ရပြီး ယင်းဆေးရုံရှိသူနာပြု ၆၀ ရာခိုင်နှုန်းကျော်သည် ဘွဲ့ရပညာတတ်များ ဖြစ်လျှင်လူနာရှစ်ဦး စောင့်ရှောက်ရသည်။ ဘွဲ့ရပညာတတ် သူနာပြု ၃၀ရာခိုင်နှုန်းခန့်သာ ရှိသောဆေးရုံမှ ခွဲစိတ်လူနာများသည် အန္တရာယ်ပိုရှိသည်ဟု ပညာရှင်များ ပြောကြားခဲ့သည်။ ထို့အပြင်အမေရိကန်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးရုံသူနာပြု၏ယုံကြည်စိတ်ချရမှုအဆင့်သည် ခွဲစိတ်လူနာများသေဆုံးမှုကိုလျှော့ချရန် အထောက်အကူ ပြုနိုင်ကြောင်းနှင့်သူနာပြုများ၏အတွေ့အကြုံသည် ၎င်းတို့၏ပညာအရည်အချင်းထက်ပို၍ အရေးကြီးသည်ဟူသောအမြင်ကို စိန်ခေါ်နိုင်ကြောင်း အမေရိကန် သူနာပြုတက္ကသိုလ်တစ်ခုမှ ပါမောက္ခလင်ဒါအစ်ကန်ကပြောကြားခဲ့သည်။

—Ref: AFP



# Regional

7Day News Journal

Vol.13, No.1 • MARCH 5 , 2014


## ချင်းပြည်နယ်အတွင်း လူမှုကူညီရေးအတွက် ကျပ်သိန်း ၁,၇၀၀ ကျော် ပေးအပ်

**ကိုစိုင်း**

**ကလေး၊ မတ်-၂**

ချင်းပြည်နယ်အတွင်း လူမှုဒုက္ခများ ဖြေရှင်းရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ကျပ်သိန်း ၁,၇၀၀ ကျော် ကူညီခဲ့ကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိစဉ် ဖေဖော်ဝါရီ ၂၇ ရက်တွင် အဆိုပါကူညီထောက်ပံ့ငွေအား အစိုးရဘတ်ဂျက်မှ ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စားနယ်စပ်ရေးရာ လုံခြုံရေးဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းဦးထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအလှူငွေပေးအပ်ပွဲ အခမ်းအနားကို Hakha Town Hall တွင် ကျင်းပခဲ့ပြီး ချင်းပြည်နယ်ဝန်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ကိုးမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ယခု ထောက်ပံ့ခြင်းသည် ၂၀၁၂-၁၄ ဘတ်ဂျက်ထဲမှ ပေးအပ်ခြင်းဖြစ်ပြီး သဘာဝဘေးဒုက္ခကူညီရေးအတွက် ကျပ်သိန်း ၁၀၀၀၊ မိဘမဲ့၊ အိုမင်းမစွမ်းစောင့်ရှောက်ရေးအတွက် ကျပ်သိန်းပေါင်း ၇၀၁ ဒသမ ၃၃ စုစုပေါင်း ကျပ်သိန်း ၁၇၀၁ ဒသမ ၃၃ ဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးဌာန ဝန်ကြီးတစ်ဦးက ပြောသည်။

အဆိုပါ ထောက်ပံ့ငွေကို ချင်းပြည်နယ်အတွင်း အထူးသဖြင့် မိဘမဲ့ကလေးကျောင်းများ၊ အိုမင်းမစွမ်း စောင့်ရှောက်ရေးဂေဟာ၊ တစ်သီးပုဂ္ဂလဘော်ဒါကျောင်းဆောင်နှင့် ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုအသင်းအဖွဲ့ ၂၄ ခုအတွက် ထောက်ပံ့ကူညီခဲ့ခြင်းဖြစ်သည်။



*ချင်းတောင်တန်းများကြားတွင် တွေ့ရသည့် ဒေသခံခရီးသွားတစ်ဦး*

ဓာတ်ပုံ - ကိုစိုင်း

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ဗုဒ္ဓဘာသာ မိသားစုဝင်များ မောင်တောနယ်စပ်သို့ အဝင်များနေဟုဆို

**မောင်ကံ**

**မောင်တော၊**

**မတ်-၂**

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများဖြစ်ပေါ်ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်နေကြသည့် ဗုဒ္ဓဘာသာဝင် မိသားစုများ မောင်တော နယ်စပ်ဒေသသို့ ဝင်ရောက်ခိုလှုံလာကြရာ ယခုနှစ်ပွင့်လင်းရာသီတွင်လည်း အဆက်မပြတ်ဝင်လာနေကြောင်း အဆိုပါ မိသားစုများအား ကူညီပေးနေသည့် မောင်တောခရိုင် အမျိုးသားကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်ကပြောသည်။

"တစ်ဖက်နိုင်ငံမှာ ဟိုးရှေးရှေးတုန်းက နေထိုင်လာကြတဲ့ ရခိုင်မျိုးနွယ်စုတွေဟာ ၂၀၁၂ခုနှစ် ရခိုင်မှာ ပဋိပက္ခဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ပဋိပက္ခတွေဖြစ်ပြီး ဗုဒ္ဓဘာသာ မိသားစုဝင်တွေနဲ့ ဟိန္ဒူဘာသာဝင်အချို့ အသတ်ခံခဲ့ရတယ်။ ဘာသာရေးအဆောက်အအုံတွေ မီးရှို့ဖျက်ဆီးခံခဲ့ရတယ်။ လူတွေရဲ့ စိတ်ထဲမှာ ဘဝလုံခြုံမှုမရှိတာကြောင့် မောင်တောနယ်စပ်ကို ခိုလှုံလာကြတာဖြစ်ပါတယ်။ အခုလည်း ဆက်ဝင်နေဆဲပါ။ သူတို့အတွက် နေထိုင်စားသောက်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကူအညီတွေ အများကြီးလိုအပ်နေပါတယ်"ဟု ဦးအောင်ကျော်ညွန့်က ပြောသည်။

တစ်ဖက်နိုင်ငံမှ မိသားစုဝင်များ မောင်တောနယ်စပ်သို့ စတင်ဝင်ရောက်လာချိန်က သက်ဆိုင်ရာက ယာယီနေရာချပေးမှုများ၊ ပုဂ္ဂလိကနှင့်အဖွဲ့အစည်းအသီးသီးမှ အလှူငွေများ၊ အလှူပစ္စည်းများ လက်ခံရရှိရာ နေထိုင်စားသောက်ရေးအတွက် ထိုက်သင့်သလောက်အဆင်ပြေခဲ့သော်လည်း နောက်ပိုင်း ဝင်လာသည့် မိသားစုများအတွက် ယာယီနေရာချထားပေးနိုင်မှု၊ စားသောက်ရေးအတွက် ကူညီထောက်ပံ့ပေးနိုင်မှုနှင့် အလှူငွေ ရရှိမှုများလည်း လျော့နည်းလာသည့်အတွက် ဒုက္ခမျိုးစုံနှင့်ကြုံတွေ့နေရသည်ဟုဆိုသည်။




7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ကြက်သွန်နီစိုက်သူများသော်လည်း ယခုနှစ် အထွက်လျော့နည်းနိုင်ဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၂**

မုံရွာတွင် ယခုနှစ် ကြက်သွန်နီစိုက်ပျိုးသူဦးရေများလာသော်လည်း ရာသီဥတုကြောင့် ကြက်သွန်နီစိုက်ခင်းများ မအောင်မြင်ဘဲ အထွက်နှုန်းလျော့နည်းနိုင်ကြောင်း ဒေသခံကြက်သွန်နီစိုက်တောင်သူများက ပြောသည်။

"အရင်နှစ်တုန်းက ကြက်သွန်နီကေတစ်သောင်းစိုက်တယ်ဆိုရင် ဒီနှစ်တစ်သောင်းနှစ်ထောင်ကျော်လောက်အထိ စိုက်တယ်။ ဒီဒေသကြက်သွန်နီစိုက်ခင်းတွေရဲ့ ၂၀ ရာခိုင်နှုန်းလောက် ပိုများလာတယ်လို့ ပြောလို့ရတယ်။ စိုက်တဲ့သူများပေမယ့် အောင်မြင်ဖြစ်ထွန်းမှုက နည်းတယ်။ ပုံမှန်တစ်ကေ ပိဿာငါးထောင်ထွက်တယ်ဆိုရင် ပိဿာလေးထောင်ဝန်းကျင်လောက်ပဲ ထွက်နိုင်တယ်" ဟု မြေနဲကျေးရွာ ဝါရင့်ကြက်သွန်နီစိုက်တောင်သူဦးအောင်ထူးက သုံးသပ်ပြောကြားသည်။



*ကြက်သွန်ဖော်နေသည့် အမျိုးသမီးများကို တွေ့ရစဉ်*

ဓာတ်ပုံ – မျိုးမင်းဦး

ယခုရက်ပိုင်း အိန္ဒိယ နိုင်ငံတွင်လည်း ကြက်သွန်နီဈေးကျနေပြီး ပြည်တွင်းဈေးကွက်တွင် ဆိပ်ဖြူဒေသထွက် ကြက်သွန်မှာ တစ်ပိဿာလျှင် ကျပ်လေးရာဝန်းကျင်ရှိကြောင်း မုံရွာမြို့ရှိ ကြက်သွန်နီ ရောင်းဝယ်သူတစ်ဦးက ပြောသည်။

မုံရွာတွင် ယခင်နှစ်များက ဆောင်းသီးနှံ ဂျုံနှင့် ကုလားပဲ စိုက်ခင်းများတွင် ဈေးကွက်အနေအထားအရ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး ကြက်သွန်နီစိုက်ပျိုးသူ ပိုမိုများပြားလာသည်။ မုံရွာဈေးကွက်တွင် မတ်လဆန်း၌ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်ငါးရာဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ (၁၈)မှ**

## စိုက်ရုံးရုံးနေသော တောင်သူများ

အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ပေးဆပ်ရမည့်ရက်ကို နောက်ဆုတ်ပေးနိုင်ရန်(သို့) အခက်အခဲကြုံနေသည့် တောင်သူလယ်သမားများအား နိုင်ငံတော်မှ မည်သို့ကူညီဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုကြောင်း ဒေါက်တာအောင်သန်းက ဒေသခံလယ်သမားများ၏ ကိုယ်စားလွှတ်တော်တွင် မေးမြန်းခဲ့သည်။

ထိုသို့လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပမှ စိုက်စရိတ်ချေးငွေများပြန်လည်ပေးဆပ်ချိန် နောက်ဆုတ်ပေးရန် တောင်းဆိုမှုများရှိသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က ချေးငွေဆပ်ရန် အချိန်မည်မျှ နောက်ဆုတ်ပေးမည်ကို တိတိကျကျထုတ်ပြန်ခြင်းမရှိသေးဟု ဒေသခံတောင်သူလယ်သမားများကပြောသည်။

"မဖြစ်မနေဆပ်ရမယ်ဆိုရင် လည်းရှိတဲ့လှည်း၊ နွားလေးရောင်းပြီး ဆပ်ရမှာပဲ"ဟု ချေးငွေဆပ်ချိန် ရွှေ့ဆိုင်းပေးရန် လက်မှတ်ထိုးတောင်းဆိုရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် ခင်သာကျေးရွာမှ တောင်သူဦးကျော်ငြိမ်းကပြောသည်။ ၎င်းမှာ မိုးစပါး ငါးကေ ပျက်စီးခဲ့ပြီး စိုက်စရိတ်ငွေကျပ်သုံးသိန်းချေးယူထားသူဖြစ်သည်။

ဦးသိန်းစိန်အစိုးရလက်ထက် ယနေ့အချိန်ထိတိုင်ပင်ဌာနတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် အစိုးရခန့်အပ်ထားသော စိုက်ပျိုးရေးပညာရှင်များမှာ လယ်ကွင်းထဲ မရောက်ဘဲ ယခင်ခေတ်ကကဲ့သို့ အပြသဘောလုပ်ရပ်များကိုသာ လုပ်ကိုင်နေကြသည်ဟု စိုက်ပျိုးရေးပညာရှင်များက ဝေဖန်သည်။

"စိုက်ချိန်နောက်ကျတာတို့၊ ရေမရတာတို့၊ ပိုးကျတာတို့ဆိုတဲ့ ပြဿနာသုံးမျိုးလောက်ကတော့ အစိုးရက ကိုင်တွယ်ပေးဖို့လိုတယ်"ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း)စိုက်ပျိုးရေးတက္ကသိုလ်ကထိက ဦးစံသိန်းကပြောသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပေါ် စိုက်ပျိုးရေးဝန်ထမ်းများမှ စောင့်ကြည့်ပညာပေးခြင်းမှာ မရှိသလောက် ဖြစ်နေကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးစေရန်ဆိုလျှင် လက်ရှိဝန်ကြီးဌာနကျင့်သုံးနေသော ဥပဒေများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ထုံးလုပ်နည်းများအားလုံးကို ပြုပြင်ပြောင်းလဲရန်လိုအပ်သည်ဟု ဦးစံသိန်းကပြောသည်။

"အစိုးရဘက်က သူလုပ်ပေးရမှာကို လုပ်ပေးနိုင်တဲ့ စွမ်းဆောင်ရည်မရှိသေးဘူး။ ဘတ်ဂျက်လည်း မရှိဘူး။ ရှိတဲ့ဘတ်ဂျက်ကလည်း အခြားနေရာတွေမှာ သုံးစွဲနေတယ်။ စိုက်ပျိုးရေးဌာနမှာ ဦးစီးပေးတွေက တအားလွဲမှားနေတယ်"ဟု စိုက်ပျိုးရေးပညာရှင် ဦးစံသိန်းကပြောသည်။

ရှောက်ခါးကျေးရွာမှ လယ်သမားများက မွဲခြောက်ခြောက်လယ်ကွင်းများကို ကြည့်ကာ သက်ပြင်းချနေကြပြီး နောင်နှစ်များတွင် ယခုကဲ့သို့ အဖြစ်မျိုးထပ်မံကြုံတွေ့မည်ကို စိုးရိမ်နေကြသည်။ "နောက်တစ်နှစ်စပါးခင်းတွေ ထပ်ပျက်ရင်တော့ ဒီရွာမှာ နေနိုင်မှာ မဟုတ်တော့ဘူး။ ဒီနှစ်လို နောက်ဘယ်တော့မှ မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတယ်" ဟု လယ်သမားဦးမြင့်အောင်က ပြောသည်။

**ခိုင်ခိုင်ကျော် (ကျိုက်ထိုဆိုင်ခွဲ) မိတ်ဆက်**

ကျိုက်ထိုဆိုင်ခွဲသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်ရှိ ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာအလွန် ဗောဓိကိုးထောင်အနီး အေးရိပ်ငြိမ်အရပ်၌ တည်ရှိပါသည်။ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားကြီးနှင့် မိနစ် (၂၀)ခန့် ကွာဝေးပြီး ရန်ကုန်မြို့မှ ကျိုက်ထိုဆိုင်ခွဲသို့ ကားမောင်းချိန်(၂း၃၀)ခန့် ကြာမြင့်ပါသည်။ ဆိုင်ပတ်လည်၌ ကားစီးရေ (၅၀)ရပ်နားရန် ကားပါကင်ရှိပြီး ကားကြီးများအတွက် ရေဖြည့်၊ ရေဆေးရန် နေရာများ ပြုလုပ်ထားပါသည်။ သီးသန့် သန့်စင်ခန်းများပါဝင်သော (VIP) Air-Con အခန်းများထားရှိပြီး မြန်မာထမင်းဟင်းနှင့် မြန်မာ့ရိုးရာ အစားအစာများအပြင် တရုတ်၊ ထိုင်းအစားအစာများကို ထည့်သွင်း စီစဉ်ထားပါသည်။ ခိုင်ခိုင်ကျော် ဆိုင်သေးသေးလေးမှစ၍ သက်တမ်းတစ်လျှောက် ရရှိခဲ့သော အတွေ့အကြုံ ကောင်းများကို အခြေပြု၍ ခရီးသွားမိဘပြည်သူများအတွက် စိတ်ချမ်းသာမှုရှိစေရန် အကောင်းဆုံး စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

**၂၀၁၄ ခုနှစ် ၊ မတ်လ (၅)ရက်နေ့ တွင် ဖွင့်လှစ်ပါမည်။**

| | |
|---|---|
| ပါရမီဆိုင်ခွဲ | - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။ |
| ပြည်လမ်းဆိုင်ခွဲ | - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။ |
| ဂန္ဓမာဆိုင်ခွဲ | - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။ |
| ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ | - တောင်ငူဆောင် Canteen ၊ ရန်ကုန်တက္ကသိုလ်။ |
| ဝန်ဆောင်မှုဌာန | - ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၁၀၀၆၀၅၅ ၊ |

စာမျက်နှာ (၅)မှ

## ပြည်သူ့ဝန်ထမ်း မီးအိမ်ရှင်

သူသည် ဆေးရုံမှ လက်အောက်ဝန်ထမ်းဆရာဝန်နှင့် သူနာပြုများကို စီမံခန့်ခွဲမှုသင်တန်းဦးစွာ သင်ကြားပေးသည်။ လူနာများနှင့် ဆက်ဆံရာတွင် ယခင်နှင့်မတူပြောင်းလဲစေရန် ညွှန်ကြားသွန်သင်ပေးသည်။ ခံယူချက်များပြောင်းလဲလာစေရန် စိတ်ဓာတ်ပိုင်းကို အဓိကပြုပြင်ပေးခဲ့သည်။

ထို့နောက်ဆေးရုံအတွက်ရရှိသည့် ဆေးဝါးများကို သုံးစွဲကာတစ်လလျှင် ရွာသုံးရွာသို့ ကိုယ်တိုင်ဆင်း၍ အခမဲ့ဆေးကုသပေးတော့သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ငါးထောင်နှင့်အထက်မြင့်မားသည့်ဝေးလံခေါင်ဖျား တောင်ပေါ်ကျေးရွာများသို့ လှေဖြင့်တစ်ဖုံ၊ လှည်းဖြင့်တစ်မျိုး၊ ထော်လာဂျီဖြင့် တစ်သွယ်၊ လမ်းလျှောက်၍တစ်မူအပင်ပန်းခံ သွားရောက်ခဲ့သည်။

တောင်ပေါ်ကျေးရွာတိုင်းရင်းသားတို့သည် သူရောက်ရှိလာမှသာ ဆရာဝန်ဟူသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ဖူးကြတော့သည်။ ချင်းရွာတစ်ရွာမှ အဘိုးကြီးတစ်ယောက်က သူနာပြုဆရာမလေးအနားကပ်ခါ“ ဆရာဝန်ဆိုတဲ့ အကောင်ငါတွေ့ဖူးချင်တယ်။ ငါ့ကိုပြ။ ဒါပေမဲ့ ငါတံခါးကြားထဲကပဲ ချောင်းကြည့်မယ်နော”ဟု ပြောခံရဖူးသည်။

ယခင်ကနတ်ဆရာများ၊ ရမ်းကုများဖြင့် ကုသလာခဲ့ကြသည့်လူနာများသည် ဒေါက်တာသန်းမင်းထွဋ်အပေါ် တဖြည်းဖြည်းယုံကြည်ကိုးစားလာကြသည်။ သူသည် လူနာများနှင့် ဆုံတွေ့ရာတွင် အစဉ်ပြုံးရွှင်နေသည့် မျက်လုံးနှင့် နှုတ်ခမ်းများ၊ ချိုသာသိမ်မွေ့သည့် ပြောစကားများ၊ လူနာအပေါ် သားသမီးသဖွယ်ချွေးထွေးကြင်နာစွာယုယစောင့်ရှောက်မှုများ၊ ဒေသခံများနှင့် တစ်သားတည်း သွားလာစားသောက်အိပ်စက်မှုများကြောင့် ‘ဆရာဝန်ကြီး’ ဟူသည့်နာမကို လူထုက နှုတ်ဖျားကမချတော့။

ယခင်က ဒေသခံလူထု၏နတ်ဆရာများ၊ ရမ်းကုများ၊ အရပ်လက်သည်များဖြင့်သာ ဆေးကုသလေ့ရှိကြသည့်အစဉ်အလာကိုလမ်းမှန်ရောက်အောင်လည်း ပြုလုပ်ပေးခဲ့သည်။

“ကိုယ်က မလုပ်နဲ့လို့ တားလို့မရဘူး။ ကိုယ်ပြန်သွားရင် ဆက်လုပ်ကြမှာပဲ”ဟု ဒေါက်တာသန်းမင်းထွဋ်ကပြောသည်။ ထို့ကြောင့် ဒေသခံရမ်းကုများ၊ အရပ်လက်သည်များကို ရင်းရင်းနှီးနှီးတွေ့ဆုံကာစည်းရုံးပြီး ကိုယ်ပေးချင်သည့် ဆေးပညာ နည်းစနစ်များကို မျှဝေသင်ကြားပေးခဲ့ရသည်။

ကျေးရွာများသို့ကွင်းဆင်း၍ အခမဲ့ကုသပေးရသည့်ရည်ရွယ်ချက်မှာ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်သည်များက ဝေးလံသည့်မြို့ပေါ်ဆေးရုံသို့ လာရောက်ရန်အခက်အခဲရှိသောကြောင့် မလိုအပ်ဘဲ ဆုံးရှုံးနစ်နာမှုများ မဖြစ်စေရန် အိမ်တိုင်ရာရောက်သွားရောက်ခြင်းပင်ဖြစ်သည်ဟုဒေါက်တာသန်းမင်းထွဋ်ကဆိုသည်။

ပင်းတယမြို့နယ်သည်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့်အတွက် နိုင်ငံတော်က ဘဏ္ဍာငွေအသုံးစရိတ်များစွာ ချထားပေးမှုကြောင့် သူ့အတွက်အဆင်ပြေခဲ့သည်။ ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများတိုးချဲ့ဆောက်လုပ်ခြင်း၊ ဆေးရုံအဆောင်သစ်များ တိုးချဲ့ခြင်း၊ လူနာစောင့်များ သက်သောင့်သက်သာနေနိုင်ရန် အဆောင်တစ်ခုသီးသန့်ဆောက်လုပ်ပေးခြင်း၊ ရေစင်နှင့် အဝီစိတွင်းဆောက်လုပ်တူးဖော်ခြင်းများကိုနိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါ ပင်းတယဆေးရုံလေးမှာ သန့်ရှင်းသပ်ရပ်သော အဆင့်မီဆေးရုံလေးတစ်ရုံအဖြစ် အသွင်ပြောင်းသွားခဲ့ပါသည်။

ဆေးရုံတွင်ထားရှိသည့်ခေတ်မီစက်ကိရိယာများကိုလည်း ဒေါက်တာ သန်းမင်းထွဋ် အကြောင်း သိရှိသူများက စေတနာအပြည့်အဝဖြင့် လာရောက်လှူဒါန်းကြသဖြင့် ပြည့်စုံလျက်ရှိသည်။ ထို့ကြောင့် ဒေသခံလူထုက သူ့အပေါ် ပြန်လည်စေတနာထားခဲ့ကြသည်။ ရေရှားပါးသည့်တောင်ပေါ်ထွတ်နီကျေးရွာလေးကို ရေရရှိအောင် ဆောင်ရွက်ပေးလိုက်သဖြင့် ရွာသူရွာသားများကကျေးဇူးတုံ့ပြန်သည့် အနေဖြင့်ပင်းတယဆေးရုံရှေ့တွင် ရေနုတ်မြောင်းတူးဖော်သည့်လုပ်ငန်းကိုရွာလုံးကျွတ်လာရောက်လုပ်ကိုင်ပေးခဲ့ကြသည်။

ထို့ကြောင့် သူတာဝန်ကျရာဒေသရှိလူထုက တာဝန်ကုန်ဆုံးချိန်တွင်နောက်တစ်မြို့သို့ထပ်မံပြောင်းရွှေ့သွားရမည်ကို မလိုလားကြပါ။ သူတို့မကြုံဖူးသည့် ထင်မှတ်မထားသည့် ဆရာဝန်ကြီးမျိုးကို လက်လွှတ်ဆုံးရှုံးကြရမည်ကို ကြောက်ရွံ့ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်နေစဉ် ၂၀၁၃ ခုနှစ်တွင် ဒေါက်တာ သန်းမင်းထွဋ်တစ်ယောက် ရာထူးတိုးမြှင့်ခံရပြီး ပြောင်းရွှေ့မိန့်တစ်ခုထွက်လာခဲ့ပြန်သည်။ လက်ထောက်ညွှန်ကြားရေးမှူး (ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ်ကြီး) အဖြစ် ပြောင်းရွှေ့ရမည့် သတင်းကို ဒေသလူထုက ကြားသိပြီး ညတွင်းချင်းပင် ဒေသခံသုံးထောင်ကျော်က လက်မှတ်ရေးထိုးကာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံသို့ အသနားခံစာတင်လိုက်ကြသည်။ ပင်းတယမြို့နယ်သံဃမဟာနာယကဆရာတော်ထံသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဝါဆိုသင်္ကန်းကပ်လှူရန် လာရောက်သည့်အခါတွင်လည်း ဝန်ကြီးချုပ်က လိုအပ်ချက်များကို မေးမြန်းရာ ဆရာတော်က “တို့ ဆရာဝန်ကြီးကိုပဲ တို့လိုအပ်တယ်။ ကျန်တာဘာမှမလိုဘူး”ဟု မိန့်ကြားလိုက်သည်။

ဒေါက်တာသန်းမင်းထွဋ်နှင့်အတူ လက်တွဲကာ သွေးလှူဒါန်းခြင်း၊ ရေလှူဒါန်းခြင်းလုပ်ငန်းများလုပ်ကိုင်နေသည့် ပင်းတယမြို့ရှိ စေတနာမွန်ပရဟိတအဖွဲ့မှ ဒေါ်မာလာစိုးကလည်း “ပင်းတယမြို့အတွက် ဆရာကြီးမရှိမဖြစ်လိုအပ်ပါတယ်။ ဒီမြို့မှာ ဆရာကြီး လေးငါးနှစ်လောက် ဆက်နေလို့ရအောင် မြို့ခံလူထုအနေနဲ့ တောင်းဆိုပါတယ်ရှင်။ အခုဘယ်နေရာပဲသွားသွား ဆရာကြီး၊ ဆရာကြီးနဲ့ လေးစားကြပါတယ်။ ဆရာကြီးက ကျန်းမာရေးကဏ္ဍအပြင် လူမှုရေးလုပ်ငန်းတွေကိုပါ ရှေ့ဆောင်လမ်းပြပေးနေတဲ့အတွက် တအားအားကိုးရပါတယ်”ဟုပြောသည်။

ဒေါက်တာသန်းမင်းထွဋ်သည် ပဲခူးတိုင်း ပေါက်ခေါင်းပြည်သူ့ဆေးရုံတွင် တာဝန်ကျစဉ်ကလည်း ၎င်း၏ စွမ်းဆောင်မှုများကြောင့် ဒေသခံပြည်သူများ၊ သံဃာနှင့် အဖွဲ့အစည်းများ၏ တောင်းဆိုမှုကြောင့် ပြောင်းရွှေ့မိန့်နောက်ရွှေ့ကာ ၂ နှစ်အစား ၆နှစ်အထိ ယင်းဒေသတွင် တာဝန်ထမ်း ဆောင်ခဲ့ရသည်။

ယခုပင်းတယတွင် ရှိနေစဉ်သူသည် ၂ နှစ်တာကာလ အတွင်းတစ်လလျှင် အနည်းဆုံး ရွာနှစ်ရွာကို အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ရာ ယခုအခါပင်းတယရှိ ရွာပေါင်း ၅၇ ရွာတွင် လူနာ ရှစ်ထောင့်ငါးရာကျော်အား ဆေးကုသပေးနိုင်ခဲ့သည်။ ထိုသို့ အခမဲ့ကုသနိုင်ရန်အတွက်လိုအပ်သည့်ဆေးဝါးတန်ဖိုး နှစ်ဆယ့်ရှစ်သိန်းခန့်ကို စေတနာရှင်ပြည်သူများကဝိုင်းဝန်းထောက်ပံ့ပေးခဲ့ကြခြင်းဖြစ်သည်။

ဆေးရုံအတွက် အဆောက်အအုံသစ်ကိုးလုံးတည်ဆောက်ပေးခဲ့ပြီး လူနာခုတင်များကိုစတီးလ်ခုတင်အလုံး ငါးဆယ်ဖြင့် အစားထိုးပေးခဲ့ရုံသာမက ခုတင်ပေါ်တွင် ဆိုဖာအိပ်ရာခင်းများကိုပင် ခင်းကျင်းပေးခဲ့သည်။

သူသည် ထိုမျှနှင့် အားမရဘဲတကယ့်အောက်ခြေလူနာများနှင့်ထိတွေ့မည့် သူနာပြုဆရာမလေးများကို မွေးထုတ်ခဲ့သည်။ ကျေးရွာပေါင်း ၁၃၈ ရွာမှ မိန်းကလေးငယ် ၈၁ ဦးကို ခေါ်ယူကာ အရန်သားဖွားသင်တန်းဖွင့်လှစ်ပေးခဲ့သည်။ ထိုအရန်သားဖွားဆရာမလေးများကို အရန်သားဖွားနည်းပညာသာမကဘဲ စေတနာ့ဝန်ထမ်းတီဘီသင်တန်း၊ ငှက်ဖျားသင်တန်း၊ HIV သင်တန်း၊ သားဆက်ခြားစနစ်များ၊ ရှေးဦးသူနာပြုနည်းပြအဆင့်ထိ သင်တန်းများအပြင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများကိုပါ ကာလရှည်ကြာ သင်ကြားပေးလိုက်သည်။

“လူနာက သူတို့နဲ့ အရင်ဆုံးတွေ့ရမှာလေ။ သူတို့ပြုစုနိုင်မှ အသက်ရှင်မယ်။ မကျွမ်းကျင်ဘဲ ပြန်မလွှတ်ချင်ဘူး။ ရမ်းကုစာရင်းထဲဝင်သွားလိမ့်မယ်။ ဘာသာရပ်အားလုံးကို တကယ်ကျွမ်းကျင်မှ ပြန်လွှတ်တယ်”ဟု သူကရှင်းပြသည်။

ပင်းတယမြို့နယ် ဆေးရုံလေးသို့ နှစ်ပတ်ကြာ လာရောက်လေ့လာသင်ကြားသည့် ဆေးကျောင်းသားငယ်လေးများအား ဒေါက်တာသန်းမင်းထွဋ်ကလာဘ်ပေး၊ လာဘ်ယူဆရာဝန်ကြီးများအကြောင်း၊ စေတနာရှင် ဆရာဝန်ကြီးများအကြောင်း မျှဝေဟောပြောပြီး ခံယူချက်ပြောင်းလဲစေရန်တိုက်တွန်းပို့ချနေဆဲဖြစ်သည်။

ဟောပြောပို့ချမှုအဆုံးတွင် ဒေါက်တာသန်းမင်းထွဋ်က “ဆရာဝန်တွေရဲ့ဘဝကို ကိုယ်ချင်းစာနားလည်ပြီး စေတနာရှင်ဆရာဝန်တစ်ဦးအဖြစ် ပါဝင်ကပြတဲ့ သူတွေ ဖြစ်လာစေဖို့ ဆရာမျှော် လင့်ပါတယ်”ဟု သွန်သင်နိဂုံးချုပ် လေ့ရှိသည်။

လက်အောက်ငယ်သား သူနာပြုဆရာမများကိုလည်း ဒေါက်တာသန်းမင်းထွဋ်က “လူနာတွေက ဆေးရုံကို အပူနဲ့ လာကြတာ။ ပျော်လို့လာတာ မဟုတ်ဘူး။ ဒီနိုင်ငံကလူနာတွေက ကိုယ့်အပူအပြင် ပိုက်ဆံမရှိတဲ့အပူ၊ ဆရာဝန်သူနာပြုတွေ ဟိန်းဟောက်တာခံရတဲ့အပူတွေ ထပ်ခံစားကြရတယ်။ ဒါကြောင့် လူနာတွေကိုကိုယ့်ကြောင့် မျက်ရည်မကျစေရဘူး။ သူတို့ကျမယ့် မျက်ရည်ကိုကိုယ်က သုတ်ပေးရမယ့်တာဝန်ရှိတယ်”ဟု သွန်သင်ဆုံးမလေ့ ရှိသည်။

ထို့အတွက် ပင်းတယဆေးရုံရှိ လူနာနှင့် ဆရာဝန်၊ သူနာပြုတို့အကြားတွင် နွေးထွေးသည့်မေတ္တာနှင့် အပြန်အလှန်စေတနာထားလေးစားမှုများ ပျံ့နှံ့လျက်ရှိသည်။ လက်ထောက်ဆရာဝန် နှင့်သူနာပြုဆရာမတို့အားလုံးသည်လူနာအပေါ် ပြုံးရွှင်စွာ ကိုယ့်မိသားစုသဖွယ် ပြုစုစောင့်ရှောက်ကြ၍စိတ်ချမ်းသာရသည်ဟုလူနာများကပြောကြသည်။

ပိုက်ဆံမတတ်နိုင်၍ ဆေးရုံတက်ရောက်ကုသရန် မဝံ့မရဲဖြစ်နေသူများကိုလည်း ပင်းတယဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများက မိမိငွေကြေးဖြင့် နေ့စဉ်ထမင်းကျွေးကာ ခေါ်ယူတက်ရောက်စေခဲ့သည်များလည်းရှိပါသည်။

“ကျွန်မအပြင်ဆေးခန်းတွေမှာလည်း လုပ်ခဲ့ဖူးတယ်။ ဒါပေမယ့် ဒီလောက်အလုပ်လုပ်ရပြီး ပညာလည်းသင်ပေးတဲ့ဆရာဝန်ကြီးနဲ့ မကြုံဖူးသေးဘူး။ ဒီဆရာကြီးလက်ထက်မှာ ကျွန်မတို့အကုန်လုပ်လို့ရတယ်။ ခွဲခန်းဝင်တယ်ဆိုရင်လည်း ကိုယ်မှားခဲ့သည်ရှိဦး။ နင်မှားနေတယ်လို့မဆဲဘူး။ ဒါလေးကတော့ ဘာဆိုပြီး သေချာသင်ပေးတယ်။ ကိုယ့်အတွက်လည်း အသိပညာတွေ အများကြီးတိုးတယ်။ နယ်ကဆရာမတွေ တစ်လတစ်ခါလာရင်လည်းသိသင့်သိထိုက်တာတွေကို သူထမင်းမစားရရင် နေပါစေ၊ အကုန်သင်ပေးတယ်။ သူစိတ်ဆိုးကြောင်း ဘယ်တော့မှ မပြဘူး။လူနာတွေအပေါ် မျက်နှာထားချိုချိုနဲ့ သူ ဆက်ဆံပြနိုင်တယ်”ဟု ပင်းတယဆေးရုံရှိ အနီဝတ်သူနာပြုဆရာမတစ်ဦးကပြောပြသည်။

ဒေသခံ အပြာဝတ်သူနာပြုဆရာမတစ်ဦးကလည်း “တအားအဆင်ပြေတယ်။ ဆရာကြီးကြောင့် ကျွန်မတို့ မျက်နှာပန်းလှတယ်။ ဘယ်လောက်ပင်ပန်းပေမယ့် သူနဲ့ အလုပ်လုပ်ရတာပျော်တယ်။ သူတောင် ဒီနယ်သားမဟုတ်ဘဲ လုပ်ပေးရင် ကျွန်မတို့လည်း လုပ်ပေးနိုင်ရမှာပေါ့နော်” ဟု ပြောလာသည်။

ဒေါက်တာ သန်းမင်းထွဋ်သည် စေတနာရှင်ဆရာဝန်ကြီး ဒေါက်တာစောဝါးထူး၊ ဆရာကြီးနာဂသိန်းလှိုင်၊ ဒေါက်တာ အဲလ်ဘတ်ရှိုင်ဇာ၊ ဒေါက်တာနော်မန်ဘတ်သွန်းတို့ကို လေးစားအားကျခဲ့သူတစ်ဦးဖြစ်သည်။ သူ၏အကြီးမားဆုံးဝါသနာမှာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဒေသခံများ တွေ့မြင်ဖူးသည့် ဆရာဝန်ကြီးများနှင့်မတူ အောက်ခြေအထိဆင်းကာ နေရာဒေသမရွေး လူတန်းစားမရွေး ကယ်ဆယ်စောင့်ရှောက်ပေးမှုတို့ကြောင့် လူထုက ပြန်လည်လေးစားချစ်ခင်ခဲ့ကြခြင်းပင်။

“နေပြည်တော် အစည်းအဝေးတစ်ခုသွားတက်တဲ့နေ့က ဓနုအဖိုးကြီးတစ်ယောက်ကို နှုတ်ဆက်တော့ နေပြည်တော်သွားမလို့ အဘလို့ ပြောလိုက်တဲ့အခါ အဘိုးကြီးက အိတ်ထဲက ငွေတစ်ထောင်ထုတ်ပေးတယ်။ ဆရာ လမ်းစရိတ်ယူသွားပါတဲ့။ မယူမနေရ အတင်းပေးတယ်။ သိပ်ရိုးသားတဲ့ တိုင်းရင်းသားတွေပါ။ သူတို့ကို ကျန်းမာရေးအသိအမြင် တိုးတက်လာအောင် လုပ်ပေးဖို့ အရမ်းလိုအပ်နေတယ်”ဟု သူကဖြစ်ရပ်တစ်ခုကို ပြန်ပြောသည်။

ဒေါက်တာ သန်းမင်းထွဋ် ပေါက်ခေါင်းမြို့မှ ပင်းတယမြို့သို့ ရောက်မလာမီ ခုနစ်ရက်အလိုတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပင်းတယသို့ ရောက်ရှိခဲ့ဖူးသည်။ ထိုစဉ်က ဝန်ကြီးတွေ့ရှိခဲ့သည်မှာ လူနာငါးဦးသာရှိခဲ့ပြီး ယခုတစ်ကြိမ်ရောက်ရှိလာသည့်အခါ ဒေါက်တာသန်းမင်းထွဋ် လက်ထက်တွင် လူနာ ၆၁ဦး တက်ရောက်ကုသခံယူနေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးက ပင်းတယ ဆေးရုံကို ၂၅ ခုတင်အဆင့်မှ ခုတင် ၅၀ အဆင့်သို့ တိုးမြှင့် ပေးလိုက်ရုံသာမက “ခုတင် ၁၀၀ ဆေးရုံအဆင့်အတွက် ပြင်ဆင်ထားတော့”ဟု ဒေါက်တာသန်းမင်းထွဋ်အား မှာကြားသွားခဲ့သည်။

“ဒီနယ်မြေအတွင်းမှာ လုပ်စရာအများကြီးကျန်သေးတယ်” ဟု အသက်လေးဆယ်အရွယ် ဒေါက်တာသန်းမင်းထွဋ်ကပြောပါသည်။ သူသည် တာဝန်ကျနယ်မြေများတွင် လူတန်းစား မရွေးစေတနာအပြည့်အဝဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်နေပါလိမ့်ဦးမည်။ သူရောက်ရှိရာဒေသများမှ ဒေသခံပြည်သူလူထုကလည်း တစ်ဦးမေတ္တာ၊တစ်ဦးမှာဆိုသကဲ့သို့ သူ့အပေါ် အပြန်အလှန်လေးစားချစ်ခင်မှုဖြင့် လိုအပ်သမျှ ကူညီနေကြပါလိမ့်ဦးမည်။

“သူ့အဆင်းသည် ၊ နေမင်းပမာ
သော်တာအလား၊ မဝံ့ငြားလည်း
သူ့အား သူ့မှာန်၊ သူပိုင်ဟန်ဖြင့်
သူသန်ရာမှ၊ ဤလောကကို
အလှဆင်လိုဟန်တကား” (တင်မိုး–ဖန်မီးအိမ်ကဗျာမှ)

ယခုအခါ ရှမ်းပြည်နယ်တောင်ပေါ်ဒေသအချို့တွင် ဒေါက်တာသန်းမင်းထွဋ်ကဲ့သို့ ပြည်သူ့အကျိုးပြု စေတနာဆရာဝန်ကြီးများ ပေါ်ပေါက်လာနေပါပြီ။ မြန်မာနိုင်ငံတွင် ဒေါက်တာ သန်းမင်းထွဋ်ကဲ့သို့ လူငယ် ဆရာဝန်များစွာ ပေါ်ထွန်းလာရန်များစွာ လိုအပ်နေပါသည်။ ပညာရေးနှင့် ကျန်းမာရေး အဓိကလိုအပ်နေသည့် မြန်မာနိုင်ငံသည် စေတနာရှင်ဆရာဝန်များကို ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုလျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးသည့်ပြည်သူအများက သူတို့ချစ်သော ပြည်သူ့ဆရာဝန်များကိုရင်ထဲတွင်တစ်သက်စာ မှတ်တမ်းရေးထိုး၍ သားစဉ်မြေးဆက်ပြန်ပြောကာ ကမ္ဗည်းတင်နေကြလိမ့်ဦးမည်သာ။

7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# အာဂုံဆောင်စနစ်ဆိုးမှ ခွဲမထွက်နိုင်သည့် ပုဂ္ဂလိကကျောင်းများ

**နေလင်းထွန်း၊ ဇော်မျိုးလှိုင်**

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေပြဋ္ဌာန်းပြီး သက်တမ်းရင့် ဘော်ဒါကျောင်းများကို ပညာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုလျှောက်ထားခွင့်ပြုသည်မှာ ၂ နှစ်ကျော်ကာလရောက်နေပြီဖြစ်သည်။ အစိုးရ၏ ပညာရေးစနစ်ကို အားရကျေနပ်မှုမရှိသော မိဘအုပ်ထိန်းသူများကြောင့် ကိုယ်ပိုင်ကျောင်းများ၏ ဈေးကွက်ကလည်း ပိုမိုကြီးမားကျယ်ပြန့်လာသည်။

လက်ရှိအချိန်တွင် ကျောင်းသားမိဘများ သိလိုစိတ်ပြင်းပြနေသောမေးခွန်းမှာ အစိုးရကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဘာတွေ ကွာခြားသလဲဆိုသည့် အချက်ဖြစ်သည်။ ကိုယ်ပိုင်ကျောင်းများမှာ ပုဂ္ဂလိက ပညာရေးလုပ်ငန်းဖြစ်သည့်အတွက်ငွေကြေး ပိုမိုကုန်ကျမည့်အချက်ကတော့ အသေအချာပင်ဖြစ်သည်။

ငွေကြေးပိုမိုကုန်ကျသည့်အတွက် အစိုးရကျောင်းနှင့် မတူကွဲပြားသော ပညာရေးစနစ်ကို ကိုယ်ပိုင်ကျောင်းများက အမှန်တကယ်ပေးစွမ်းနေသည်လားဆိုသည်ကို ကိုယ်ပိုင်ကျောင်းတည်ထောင်ထားသူများနှင့် ကျောင်းသားမိဘများအနေဖြင့် အဖြေရှာဆန်းစစ်ရန် လိုအပ်နေပြီဖြစ်သည်။

စာမေးပွဲတွင်အမှတ်ကောင်းရရှိရေး စာသင်ကျောင်းနှင့် ကျူရှင်များတွင် အချိန်ကုန်ပြီး နှုတ်တိုက်အာဂုံဆောင်ကျက်မှတ်သော ပညာရေးစနစ်မှ အသိပညာ၊ ဗဟုသုတနှင့် စဉ်းစားတွေးခေါ်မှုကို အားပေးသော ပညာရေးစနစ်မျိုးကိုကိုယ်ပိုင်ကျောင်းများတွင် မြင်တွေ့နေရပါပြီလား။

"အခုပညာရေးမှာအတည်ပြုထားတဲ့ စစ်ဆေးတဲ့ စနစ်က စာမေးပွဲစနစ်ပဲ။ အခြေခံပညာအဆင့်ကနေ အဆင့်မြင့်ပညာရေးကို ကူးဖို့အတွက် ၁၀ တန်းကနေ တက္ကသိုလ်ကို ရွေးတဲ့စနစ်လည်း ဒါနဲ့ပဲ ရွေးနေတုန်းပဲ။ သက်ဆိုင်ရာကျောင်းတွေရော၊ ကိုယ်ပိုင်ကျောင်းတွေရော ကျောင်းရဲ့ အောင်မြင်မှုကို တိုင်းတာဖို့ စာမေးပွဲမှာအောင်ချက်၊ ဂုဏ်ထူးတွေနဲ့ပဲ တိုင်းတာရတာပါပဲ"ဟု ACA ပညာ့ရိပ်ငြိမ်ကိုယ်ပိုင်ကျောင်းမှ အကြံပေးပညာရှင် ဦးစန်းဝင်းကပြောသည်။

ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြုကိုယ်ပိုင်ကျောင်း ၁၅၀ ကျော်တရားဝင်ခွင့်ပြုထားပြီး ကွဲပြားခြားနားသောပညာရေးစနစ်ကျင့်သုံးနေသည့် ကျောင်းအချို့ရှိသော်လည်း အများစုမှာ အောင်ချက်မြင့်မားရေးအခြေခံသော ပညာရေးစနစ်အောက်မှာ ရုန်းထွက်နိုင်မှုမရှိသေးခြင်းဖြစ်သည်။

"အခုလောလောဆယ်တော့ ကိုယ်ပိုင်ကျောင်းတွေလည်း ရုန်းထွက်လို့မရသေးဘူး။ အစိုးရကျောင်းနဲ့ မတူတာကတော့ ဝန်ဆောင်မှုနဲ့ပဲ ဖြည့်ဆည်းပေးနိုင်တယ်။ မူဝါဒပိုင်းကတော့ ပြင်လို့မရဘူး"ဟု ဦးစန်းဝင်းကဆိုသည်။

အစိုးရဥပဒေပြဋ္ဌာန်းသတ်မှတ်ပြီးနောက် ကိုယ်ပိုင်ကျောင်းများအနေဖြင့် ကျောင်းသားများအား အချိန်ပြည့်တာဝန်ယူသင်ကြားပေးနိုင်မှုနှင့်ထပ်ဆောင်းဘာသာရပ်သင်ကြားနိုင်မှု အခွင့်အရေးတို့ကို ရရှိခဲ့ကြသည်။

ကျောင်းသားများအနေဖြင့် အစိုးရကျောင်းတွင် ကျောင်းခေါ်ချိန်တက်ပြရခြင်းဒုက္ခမှ ကင်းဝေးသွားခဲ့သလို နိုင်ငံခြားဘာသာစကားနှင့် အခြားပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိသွားခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားတစ်ဦး၏မိခင် မခိုင်ခိုင်က "သူ့အစ်ကိုတုန်းက ၁၀ တန်းဆို ဘော်ဒါ ဆောင်မှာ သွားထားရတာပေါ့။ ကျောင်းခေါ်ချိန်ပြည့်အောင်ရော၊ ကျူရှင်ချိန်ရော တစ်နေ့ကုန်တက်နေရတော့ ကလေးက ပင်ပန်းနေပြီ။ အခု ကိုယ်ပိုင်ကျောင်းတွေ ပေါ်လာတော့ အဲဒီလိုမျိုး မရှိတော့ဘူး" ဟု ၎င်းအတွေ့အကြုံကို ရှင်းပြသည်။

ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား၊ကျောင်းသူများအား အတင်းအကျပ်ခိုင်းစေခြင်း၊ ပိတ်လှောင်ခြင်း၊ ပြင်းထန်စွာ အပြစ်ပေးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို မပြုလုပ်ရန်နှင့် အိပ်စက်အနားယူချိန်သည် နေ့စဉ်ခြောက်နာရီအောက် မလျော့နည်းစေရန် ကျောင်းတည်ထောင်ဖွင့်လှစ်သူများက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သည်။

အလယ်တန်းနှင့်အထက်တန်းအဆင့်တွင် စာသင်ခန်းအကျယ်အဝန်းသည် ၃၆၀ စတုရန်းပေအောက် မလျော့နည်းစေရန်နှင့် တစ်ခန်းလျှင် ကျောင်းသား ၄၀ ဦးထက်မပိုဘဲထားရှိရန် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်း ဥပဒေတွင် သတ်မှတ်ထားသည်။

"အစိုးရကျောင်းမှာက ဆရာမတစ်ယောက်တည်းကို ကျောင်းသားက ခြောက်ဆယ်လောက်ဆိုတော့ ကျောင်းသားတစ်ဦးချင်းကို ဂရုမစိုက်နိုင်ဘူးလေ။ စာဆိုလည်း သင်ပေးတာပဲ ကျက်၊ အိမ်စာပေးနဲ့၊ ဒါကျက် ဒါဖြေပုံစံနဲ့ အချိန်တန် နောက်တစ်တန်းကူးဆိုတာဖြစ်နေတယ်။ နောက်နှစ်ဆို ကိုယ်ပိုင်ကျောင်းပြောင်းထားတော့မယ်"ဟု ကျောင်းသားမိဘတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းထားနိုင်သော မိဘ၏ သားသမီးများအနေဖြင့် စာသင်ကျောင်းနှင့် ကျူရှင်တွင် အချိန်ကုန်နေရမှုမှ သက်သာသွားသော်လည်း အလွတ်ကျက်မှတ်ရသော ပညာရေးဝဲဂယက်မှ လွတ်မြောက်နိုင်ရန် ခက်ခဲနေဆဲဖြစ်သည်။

မြန်မာနိုင်ငံ၏စာမေးပွဲ စနစ်လေ့လာသင်ယူမှုကို အားပေးသော စစ်ဆေးနည်းစနစ်(Form-aive Assessment) ကို အသုံးပြုရန် တိုက်တွန်းအကြံပြုကြောင်း နိုင်ငံလုံးဆိုင်ရာပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးကွန်ရက်(NNER) က သဘောထား ထုတ်ပြန်ထားသည်။

နိုင်ငံတကာနှင့် ပြည်တွင်းမှ ပညာရေးပညာရှင်များနှင့် ပညာရေးလေ့လာသူများဆွေးနွေးခဲ့ကြပြီးနောက် ကျောင်းသားများ၏ သင်ယူမှုကို ထိရောက်စေမည့် အထက်ပါနည်းလမ်းကို အသုံးပြုရန် ၂၀၁၃ အောက်တိုဘာတွင် တိုက်တွန်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ကိုယ်ပိုင်ကျောင်းများအနေဖြင့် စီးပွားရေးအရ ရပ်တည်နိုင်ရေး၊ ၎င်းတို့ ကျောင်းသားများ၏ အောင်ချက်နှင့် ဂုဏ်ထူးရရှိမှုတို့ပေါ်တွင် မူတည်လျက်ရှိခြင်းကြောင့် စာမေးပွဲဦးတည်သော သင်ကြားရေးစနစ်ကို ကျင့်သုံးနေသည်။

မြန်မာနိုင်ငံရှိ ကျောင်းသားမိဘများအတွင်း ပညာရေးအပေါ် သဘောထားအမြင်လွဲမှားနေမှုကလည်း လေ့လာသင်ယူမှုကို အားပေးသော ပညာရေးစနစ်ထက် အောင်မှတ်မြင့်မားသော ပညာရေးစနစ်ကို ပိုမိုအားပေးလျက်ရှိသည်။

"ပညာသင်ကြားတဲ့ပုံစံကို ပြောင်းလိုက်ရင် စာမေးပွဲအောင်ချက်ကို သိသိသာသာထိခိုက်နိုင်တယ်။ မိဘတွေက ဂုဏ်ထူးအထွက်များတဲ့၊ အောင်ချက်ကောင်းတဲ့ ကိုယ်ပိုင်ကျောင်းတွေကို ရွေးချယ်ကျောင်းအပ်နေကြတာလေ။ အဲဒါဆို ကျွန်တော်တို့လည်း ရပ်တည်ဖို့ အခက်အခဲရှိနိုင်တယ်"ဟု ကိုယ်ပိုင်ကျောင်းတည်ထောင်ထားသူတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းဈေးကွက်ကြီးမားလာခြင်းကြောင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုကြီးမားနေခြင်း၊ အထူးသဖြင့် မြေနေရာအခက်အခဲက ရန်ကုန်မြို့ရှိ ကိုယ်ပိုင်ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကအဟန့်အတား ဖြစ်စေလျက်ရှိသည်။

ကိုယ်ပိုင်ကျောင်းများအနေဖြင့် ကျောင်းသားမိဘများ၏ စိတ်ဝင်စားမှု မြင့်တက်နေခြင်းကြောင့် ဈေးကွက်ကြီးမားလာနေသော်လည်း ပညာသင်ကြားရေးနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသေးကြောင်း ပညာရှင်များက ထောက်ပြမှုများရှိနေသည်။

ကိုယ်ပိုင်ကျောင်း အချို့သည် အစိုးရကျောင်းနှင့် ပညာသင်ကြားမှုစနစ်ကွဲပြားခြားနားမှုမရှိသေးသလို နိုင်ငံတကာကဲ့သို့ ပုဂ္ဂလိကပညာရေးကဏ္ဍအနေဖြင့် ရပ်တည်လာနိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ကပြောသည်။

"လုံးဝအလွတ်မကျက်ရတာတော့ မဟုတ်ဘူးပေါ့။ ကျက်သင့်တာ ကျက်၊ ဝေဖန်သုံးသပ်သင့်တာ သုံးသပ်ရမယ်။ မျှမျှတတဖြစ်ရမယ်။ အခုကတော့ အလွတ်ကျက်တာများနေတာပေါ့။ ကိုယ်ပိုင်ကျောင်းတွေလည်း မျှော်မှန်းသလောက် ဖြစ်မလာသေးဘူး။ အစိုးရကျောင်းနဲ့ သင်ကြားမှုပုံစံတူ ဖြစ်နေတယ်။ နိုင်ငံတကာလို ပုဂ္ဂလိက ပညာရေးကျောင်းတွေ ဖြစ်လာအောင် ကြိုးစားဖို့လိုနေသေးတယ်"ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား)တစ်ဦးက ဆိုသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအစိတ်အပိုင်း အနေဖြင့် သင်ထောက်ကူပစ္စည်း နှင့် သင်ကြားနည်းစနစ်တွင် ကိုယ်ပိုင် ကျောင်းများအနေဖြင့် သင်ထောက်ကူပစ္စည်းဖြည့်ဆည်းနိုင်မှုရှိသော်လည်း သင်ကြားနည်းစနစ်တွင် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကသုံးသပ်သည်။

အစိုးရ၏ ပညာရေးစနစ် အပေါ် ကျောင်းသားမိဘများ စိတ်ကျေနပ်မှုလျော့ကျနေချိန်တွင် ကိုယ်ပိုင်ကျောင်းများ အားသာမှုရရှိနေပြီး ယင်းအခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်နိုင်ရန် ပိုမိုကောင်းမွန်သော ပညာရေးစနစ်ကိုဖန်တီးနိုင်မည်လားစောင့်ကြည့်ရမည် ဖြစ်သည်။



*အစိုးရအထက်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများကို တွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

Education
7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ချူလာလောင်ကွန်းတက္ကသိုလ်တွင် ပြည်သူ့ကျန်းမာရေး ဘွဲ့လွန်ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ချူလာလောင်ကွန်းတက္ကသိုလ် ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအတွက် မတ်လ ၃၁ ရက် နောက်ဆုံးထား၍ ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

ပညာသင်ဆုအစီအစဉ်အတွက် ပြည်သူ့ကျန်းမာရေးနှင့် စီမံခန့်ခွဲမှု၊ ကျေးလက်ဒေသပြန်လည်သန်စွမ်းကျန်းမာရေး၊ မြို့ပြနှင့်ကမ္ဘာ့ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေး၊ ကျန်းမာရေးအလေ့အကျင့်၊ ထိုင်းတိုင်းရင်းဆေးဝါးပညာ၊ ဘိုင်အိုမော်လီကျူးနည်းပညာတို့နှင့် သက်ဆိုင်သော ဘာသာရပ်များကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။



*ချူလာလောင်ကွန်းတက္ကသိုလ်အတွင်းရှိ စာသင်ခန်းကို တွေ့ရစဉ်*

အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအနေဖြင့် မဟာဘွဲ့သင်တန်းအတွက် IELTS ရမှတ် ၄ နှင့် ပါရဂူဘွဲ့သင်တန်းအတွက် IELTS ရမှတ် ၅ ဒသမ ၅ အနည်းဆုံးရရှိထားရမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်အရည်အချင်းများနှင့် ပြည့်မီရမည်ဖြစ်ကြောင်း သိရသည်။

ချူလာလောင်ကွန်း တက္ကသိုလ်တွင် တက်ရောက်နိုင်မည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအတွက် www.cphs.chula.ac.th တွင် အသေးစိတ်ဝင်ရောက် လေ့လာကြည့်ရှုနိုင်မည် ဖြစ်သည်။

ကျောင်းဝင်ခွင့်အတွက် ရွေးချယ်ခံရသူများအနေဖြင့် ချူလာလောင်ကွန်းတက္ကသိုလ်ရှိ ပြည်သူ့ ကျန်းမာရေးသိပ္ပံကောလိပ်တွင်ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပြီး ဘဏ္ဍာရေး အထောက်အပံ့ လျှောက်ထားနိုင်ကြောင်း သိရသည်။

# အမျိုးသားအဆင့် ပညာရေးမူဝါဒဆွေးနွေးပွဲ မတ်လ ၅၊ ၆ရက်တွင် ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁**

နိုင်ငံတော်သမ္မတလမ်းညွှန်ထားသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ မူဝါဒဆိုင်ရာအမျိုးသားအဆင့်ဆွေးနွေးပွဲကို မတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သတင်းရရှိသည်။

သမ္မတရုံးဝန်ကြီးဦးတင်နိုင်သိန်းဦးဆောင်သောပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီသည် ဝန်ကြီးဌာန အကြီးအကဲများ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစားပညာရှင်များဖြင့် အကြံပေးအဖွဲ့၊ အထူးလုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း၍ ပညာရေးမူဝါဒများရေးဆွဲထားခြင်းဖြစ်သည်။ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ဒေသန္တရအဆင့်ဆွေးနွေးပွဲများကျင်းပပြုလုပ်ပြီးနောက် ယခုအခါ အမျိုးသားအဆင့်ဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သော်လည်း ယခုအခါမတ်လသို့ ရွှေ့ပြောင်းသွားခြင်းဖြစ်သည်။

"တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းကိုရော၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်ကိုပါ သူတို့လေးလေးစားစား ဖိတ်မယ်လို့ပြောတယ်။ ကျွန်တော်တို့သွားဖို့ရှိပါတယ်"ဟု တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့တွင်ကျင်းပသော ပညာရေးမြှင့်တင်မှုအကောင် အထည်ဖော်ရေးကော်မတီ၏ဒေသန္တရအဆင့်ဆွေးနွေးပွဲသည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်၊ တက္ကသိုလ်ဆရာ၊ဆရာမများအသင်းနှင့်နည်းပညာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ကန့်ကွက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

# ပညာရေးလွတ်လပ်ခွင့် မြန်မာအစိုးရ ထိန်းချုပ်ထားဆဲဖြစ်ကြောင်း အမေရိကန်အစိုးရ အစီရင်ခံစာဖော်ပြ

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၈**

မြန်မာအစိုးရအနေဖြင့် အကယ်ဒမစ်ပညာရေးလွတ်လပ်ခွင့်ကို ဆက်လက်ထိန်းချုပ်ထားသလို အဓိပ္ပာယ်ရှိသော ပညာရေးပြုပြင်ပြောင်းလဲမှုကို မြင်တွေ့ရမှု မရှိသေးကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်သည့် ၂၀၁၃ ခုနှစ် လူ့အခွင့်အရေးကျင့်သုံးမှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပညာရေးဝန်ကြီးဌာနနှင့် တက္ကသိုလ်များသည် ဘွဲ့ကြိုကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများ တိုးချဲ့ပေးရန် စိတ်ဆန္ဒအသစ်များကို ပြသနေသော်လည်း အဓိပ္ပာယ်ရှိသော ပညာရေးပြုပြင်ပြောင်းလဲမှုကို မြင်တွေ့ရခြင်း မရှိဘဲ အစိုးရအနေဖြင့် အကယ်ဒမစ်ပညာရေးလွတ်လပ်ခွင့်ကို ဆက်လက်ထိန်းချုပ်ထားဆဲဖြစ်ကြောင်း အစီရင်ခံစာ၌ ဝေဖန်ထားသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို ပြန်လည် ဖွင့်လှစ်၍ ဘွဲ့ကြိုကျောင်းသားများကို လက်ခံခဲ့မှုနှင့် နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လာမှုကိုမူ အသိအမှတ်ပြုထားသည်။

ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ တက္ကသိုလ်အများအပြားသည် အခြားနိုင်ငံများရှိ တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်ပေါင်းများစွာ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများနှင့် ကင်းကွာနေမှုကို အဆုံးသတ်ခဲ့ကြောင်း သုံးသပ်ထားသည်။

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် အခြားတက္ကသိုလ်အချို့သည် နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများ၊ ပညာရှင်များအားဖိတ်ခေါ်လိုသောဆန္ဒကိုပြသခဲ့ကြောင်း အထက်ပါအစီရင်ခံစာတွင် ရေးသားထားသည်။

မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အစိုးရတို့မှ အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးမူဝါဒရေးဆွဲမှုနှင့် ပတ်သက်၍ယင်းအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

၂၀၁၃ ခုနှစ်အတွင်း လူ့အခွင့်အရေးကျင့်သုံးမှုနှင့်ပတ်သက်၍ နယ်ပယ်အသီးသီးအပေါ် အမေရိကန်အစိုးရက လေ့လာသုံးသပ်ဆန်းစစ်ထားခြင်းဖြစ်ပြီး မြန်မာ့ပညာရေးလွတ်လပ်ခွင့်အပေါ် အစိုးရ၏ ထိန်းချုပ်ထားမှုကို ဖော်ပြထားခြင်း ဖြစ်သည်။




7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ဗြိတိန်တက္ကသိုလ်၊ ကောလိပ် ၂၀ ကျော် ပညာရေးပြပွဲပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁**

ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးအဖွဲ့အစည်း ၂၀ ကျော်မှ ကိုယ်စားလှယ်များ လာရောက်၍ဆွေးနွေးရှင်းလင်းပြသမည့် ပညာရေးပြပွဲကို မတ်လ ၂၂ ရက်တွင် ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ယူကေတက္ကသိုလ်၊ ကောလိပ်များတွင် သွားရောက်ပညာသင်ယူလိုသော မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိနှင့်ကိုက်ညီသော တက္ကသိုလ်၊ ဘာသာရပ်များကို တက္ကသိုလ်အကြိုသင်တန်းမှ ဘွဲ့လွန်အဆင့်အထိ လေ့လာရွေးချယ်နိုင်မည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ) မှ သိရသည်။

မြန်မာနိုင်ငံမှ ကျောင်းသားများနှင့် မိဘများအတွက် ရွေးချယ်စရာ သတင်းအချက်များ ရရှိစေရန် အင်္ဂလိပ်စာ ကျွမ်းကျင်မှုစာမေးပွဲပြင်ဆင်မှု၊ ပညာသင်ဆုအခွင့်အလမ်း၊ သုတေသနအဆိုပြုချက်ရေးသားမှု၊ ကျောင်းဝင်ခွင့်လျှောက်လွှာအစီအစဉ်ဆိုင်ရာ အကြောင်းအရာများကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

မက်ဒယ်ဆက်စ်တက္ကသိုလ်၊ နော်တမ်ဟမ်တက္ကသိုလ်၊ ဆန်းဒါးလန်းတက္ကသိုလ်၊ ဝက်မင်စတာတက္ကသိုလ်များနှင့် အေစီစီအေ၊ ပီယာစန်စသည့် ပညာရေးအဖွဲ့အစည်းများသည် ယူကေပညာရေးပြပွဲတွင် ပါဝင်ကြမည်ဖြစ်သည်။

ယူကေပညာရေးပြပွဲကို နံနက် ၉ နာရီမှ ၆ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး ယူကေပညာရေး စိတ်ဝင်စားသူများ အခမဲ့တက်ရောက်နိုင်၍ ယူကေပညာရေး အခွင့်အလမ်းများကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။

ဗြိတိသျှကောင်စီ (မြန်မာ) သည် အင်္ဂလိပ်ဘာသာစကား သင်ကြားခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုနှင့် ဗြိတိန်နိုင်ငံသို့ သွားရောက်ပညာသင်ယူလိုသော မြန်မာကျောင်းသားများအတွက်ပညာရေးပြပွဲအစီအစဉ် ဆောင်ရွက်နေသည်။

# လူတိုင်းဆက်သွယ်ရေးနည်းပညာကျွမ်းကျင်မှသာ တက္ကသိုလ်ဝင်တန်းအမှတ်စာရင်းကို အွန်လိုင်းမှ ထုတ်ပြန်နိုင်မည်ဟုဆို

**သန်းထူး**

**ရန်ကုန်၊ မတ်-၁**

တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ကျရှုံးနေသူများ၏အမှတ်စာရင်းကို အွန်လိုင်းမှ ထုတ်ပြန်နိုင်ရေးသည် လူတိုင်းဆက်သွယ်ရေးနည်းပညာကျွမ်းကျင်စွာသုံးစွဲနိုင်သည့် အခြေအနေရောက်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးက ပြောသည်။

"ဆက်သွယ်ရေး နည်းပညာများတိုးတက်လာပြီးတော့ လူတိုင်းသုံးစွဲနိုင်မှ၊ လူတိုင်းကျွမ်းကျင်စွာ သုံးစွဲလာနိုင်မှ အွန်လိုင်းဖြင့်စနစ်တကျဆောင်ရွက်သွားနိုင်မယ့် အခြေအနေရှိပါကြောင်း တင်ပြအပ်ပါတယ်"ဟု ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်က ဖေဖော်ဝါရီနောက်ဆုံးရက်တွင်ကျင်းပသည့်အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြောကြားသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်တန်းအောင်စာရင်းထွက်ပြီးတိုင်း အမှတ်ကိုသိလို၍ အမှတ်စာရင်းထုတ်ယူရာတွင် ထုတ်ပေးသည့်နေရာသို့သွားရသည့်စရိတ်အပြင် အချို့ဝန်ထမ်းများကငွေကြေးတောင်းတတ်၍ အွန်လိုင်းဖြင့် ထုတ်ပြန်ပေးသင့်ကြောင်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေကပြောကြားသည်။

"ဆယ်တန်းအောင်ပြီးနောက် အမှတ်စာရင်းထုတ်ရတဲ့ဒုက္ခကို အောင်တဲ့သူတိုင်းသိကြပါတယ်။ ဒါကြောင့် စရိတ်လည်းသက်သာ ခေတ်နဲ့လည်းညီအောင် အွန်လိုင်းက ထုတ်ပြန်သင့်ပါပြီ" ဟု ၎င်းကပြောကြားသည်။

ဒုတိယဝန်ကြီးကမူ ထိုကဲ့သို့ အွန်လိုင်းမှထုတ်ပြန်ပေးနိုင်ခြင်း မရှိသေးသော်လည်း ရန်ကုန်မြို့ မေခဆောင်နှင့် နေပြည်တော်ရှိ ရုံးအမှတ်(၅၂)တို့တွင် နေချင်းပြီး ထုတ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် တံစိုးလက်ဆောင်ငွေကြေးလည်း လုံးဝပေးရန်မလိုဟု ပွင့်လင်းစွာ ကြေညာထားကြောင်း ပြောကြားသည်။

ထို့အပြင် တက္ကသိုလ်ဝင်ခွင့်ကို အွန်လိုင်းမှလျှောက်ထားခွင့်ပေးရန် အစီအစဉ်မှာလည်း နေရာဒေသအားလုံးတွင် အင်တာနက်ရရှိနိုင်မှု၊ တန်းတူအခွင့်အရေး မရရှိသေး၍မဖြစ်သေးသည့်အပြင် အွန်လိုင်းလုံခြုံရေးစနစ်မကောင်းပါက အခြားသူများ၏ ခုံအမှတ်နှင့် အမှတ်စာရင်းကိုမမှန်မကန်သုံးပြီးလျှောက်ထားမှုများရှိလာနိုင်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

ဦးလှဆွေကမူ မြန်မာလူငယ်များ နိုင်ငံခြားတက္ကသိုလ်များအွန်လိုင်းမှ လျှောက်ထားနေသည့် အချိန်တွင် နိုင်ငံတွင်းတက္ကသိုလ်များ၌လည်း ထိုကဲ့သို့လျှောက်ထားနိုင်သင့်ပြီဖြစ်ကြောင်း ပြောကြားသည်။

# ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားတက္ကသိုလ်များပညာရေးဆိုင်ရာနားလည်မှုလက်မှတ်ရေးထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၆**

ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်သုံးခုသည် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သတင်းရရှိသည်။

ကိုရီးယားနိုင်ငံရှိ Chonnam University ၊ Hanyang University နှင့် Korea Research Institute of Bioscience and Biotechnology တို့နှင့် ရန်ကုန်တက္ကသိုလ်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်များတွင် သုတေသနများပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာသင်ဆုထောက်ပံ့ခြင်းနှင့် သင်ကြားရေးဆရာများ ဖလှယ်ခြင်းတို့အတွက် ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားတက္ကသိုလ်များ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ကျော်၊ ရုက္ခဗေဒဌာန ဌာနမှူး ပါမောက္ခဒေါက်တာ သက်သက်မေ၊ ပါမောက္ခဒေါက်တာ စန်းစန်းအေးနှင့် မနုဿဗေဒဌာနမှ ဒေါက်တာသန်းပုလဲတို့သည် နားလည်မှုလက်မှတ်ရေးထိုးရန် ကိုရီးယားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ မှ ၂၈ ရက်အထိ သွားရောက်ခဲ့ကြသည်။

အစိုးရသစ်လက်ထက် ပြန်လည်ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု သိသိသာသာမြင့်တက်နေပြီး ဂျာမနီ၊ ဂျပန်၊ ထိုင်း၊ ကိုရီးယားစသည့် နိုင်ငံများမှ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည်။






# မြန်မာလုပ်သားများ လုပ်ကိုင်မှုစွမ်းရည်ကြောင့် ကိုရီးယားနိုင်ငံမှလုပ်သားခေါ်စာ ပိုမိုရရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်-၃**

ကိုရီးယားနိုင်ငံမှ ကုန်ထုတ်လုပ်ငန်းများအတွက် ယခုနှစ်အတွင်း မြန်မာအလုပ်သမားငါးထောင်ကျော်ခေါ်ယူသွားမည်ဖြစ်ကြောင်း HRD Korea EPS စင်တာမှ သတင်းရရှိသည်။

ကိုရီးယားနိုင်ငံ ကုန်ထုတ်လုပ်ငန်းများအတွက် မြန်မာအလုပ်သမား ၅၃၀၀ခန့်ခေါ်ယူမည်ဖြစ်သည်။ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ နိုင်ငံခြားသားလုပ်သားများကိုခေါ်ယူ ကမ်းလှမ်းလုပ်ကိုင်စေရာတွင် မြန်မာလုပ်သားများသည် အခြားနိုင်ငံသားများထက် လုပ်ကိုင်နိုင်မှုစွမ်းရည်ကောင်းမွန်သည့်အတွက် ယခုနှစ်တွင် အလုပ်ခေါ်စာများပိုမိုကမ်းလှမ်းခံရခြင်းဖြစ်သည်။



*အလုပ်ခေါ်စာကပ်ထားသည်ကိုကြည့်နေသူတစ်ဦး*

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

ယခုနှစ်တွင် ကိုရီးယားနိုင်ငံက မြန်မာအလုပ်သမားခေါ်ယူမှုမြင့်တက်လာသည့်အနှင့်အမျှ ကိုရီးယားနိုင်ငံအတွင်း တရားမဝင်နေထိုင်သည့် မြန်မာလုပ်သားအရေအတွက်မှာလည်း မြင့်တက်လာလျက်ရှိကြောင်းသိရသည်။ယခုအခါ အစိုးရ၏တရားဝင်ထုတ်ပြန်ချက်အရ ကိုရီးယားနိုင်ငံအတွင်း တရားမဝင်နေထိုင်လျက်ရှိသည့်မြန်မာအလုပ်သမားခြောက်ထောင်ကျော်ရှိကြောင်း သိရသည်။

ထိုသို့ တရားမဝင်နေထိုင်သည့် မြန်မာအလုပ်သမားအရေအတွက် ဆက်လက်မြင့်တက်လာပါက နှစ်နိုင်ငံအလုပ်သမားစေလွှတ်မှု သဘောတူနားလည်မှု စာချွန်လွှာ(MOU)ကို ထိခိုက်လာဖွယ်ရှိသည်။ ထို့ကြောင့် မြန်မာအစိုးရက ယခုထက်ပို၍ များပြားမလာစေရန် ၂၀၁၄ခုနှစ်မှစ၍ ကိုရီးယားသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား စပေါ် ငွေကျပ်၁၅သိန်းကြိုတင်ကောက်ခံမည်ဖြစ်ပြီး လုပ်သားများတရားမဝင်နေထိုင်ပါက ယင်းငွေများကို နိုင်ငံတော်မှ ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံ၏ မြန်မာအလုပ်သမားခေါ်ယူကမ်းလှမ်းမှုတွင် ပြီးခဲ့သည့်သုံးနှစ်အတွင်းက အလုပ်သမားအရေအတွက် တစ်သောင်းကျော်ခေါ်ယူခဲ့သည်။ အဆိုပါလုပ်သားခေါ်ယူမှုတွင် ၂၀၁၁ ခုနှစ်တွင်လုပ်သား ၁၉၀၀ ကျော်၊ ၂၀၁၂ခုနှစ်တွင် ၃၆၀၀ ကျော်၊ ၂၀၁၃ခုနှစ်တွင် လုပ်သားလေးထောင်ကျော်ခေါ်ယူခဲ့သည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာနည်းဖြင့် မော်တာစက်ချုပ် (မ– ၃ ဦး)၊ အကူဝန်ထမ်း Helper (မ– ၁ ဦး)။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း (CV Form)၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ နှစ်ပတ်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ်(၂/၂)၊ သီရိမင်္ဂလာလမ်း (တတိယလွှာ)၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း (အာရှတော်ဝင်ဆေးရုံအနီး)

ဖုန်း–၀၉–၅၁၂၇၁၄၇

---

**ဝန်ထမ်းအလိုရှိသည်**

Assistant Production Manager
M (1) Post
HR Manager M/F (1) Posts
Sales/Marketing Manager
M/F (1) Post

PH:09 73192935

---

**ဝန်ထမ်းအလိုရှိသည်**

အချက်အပြုတ်ကျွမ်းကျင်
(ယိုးဒယား၊ တရုတ်၊ ရှမ်း)
မီးဖိုချောင်အကူ/ပန်းကန်ဆေး
စားပွဲထိုး/မုန့်ဖို့
အအေးဖျော်ကျွမ်းကျင်

ဖုန်း–၀၁ ၅၃၅၃၅၀

---

ဝန်ထမ်းအလိုရှိသည်

WFP Myanmar is seeking the qualified candidates for the below.
Job Title – Programme officer (1) Post, Grade – NO.A, Duty Station–Maungdaw.
No.5, Kanbawza St, Shwe Taung Kyar 2 Ward, Bahan Tsp. email: wfpmyanmar.vacancy@wfp.org

---

ဝန်ထမ်းအလိုရှိသည်

ခေါင်းလျှော်စက်ဆွဲကျွမ်းကျင် မ (၁) ဦး
ဘာသာစုံကျွမ်းကျင် မ(၁)ဦး
UK အလှပြုပြင်ဆိုင်
အမှတ် (၅၆)၊ ရွှင်းသာမြို့ပတ်လမ်း၊ ခိုင်ရွှေဝါမှတ်တိုင်၊ သာကေတမြို့နယ်။

ဖုန်း–၀၉ ၄၂၁၁၆၃၆၉၃

---

ဝန်ထမ်းအလိုရှိသည်

Sale & Marketing Executive M/F (4) PostsSale Promoter M/F (4) Posts
(ဘွဲ့ရ (သို့) အခြေခံပညာအထက်တန်းအောင်)
E'ko Branch: Bld A–2, Ground Floor, ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၁ ၆၅၅၉၁၀

---

ဝန်ထမ်းအလိုရှိသည်

– အရောင်းဝန်ထမ်း မ (၁၀)ဦး။
– ဆယ်တန်းအောင် (သို့) ဘွဲ့ရ။
– အသက်(၂၅)နှစ်ဝန်းကျင်။
– အထည်အရောင်းပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
– နှစ်ပတ်အတွင်း လာရောက်လျှောက်ထားရန်။

ရွှေပိုးနန်းတော်ပိုးထည်ဆိုင်
ဖုန်း–၀၉–၇၃၁၂၆၂၈၁

---

ဝန်ထမ်းအလိုရှိသည်

Operation Assistant F (1) Post ဘွဲ့ရ (သို့) အခြေခံပညာအထက်တန်းအောင်၊ အတွေ့အကြုံမရှိ၊ လုပ်ချင်ကိုင်ချင်စိတ်ရှိသူဦးစားပေးမည်။
Grand Fortuna Co., Ltd.
info@grandfortuna.net, info.grandfortuna@gmail.com

Ph: 095401546

---

**ဝန်ထမ်းအလိုရှိသည်**

လက်သမားလုပ်ငန်း၊ ပန်းရန်လုပ်ငန်း၊ မျက်နှာကြက်လုပ်ငန်း၊ သံချိုသံကွေးလုပ်ငန်း၊ Welding လုပ်ငန်းအတွက်။

ဖုန်း–၀၉ ၄၉၆၀၃၀၉၁

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| မန်နေဂျာ | ကျား (၁) ဦး |
| ရုံးဝန်ထမ်း | ကျား (၁) ဦး |
| အထွေထွေဝန်ထမ်း | ကျား (၁၀) ဦး |
| ယာဉ်မောင်း(ကျွမ်းကျင်) | ကျား (၃) ဦး |

ဖုန်း–၀၉ ၇၃၀၂၇၇၃၃

---

ဝန်ထမ်းအလိုရှိသည်

ခေါင်းလျှော်စက်ဆွဲကျွမ်းကျင် မ (၁) ဦး
ဘာသာစုံကျွမ်းကျင် မ(၁)ဦး
UK အလှပြုပြင်ဆိုင်
အမှတ် (၅၆)၊ ရွှင်းသာမြို့ပတ်လမ်း၊ ခိုင်ရွှေဝါမှတ်တိုင်၊ သာကေတမြို့နယ်။

ဖုန်း–၀၉ ၄၂၁၁၆၃၆၉၃

---

ဝန်ထမ်းအလိုရှိသည်

Sale & Marketing Executive M/F (4) PostsSale Promoter M/F (4) Posts
(ဘွဲ့ရ (သို့) အခြေခံပညာအထက်တန်းအောင်)
E'ko Branch: Bld A–2, Ground Floor, ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၁ ၆၅၅၉၁၀

---

**ဝန်ထမ်းအလိုရှိသည်**

Myanmar Good Link Co.,Ltd
3D Designer ကျား/မ (၁) ဦး
အသက် 18 မှ 30 ကြား။ 3D Software များ ကောင်းမွန်စွာ ကိုင်တွယ်နိုင်သူဖြစ်ရမည်။

ဖုန်း–၀၉ ၃၁၂၅၆၆၀၁

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| ယာဉ်မောင်း | မ (၁) ဦး |
| အရောင်းဝန်ထမ်း | မ (၅) ဦး |
| စက်ချုပ်ကျွမ်းကျင် | မ (၅) ဦး |
| အိမ်အကူ | မ (၁) ဦး |
| ကလေးထိန်း | မ (၁) ဦး |

ဖုန်း–၀၉ ၅၀၀၆၄၄၃

---

**ဝန်ထမ်းအလိုရှိသည်**

ဟန်းဆက်အရောင်းဆိုင်တွင် အရောင်းဝန်ထမ်း မ (၁၀) ဦး အမြန်အလိုရှိသည်၊၊ ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်၊၊

ဖုန်း–၀၉ ၇၃၁၈၄၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**

Civil Engineer M/F (2) Posts
Office Staff M/F (2) Posts
Operation Manager M (1) Post
Secretary F (1) Post
King Group Construction Co.Ltd

PH:09 422484546

---

**ဝန်ထမ်းအလိုရှိသည်**

စားသောက်ကုန်ဖြန့်ဖြူးရန် Accountant, Sale Girls အမျိုးသမီးရောင်းမောင်း။

ဖုန်း–၀၉ ၅၁၆၅၀၂၂

---

**စာရင်းစစ်လုပ်ငန်း**

Auditor ကျား/မ (၃) ဦး
Assistant Auditor ကျား/မ (၃) ဦး
ကျွမ်းကျင်ယာဉ်မောင်း ကျား (၂) ဦး
အမှတ်–၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၁ ၆၅၇၈၃၀

---

**ဝန်ထမ်းအလိုရှိသည်**

လက်ဖက်ရည်အဖျော်ဆရာ (၁) ဦး
မုန့်ဆရာ (ပေါင်မုန့်လိုင်း) (၁) ဦး
တရုတ်အစားအစာအကြော် (၁) ဦး

ဖုန်း–၀၉ ၅၀၂၈၃၁၈

---

**ဝန်ထမ်းအလိုရှိသည်**

တရုတ်စကားပြန် မ (၁) ဦး
ဘွဲ့ရ၊ အသက် 25 နှစ်အောက်၊ ရုပ်ရည်အသင့်အတင့်ရှိရမည်။ လစာကောင်းကောင်းပေးမည်။

ဖုန်း–၀၉ ၂၅၄၂၀၃၆၄၅

---

**အလိုရှိသည်**

ဓာတ်ပုံပညာနှင့် ကွန်ပျူပညာကို သင်ကြားပေးပြီး အလုပ်ပြန်လည်ခန့်ထားပေးမည်။ နယ်မှလာသူများအတွက် နေထိုင်စားသောက်ရေးစီစဉ်ပေးမည်။

ဖုန်း–၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးကျွမ်းကျင် ယာဉ်မောင်း (၁) ဦး အလိုရှိသည်။

ဖုန်း–၀၉ ၅၁၆၅၀၂၂

---

ASIA PLAZA HOTEL YONGON

| | |
|---|---|
| FO Supervisor | (2) Posts |
| HR Manager | (1) Posts |
| HR Supervisor | (1) Posts |
| Receptionist | (4) Posts |
| Operation Executive | (1) Posts |
| Electrical Engineer (E.P) | (2) Posts |

PH:01 391070(Ext:110)

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးဝန်ထမ်း (၅) ဦး အမြန်အလိုရှိသည်။ လစာ ငါးသောင်းကျပ်။
အမှတ် (၂၀) ရွှေတောင်တန်းလမ်း။
ဖုန်း–၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

Site Incharge M (3) Posts
Civil Engineer M/F (3) Posts
King Group Construction Co.,Ltd
PH:09 420200492

---

**ဝန်ထမ်းအလိုရှိသည်**

စက်ပြင် (B.E (သို့) AGTI ဘွဲ့ရရှိရမည်) ကျား (၂) ဦး
Reception (ဘွဲ့ရရှိရမည်) မ (၂) ဦး
Deluxe Formula Industrial Co.,Ltd
Email.deluxeformula@myanmar.com.mm

ဖုန်း-၀၁ ၆၈၅၅၂၆

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| မန်နေဂျာ | ကျား (၁) ဦး |
| ရုံးဝန်ထမ်း | ကျား (၂) ဦး |
| အထွေထွေဝန်ထမ်း | ကျား (၁၀) ဦး |

အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။

ဖုန်း-၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| မန်နေဂျာ | ကျား (၁) ဦး |
| ရုံးဝန်ထမ်း | ကျား/မ (၂) ဦး |
| အထွေထွေဝန်ထမ်း | ကျား (၁၀) ဦး |
| ယာဉ်မောင်းကျွမ်းကျင် | ကျား (၃) ဦး |

ဖုန်း-၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့် နားလည်သူ ကျား/မ အမြန်အလိုရှိသည်။
Speedy Internet Centre, Big 3, Room 4, Myo Pya Eain Yar (North Side), 8Mile, Mayangone.

ဖုန်း-၀၁ ၆၆၀၁၆၃

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

မောင်တာ

# စိုက်ရှုံးရှုံးနေသော တောင်သူများ

ရိတ်သိမ်းခြင်းမရှိသည့် စပါးပင်ခြောက်များဖြင့် ပြည့်နှက်နေသော လယ်ကွင်းများ၊ မြူနှင်းကွဲစတပို့တွဲလ၏ နံနက်နေခြည်အောက်တွင် ခြောက်သွေ့နေသော အလားတူစပါးခင်းများကို လယ်ကွင်းများအတွင်း တစ်မျှော်တစ်ခေါ်တွေ့နေရသည်။

ကုန်လွန်ခဲ့သည့် မိုးရာသီ အတွင်း စပါးစိုက်ပျိုးချိန် နောက်ကျမှု၊ ရာသီဥတုဖောက်ပြန်မှုနှင့် ရောဂါပိုးကျရောက်မှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စပါးစိုက်ခင်းအများစုပျက်စီးခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အရာတော်၊ ရွှေဘို၊ ဝက်လက်နှင့် ခင်ဦးမြို့နယ်များတွင် စပါးခင်းများစွာ ဆိုးရွားစွာပျက်စီးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စုစုပေါင်းစပါးစိုက်ဧက ၁၈ သိန်းကျော်ရှိသည်ဟုဆိုထားပြီး ပျက်စီးဆုံးရှုံးမှုမှာ နှစ်သောင်းကျော်သာရှိကြောင်း သက်ဆိုင်ရာကထုတ်ပြန်သည်။

သို့သော်ထိုအရေအတွက်မှာ မြေပြင်ရှိခန့်မှန်းကေနှင့် ကွာခြားလျော့နည်းနေသည်။ ထို့အပြင် လက်ရှိတောင်သူများရင်ဆိုင်နေရသော သီးနှံဆုံးရှုံးမှုပြဿနာအပေါ် အစိုးရက တစ်စုံတစ်ရာဖြေရှင်းပေးခြင်းမရှိသေးသည့်အတွက် တောင်သူများမှာ နောက်ရာသီအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။

စပါးနှံတွင် ရောဂါပိုးမကျရောက်မီ အချိန်ထိတောင်သူများ၏ စပါးပင်များမှာ စိမ်းစိုသန်မာဖြစ်ထွန်းခဲ့ပြီး လယ်သမားများအနေဖြင့်လည်း နှစ်စဉ်ကဲ့သို့ တစ်ဧကလျှင် စပါးတင်း ၇၀ ကျော် ၈၀ ထွက်ရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ လယ်သမားအချို့က စိမ်းစိုနေသော စပါးခင်းများကြောင့် ကောက်သိမ်းပြီးချိန်တွင် သားရှင်ပြုအလှူပွဲ ကျင်းပရန် ရွာဦးဘုန်းကြီးကျောင်းတွင် အလှူရက်ပင် သတ်မှတ်ထားကြသည်။

သို့သော် စပါးနှံများတွင် အဆန်ပြည့်ပြီး ရင့်မှည့်ချိန်တွင် စပါးရင့်မှည့်သည့် လက္ခဏာဖြစ်သည့် စပါးနှံများ ကိုင်းညွတ်လာခြင်းမရှိတော့ဘဲ မတ်တတ်ခြောက်သွားခြင်းဖြစ်သည်။ ထိုနည်းဖြင့်ပင် အရာတော်မြို့နယ် အတွင်းရှိ မိုးစပါးစိုက်ဧကများစွာ ပျက်စီးခဲ့သည်။

"ခုလိုမျိုးတစ်ခါမှ မဖြစ်ဖူးဘူး။ စပါးနှံတွေက အစေ့ထည့်မယ့် အချိန်ရောက်မှ ခြောက်သွားတာ"ဟု အရာတော်မြို့နယ်ခင်သာကျေးရွာအုပ်စု၊ ရှောက်ခါးကျေးရွာမှ အသက် (၅၀) အရွယ် လယ်သမားကြီး ဦးမြင့်အောင်က ပြောသည်။

၎င်းအနေဖြင့် မိုးစပါး ၁၅ ဧကစိုက်ပျိုးခဲ့သော်လည်း စပါးနှံများခြောက်သွားခြင်းကြောင့် ၁၀ ဧက ကျော်မှာ တံစဉ်လွတ်ပျက်စီးခဲ့သည်ဟု ရွာ၏ ခြံစည်းရိုးကိုကျော်၍ မြင်နေရသော စပါးပင်ခြောက်များကို ကြည့်ရင်း နှမြောတသစွာ ပြောသည်။

အရာတော်မြို့နယ်ခင်သာကျေးရွာအုပ်စုတွင် မိုးစပါးစိုက်ဧက ၃၀၀၀ ကျော်အနက် ဧက ၂၅၀၀ ကျော်မှာ ပျက်စီးခဲ့သည်ဟု ခင်သာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းစိုးကပြောသည်။

ယခုနှစ်တွင် ရောဂါပိုးများကျရောက် ပျက်စီးမှုကြောင့် လယ်တစ်ဧက လျှင် စပါး ငါးတင်းမှ ၁၀တင်းအထိသာထွက်ရှိပြီး လယ်ရိတ်သိမ်းခမှာ တစ်ဧကလျှင်စပါးရှစ်တင်း ပေးရသည့်အတွက် ရိတ်သိမ်းခကိုပင် မကာမိဘဲ ဖြစ်ခဲ့ရသည်ဟု ဆိုကြသည်။

"စပါးအထွက်နှုန်းက ရိတ်ခတောင်မရဘူး။ လယ်သမားအများစုက မရိတ်နိုင်တော့ဘဲ စပါးပင်တွေ ဒီအတိုင်းပဲ ထားလိုက်ရတယ်။ အများစုက တံစဉ်လွတ်ပဲ"ဟု ဦးဝင်းနိုင်ကဆက်လက်ပြောကြားသည်။

ရိတ်သိမ်းလိုက်သော စပါးများမှာလည်းဆန်ကောင်းမထွက်၊ စပါးများ စက်ကြိတ်သည့်အခါတွင်လည်း ဆန်အထွက်လျော့နည်းပြီး စပါးတစ်တင်းကြိတ်လျှင် ပုံမှန်ဆန် ခြောက်ပြည့်ခန့်ထွက်ရှိရာမှ ယခုနှစ် မိုးစပါးမှာ ဆန် နှစ်ပြည်ခန့်သာထွက်ရှိသည်ဟု ဆန်စက်ထောင်ထားသည့် ရှောက်ခါးကျေးရွာမှ လယ်သမားကိုလှညွန့်ကပြောသည်။

"ဒီဆန်တွေကို ဝယ်စားသူမရှိဘူး။ ဝယ်သူမရှိလို့ ဝက်စာကျွေးဖို့ ဆန်ကွဲအနေနဲ့ပဲ ဈေးလျှော့ရောင်းရတယ်"ဟု ဆန်စက်မှ ကြိတ်ခွဲထွက်ရှိလာသော ဆန်ကွဲနှင့် ဖွဲနုရောရာများကို ကိုင်ပြကာ ကိုလှညွန့်ကပြောပြသည်။

လယ်သမားအချို့၏နေအိမ်တွင် စပါးထည့်ထားသော ဝါးပုတ်များ အစီအရီရှိနေသည်။ သို့သော်ဝါးပုတ်များအတွင်းမှ စပါးမှာ နှစ်စဉ်ကဲ့သို့ ဝမ်းစာစပါးနှင့်မျိုးစပါး သိုလှောင်ထားခြင်းမဟုတ်ဘဲ ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများမှ ရသမျှ ရိတ်သိမ်းထားသောမအောင်မြင်သည့်စပါးများသာဖြစ်ပြီး ဝယ်သူမရှိ၍ ဝါးပုတ်ထဲ ထည့်ထားရခြင်းဖြစ်သည်ဟု လယ်သမားများကပြောသည်။

"အပြင်မှာ စပါးတင်း တစ်ရာ ခုနစ်သိန်းပေါက်ပေမယ့် ဒီစပါးတွေကို သုံးသိန်းတောင် ပေးဝယ်မယ့်သူမရှိဘူး။ မရောင်းရလို့ ပုတ်ထဲထည့်ထားရတာ"ဟု လယ်သုံးဧကစိုက်ပျိုးခဲ့ပြီး စပါး ၁၅ တင်းသာရရှိခဲ့သည့် ရှောက်ခါးကျေးရွာမှလယ်သမား ကိုသိန်းဇော်ဦးကပြောသည်။

ထိုသို့ စပါးနှံများ ဖြူဖွေးခြောက်သွေ့သွားကာ မအောင်မြင်ဖြစ်သွားမှုကိုဒေသခံတောင်သူများက မှိုရောဂါတစ်မျိုးကျရောက်ခြင်းဖြစ်နိုင်သည်ဟု ယူဆသည်။

"မှိုရောဂါဖြစ်နိုင်တယ်။ ချက်ချင်းခြောက်သွားတာ ဘာဆေးမှ လုပ်လို့မရဘူး"ဟုလယ်သမား ဦးမြင့်အောင်ကပြောသည်။

သို့သော်၎င်းမှာ မှိုရောဂါကျရောက်ခြင်းမဟုတ်ဘဲ စိုက်ပျိုးချိန်နောက်ကျမှုကြောင့် အအေးဓာတ်ရိုက်ကာ ပျက်စီးခြင်းဖြစ်သည်ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းဝင်းကပြောသည်။

"ရာသီဥတုဖောက်ပြန်ပြီး အအေးဒဏ်ကြောင့် ဖြစ်သွားတာပါ။ အနှံထွက်တဲ့အချိန်မှာ အအေးဒဏ်ဝင်သွားတဲ့အတွက် စပါးတွေမအောင်တာပါ။ စပါးက အပူချိန် ၁၄ ဒီဂရီစင်တီဂရိတ်အောက်ရောက်ရင် မအောင်တော့ပါဘူး" ဟု ဦးသိန်းဝင်းက ပြောသည်။ စပါးမှာ ဒီဇင်ဘာလအထိ ရောက်လျှင် အအေးဒဏ်ကြောင့် မအောင်မြင်ဖြစ်တတ်သည်ဟု ၎င်းကပြောသည်။

အရာတော်မြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၉၀၀၀ ခန့်ပျက်စီးခဲ့ပြီး ၎င်းစပါးစိုက်ခင်းများမှာ စပါးနှံမအောင်မြင်ခြင်းကြောင့် ဖြစ်ပြီး စပါးစိုက်ခင်းအချို့မှာ တံစဉ်လွတ်ပျက်စီးခဲ့သလို အလုံးစုံမဟုတ်ဘဲ သုံးပုံတစ်ပုံခန့် ပျက်စီးခြင်းများ ပါဝင်ကြောင်းစစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သတင်းရရှိသည်။

အရာတော်မြို့နယ်အတွင်းရှိ စပါးစိုက်ခင်းများမှာ ဆည်အဖျားပိုင်းကျ၍ ဆည်ရေရရှိချိန်နောက်ကျခဲ့သည့်အတွက် စိုက်ပျိုးချိန်နောက်ကျခဲ့ပြီး ပျက်စီးခဲ့ခြင်းဖြစ်ပြီး လာမည့်ရာသီတွင် ထိုသို့မဖြစ်စေရန် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ဦးသိန်းဝင်းကဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် မိုးစပါးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးစိုက်ခင်းများ ပျက်စီးမှုမှာ အရာတော်မြို့နယ်တစ်ခုတည်းတွင်မဟုတ်ဘဲ ဒီပဲယင်း၊ ဝက်လက်၊ ရွှေဘို၊ ဘုတလင်၊ ခင်ဦး၊ ရေဦး၊ ကွန်းလှ၊ ကန့်ဘလူစသည့် မြို့နယ်များအတွင်းရှိ စပါးစိုက်ဧကများမှာလည်း အဆစ်ပိုးကျရောက်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ပျက်စီးမှုရှိခဲ့သည်ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးရုံးက ထုတ်ပြန်သည့် ဧက နှစ်သောင်းကျော်တွင် အနည်းငယ်ပိုးကျပျက်စီးသည့် စပါးစိုက်ခင်းများလည်း ပါဝင်ပြီး တစ်ဧကဆယ်တင်းအောက်ထွက်ရှိသည့် တံစဉ်လွတ်ပျက်စီးသော စပါးစိုက်ခင်းမှာ ၂၂၅ ဧကသာရှိသည်ဟု ဦးသိန်းဝင်းကဆိုသည်။

သို့သော်ထိုအချက်မှာ ဒေသခံတောင်သူလယ်သမားများ၏ ပြောပြချက်နှင့် ကွဲလွဲနေသည်။ အရာတော်မြို့နယ်တစ်ခုတည်းမှာပင် ထောင်ချီသော စပါးစိုက်ခင်းဧကများတံစဉ်လွတ်ပျက်စီး ခဲ့သလို ရွှေဘို၊ ဝက်လက်နှင့် ခင်ဦး မြို့နယ်များမှ စပါးစိုက်ဧကအများအပြားမှာလည်း အဆစ်ပိုးကြောင့် ပျက်ဆီးခဲ့သည်ဟု ဒေသခံလယ်သမားများကပြောသည်။

စပါးခင်းများ ပျက်ဆီးခဲ့မှု၏ အကျိုးဆက်အဖြစ် တောင်သူလယ်သမားများနှင့် ဒေသခံများမှာ စားဝတ်နေရေးကျပ်တည်းနေကြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော စပါးစိုက်စရိတ်များပြန်လည်ပေးဆပ်ရန် အခက်ကြုံနေသည်။ မကြာမီစိုက်ပျိုးရန် ပြင်ဆင်နေသည့် နွေစပါးစိုက်ခင်းများအတွက် စိုက်စရိတ်နှင့် အထွက်နှုန်းကောင်းမွန်စေရေး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲနိုင်ရန်အရင်းအနှီးမရှိမှုနှင့်ရင်ဆိုင်နေရသည်။

လတ်တလောရင်ဆိုင်နေရသည့် အကြီးမားဆုံးပြဿနာမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော စိုက်ပျိုးစရိတ်ချေးငွေများပြန်လည်ပေးဆပ်နိုင်ရေးပင်ဖြစ်သည်။

လွန်ခဲ့သည့် ဇွန်လကုန်ပိုင်းက တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ချေးယူထားသော စိုက်ပျိုးစရိတ်ချေးငွေမှာ ပုံမှန်အားဖြင့် ဖေဖော်ဝါရီလကုန်တွင် နောက်ဆုံးထားကာ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

"ညနေပိုင်းထမင်းစားချိန်မှာ ဘဏ်ချေးငွေဆပ်ဖို့ဆိုတဲ့အကြောင်းမိုက်နဲ့ မကြေညာဖို့ လာပြောကြတယ်။ ထမင်းဆက်မစားနိုင်တော့လို့တဲ့"ဟု ရွာသူ၊ ရွာသားများ၏ တောင်းဆိုမှုကို ခင်သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းစိုးကပြန်ပြောပြသည်။

စပါးခင်းများ ပျက်စီးမှုကြောင့်လတ်တလောအခြေအနေအရချေးငွေများပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသေးဘဲ အခက်အခဲဖြစ်နေရာငွေဆပ်ချိန် အချိန်ရွှေ့ဆိုင်းပေးရန် ခင်သာကျေးရွာအုပ်စုမှ တောင်သူတစ်ရာကျော်စုပေါင်းလက်မှတ်ရေးထိုးကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဇန်နဝါရီ ၁၆ ရက်တွင် တောင်းဆိုခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်း ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါက်တာအောင်သန်းကရွှေဘိုမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ဧက တစ်သိန်းကျော် အဆစ်ပိုး ကျရောက်မှုကြောင့် အထွက်နှုန်း သိသာစွာလျော့ကျခဲ့ပြီး စပါးစိုက်တောင်သူ လယ်သမားများ များစွာ ထိခိုက်နစ်နာခဲ့ကြောင်း၊ ရွှေဘိုမြို့နယ်အပြင် ခင်ဦး၊ ဝက်လက်မြို့နယ်များတွင်လည်း ထိခိုက်မှုရှိခဲ့ပြီး စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီ ပြန်လည်ပေးဆပ်ရန် အခက်အခဲ တွေ့နေရကြောင်း ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြခဲ့သည်။

**စာမျက်နှာ (၁၂) သို့**



*စပါးစိုက်ခင်းတစ်ခုကို အဝေးမှမြင်ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

စာမျက်နှာ (၇)မှ

## တမုတ်ဆိုးကျေးရွာ၏ပြစ်ဒဏ်

ညခင်း ရန်ဖြစ်တာ တစ်ခုတည်းကို အရေးယူသည်မဟုတ်ပါ။ နေ့ညမရွေးရန်ဖြစ်ခြင်း၊ ညစ်ညမ်းစွာပြောဆိုခြင်း၊ ရိုင်းစိုင်းစွာနေထိုင်ခြင်းများကိုလည်းခေါ်ယူသတိပေးဆုံးမတတ်ပြီး လက်မခံပါက ဒဏ်ပေးစနစ်ကျင့်သုံးရသည်ဟု ရပ်ရွာလူကြီးများက ပြောကြားသည်။

ရပ်ရွာကဖြေရှင်းပေးသည်ကို လက်မခံခြင်း (သို့မဟုတ်) ပြစ်ဒဏ်ကြီးမားနေသည်ဆိုလျှင်တော့ ရဲစခန်းကိုသာ ပို့လိုက်ရသည့်ဖြစ်စဉ်တွေလည်း ရှိသည်ဟု ရွာလူကြီးများကဆိုပါသည်။

တမုတ်ဆိုးရွာ၏ အခြားဒဏ်ပေးစနစ်များလည်းရှိပါသေးသည်။ အလှူမင်္ဂလာဆောင်အခမ်းအနားများတွင် ရွာဓလေ့ထုံးစံအတိုင်း ဝိုင်းကြဝန်းကြ ကူညီကြတာတွေရှိသည်။ လူပျိုဆိုလျှင် ထမင်းလိုက်၊ ဟင်းလိုက်၊ ပန်းကျန်ချ၊ အပျိုဆိုလျှင် မဏ္ဍပ်ပေါက်ပန်းကမ်း၊ ဆေးလိပ်ကမ်း၊ ရေမွှေးဖျန်းအစရှိတာလေးတွေ ဝိုင်းကူရသည်။ အဲဒီအတွက် အလှူရှင်က ကာလသားခေါင်းနှင့်အပျိုခေါင်းများမှတစ်ဆင့် လူပျိုအတွက် ဆေးလိပ်တစ်လိပ်၊ အပျိုအတွက် အာချီမိတ်ကပ်ဘူးတစ်ဘူးဖြင့် အလှူပွဲကူပေးရန် တစ်ရက်ခြားကြိုတင်ကာ ဖိတ်တတ်သည်။ ဖိတ်တုန်းအလှူပွဲနေ့မှာ ခရီးဝေးသွားရန်ပဲဖြစ်ဖြစ် အခြား ကိုယ်ရေးကိုယ်တာအရေးကြီး ကိစ္စရှိတာပဲဖြစ်ဖြစ် ခွင့်တောင်းလို့ရပါသည်။ အလှူပွဲနေ့မှာ ကာလသားခေါင်းတွေ၊ အပျိုခေါင်းတွေက လူစာရင်းစစ်ကြပြီ။ ဖိတ်ထားတာကိုလက်ခံပြီး အလှူပွဲနေ့မှာ ရောက်မလာခဲ့ဘူးဆိုရင်တော့ နေမကောင်းထိုင်မသာဖြစ်တာက လွဲလို့ တမုတ်ဆိုးရွာ၏ ဓလေ့ထုံးစံအတိုင်း တာဝန်ပျက်ကွက်မှုဖြင့် တိုက်ပန်းကန်ပြားဆယ်ချပ်ဝယ်ပြီး ရပ်ရွာဘုံပိုင်ပစ္စည်းအဖြစ်လှူရပါသည်။ ရပ်ရွာမှ တာဝန်ပျက်ကွက်ပြီး လှူဒါန်းသူ၏နာမည်ကို ပန်းကန်ပြားတွင် ကျကျနန ရေးထိုးပေးပါသည်။ "အိမ်ကသမက် အလှူမှာ ပန်းကန်ဆေးကျတာ မသွားဘဲ ရှင်လောင်းလှည့်နဲ့ လိုက်သွားတာ ပန်းကန်ဆယ်ချပ် ဝယ်လှူလိုက်ရတယ်လေ။ အဲဒါတောင် သူက မမှတ်ဘူး"ဟု ဒေါ်မြကမေးလေးငေါ့ကာပြောပြသည်။

အလှူလှည့်ရာတွင် ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်ကို မဲစနစ်ဖြင့် ရွေးချယ်တတ်သည်။ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်နေရာများမဲပေါက်ခဲ့ပြီဆိုရင်တော့ အပျိုချောတွေ ပျော်တပြုံးပြုံး။ အဲလိုမဟုတ်ဘဲ တခြားကိုယ်မလိုချင်တဲ့နေရာတွေပေါက်ပြီဆိုရင် မျက်နှာတွေပျက်ကြပြီ။ မိန်းကလေးတွေမို့ တကယ့်နေရာလိုချင်ကြတာလည်း သဘာဝမို့ ကိုယ်မဝတ်ချင်တဲ့အဝတ်အစားနေရာမျိုးကျပြီဆိုရင် အချို့မိန်းကလေးတွေက အလှူလှည့်မည့်နေ့မှာ မလာတော့တာတွေရှိသည်။အဲလိုလုပ်လာခဲ့ပြီဆိုရင်လည်းထိုအပျိုချော ပန်းကန်ဆယ်ချပ်ဝယ်ဖို့ သာပြင်ပေတော့။

သာရေးမှမဟုတ်။ နာရေးဆိုလျှင်လည်း ရွာဓလေ့အတိုင်းဝိုင်းကူရပါသည်။ နာရေးရှိပြီဆိုလျှင် ဒေသအခေါ် သူငယ်ချင်းကြေးဟုခေါ်သည့် နာရေးကူငွေအဖြစ် တစ်အိမ်ငါးရာပေးရသည်။ မပေးဘူးဆိုလျှင် ငါးရာအပြင် ပန်းကန်ပြားဆယ်ချပ်လှူရမည်ဖြစ်သည်။

"နာရေးမှာတော့ ဒဏ်မရိုက်ရပါဘူး။ ကူကြပါတယ်"ဟု ရွာ၏ သာရေးနာရေးအဖွဲ့အစည်းအတွင်း ပါဝင်နေသောကိုမောင်ကြူက ပြောပါသည်။

ယခုတော့ တမုတ်ဆိုးရွာလေးတွင် ပြစ်ဒဏ်ကြောင့်လား ရှက်၍လားတော့မသိ။ ယခင်တုန်းကလိုရန်ဖြစ်ဆဲဆိုတာတွေ မူးပြီးဆူတာတွေနည်းသွားသည်ဟု ရွာသူရွာသားအချို့ကဆိုပါသည်။ "ကြီးတဲ့အမှုငယ်စေဆိုတဲ့ သဘောမျိုးနဲ့ပါ။ ကျွန်တော်တို့က ဆုံးဖြတ်ပေးတာမဟုတ်ဘဲ ဖြေရှင်းပေးတာပါ။ အဲဒါကိုလက်မခံဘူး။ ကျွန်တော်တို့အဆင့်နဲ့ဖြေရှင်းလို့လည်းမရဘူးဆိုရင်တော့ ရဲစခန်းကိုပဲလွှဲပေးလိုက်တာပါပဲ"ဟု ရွာလူကြီးဦးလှိုင်က ဆိုပါသည်။

ရန်ဖြစ်ဆဲဆိုတာတွေနည်းသွားတော့ အေးအေးချမ်းချမ်းနေထိုင်ရ၍ စိတ်ချမ်းသာသူတွေလည်းရှိသည်။ သို့သော် အဲဒီလိုစိတ်ချမ်းသာတဲ့လူတွေထဲတော့ ဒေါ်မြမပါသေးပါ။ ဒေါ်မြက သမက်မူးလာတိုင်း ရွာလူကြီးပြေးခေါ်နေကျ။ သမက်ကလည်း မူးရုံသာမူးပြီး မဆူတော့ ရွာလူကြီးတွေဒဏ်ပေးရအခက်။ ဒါကြောင့် နောက်မလုပ်ရန်ပြောဆိုဆုံးမ၍သာ လွှတ်ပေးရသည်။ ဒါကိုဒေါ်မြကတော့ မကျေနပ်သေး။

"ကျုပ်သမက်ကို မှတ်လောက်သားလောက်အောင်ဒဏ်တပ်စေချင်တာ။ ခက်တာက သူကသောက်သာသောက်တာ။အေးပတ်ဝန်းကျင်ကိုဆူအောင် မလုပ်ဘူးဆိုတော့ ဒဏ်တပ်ရခက်နေတယ်လေ"ဟုဒေါ်မြက ပြောပြသည်။

မည်သို့ပင်ဖြစ်စေ ဒေါ်မြတို့ တမုတ်ဆိုးရွာတွင် ရန်ဖြစ်ဆဲဆိုသံငြိမ်းကာ ရပ်ရွာလုပ်ငန်းတွေ တာဝန်ကိုယ်စီထမ်းရင်း အလှူပွဲ သုံးပန်းကန်ပြားတွေက အလှူသုံးလေးပွဲလောက်ပြိုင်လုပ်ရင်တောင် လောက်ငနေပြီ။ ရွာလယ်က မြေသားလမ်းလည်း ကျောက်လမ်းတဖြည်းဖြည်းဖြစ်စပြုလာပြီ။သို့သော် အချို့လမ်းနေရာလေးတွေမှာတော့မြေသားလေးတွေကပြူတစ်ပြူတစ်ထွက်ပေါ်နေတုန်းပင် ဖြစ်ပါသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 219,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 270,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 495,000 |
| Galaxy Mega 5.8 | 320,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 400,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 825,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 144,000 |
| Y 300c (CDMA) | 99,000 |

မတ်လ (၁) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 640,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 180,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၉,၅၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၂၀ |
| Two Stars (အနီရောင်) | ၁ ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၆၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"-1½") | ၁ ပိဿာ | ၁,၃၂၀ |
| အိမ်ရိုက်သံ (1"-1½') | ၁ ပိဿာ | ၁,၄၂၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ(၁) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၃,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

မတ်လ(၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Mar (6) | 815 | 940 | 920 | 950 |
| Mar (7) | 815 | 940 | 920 | 950 |
| Mar (8) | 815 | 940 | 920 | 950 |
| Mar (9) | 815 | 940 | 920 | 950 |
| Mar (10) | 815 | 940 | 920 | 950 |
| Mar (11) | 815 | 940 | 920 | 950 |
| Mar (12) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, HD, 14" | 489,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 655,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 802,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD ,15.6" | 969,000 |
| **DELL** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 479,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 596,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 750 GB HDD, 15.6" | 704,000 |
| Intel Core i7 1.8 GHz, 8 GB DDR3, 1 TB HDD, 14" | 822,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 440,000 |
| Intel Core i3 1.5 GHz, 4 GB DDR3, 500 GB HDD, 14" | 567,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 637,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,077,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# လော်ပန်လောင်းတို့အိပ်မက်

■ အောင်ခိုင်၊ မရန်

"တကယ်တော့ ...ကျောက်တူးသမားများဟာ လော်ပန်လောင်းတွေပါ..."

ဂျင်းဘောင်းဘီအတို၊ ရှပ်လက်တိုခပ်နွမ်းနွမ်းဝတ်ဆင်ထားပြီး သံတူရွင်းကို ပခုံးတွင်ထမ်းထားသော အသက်(၂၅)နှစ်အရွယ် လူငယ်တစ်ဦး သီချင်းကိုခပ်တိုးတိုးညည်းရင်း မော်ထဲသို့ဝင်ရောက်လာသည့် မြင်ကွင်းပင်ဖြစ်သည်။

"ရတနာမြေစာပုံမှ ကြိုဆိုပါ၏"ဟူသော ဆိုင်းဘုတ်ကို ကျော်လွန်လိုက်သည်နှင့် မြေနီလမ်းကြမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ဝါး၊ တာလပတ်စများဖြင့် ဆောက်လုပ်ထားသော စျေးဆိုင်ခန်းများ၊ လူနေတဲအိမ်ငယ်လေးများကိုအစီအရီမြင်တွေ့နိုင်သည်။ တဲအိမ်လေးများ၏ဘေးပတ်လည်တွင်တော့ မော်စာပုံများကို နေရာအနှံ့တွေ့နိုင်သည်။

ယင်းမြင်ကွင်းမှာ ကမ္ဘာကျော်ကျောက်စိမ်းမြို့တော် ဖားကန့်မြို့မှ မော်တစ်ခုဖြစ်သည့် မော်စီစာမော်ပင်ဖြစ်သည်။

မော်စီစာမော်ကဲ့သို့ ဖားကန့်မြို့နယ်မှ မော်များစွာတွင် ကိုကျော်မင်းကဲ့သို့ ကျောက်တူးသမား၊ ရေမဆေးသမား၊ စွန့်ပစ်မြေစာပုံမှ ကျောက်ရှာသူများစွာမှာ မြေဆိုင်မြေခဲများကို တူးဆွရင်း သူတို့၏အိပ်မက်ကိုပါ တူးဆွနေကြပါသည်။ မည်သည့်အရပ်ဒေသကပင် လာရောက်ကြသည်ဖြစ်စေသူတို့၏အိပ်မက်မှာ ကျောက်အောင်ရေးပင်ဖြစ်သည်။ကျောက်အောင်ပြီးလျှင် အိမ်ခြံမြေ၊ လယ်ယာမြေဝယ်ယူ၍ ဇာတိရပ်ရွာများသို့ပြန်ကာ လုပ်ကိုင်စားသောက်ရေးမှာ ၎င်းတို့အားလုံး၏ စိတ်ကူးယဉ်အိပ်မက်ပင်ဖြစ်သည်။

"ဘယ်သူမဆို အိမ်ပိုင်၊ ခြံပိုင်နဲ့ နေချင်ကြတာပဲ။ ကျွန်တော်တို့အားလုံးရဲ့ အိပ်မက်ကလည်း ဒါပဲ"ဟု ဖားကန့်မြို့ဇာတိဖြစ်ပြီး ငယ်စဉ်ကပင် ကျောက်တူးသမားအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သော ကိုကျော်မင်းကဆိုသည်။

ကိုကျော်မင်းအပါအဝင် အလုပ်သမားရှစ်ဦး ပါဝင်သည့် ကျောက်တူးအဖွဲ့ကို လော်ပန် (ကျောက်တွင်းသူဌေး)တစ်ဦးက စားသောက်ကုန်ကျစရိတ် စိုက်ထုတ်ပေးထားပြီး လွန်ခဲ့သည့် နှစ်လကျော်ကပင် မော်စီစာတွင် ကျောက်ကျင်းတူးနေခြင်းလည်း ဖြစ်သည်။ ကျောက်အောင်၊ မအောင်မသေချာသေးသော်လည်း ကျင်းတူးရသည့် သူတို့၏နေ့စဉ်အလုပ်ကတော့ လွယ်ကူသည်မဟုတ်ပါ။



ကမ္ဘာကျော် ကျောက်စိမ်းများထွက်ရာ ဖားကန့်ဒေသ

ဓာတ်ပုံ – မရန်

တစ်ရက်လျှင် ခြောက်လက်မခန့်အနက်သာ တူးဖော်နိုင်ပြီး မြေအောက်အနက်ရောက်လေလေ ပိုပင်ပန်းလေလေ အန္တရာယ်ပိုများလေလေဖြစ်သည်။ကျောက်လွှာများကို ပေါက်တူး၊ တူးရွင်း၊ တူများဖြင့် တူးဆွသူက တူး၊ မြေအောက်မှ စွန့်ပစ်မြေများကို စက်သီးဖြင့် ကျင်းပေါ်သို့ သယ်ယူသူကယူဖြင့် နဖူးမှချွေး ခြေမကျအောင် မိုးလင်းမှ မိုးချုပ်လုပ်ကြရသည်။

"ဘာပြောချင်သလဲဆိုရင် မောတာပေါ့ဗျာ"ဟု ကိုကျော်မင်းတို့အဖွဲ့မှ အလုပ်သမားတစ်ဦးက သတင်းထောက်၏ မေးမြန်းမှုကို ရယ်မောရင်းကပြောသည်။

ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းတူးဖော်ခွင့်ကို နယ်မြေမတည်ငြိမ်မှုများကြောင့် လွန်ခဲ့သည့် ၂ နှစ်နီးပါးကပင် ပိတ်ပင်ထားခဲ့သည်။ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများမှ အလုပ်သမား ဝန်ထမ်းများအပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်စားသောက်ကြသည့် အလုပ်သမားများမှာ ယင်းအချိန်ကပင် တစ်နိုင်တစ်ပိုင် ရေမဆေးကျောက်တူးသမားများအဖြစ် ရပ်တည်ပြီး အိပ်မက်မက်နေကြခြင်းဖြစ်သည်။

"ဟိုပြန်ရင်လည်း လုပ်ကိုင်စားသောက်ဖို့ မလွယ်ဘူး။ ဒီမှာက ဘာပဲပြောပြော တစ်ရက်တစ်သောင်းဆိုလည်းရတယ်။ ပြီးရင် ကျောက်အောင်ပြီးမှ ရွာပြန်ချင်တယ်"ဟု ယင်းမာပင်မြို့နယ်မှ ဖားကန့်သို့ ပြီးခဲ့သည့်ငါးနှစ်ကပင် လာရောက်ကျောက်တူးနေသူတစ်ဦးက ဆိုပါသည်။

သူသည် ကျောက်ကျင်းတူးဖော်ရန် ငွေကြေးစိုက်ထုတ်ပေးမည့် လော်ပန်မရှိသည့်အတွက် ဖားကန့်ကြီးမော်မှ စွန့်ပစ်မြေစာပုံများတွင် နေ့စဉ်ရေမဆေးကျောက် လာရောက်ရှာဖွေနေသူတစ်ဦးလည်းဖြစ်သည်။

"ထမင်းစားကျောက်တောင် မရတဲ့နေ့တွေမှာဆိုရင် ဆိုင်တွေက အကြွေးယူစားပေါ့။ နောက်ရတော့ပြန်ပေး၊ မရတာကြာရင် ဆိုင်တွေက မပေးချင်တော့ဘူး"ဟု ၎င်းက ပြောသည်။

သူတို့လို တစ်နိုင်တစ်ပိုင်ရေမဆေးကျောက်ရှာသူများမှာ တစ်ခါတစ်ရံတွင် လုံခြုံရေးတပ်ဖွဲ့များ၏ ဖမ်းဆီးမောင်းထုတ်မှုများနှင့်လည်း ကြုံတွေ့ရတတ်သည်။

"ကျောက်ရှာရင်း မျက်စိစွင့်နားစွင့်ရှာရတယ်။ လုံခြုံရေးကားတွေလာတာတွေ့ရင် ပြေးပေတော့"ဟု ရေမဆေးကျောက်ရှာသူတစ်ဦးက ၎င်းတို့အတွေ့အကြုံကို ပြောပြသည်။

ပြီးခဲ့သည့်လဆန်းပိုင်းက ဖားကန့်မြို့နယ် ဝေခါမော်တွင် ကျောက်စိမ်းတုံး (ယောက်တုံး) ကြီးတွေ့ရှိခဲ့သော ရက်နောက်ပိုင်းတွင် ဖမ်းဆီးမှုများ ပိုမိုများပြားလာခဲ့သော်လည်း ယခုရက်ပိုင်းတွင်မူ ပြန်လည်ငြိမ်သက်နေကြောင်း ရေမဆေးကျောက်သမားများကဆိုပါသည်။

ရေမဆေးကျောက်တူးသမားများမှာ လုပ်ငန်းခွင်တွင် မြေပြိုခြင်း၊ မြေစာပုံပိခြင်းများကြောင့်လည်း အသက်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ပါသည်။

"ကျောက်တူးရင်း ကမ်းပါးပြိုကျတာ သူငယ်ချင်းတစ်ယောက်က ခေါင်းပဲပေါ်တော့တယ်။ ကျန်တဲ့သူတွေက ဝိုင်းတူးနေတုန်း ထပ်ပြီးပြိုကျတော့ ထားခဲ့လိုက်ရတယ်"ဟု ၎င်း၏မျက်စိရှေ့မှောက်တွင် လုပ်ဖော်ကိုင်ဖက်တစ်ဦး မြေစာပုံပိ၍ သေဆုံးသွားခဲ့ရသော မြင်ကွင်းကို ရေမဆေးသမားတစ်ဦးက စိတ်မကောင်းသံဖြင့် ပြောပြပါသည်။

ဖားကန့်မြို့နယ်အတွင်းတစ်နိုင်တစ်ပိုင် ရေမဆေးကျောက်တူးသူအရေအတွက်မှာ တစ်သိန်းကျော်ခန့်ရှိမည်ဖြစ်ကြောင်း ဒေသတွင်းအဖွဲ့အစည်းများက ခန့်မှန်းကြသည်။

အများစုမှာ ဖားကန့်မြို့နယ်တွင် ကျောက်တူးဖော်ခွင့် တရားဝင်ခွင့်ပြုထားစဉ်ကာလက ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်နေကြသူများဖြစ်သည်။ ယင်းကာလက ယခုအချိန်နှင့် နှိုင်းယှဉ်လျှင် ဖားကန့်မြို့ စီးပွားရေးအခြေအနေမှာ ပိုကောင်းမွန်သည်ဟုလည်း လွန်ခဲ့သည့်သုံးနှစ်ကျော်က တစ်လသုံးသိန်းဖြင့် ကုမ္ပဏီယာဉ်မောင်းလုပ်ခဲ့ပြီး ယခုအခါ စွန့်ပစ်မြေစာပုံများတွင်ရေမဆေးကျောက်ရှာနေသော ပုလဲမြို့နယ် ဇာတိကိုအောင်ကြီးကပြောပါ သည်။

"အခုက ကျောက်သမားတွေအခြေအနေမကောင်းတော့ ဈေးဆိုင်တွေလည်း စီးပွားရေးကျလာတယ်"ဟုသူကညည်းညူရင်းပြောဆိုသည်။

မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ကျောက်စိမ်းထွက်ရှိရာဒေသဖြစ်သည့် ဖားကန့်မြို့နယ်မှ ကျောက်စိမ်းလုပ်ကွက်များကို အစိုးရနှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများ တစ်ကျော့ပြန် ပြန်လည်ဖြစ်ပွားခဲ့သော ၂၀၁၂ နှစ်လယ်ပိုင်းကပင် ပိတ်ထားခြင်းဖြစ်သည်။ ပြီးခဲ့သည့်ငါးနှစ်ကာလအတွင်း မြန်မာနိုင်ငံမှ ကျောက်စိမ်းထုတ်လုပ်မှုသည် ၂၀၁၀–၁၁ခုနှစ်အတွင်း အမြင့်မားဆုံးဖြစ်ပြီး ကျောက်စိမ်းကီလိုဂရမ် ၄၆ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း ကမ္ဘာကျော် ရိုက်တာသတင်းဌာန၏ ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်။

၂၀၁၁–၁၂ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ကျောက်စိမ်းကီလိုဂရမ် ၄၃ သန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။ ကျောက်စိမ်းတစ်ကီလိုဂရမ်ကို ဒေါ်လာတစ်ရာနှုန်းဖြင့် တွက်ချက်ပါက ယင်းပမာဏသည် ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံနှင့် တန်ဖိုးညီမျှသည်ဟု ယင်းဆောင်းပါးက ရေးသားထားသည်။

မြန်မာနိုင်ငံတွင် ကျောက်စိမ်းတင်ပို့မှုသည် သဘာဝဓာတ်ငွေ့ပြီးလျှင် အများဆုံးဖြစ်ပြီး ပြီးခဲ့သည့် ဆယ်လအတွင်း ဒေါ်လာသန်းရှစ်ရာဖိုး တင်ပို့ခဲ့ကြောင်း၊ ၂၀၁၂–၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်စိမ်းဒေါ်လာ သန်း ၃၂၅ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ဖားကန့်ကျောက်စိမ်းမြို့တော်မှ လုပ်ကွက်များကို ပိတ်ထားသည်မှာ ၂ နှစ်နီးပါးရှိပြီဖြစ်သည်။ သို့သော် ကိုကျော်အောင်တစ်ယောက်တော့ တစ်နိုင်တစ်ပိုင် ကျောက်တူးရင်း သူ၏အိပ်မက်ကို ဆက်မက်နေပါသည်။ အခြားအရပ်ဒေသများမှ လာရောက်လုပ်ကိုင်စားသောက်ကြသော ရေမဆေးကျောက်တူးသမားသောင်းနှင့်ချီ၊ သိန်းနှင့်ချီမှာလည်း အဖမ်းအဆီးများ၊ အခက်အခဲများကြားမှ သူတို့အိပ်မက်ကို အကောင်အထည်ဖော်နေကြဆဲဖြစ်ပါသည်။


မည်သို့ပင်ဖြစ်စေ ကိုအောင်ကြီးကတော့ သူ၏အိပ်မက်ဖြစ်သည့် ကျောက်အောင်မြင်ရေးအတွက် ကြိုးပမ်းနေဦးမည်သာဖြစ်ပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သူ၏အိပ်မက်အကောင်အထည်ပေါ်ပြီး ဇာတိရပ်ရွာသို့ ပြန်နိုင်မည်ဟုမျှော်လင့်ရင်း ကိုအောင်ကြီးက ယခုကဲ့သို့ ပြောပါသည်။

"ကျောက်အောင်ရင် ရွာပြန်မယ်။ အိမ်ဝယ်မယ်။ လယ်ဝယ်မယ်"။ ။

# Technology

7 DAY NEWS JOURNAL

Vol.13, No.1 • MARCH 5 , 2014


*တယ်လီနောမြန်မာမှ CEO နှင့် တာဝန်ရှိသူတစ်ဦး*

FB.com/TelenorMyanmar

## ဖိုက်ဘာကွန်ရက်ငှားရမ်းမရပါက ကိုယ်ပိုင်ကွန်ရက်တည်ဆောက်မည်ဟု တယ်လီနောဆို

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၂**

တယ်လီနောမြန်မာကုမ္ပဏီက ဆက်သွယ်ရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လိုအပ်မည့် ဖိုက်ဘာကွန်ရက်ကို ငှားရမ်းအသုံးပြုခွင့်ရပါက ငှားရမ်းမည်ဖြစ်ပြီး မရပါက တရားဝင်ဖိုက်ဘာကွန်ရက်တည်ဆောက်သွားမည်ဟုသတင်းရရှိသည်။

လက်ရှိမြန်မာနိုင်ငံတွင်း၌ ဖိုက်ဘာကွန်ရက်ဆက်ကြောင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကသာ လုပ်ကိုင်နေပြီး တယ်လီနောမြန်မာကုမ္ပဏီအနေဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပေးပါက ငှားရမ်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အခြားကုမ္ပဏီတစ်ခုဖြင့်လည်း ဖိုက်ဘာကွန်ရက်ငှားရမ်းအသုံးပြုနိုင်ရန်လက်မှတ်ရေးထိုးထားခြင်းများရှိကြောင်း တယ်လီနောမြန်မာအမှုဆောင်အရာရှိချုပ် Mr.Petter Furberg ကပြောသည်။

"အခုကုမ္ပဏီတစ်ခုနဲ့လည်း လက်မှတ်ထိုးထားတယ်။အဲဒီကုမ္ပဏီက ဖိုက်ဘာကို မြေအောက်မှာချမယ်။ အဲဒီကနေ ပြန်ငှားမယ်။ တကယ်လို့ ဖိုက်ဘာကို ဘယ်သူမှလည်း မငှားဘူး၊ လုံးဝလည်း မရှိဘူးဆိုရင် ကိုယ်ဘာသာဆောက်မယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် ဖိုက်ဘာကွန်ရက်သာမက အခြားသော နည်းပညာပေါင်းစုံအသုံးပြု၍ ကွန်ရက်တည်ဆောက်သွားမည်ဖြစ်ပြီး တာဝါတိုင်တည်ဆောက်ရေးအတွက် ကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်း လုပ်ဆောင်လျက်ရှိကြောင်း တယ်လီနောမြန်မာကုမ္ပဏီမှ သတင်းရရှိသည်။

တာဝါတိုင်တည်ဆောက်ရေးအတွက် ခက်ခဲမှုများလည်းရှိရာ ပူးပေါင်းလုပ်ဆောင်မည့် Apollo ကုမ္ပဏီ၊ Ayarwaddy Green ကုမ္ပဏီတို့နှင့်အတူ ညှိနှိုင်းဖြေရှင်းသွားမည်ဖြစ်ပြီးထိုကုမ္ပဏီနှစ်ခုလက်အောက်တွင်လည်း ပြည်တွင်းကုမ္ပဏီ ၁၂ ခု ခန့်ပါဝင်နေကြောင်း Mr.Petter Furberg ကပြောသည်။

တယ်လီနောမြန်မာအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ခြင်းကို ဆက်သွယ်ရေးအော်ပရေတာလိုင်စင် ၁၅ နှစ်သက်တမ်းစတင်အကျုံးဝင်သည့် ဖေဖော်ဝါရီ ၅ ရက်မှ စတင်ခြင်းဖြစ်ပြီး ၎င်းတို့၏ တရားဝင် ရုံးချုပ်ကိုလည်း မတ် ၂ ရက်တွင် ရန်ကုန်မြို့ စက်မှု ၁ လမ်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။

ဝန်ထမ်းဦးရေ ၂၅၀ ကျော် ခန့်ထားပြီးဖြစ်ရာ ဖွင့်လှစ်လိုက်သည့် တယ်လီနောမြန်မာရုံးချုပ်တွင် ၎င်းတို့၏ သတင်းအချက်အလက်များနှင့် တယ်လီနော၏ ကုန်ပစ္စည်းဝန်ဆောင်မှုများအတွက် အထောက်အကူရယူနိုင်သည့် တယ်လီနောမြန်မာဆိုင်တစ်ခုကိုလည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဆက်သွယ်မှုများလုံခြုံစေမည့်စမတ်ဖုန်းတစ်မျိုးကို ဘိုးရင်းကုမ္ပဏီမိတ်ဆက်

**နယူးယောက်၊ ဖေဖော်ဝါရီ-၂၈**

ဆက်သွယ်မှုများနှင့် အချက်အလက်များလုံခြုံစေရန်လိုအပ်သည့် လုပ်ငန်းများနှင့် အစိုးရဌာနများအတွက် အထူးတီထွင်ထားသော စမတ်ဖုန်းတစ်မျိုးကို ဘိုးရင်းကုမ္ပဏီကစတင် မိတ်ဆက်လိုက်သည်။

ဘိုးရင်းအနက်ရောင်စမတ်ဖုန်းမှာ ဂူးဂဲလ်ကုမ္ပဏီ၏ Android operating system (OS) ကို အခြေခံထားပြီး သာမန်လက်ကိုင်ဖုန်းတစ်လုံးကဲ့သို့ ကွန်ရက်တစ်ခုတည်းအစား လက်ကိုင်ဖုန်းကွန်ရက်များစွာအသုံးပြုဝင်ရောက်နိုင်သည့် ချိုးဖျက်ဝင်ရောက်မှုကာကွယ်ပေးနိုင်သောအနက်ရောင်ဖုန်းအဖြစ် ထုတ်လုပ်ထားကြောင်း ဘိုးရင်းကုမ္ပဏီနှင့်အမေရိကန်ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်၏ အချက်အလက်များအရ သိရသည်။ နှင့် ဘိုးရင်းကုမ္ပဏီဆွေးနွေးနေသည်ဟု ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိအမျိုးသမီး ရောဘက္ကာယီအမန်ကပြောသည်။

ယင်းဖုန်း၏အမည်၊ ယင်းဖုန်းကိုပူးပေါင်းတီထွင်ခဲ့သည့် handset ထုတ်ကုမ္ပဏီများနှင့် ဈေးနှုန်းတို့ကို ဘိုးရင်းကုမ္ပဏီက ဖော်ပြထားခြင်းမရှိသေးဟု ၎င်းကပြောသည်။

5.2x2.7 လက်မအရွယ်အစားရှိ ယင်းစမတ်ဖုန်းမှာ iPhone တစ်လုံးထက်အနည်းငယ်ပိုကြီးပြီး ဆင်းမ်ကတ်နှစ်ခုအသုံးပြုနိုင်ကာ WCDMA, GSM နှင့် LTE အမျိုးအစား ဆင်းမ်ကတ်များအသုံးပြုနိုင်သည်။ Wifi နှင့် Bluetooth ဆက်သွယ်မှုစနစ်များပါဝင်ကာ ထပ်ဆောင်းအာရုံခံကိရိယာများ (သို့မဟုတ်) ဂြိုဟ်တုဆက်သွယ်မှု (သို့မဟုတ်) စွမ်းအင်တိုးမြင့်စေရန် ဆောင်ရွက်




ဂျက်လေယာဉ်များနှင့်တိုက်လေယာဉ်များထုတ်လုပ်မှုကြောင့် လူသိများသောချီကာဂိုအခြေစိုက် ဘိုးရင်းကုမ္ပဏီကဆက်သွယ်ရေးလက်တံဆန့်တန်းခြင်းအဖြစ် ယင်းဖုန်းကိုထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

ယင်းဖုန်းကိုဝယ်ယူ၍မရနိုင်သေးသော်လည်း ထုတ်လုပ်ရန် ၃၆ လကြာမြင့်ပြီးနောက်အလားအလာရှိသော ဖောက်သည်များ နိုင်သည့်နေရာများပါရှိသည်ဟု ဘိုးရင်းကုမ္ပဏီကပြောသည်။

ယင်းဖုန်းကို ယုံကြည်စိတ်ချရသောအခြေအနေတွင်ခေါ်ဆိုနိုင်ရန် အချက်အလက်များလုံခြုံမှုအမြင့်ဆုံးရရှိစေရန် အထူးတည်ဆောက်မှုနည်းပညာကိုအသုံးပြုပြီး အချက်အလက်များစွာအသုံးပြုသိမ်းဆည်းနိုင်ကြောင်း ဘိုးရင်းကုမ္ပဏီကပြောသည်။










# ဗြိတိန်နှင့်အမေရိကန်ကုန်ခြောက်ဆိုင်များတွင် သင်ပုန်းကွန်ပျူတာဝယ်ယူနိုင်

**ဘာစီလိုနာ၊ ဖေဖော်ဝါရီ-၂၈**



Apple (သို့မဟုတ်) ဆမ်ဆောင်း ကုမ္ပဏီတို့၏ ထုတ်ကုန်ပစ္စည်း တစ်မျိုးကို ကန်ဒေါ်လာ ၄၀၀ (သို့မဟုတ်) ယင်းထက်ပို၍ မပေးလိုသောဖောက်သည်များအတွက် ကိုယ်ပိုင်အမှတ်တံဆိပ် သင်ပုန်းကွန်ပျူတာများကို ဗြိတိန်နိုင်ငံရှိ တက်စကိုနှင့် အမေရိကန်နိုင်ငံရှိ ဝေါလ်မတ်စတိုးဆိုင်များတွင် ရောင်းချပေးနေသည်။

တက်စကိုနှင့် ပြင်သစ်နိုင်ငံမှ ကားဖိုးတို့ကဲ့သို့ စတိုးဆိုင်ကြီးများသည် သင်ပုန်းကွန်ပျူတာရောင်းအားမြင့်တက်မှုမှ ဝင်ငွေရရှိရန် ကြိုးစားရုံသာမကဘဲ ၎င်းတို့၏ အွန်လိုင်းစတိုးဆိုင်များ၊ ရုပ်ရှင်ကားများမှသည် ကုန်ခြောက်ပစ္စည်းများ၊ သုံးစွဲသူများ၏မိုဘိုင်းဖုန်းများမှတစ်ဆင့် ဝယ်ယူကြရန် လူအများကို ဆွဲဆောင်နေကြသည်။

Asus, Acer, Hp, Lenovo, Dell, Sony, LG ကုမ္ပဏီများအပါအဝင်သမားရိုးကျကွန်ပျူတာထုတ်လုပ်သည့်ကုမ္ပဏီများ အနေဖြင့် ဆက်လက်၍ဖိအားများရှိလာမည်ဟုဈေးကွက်လေ့လာရေး ဂါတနာအဖွဲ့မှလေ့လာသူ ထရာစီတီဆိုင်းကပြောသည်။

ယနေ့ခေတ်ဈေးကွက်တွင် အထက်ပါကုမ္ပဏီများ၏ ရောင်းအားမှာ ၁၀ ရာခိုင်နှုန်းသာရှိပြီး Apple နှင့်ဆမ်ဆောင်းတို့ကဈေးကွက် ၆၀ ရာခိုင်နှုန်းရယူထားသည်။ Archos ကုမ္ပဏီကဲ့သို့ အခြားသောကုမ္ပဏီများအတွက် ထုတ်လုပ်သူများ၏ ရောင်းအားမှာ ၂၀ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။ အမေဇုန်နှင့်ဂူးဂဲလ် ကုမ္ပဏီတို့၏ရောင်းအားမှာ ၁၀ ရာခိုင်နှုန်းရှိသည်။

ဂူးဂဲလ်ကုမ္ပဏီ၏ Andriod OS အသုံးပြုထားသောသင်ပုန်းကွန်ပျူတာများ၏ဈေးနှုန်းမှာ ၂၀၁၃ ခုနှစ်အတွင်းက ကန်ဒေါ်လာ ၉၉ ဒေါ်လာမှ ၂၂၉ ဒေါ်လာအထိရှိပြီး hardware ထုတ်လုပ်သူများအတွက် ခန့်မှန်းခြေ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ အကျိုးအမြတ်ရှိသော်လည်း ယင်းအမြတ်ပမာဏမှာ ယှဉ်ပြိုင်မှုမြင့်မား၍ ဈေးနှုန်းများလျှော့ချချိန်၌ အမြတ်လျော့နည်းသွားနိုင်သည်။ အချို့ကုမ္ပဏီများမှာ သင်ပုန်းကွန်ပျူတာဈေးကွက်မှ လုံးဝထွက်ခွာသွားကြလိမ့်မည်ဟု ကျွမ်းကျင်သူတစ်ဦးကခန့်မှန်းထားသည်။

—*Ref: Reuters*

## မိခင်နှင့် ကလေးအမျိုးသမီးစောင့်ရှောက်ရေး မိုဘိုင်းဝန်ဆောင်မှု အော်ရီဒူး ဆောင်ရွက်မည်

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၁**

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်နေသည့် အော်ရီဒူးမြန်မာကုမ္ပဏီက GSMA ပရဟိတအဖွဲ့၏ အထောက်အပံ့ဖြင့် မိခင်နှင့် ကလေး၊ အမျိုးသမီးစောင့်ရှောက်ရေးမိုဘိုင်းဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် မိတ်ဆက်လုပ်ကိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။



အမျိုးသမီးများအတွက် မိုဘိုင်းဖုန်းမှတစ်ဆင့် သတင်းအချက်အလက်များရရှိရန် အခြေခံထားသည့် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုကို မိုဘိုင်းစက်ပစ္စည်းကိရိယာများမှ တစ်ဆင့် မိခင်နှင့် ကလေး၊ အမျိုးသမီး ကျန်းမာရေးစောင့်ရှောက်ရေးဆိုင်ရာအချက်အလက်များကို အခမဲ့ရရှိနိုင်မည့် အစီအစဉ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်တော့မည်ဖြစ်ကြောင်း အော်ရီဒူးမြန်မာကုမ္ပဏီကထုတ်ပြန်သည်။

"အမျိုးသမီးထုလိုအပ်သမျှဆီလျော်တဲ့ သတင်းအချက်အလက်တွေကို စိတ်တိုင်းကျ လိုအပ်သလို ရရှိနိုင်စေဖို့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေပါဝင်တဲ့ အကြောင်းအရာထည့်တာတွေကို ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ အထင်ကရ Developer တွေနဲ့ ပြဿနာတွေကိုအဓိကထားပြီး ဖြေရှင်းမယ့် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုတွေကို ပေးသွားဖို့လည်းရှိပါတယ်"ဟု အော်ရီဒူးမြန်မာ အမှုဆောင်အရာရှိချုပ်မစ္စတာ Ross Cormack ကပြောသည်။

"m Women"ခေါ် မိခင်နှင့်ကလေး၊ အမျိုးသမီးစောင့်ရှောက်ရေး မိုဘိုင်းဝန်ဆောင်မှုအစီအစဉ်မှာ အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာအချက်အလက်များ၊ ကျန်းမာရေးအတတ်ပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တိုက်ရိုက်ဆက်သွယ်ပြီး ခံစားနေသော ဝေဒနာများ၊ ကျန်းမာရေးပြဿနာများကို ဆွေးနွေးမေးမြန်းနိုင်မည်ဖြစ်ကြောင်း အော်ရီဒူးမြန်မာမှ သတင်းရရှိသည်။

မြန်မာနိုင်ငံ၌ မီးဖွားသည့် ကိုယ်ဝန်ဆောင် ၇၀ ရာခိုင်နှုန်းကျော်မှာ ဆေးရုံ၊ ဆေးပေးခန်းမဟုတ်သော နေရာများတွင်မွေးဖွားလျက်ရှိပြီး ကလေးသူငယ် အသေအပျောက်နှုန်းနှင့် ကလေးသူငယ်များအာဟာရချို့တဲ့သည့်နှုန်းမှာ အဆမတန်မြင့်တက်နေကြောင်း အော်ရီဒူး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

အော်ရီဒူးကုမ္ပဏီအနေဖြင့် အဆိုပါမိုဘိုင်းဝန်ဆောင်မှုမျိုးကို အင်ဒိုနီးရှား၊ အီရတ်နှင့် ကာတာနိုင်ငံများတွင်လုပ်ကိုင်နေပြီး အခြားသော နိုင်ငံများတွင်တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ဖောင်းတဲ့ဖားက ပိုဖောင်း ပြားတဲ့ဖားက ပိုပြား

မြင့်မိုရ်ဆွေ



စာရေးသူ၏ မြေးငယ်က "ဘိုးဘိုးပီအောင်လိုက်ဆိုပြနော်ဖောင်းတဲ့ ဖားက ဖောင်းဖောင်း ပြားတဲ့ဖားကပြားပြား"ဟုရွေ့ကဆိုပြ၏။ စာရေးသူက နောက်မှလိုက်ဆိုရ၏။ အထပ်ထပ်လိုက်ဆိုရင်း ဆောင်းပါးရေးရန် ခေါင်းစဉ်ရလိုက်သဖြင့် မြေးငယ်ကို အလွန်ကျေးဇူးတင်မိ၏။ စာရေးသူတို့နိုင်ငံအပါအဝင် မျက်မှောက်ခေတ်ကမ္ဘာ့ရွာကြီး၌ Little for many , much for few ဟူသော ပြဿနာကို ကြုံတွေ့နေကြရ၏။ တိုက်ရိုက်ဘာသာပြန်ရပါမူ "လူများစုအတွက်နည်း၍ လူနည်းစုအတွက်များ"နေသော မညီမျှမှု ပြဿနာဖြစ်၏။ ဤသည်ကို ဆင့်ပွားဘာသာပြန်ရပါလျှင် "ဖောင်းတဲ့ဖားက ပိုဖောင်း၊ ပြားတဲ့ဖားက ပိုပြား"၍လာနေသော ပြဿနာဟုခေါ်ဆိုသင့်ပေသည်။

နိုင်ငံရေးနှင့်ပတ်သက်၍အာဏာခွဲဝေသုံးစွဲရာတွင် ဥပဒေကမည်သို့ပင်ဆိုစေကာမူ လက်တွေ့ဘဝ၌ လူတစ်စုကသာချုပ်ကိုင်ထားပါက Much for Few ဖြစ်နေ၏။ ပြည်သူအများစု၏ လက်ဝယ်တွင်မူ မဆိုစလောက်သော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းသည်ဟု အမည်ခံမျှသာ တည်ရှိနေလျှင် Little for Many ဟု ဆို၏။ စီးပွားရေးလောက၌လည်း နိုင်ငံ၏ သယံဇာတအရင်းအမြစ်၊ ဘဏ္ဍာအရင်းအမြစ်၊ မြေယာအရင်းအမြစ်နှင့် နည်းပညာ မှအစ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဟိုတယ် ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းစသည့် လုပ်ငန်းနယ်ပယ်အများစုကို လူနည်းစုက လက်ဝါးကြီးအုပ်ထားလျှင် Much for Few ဖြစ်၍ လူများစု ပြည်သူတို့မှာ အရိုးအရင်း အကြွင်းအကျန်လက်ဝေခံဘဝ (သို့မဟုတ်) အိမ်တွင်းအသေးစားလုပ်ငန်းများနှင့် ပုံစံကျမဟုတ်သောနယ်ပယ် (Informal Sector) ကိုသာ အဓိကအားထား နေကြရလျှင် Little fro Many ဟု ဆိုကြပေသည်။

ဗြိတိန်နိုင်ငံ အခြေစိုက်ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအဖွဲ့ဖြစ်သော Oxfam က ဇန်နဝါရီလအတွင်း ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ် ၈၅ ဦး၏ ပိုင်ဆိုင်မှုသည် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်၏ ပိုင်ဆိုင်မှုနှင့်ညီမျှကြောင်း သိရှိရပေသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့အဆင်းရဲဆုံးဖြစ်သော လူဦးရေ ၃ ဒသမ ၅၅ ဘီလီယံသည် အချမ်းသာဆုံး ၈၅ ဦး၏ ပိုင်ဆိုင်မှုနှင့် ညီမျှသော ပမာဏပေါ်တွင် အသက်ရှင်နေရသည်ဟု ဆို၏။ ထို့အပြင် လွန်ခဲ့သော ၂၅ နှစ်အတွင်း ချမ်းသာကြွယ်ဝမှုသည် ပိုမိုနည်းပါးသော လူအရေအတွက်လက်ထဲသို့ ရောက်ရှိသွားကြောင်း၊ အချမ်းသာဆုံးကမ္ဘာ့လူဦးရေ တစ်ရာခိုင်နှုန်း၏ ပိုင်ဆိုင်မှုသည် ဒေါ်လာ ၁၁၀ ထရီလီယံရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်၏ ၆၅ ဆရှိနေကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရ၏။ စာရင်းချုပ်လိုက်လျှင် ကမ္ဘာ့စီးပွားရေးကြီးထွားလာမှု၏ ၉၅ ရာခိုင်နှုန်းမှာ ကမ္ဘာ့အချမ်းသာဆုံးဘီလျံနာ ၁၄၀၀ ၏ လက်တွင်သာရှိနေကြောင်း သိရှိရပေသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၇ ရက်က ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင်မကြုံစဖူးထူးကဲသည့်"ဝေါလ်စထရိကို သိမ်းပိုက်ကြ"(Occupy Wall Street)ဟူသော လှုပ်ရှားမှုကြီးတစ်ရပ်ပေါ်ပေါက်ခဲ့၏။ အမေရိကန်နိုင်ငံနယူးယောက်မြို့မှ စတင်ခဲ့ပြီး ကမ္ဘာ့မြို့ကြီးပေါင်းများစွာသို့ ကူးစက်ပျံ့နှံ့ခဲ့လေ၏။ ဝေါလ်စထရိဟူသည် နယူးယောက်မြို့တွင် စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ဗဟိုဌာနအဆောက်အအုံများတည်ရှိသော အချက်အချာခရိုင်ဒေသကြီးဖြစ်၏။ လှုပ်ရှားမှုစတင်ခဲ့သော အမေရိကန်ပြည်သူတို့က "ကျွန်ုပ်တို့သည် ၉၉ ရာခိုင်နှုန်းဖြစ်၏" (We are the 99%)ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကြ၏။ အစိုးရသည် တစ်ရာခိုင်နှုန်းသော လူ ချမ်းသာလက်တစ်ဆုပ်စာ၏ အကျိုးစီးပွားထက် ၉၉ ရာခိုင်နှုန်းသော ပြည်သူတို့၏အကျိုးစီးပွားကို ဦးစားပေးရန် တောင်းဆိုလိုက်ခြင်းဖြစ်၏။ အမေရိကန်အစိုးရက စီးပွားရေးအကျပ်အတည်းကြောင့် ဒေဝါလီခံရမည့်အခြေအနေမှကယ်တင်ရန် ဘဏ်ကြီးများကို ဒေါ်လာဘီလီယံနှင့် ချီ၍ ထောက်ပံ့မှုပေးခဲ့၏။ အစိုးရအထောက်အပံ့ရသောအခါ အသက်ငင်နေသော A.I.G (American International Group) ဟူသော ကမ္ဘာကျော်ကုမ္ပဏီကြီးမှ လူကြီးများသည် ဆုကြေးများကို မြိန်ရှက်စွာ ထုတ်ယူကြပြီး ဝန်ထမ်းများကိုမူ လျှော့ပစ်၍ အလုပ်လက်မဲ့ ဘဝကို ပို့လိုက်ကြလေ၏။ ချမ်းသာသူတို့၏ တစ်ကိုယ်ကောင်းဆန်မှု၊ လောဘစရိုက်လွန်ကဲမှုမှာ အလွန်ပင်ထင်ရှားခဲ့လေ၏။

မြေယာကဏ္ဍကိုအလျဉ်းသင့်၍ တင်ပြလိုပါသည်။ ဗြိတိန်နိုင်ငံ ၌ လူဦးရေ ၆၃ သန်းရှိ၏။ ၂၀၀၂ ခုနှစ်တွင် Kevin Cahill အမည်ရှိ ဂျာနယ်လစ်တစ်ဦး၏ တွက်ချက်ဖော်ပြမှုအရ ဗြိတိန်နိုင်ငံ၏ ၆၉ ရာခိုင်နှုန်းသော မြေရေိယာသည် ၀ ဒသမ ၆ ရာခိုင်နှုန်းမျှသာရှိသောလူဦးရေ၏ လက်ဝယ်တွင်ရှိနေခဲ့၏။ အိမ်ရာမြေဈေးကွက်ကိုမျှတအောင်ဖန်တီးရာ၌ အများဆုံးအမြတ်ထုတ်နေသူများ၏ စိတ်ကောင်းစေတနာကောင်းဖြင့် ပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်နိုင်သည်ဟုဆိုလေ၏။

စာရေးသူတို့ နိုင်ငံသည် ဒီမိုကရေစီအရုဏ်ဦး၌သာရှိနေ၏။ အသွင်ကူးပြောင်းစအချိန်ကာလလည်းဖြစ်၏။ ဤအချိန်အခါသည် တိုင်းပြည်၏ ခက်မ (၃) ဖြာတောင့်တင်းခိုင်မာမှုမရှိသေးခြင်းနှင့် ပြုပြင်ပြောင်းလဲရေးအပိုင်းများကို အစပြုဦးတည်နေရသော အချိန်ဖြစ်ခြင်းကြောင့် ချမ်းသာသောသူများအတွက် ပို၍ ပို၍ ချမ်းသာကြီးပွားအောင်အားထုတ်ရန်အခွင့်ကောင်းအချိန်ကောင်းဖြစ်နေ၏။

ဘိသိက်သွန်းပွဲတစ်ခု၌ပုဏ္ဏားကြီးတစ်ဦးက ဘိသိက်ဆရာဖြစ်လေ၏။ သူ့ကို အလှူရှင်တို့က အရေးကြီးပုဂ္ဂိုလ်သဖွယ် ရှေ့တန်းတင်ထားပြီး ဆိုင်းဝိုင်းအတွက် ပြင်ဆင်ထားသော ထမင်းဟင်းများကိုတစ်ဦးတည်းရှေ့ဦးစွာ ကျွေးမွေး၏။ ဆိုင်းဆရာများကမူ ညှော်ခံဆိုင်းတီးနေရရှာ၏။ ပုဏ္ဏားက သူ၏ နောက်မှ စားရမည့် ဆိုင်းဆရာအဖွဲ့ကို လုံးဝမငဲ့ကွက်ဘဲ အားရပါးရ ပလုတ်ပလောင်းစား၏။ အသားဖတ်များတစ်တုံးပြီး တစ်တုံးခပ်စားနေ၏။ အလှူရှင်တို့ကလည်း ပုဏ္ဏားကို စေတနာဗရပွနှင့် ကျွေးမွေးနေ၏။ ပုဏ္ဏား၏ အငမ်းမရစားသောက်နေပုံကို အလွန်ပင် ဗိုက်ဆာနေသော ဆိုင်းဆရာများက လှမ်းမြင်နေရသော်လည်း သူတို့အတွက် ကျန်အောင်ချန်ထားရန်ဖွင့်ဟမပြောသာ၍ ဆိုင်းကိုသာ ဟန်မပျက်တီးနေကြ၏။ ပုဏ္ဏားစားပြီးသောအခါမှ အကြွင်းအကျန်ကို ဆိုင်းဆရာတို့စားကြရရှာ၏။ အရိုးနှင့်အရည်သာကျန်သည်ကို မျှတ၍ မကျေမနပ်စားကြရ၏။ ပုဏ္ဏားက ထိုစဉ်အဝတ်လဲနေ၏။ ဆိုင်းဆရာများ ထမင်းစားပြီး၍ ပုဏ္ဏားလည်း အဝတ်လဲပြီးသောအခါ ဘိသိက်ပွဲကိုစတင်၏။ ပုဏ္ဏားက ဟန်နှင့် ပန်နှင့် ထွက်လာပြီး ခရုသင်းကိုလက်မှ ကိုင်ရင်း ဖနှောင့်ဖြင့် ကြမ်းပြင်ကို ပေါက်လိုက်၏။ နှုတ်မှ ပုဏ္ဏားဘာသာစကားဖြင့် ဟန်ပါပါအော်ပြော၏။ ပုဏ္ဏား၏ နှုတ်မှ သုံးကြိမ်အော်လိုက်သည့်အသံကို "ဘာကျန်သတုံး၊ ညာကျန်သတုံး"ဟူ၍သာ ဆိုင်းဆရာများနားထဲဝင်လာ၏။ ဒေါသဓာတ်ခံရှိနေသော ဆိုင်းဆရာများက "ဘာမျှ မကျန်ဘူး။ မင်းမို့လိုဆို့လို့ကုန်ပြီ။ မင်းကြီးတော်ကြီးပဲ ကျန်တယ်"ဟု ဆိုင်းဝိုင်းထဲမှ လှမ်းပြောလိုက်ရာ ပုဏ္ဏားကကြား၍ ဆိုင်းဆရာများကို မျက်စောင်းထိုးပြီး "တေချင်းကရှိုး"(သေခြင်းဆိုး)ဟု လှမ်းပြောလိုက်လေ၏။

ဇာတ်ပေါင်းသော် အလှူရှင်က အစိုးရ၊ ပုဏ္ဏာက စီးပွာရေးသမားလူချမ်းသာ၊ ဆိုင်းဆရာက ပြည်သူဖြစ်လေ၏။ ယခုအချိန်တွင် ဆင်းရဲမွဲတေမှုဖြင့် ဆာလောင်ငတ်မွတ်နေသော ပြည်သူတို့မှာပုဏ္ဏား၏ ဦးဦးဖျားဖျားမြိန်ရေရှက်ရေစားသောက်နေသမျှ တစ်ခွန်းတစ်ပါဒမျှ မဟနိုင်ဘဲ ငြိမ်၍ ကြည့်နေကြရ၏။ "ကျွန်ုပ်တို့သည် ၉၀ ရာခိုင်နှုန်း"ဟု တစ်နေ့တွင် ကြွေးကြော်ကောင်းကြွေးကြော်လာနိုင်၏.။

မြန်မာနိုင်ငံ၌ လူချမ်းသာအနည်းစုသည် ကျောက်စိမ်းတွင်းများကိုလည်းသူတို့ပိုင်၏။ ဘဏ်များကိုလည်း သူတို့ပိုင်၏။ လေကြောင်းလိုင်းများကိုလည်း သူတို့ပိုင်၏။ ဟိုတယ်များကိုလည်း သူတို့ပိုင်၏။ စက်ရုံကြီးများကိုလည်းသူတို့ပိုင်၏။ အိမ်ရာမြေနေရာကောင်းများကိုလည်း သူတို့ပိုင်၏။ ဆောက်လုပ်ရေးလုပ်ငန်းကြီးများကိုလည်း သူတို့ပိုင်၏။ လယ်ယာမြေဧကထောင်သောင်းချီ၍လည်းပိုင်လိုက်သေး၏။ ထပ်မံ၍ "ဘာကျန်သတုံး– ညာကျန်သတုံး"ဟု မြည်ကြွေးနေသူအချို့လည်းရှိ၏။ မကြာမီက "သူဌေးကြေးပတ်"ဆိုသကဲ့သို့ ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် နိုင်ငံတကာအဆင့်မီစက်မှုဇုန်အသစ်များ ထပ်မံဖော်ထုတ်ဦးမည်ဟူသော သတင်းကို ကြားသိရ၏။ အလှူရှင်က ပုဏ္ဏားများကို အချို့ပွဲထပ်မံကျွေးမွေးလိုသည်လားမသိ။ ရှိနေသည့် စက်မှုဇုန် ၂၄ ဇုန်ကို ပိုမိုဖွံ့ဖြိုးအောင်လုပ်ပေးရန် လုံးဝမစဉ်းစား၊ ၅၇၈၇ ဧကရှိ သီလဝါအထူးစီးပွားရေးဇုန်ကြီးကို မြန်မာ–ဂျပန် ပူးပေါင်းကုမ္ပဏီဖြင့် တည်ဆောက်တော့မည်ဖြစ်၏။ ပြီလကုန်မှစ၍ မြေငှားရမ်းမှုလုပ်ငန်းများစတင်တော့မည်ဟု ကြေညာထား၏။

စာမျက်နှာ(၃၂) သို့

7 DAY NEWS JOURNAL
Vol.13, No.1 ▪ MARCH 5 , 2014

(ယခင်အပတ်မှအဆက် . . . )

**ကျထုခမ်းရာမာထပ်**
**(သိဒ္ဓိမှော်ဝင် ဝိညာဉ် အဆောင်)**

"ဟန်ကျလိုက်လေဗျာ။ သိဒ္ဓိမှော်ဝင်ဝိညာဉ်အဆောင်ကြောင်းလေး လင်းစမ်းပါဦးဗျ။ အတော်စိတ်ဝင်စားစရာ ကောင်းမယ်ထင်ပါရဲ့"

"နေဦးဗျာ။ ကော်ဖီပန်းကန်တွေ ဆေးလိုက်ပါရစေဦး"

စိတ်လေ့ကျင့်ခန်းများကို အခါမလပ်ပြုလေ့ရှိသည်ဆိုသော ကိုသက်ခိုင်သည် တစ်ခါတစ်ရံ အာရုံထွေပြားနေတတ်သူဟု ကျွန်တော်ထင်သည်။ ရုတ်ခြည်းဆိုသလို ပြောလက်စအကြောင်းအရာ စကားစကိုဖြတ်ကာ ရေချိုးခန်းအတွင်းက လက်ဆေးစင်မှာ ကော်ဖီပန်းကန်များကို ဆေးကြောနေရင်း ခေါင်းစဉ်အသစ်တစ်ခုဆီသို့ ဦးတည်နေပြန်တော့သည်။

"ကျွန်တော် သတိပြုမိသလောက် ထိုင်းလူမျိုးအများစုဟာ သန့်ရှင်းရေးကိစ္စတွေမှာ အတော်အမြင်ကျယ်လာပြီဆိုရမယ်ဗျ။ ကျွန်တော်ရောက်ဖူးသမျှ ထိုင်းမိတ်ဆွေအများစုရဲ့ မီးဖိုချောင်တွေမှာ အတော့်ကို သန့်ပြီး တောက်ပြောင်နေကြလေရဲ့"

မှော်ဝင်ဝိညာဉ်အဆောင်မှသည် မီးဖိုချောင်ဆီသို့ ဦးတည်နေပြန်သော ကိုသက်ခိုင့်စကားကြောင့် ကျွန်တော် ကျွဲမြီးတိုလာသည်။

"ခင်ဗျားနဲ့စကားပြောရတာ တစ်ခါတစ်ခါ အရူးလင်လုပ်ရသလိုပဲဗျာ။ တောရောက်လိုက်၊ တောင်ရောက်လိုက်နဲ့"

"အဟား။ ခင်ဗျားကပဲ စိတ်တိုရတယ်ရှိသေး။ ခင်ဗျားကို အကဲခတ်ကြည့်ရသလောက် 'အရူးလင်လုပ်' ဆိုတဲ့ မြန်မာဆိုရိုးစကားရဲ့ ရင်းမြစ်အနက် အဓိပ္ပာယ်ကိုလည်း သိပုံမရဘူး။ တကယ်တမ်းသိခဲ့ရင် ခင်ဗျားပြောလို့ထွက်မှာမဟုတ်ဘူးဗျ။ စာဏကျအမတ်ကြီးကို တောင် ပြေးသတိရမိသေးဗျာ"

"တော်ပါတော့ဗျာ။ မီးဖိုချောင်ကနေ စာဏကျအမတ်ကြီးဆီ ရောက်ပြန်ပါပေါ့လား"

"ဒီမယ်ကိုယ့်ဆရာ။ စိတ်ကိုလျှော့။ စာဏကျအမတ်ကြီးဆိုတာ စာဏကျနီတိကျမ်းကို ပြုစုခဲ့တဲ့ ဆရာကြီးဗျ။ သူ့အရှင်ဘုရင်စန္ဒဂုတ်က 'လောကကြီးမှာ လူအများဆောင်ရန် ရှောင်ရန် ဆုံးမစာရေးစမ်းပါ' လို့ အမိန့်တော်ချမှတ်တော့ စာဏကျအမတ်ကြီးက 'ခံတွင်းပျက်နေတဲ့သူကို အစာကောင်းကျွေးခိုင်းတဲ့အလုပ် မလုပ်ပါရစေနဲ့' ဆိုပြီး ငြင်းဖူးသတဲ့ဗျ။

"ဘာဆိုင်လို့တုံးဗျာ"

"ဆိုင်ပါသော်ကောကိုရင်ရယ်။ စာဏကျအမတ်ကြီးရဲ့အဖြေက 'လောကမှာ လူအများစုဟာ အရသာအမှန်ကို မသိနိုင်တဲ့ အသိဉာဏ်ခံတွင်းပျက်နေတဲ့ သူတွေ များသတဲ့။ ဒါကြောင့် ဘယ်လောက်ကောင်းတဲ့အစာကို ကျွေးကျွေး ကောင်းတယ်လို့ကို မမှတ်ယူ၊ မခံစားတတ်ကြဘူး' တဲ့ဗျ။ အခုလည်း ခွဲခြမ်းစိတ်ဖြာရမယ့်ကိစ္စမို့ ခင်ဗျားကို ပြောသင့်၊ မပြောသင့် ချိန်ဆနေတာ"

"သြော်.. ခင်ဗျားက ကျွန်တော့်ကို အသိဉာဏ်ခံတွင်း ပျက်နေတဲ့သူလို့ ဆိုချင်ဟန်တူပါရဲ့"

"ကိုယ့်ဆရာ သိပ်တော့ ဒုံးမဝေးဘူးပဲ"

"တော်ပါဗျာ။ ခင်ဗျားစကားကို လိပ်ပတ်လည်အောင်သာ ရှင်းစမ်းပါ"

"ခက်နေတာက ခင်ဗျားရဲ့ လောကြီးနေတဲ့ စိတ်ပဲဗျ။ ခင်ဗျားကြည့်ရတာ ကျထုခမ်းအကြောင်း အလွန်အမင်း စိတ်ရောက်နေပုံရတယ်"

"လိုတိုရှင်းသာ မိန့်ပါတော့ ကိုယ်တော်ရယ်"

"ဒီလိုဗျ ထိုင်းလူမျိုးအများစု သန့်ရှင်းရေးဘက်ကို ဇောင်းပေးလာကြတာဟာ နိုင်ငံတကာနဲ့ ဆက်ဆံမှုများလာတာကြောင့်ဖြစ်ဟန်ရှိတယ်။ ထိုင်းနိုင်ငံကျင့်သုံးနေတဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်ကို ကမ္ဘာကြီးနဲ့ချိတ်ဆက်ထားနိုင်တာကိုး။ ဒီအမူအကျင့်တွေဟာ တိုးတက်တဲ့အနောက်နိုင်ငံတွေဆီကနေ အတုခိုးထားတာဖြစ်တယ်။ တိုတိုရှင်းရှင်းပြောရရင် သန့်ရှင်းရေးကိစ္စမျိုးသာ အတုခိုးနိုင်ပြီး သဘာဝကျကျဆန်းစစ်နိုင်တဲ့အလေ့အကျင့်ကိုတော့ထိုင်းလူမျိုးတွေ အတုမခိုးနိုင်ကြသေးဘူး ဆိုရမယ်။ တချို့သော ရိုးရာအစွဲအလမ်းတွေဟာ ထိုင်းလူမျိုးတွေရဲ့ ဓလေ့စရိုက်ကို ဖော်ပြနေတယ်ဗျ။

ကောက်ချက်ဆွဲရရင် လူမျိုးတစ်မျိုးဟာ သူတို့ သားစဉ်မြေးဆက် ယုံကြည်လက်ခံခဲ့တဲ့ ရိုးရာအစွဲအလမ်းကို ဖျောက်နိုင်ခဲတယ်ဆိုပါတော့။ ဥပမာ ကျွန်တော်ပြောလက်စစကားထဲက အဝါခေါင်းဆောင်ဆွန်ထိ လုပ်ကြံခံရမှုကနေ လွတ်မြောက်လာရခြင်းဟာ သူ့ကိုယ်နဲ့ မကွာဆောင်ထားတဲ့ ကျထုခမ်းကြောင့်လို့ ထိုင်းလူမျိုးအများစုက ယုံကြည်ကြသဗျ"

"သြော်.. လိုသလို ဆွဲတွေးရင်လည်း ယုံစရာကောင်းနေတာကိုး"

"အေးဗျ။ နဂိုကမှ ထိုင်းလူမျိုးအများစုဟာ တုတ်ပြီး၊ ဓားပြီးသေနတ်ပြီးတဲ့ အဆောင်လက်ဖွဲ့တွေကို ယုံကြည်စွဲလမ်းနေကြတာဆိုတော့ သေနတ်နဲ့အချက်ပေါင်းရာချီပြီး အပစ်ခံရတာတောင် မဖြစ်စလောက် ဒဏ်ရာလောက်ပဲရခဲ့တဲ့ ဆွန်ထိရဲ့ ဖြစ်ရပ်ဟာ ထူးဆန်းနေတာတော့ အမှန်ပဲဗျ။ ယုံကြည်သူတွေ ကိုးကားတဲ့ အခိုင်မာဆုံး သက်သေကတော့ လွန်ခဲ့သော မကြာမတင် နှစ်များဆီတုန်းက နတ်ရွာစံတော့မလိုဖြစ်တဲ့အထိ ဆေးရုံပေါ်မှာ အသည်းအသန်ဖြစ်နေခဲ့တဲ့ ထိုင်းဘုရင်မင်းမြတ်ဟာ ကျထုခမ်း အဆောင်တစ်ခုကို လည်မှာဆွဲပြီး ရုပ်သံတွေမှာ ပြုံးပြုံးကြီး ပြန်ပေါ်လာဖူးသတဲ့ဗျ။ လူအများ ပိုပြီး စိတ်ဝင်စားစရာဖြစ်တဲ့အချက်ကတော့ ထိုင်းဘုရင်ကြီးရဲ့ အဆောင် ကျထုခမ်းဟာ ကျထုခမ်းဆရာကြီး ရဲဗိုလ်ချုပ်ဆွန်ဖန်ကိုယ်တိုင် ဆက်သထားတာမို့ ထိုင်းနိုင်ငံတစ်လွှားမှာ ကျထုခမ်းရဲ့ ဂုဏ်သတင်း၊ ဟိုးဟိုးကျော်ခဲ့ပါရောလားဗျာ"

"ဟ။ ကျထုခမ်းဟာ ဒီလောက်ပဲ စွမ်းသလားဗျာ"

"ဟိုးဆရာ၊ ဟိုး။ ဆုံးဖြတ်ချက်မလောနဲ့ဗျ။ ကျထုခမ်း စွမ်း၊ မစွမ်း။ ရာဇဝင်နဲ့ချီပြီး ကျွန်တော်ပြောပါ့မဗျာ။ ဒါပေမဲ့ အဖြေကိုတော့ ခင်ဗျားကိုယ်တိုင် ထုတ်ပေတော့ဗျာ။ တကယ်တော့ ကျထုခမ်းရဲ့ အမည်အပြည့်အစုံဟာ 'ကျထုခမ်းရာမာထပ်' တဲ့။ 'ကျထုခမ်း' နဲ့ 'ရာမာထပ်' ဆိုတဲ့ မင်းသားနှစ်ပါးရဲ့ အမည်ကို ပေါင်းထားတာ"

"ကျွန်တော့်ကို ဒုံးဝေးတယ်လို့ ဆိုချင်ဆိုတော့ဗျာ။ ခင်ဗျားစပြောတုန်းက ကျထုခမ်းဆိုတာ 'သိဒ္ဓိမှော်ဝင်ဝိညာဉ်အဆောင်' ဆို။ အခုတော့ မင်းသားနှစ်ပါးအမည် ဖြစ်ရပြန်ပြီ။ သေချာရှင်းစမ်းပါဗျ"

"အိုကေ။ ခင်ဗျားဘက်ကသာ စိတ်ရှည်ရှည်ထားပေတော့။ နားသယ်ကို တူနဲ့နှက်သလို ရှင်းသွားအောင် ကျွန်တော်ပြောမယ်။ ဒီလိုဗျ။ ကျထုခမ်း ရာမာထပ်အဆောင်လက်ဖွဲ့ဆိုတာ တကယ်တော့ ဒူးတစ်ဖက်ထောက်ပြီး ထိုင်နေတဲ့ မင်းသားရုပ်တုလေး တစ် ခုပဲ။ အမှန်က ဓာတ်တော်တိုက်ကို စောင့်ရှောက်နေတဲ့ မင်းသားတစ်ပါးရဲ့ ပုံစံဗျ။ အမယ်၊ ဗိသျှနိုး၊ မဟာသွံ့ဿာရ၊ မင်းညီမင်းသား၊ နတ်သားစတဲ့ မူကွဲပုံစံတွေလည်း ဒုနဲ့ဒေးရှိသေးတယ်ဆိုသဗျ။ ပထမဆုံးစပြီးထုတ်လုပ်တဲ့ ရုပ်တုရဲ့အရွယ်ဟာ ငါးစင်တီမီတာလောက် ရှိသတဲ့။ ဒါလည်း ပုံသေလို့ မမှတ်လေနဲ့။ ရုပ်တုဦးဆောင်ထုလုပ်တဲ့ ပုဂ္ဂိုလ်နဲ့ နေရာဌာနကို လိုက်ပြီး အရွယ်အမျိုးမျိုး ရှိလေရဲ့။ အဲဒီရုပ်တုလေးတွေကို စက်ဝိုင်းပုံကြုတ်မှာထည့်၊ လည်မှာဆွဲပြီး အဆောင်လက်ဖွဲ့အဖြစ် ယုံယုံကြည်ကြည်သုံးကြတယ်ဆိုပါတော့။ နေဦး။ အဆောင်ထည့်တဲ့ ကြုတ်ဒီဇိုင်းကလည်း အဝိုင်း၊ လေးထောင့်၊ သုံးထောင့်၊ ထိပ်တစ်ဖက်ချွန်တွေလည်း ရှိသေးတယ်။ အဲဒီဒီဇိုင်းမျိုးစုံလှတဲ့ လည်ဆွဲအဆောင်ကြုတ်တွေကို ထိုင်းလူမျိုးတော်တော်များများရဲ့ လည်ပင်းမှာတွေ့ရတတ်တယ်။ တချို့ ယုံကြည်မှုလွန်ကဲတဲ့ ထိုင်းတွေဆို လည်ဆွဲကြုတ်ဆယ့်လေးငါးခု လောက်ကို လည်ပင်းညွတ်မတတ်ဆွဲထားကြလေရဲ့။ အဲဒီကြုတ်တွေထဲမှာ ကျထုခမ်း ရာမာထပ်ရုပ်တု ထည့်သူထည့်၊ ဗုဒ္ဓဆင်းတုအငယ်စားလေးတွေ ထည့်သူထည့်။ နောက်ပြီး ရဟန္တာလို့ အများယုံကြည်ကြတဲ့ ဘုန်းတော်ကြီးတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေရဲ့ ရုပ်တုလေးတွေကိုပါ ထည့်လေ့ရှိကြသဗျ။ ကျထုခမ်းရာမာထပ် အပါအဝင် အဲဒီရုပ်တုတွေ ကိုယ်နဲ့မကွာဆောင်ထားရင် ချက်ချင်းစီးပွားလာဘ်လာဘ တက်မယ်။ ဘေးရန်ကင်းမယ်လို့ ယုံကြည်ကြလို့ပေါ့"

"အင်း...အခုမှ ဇာတ်ရည်လည်စပြုလာတယ်ဗျာ။ မင်းသားနှစ်ပါးရဲ့ ရာဇဝင်နောက်ခံ လေးလုပ်ပါဦးဆရာ"

"အဲဒီမင်းသားနှစ်ပါးရဲ့ ရာဇဝင်ကလည်း တစ်ကျောင်းတစ်ဂါထာဗျ။ သို့သော် တူညီနေတဲ့အချက်ကတော့ အဲဒီမင်းသားနှစ်ပါးရဲ့ဇာတ်လမ်းဟာ ထိုင်းတောင်ပိုင်း မြို့ကြီးတစ်မြို့ (နခွန်ဆီထမရတ်) မှာရှိတဲ့ ဝပ်ဖရာမဟာထပ် ပုထိုးသမိုင်းနဲ့ ဆက်စပ်နေလေရဲ့။ သီဟိုဠ်လက်ရာ၊ အဲဒီဓာတ်တော်တိုက် ပုထိုးသမိုင်းမှာ ကျောက်ထက်အက္ခရာတင်ထားပုံက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၇၀၀ လောက်တုန်းက ထိုင်းအလယ်ပိုင်းက ဘုရင်ကြီး တစ်ပါးဟာ နယ်မြေချဲ့ထွင်ရင်း သီဟိုဠ်ကို သိမ်းနိုင်ခဲ့သတဲ့။ သီဟိုဠ်မှာရှိတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ဓာတ်တော်မွေတော်တွေကို သားတော်နှစ်ပါး၊ ကျထုခမ်းနဲ့ ရာမာထပ်ကို သွားပြီး ပင့်ခိုင်းသတဲ့။ ဒီမှာတင် မင်းသားနှစ်ပါးဟာ သီဟိုဠ်က ဓာတ်တော်မွေတော်တွေကိုပင့်ပြီးအပြန် မိုးကြိုးမုန်တိုင်းမိတာကြောင့် ဓာတ်တော်တွေကို တိုင်တည်ပြီး ဆုတောင်းကြတဲ့အခါ အားလုံးသော ရဲမက်တွေ သေကျေပျောက်ဆုံး ကြပေမယ့် မင်းသားနှစ်ပါးကတော့ ထူးဆန်းစွာ အသက်ရှင်ကျန်ရစ်သတဲ့။ နောက်တော့ အဲဒီဓာတ်တော်တွေကို ဌာပနာပြီး စေတီတစ်ဆူတည်ထားကိုးကွယ်ကြရာကနေဝပ်ဖရာမဟာထပ်ပုထိုးတော်ကြီးဖြစ်လာရောပေါ့ဗျာ။ ဝပ်ဖရာမဟာထပ် ဓာတ်တော်တိုက် ပုထိုးတော်ကြီးဟာ ဉာဏ်တော်အမြင့် ငါးဆယ့်ငါးမီတာ ကျော်ကျော်ရှိပြီး သီဟိုဠ်ခေတ် လက်ရာတဲ့ဗျ။ ဘုရားပရိဝုဏ်အတွင်းမှာရှိတဲ့ အဆောက်အအုံတွေကတော့ အယုဒ္ဓယခေတ် လက်ရာတွေနဲ့ မွမ်းမံထားသတဲ့။

စာမျက်နှာ(A6) သို့


*ကျထုခန်းရာမာထပ်ရုပ်ထုနှင့် ကျထုခဏ်းဆရာကြီး ထိုင်းရဲဗိုလ်ချုပ် ခွန်ဖန်*

# မင်းဒင်ရဲ့သက်ခိုင် (၂)

■ မင်းဒင်

7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014



မောင်သာချို




# တိတ်ဆိတ်ခြင်းရဲ့ အနုပညာ

**(တစ်)**

မြန်မာနိုင်ငံအတွင်းမှာ ခရီးမကြာခဏသွားလေ့ရှိသူများအဖို့ စိတ်ညစ်စရာကောင်းတာတွေထဲက တစ်ခုလောက်ကလေးများ ပြောပြစမ်းပါဟုဆိုလျှင် မဆိုင်းမငံ့အဖြေပေးလာကြမည့်တစ်ခုမှာ ရုပ်သံစက်များပဲဖြစ်မည်ဟုထင်ပါသည်။ ရုပ်သံစက်ဆိုသည်မှာ ဟိုတုန်းကတော့ ရုပ်မြင်သံကြားစက်၊ နောက်တော့ ဗီဒီယိုပြစက်၊ ထို့နောက်များ နောက်များတွေမှာတော့ ဗီစီဒီတွေ၊ ဒီဗီဒီတွေပဲပေါ့။

အဝေးပြေးကားကြီးတွေ၊ ရုပ်ပြေးမော်တော်တွေ၊ သင်္ဘောတွေကို တည်ထောင်ကာ စီးပွားရှာကြသူလုပ်ငန်းရှင်များက သူတို့၏ ယာဉ်ရထားများကို စီးနင်းလိုက်ပါသူ ခရီးသည်တို့ အပျင်းကလေးမှ ပြေပါစေ၊ အပန်းကလေးမှ ပြေပါစေ၊ အချိန်ကိုကုန်မှန်းမသိ ပြီးမြောက်သွားကြပါစေဆိုသော စေတနာများဖြင့် ထိုဝန်ဆောင်မှုများကို ပေးအပ်ခဲ့ကြပုံရပါသည်။

တချို့ဆိုလျှင် လက်ဖက်ရည်ဆိုင်များ၊ ဘီယာဆိုင်များ၊ စားသောက်ဆိုင်များထဲအထိကိုပင်လျှင် ထိုရုပ်သံစက်များကို တပ်ဆင်လျက်ဝန်ဆောင်မှုပေးခဲ့ကြသည်ကို တွေ့နိုင်ပါသည်။

အသံတွေ၊ အသံတွေ။ ဆူညံပွက်ထလို့။ ဝက်ဝက်ကွဲလို့။ လူရွှင်တော်တို့၏ အပေါစားပြက်လုံးအသံတွေ။ အကြားအလပ်မရှိ အောင်တီးနေကြ၊ ဆိုနေကြသည့် သီချင်းသံတွေ။ သရုပ်ဆောင်မင်းသား၊ မင်းသမီးတို့၏ အပေါစားဖျစ်ညှစ်ပြောဆိုနေသည့် ဒိုင်ယာလော့ခ်တွေ။ အငြိမ့်မင်းသမီး၏ စူးတူးတူး ရှတတစကားသံတွေ။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ကွက်ပြီးတစ်ကွက်၊ တစ်ကားပြီးတစ်ကား။ နားကိုဆို့ထားလို့လည်းမရ။ ဆင်းပြီးထွက်ပြေးသွားလို့ကလည်းမဖြစ်။ ခံပေတော့။

စိတ်နေမြင့်သူ ခရီးသည်တချို့၏ ဒုက္ခကို ရိပ်စားမိလို့လားမသိ။ နောက်ပိုင်းတွင် အဆင့်မြင့်အထူးမော်တော်ကားကြီးများ ပေါ်ပေါက်လာကြကာ တချို့ရုပ်သံစက်တွေကိုတပ်မထားကြတော့။ တချို့တပ်ထားသည့်တိုင် ကိုယ့်နားကြပ်နှင့်ကိုယ်။ အသံကို အလိုရှိလျှင်ဖွင့်ထား။ အလိုမရှိလျှင် အသံကိုပိတ်။ မျက်လုံးကိုမှိတ်။ အိပ်။ တချို့တချို့သော ကားတွေကမူ ထိုင်ခုံတစ်ခုံစီ၌ ရုပ်သံတစ်ခု၊ နားကြပ်တစ်ခု ခုံစေ့တပ်ပေးထားကာ ကိုယ်ကြိုက်တဲ့အရုပ်ကိုယ့်ဘာသာဖွင့်ကြည့်၊ ကိုယ်ကြိုက်တဲ့အသံကိုယ့်ဘာသာနားထောင်ဟူသည့်အနေအထားမျိုးကို ဖန်တီးပေးထားလေရာ တစ်ကားလုံးတိတ်ဆိတ်အေးချမ်းလို့၊ ခရီးသွားနေရသည်နှင့်ပင်မတူဘဲ အပန်းဖြေအနားယူနေရသည်နှင့်ပင်တူလှပါသည်။

နားခွင့်။ ရပ်နားခွင့်။ ဟုတ်ပါသည်။ လူ၌ သူ့အာရုံကို ရပ်နားထားဖို့ရာ အကြားအလပ်လိုပါသည်။ ကျွန်တော်တို့ဆီမှာ တော်တော်များများက ဒါကို သဘောမပေါက်ကြ။

**(နှစ်)**

ဆရာကြီး ဒေါက်တာသန်းထွန်း ဘာသာပြန်ဆိုခဲ့သည့် "ဂျပန်မှုတစ်ရာ"(A hundred Things Japanese)ထဲ၌ ဂျပန်တို့၏ အမှုကိစ္စတစ်ခုအဖြစ် "မ(MA)"ဟူသောကိစ္စကို တွေ့ရပါသည်။ ယင်းကိုနေရာ၊ ကွက်လပ်၊ စပ်ကြား၊ ခေတ္တရပ်ဆိုင်းခြင်းစသည်ဖြင့် ဘာသာပြန်ထားပါသည်။ ဂျပန်တို့မိတ်ဆွေအချင်းချင်း တွေ့ဆုံကြရာ၌ ဆူဆူညံညံစကားပြောရင်း တွေ့ဆုံကြသကဲ့သို့ ဆိတ်ဆိတ်ငြိမ်ငြိမ်ထိုင်ရင်း တွေ့ဆုံမှု၊ စကားမပြောဘဲ ငုတ်တုတ်ထိုင်ရင်း တွေ့ဆုံမှု၊ တုံဏှိဘာဝေနေပြီး စည်းချက်ညှိကာနေတတ်မှုဟူ၍ရှိရာ ယင်းကို "မ(MA)"ဟုခေါ်သည်ဟုဆိုပါသည်။ သဘောကျဖို့ကောင်းလိုက်တာ။

လူ၌ ခေတ္တရပ်ဆိုင်းခြင်းအတွက် ကွက်လပ်တွေ၊ စပ်ကြားတွေ၊ နေရာတွေရှိရမည်ဟုဆိုပါသည်။ တိတ်ဆိတ်ခြင်းသည် ကွက်လပ်ပဲဖြစ်ပါသည်။ စပ်ကြားပဲဖြစ်ပါသည်။ နေရာပဲဖြစ်ပါသည်။

နာမည်ကျော် ကဗျာစာဆိုကြီး ဗသျှိုး၏ ဟိုက္ကူကဗျာတစ်ပုဒ်ထဲ၌ ဤသို့ဖွဲ့ဆိုဖူးပါသည်။

"အိုင်အိုကြီးပါလား
အလိုရှေ့ဖားခုန်ဆင်းသွား
ပလုံရေသံကြား"တဲ့။ ဆရာမင်းသုဝဏ်၏ ဘာသာပြန်လက်ရာဖြစ်ပါသည်။ ဖားတစ်ကောင်ခုန်ဆင်းမှုကြောင့် ထွက်လာသောရေသံအပြီးတွင် ရေကန်ကြီးကပြန်လည်၍ တိတ်ဆိတ်သွားစမြဲ။ ယင်းသည်ပင် အကြား၊ အလပ်၊ စပ်ကြား၊ ကွက်လပ်။ ဂျပန်လို "မ(MA)"တဲ့။ တိတ်ဆိတ်ခြင်း၌ ငြိမ်းချမ်းခြင်းရှိရာ တိတ်ဆိတ်စွာနေတတ်ခြင်းသည် လူနေမှုစတိုင်၌ အဆင့်မြင့်အနုပညာတစ်ရပ်ပင်ဖြစ်ပါသည်။

**(သုံး)**

တိတ်ဆိတ်ခြင်း၏အနုပညာကို နားမလည်သူတချို့ကို နေရာတိုင်း၌ ကျွန်တော်တို့တွေ့နိုင်ပါသည်။ တစ်လကိုးသီတင်းဖွင့်ထားသည့် လမ်းထိပ်အလှူခံမဏ္ဍပ်ဆီက မိုးလင်းကနေ မိုးချုပ်အထိ သီချင်းတစ်လှည့်၊ တရားတစ်လှည့်၊ စကားတစ်လှည့် အကြားအလပ်မရှိသော အသံများဖြင့် တင်ဆက်နေသူတွေလည်း ပါမှာပေါ့။ သင်္ကြန်ကိုအကြောင်းပြု၊ နိဗ္ဗာန်စျေးကိုအကြောင်းပြု၊ နတ်ကနားပွဲကို အကြောင်းပြုကာ အသံချဲ့စက်ကို အသားကုန်ဖွင့်ပြီး မူးယစ်သောက်စားနေသူတွေလည်းပါမှာပေါ့။ ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်ကာ ကိုယ့်အလုပ်ကိုယ်လုပ်နေကြစဉ်အခိုက် ကုလားထိုင်ကို ကြမ်းပြင်နှင့် ပွတ်ရွှေ့ကာ ကျည်ခနဲလုပ်လိုက်၊ စားပွဲအံဆွဲကို ဝုန်းခနဲဆွဲဖွင့်လိုက်လုပ်နေသူလည်းပါမှာပေါ့။ မနက်ဝေလီဝေလင်းတစ်ဖက်အခန်းက အိပ်မောကျနေတုန်း သည်ဘက်ခန်းကနေ တရားခွေထဖွင့်နေသူလည်းပါမှာပေါ့။ သိမ်ဖျင်းတဲ့စကားများကို တောင်စဉ်ရေမရပေါက်ပေါက်ဖောက်သလို စုပြောနေကြသည့် မိန်းမတစ်သိုက်လည်း ပါမှာပေါ့။ ရုပ်သံစက်ကို အကြားအလပ်မရှိဖွင့်ထားသည့် ကားသမားတွေ၊ မော်တော်ဆရာတွေ၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင်တွေ၊ စားသောက်ဆိုင်ကောင်တာကလူတွေ။

**(လေး)**

ဇရုတ်ဆုံကို လက်တစ်ဖက်ဖြင့် ကိုင်မြှောက်ထားကာ အခြားလက်တစ်ဖက်ဖြင့် လေထဲတွင် ဇရုတ်သီးထောင်းနေသည့် တက္ကသိုလ်ဆရာတစ်ဦး၏ အကြောင်းကို ကျွန်တော်ရေးဖူးပါသည်။ ထမင်းပေါင်းအိုးထဲသို့ ရေအရင်ထည့်ပြီးကာမှ ဆန်ကိုလောင်းထည့်ပြီး ဆန်ဆေးသည့်တက္ကသိုလ်ဆရာမတစ်ဦးအကြောင်းကိုလည်း ကျွန်တော်ရေးဖူးပါသည်။ စားစရာသောက်စရာအခြောက်အခြမ်းကလေးတွေလိုသလောက်အကုန်ဝယ်ထည့်ထားကာ အခန်းတံခါးကိုပိတ်ပြီး တစ်ပတ်ဆယ်ရက်ဆိုသလို ဝစီပိတ်ကျင့်သည့်ဆရာမတစ်ယောက်အကြောင်းကိုလည်း ကျွန်တော်ရေးဖူးပါသည်။ တယ်လီဖုန်းခေါ်လာသည်ကိုပင် ချက်ချင်းမဖြေသေးဘဲ လူစုနှင့်ဝေးရာသို့ထွက်သွားပြီးမှစကားပြောလေ့ရှိသည့် သူတစ်ယောက်အကြောင်းကိုလည်း ကျွန်တော်ရေးဖူးပါသည်။ ရေဒီယိုနားထောင်သည်ကိုပင် Ear phone ကလေးနှင့် တစ်ယောက်တည်းအေးဆေးသက်သာနားထောင်တတ်သူတစ်ယောက်အကြောင်းကိုလည်းကျွန်တော်ရေးဖူးပါသည်။

အသံထွက်သွားမှာကြောက်သူတွေပေါ့။ ကိုယ့်အသံကြောင့် တစ်ယောက်ယောက်၏ဘဝဟန်ချက်ပျက်သွားမှာကို စိုးရိမ်သူတွေပဲပေါ့။ စိတ်ဓာတ်အဆင့်အတန်းမြင့်မားလိုက်တာ။ ကွက်လပ်တို့၊ စပ်ကြားတို့၊ ရပ်ဆိုင်းခြင်းတို့ရဲ့ သဘောတရားကို ရိပ်စားမိကာ တိတ်ဆိတ်ခြင်းရဲ့ အေးချမ်းမှုကို သဘောပေါက်သူတွေပဲပေါ့။

**(ငါး)**

အခုတော့ ဘာသံမှ မကြားရသည့် အဆင့်မြင့် အဝေးပြေးဘတ်စ်ကားကြီးတွေ ပြေးဆွဲလာကြပါပြီ။ ဘာသံမှမကြားရသည့် စားသောက်ဆိုင်ကြီးတွေလည်း ပေါ်ပေါက်လာကြပါပြီ။ အသံကိုဖျောက်ကာအရုပ်ကလေးလောက်ပဲပြထားသည့် လေဆိပ်ခန်းမများ၊ ဟိုတယ်ခန်းများ၊ ကြော်ငြာဆိုင်းဘုတ်ကြီးများလည်း ပေါ်ပေါက်လာကြပါပြီ။

"မ(MA)"ဟုခေါ်သော အကြား၊ အလပ်၊ စပ်ကြား၊ ခေတ္တရပ်ဆိုင်းရာ နေရာကလေးတွေဆီမှာ ဘာသံမှမကြားရသည့် ငြိမ်းချမ်းမှုမျိုးဖြင့် နေကျင့်ရသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်စေချင်လိုက်တာ။ ။


ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညက်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဒ္ဓိ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
**Hotline : 0973032006**

# တရားခံစစ်စစ်အမြစ်ကရှာဖွေ...ဖြတ်ကြမှ နောင်တာရှည်

**သင်းရီ**




"မဖတ်ဘူး ...မဖတ်ဘူး နော်..အဲဒီဟာမျိုးတွေမဖတ်ပါဘူး။ သွား၊ သွားပါဦး ဟုတ်လား"

ဟာရုံလောက်ဖွင့်လိုက်သည့် တံခါးကို ပြောပြောဆိုဆိုနှင့် ဒုန်းခနဲ မြည်အောင်ပင် ဆောင့်ဆောင့်အောင့်အောင့် သူပြန်ပိတ်ပစ်လိုက်တော့ ချိုင်းထောက်နှင့် ခြေတစ်ဖက်ပြတ် စစ်ရောင်ယူနီဖောင်းတစ်စွန်းတစ်စကို ကျွန်တော်မြင်လိုက်သေးသည်။

"အလကားဗျာ.. လက်မောင်းပေါ်မှာ တံဆိပ်မရှိတော့တဲ့ အဲဒီစစ်ရောင်ယူနီဖောင်းအစုတ်နဲ့ကောင်ကလည်း ချိုင်းထောက်နဲ့ ဒီစစ်ရောင်နဲ့ လုပ်စားနေကြတုန်း။ သူတို့ကို လူတွေက အော့နှလုံးနာလွန်းလို့ မြင်တောင်မမြင်ချင်ကြတော့ဘူးဆိုတာ မသိကြဘူးလား မသိဘူး"

စစ်တပ်ကို အရောင်ကအစ ခါးခါးသီးသီး သူပြောတော့ ကျွန်တော် ဘာမျှပြန်မပြောဖြစ်လိုက်တော့။ သူ့ကို စနစ်နှင့် လူခွဲမြင်ဖို့ အကြိမ်ကြိမ်ပြောပြဖူးပြီ။ ဒါပေသည့် သူ မမြင်နိုင်ခဲ့။ သူမမြင်နိုင်တာကိုလည်းတကယ်တမ်းမှာအပြစ်ပြောရဖို့ အခက်သားဟုထင်၏။ သူ့ခြေထောက်တစ်ဖက်က စစဒီမိုကရေစီအရေးတော်ပုံတုန်းက စစ်တပ်ကတည့်တည့်ပစ်သည့် ကျည်ထိကာ ဒူးဆစ်ခုံညင်းကြေသွားသဖြင့် ဒူးကကွေးမရတော့ဘဲ ထိုင်လို့မဖြစ် လျှောက်လို့မကောင်းနှင့် ဒုက္ခိတလိုဖြစ်ခဲ့ရသည်ဆိုတော့ စစ်ဆိုလျှင်ရေတောင် စစ်မသောက်ချင်ဘူးဆိုသည့်သူတွေလိုစစ်တပ်ကိုအရောင်ကစ မုန်းသွားခဲ့သူဖြစ်၏။

ကျွန်တော်ကမူ စစ်တပ်ကိုယ်ထည်ကြီးကို မမုန်းမိ။ စစ်အာဏာရှင်စနစ်ကိုသာ မုန်းသည်။ စစ်အာဏာရှင်စနစ်အောက်တွင် စစ်တပ်ရောပြည်သူတွေပါသားကောင်တွေဖြစ်ခဲ့ကြသည်။

လတ်လတ်ဆတ်ဆတ်ပင်ရှိသေးသည့် သည်ရက်ထဲ၌ပင် ပြည်ခိုင်ဖြိုးပါတီထဲမှ တာဝန်ရှိသူ စစ်သားလူထွက်ကြီးတစ်ယောက်က ရှိရှိသမျှ ပါတီတွေနှင့် နိုင်ငံရေးပရိဝုဏ်မှ လူတွေကို ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်ကိုသာ ဝကွက်ချန်လျက် ကျန်သူတွေအကုန်မကျန်ပိုက်စိပ်တိုက်ပြီး ဝါးလုံးကိုဟိုဒင်းသုတ်ကာ ခပ်ရမ်းရမ်းပြောသွားတာ အင်တာဗျူးတစ်ခုမှာ ဖတ်ရတော့ စိတ်မကောင်းဖြစ်မိသည်။

သူ့အပြောက မြင်မြင်ရာ မကျေနပ်စိတ်ဖြင့် အမူးသမား ရပ်ကွက်ထဲမှာ "ငါကလွဲလို့ ဘယ်ကောင်မှ မကောင်းဘူး" အော်ပြီးရမ်းသလိုမျိုးဖြစ်နေသည်။ သူကိုယ်တိုင်တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်အပေါ်ကျတော့လည်း သူ့အမြင်က ထိုနည်းလည်းကောင်း 'သူမတော် ငါကောင်း' ပဲဆိုပြန်သည်။

"လက်ရှိ ကျွန်တော်တို့ တပ်မတော်က ဘာကြောင့်အပြောအဆိုခံနေရသလဲ။ ဘာကြောင့် ဝေဖန်ခံနေရသလဲဆိုရင် ထောက်လှမ်းရေးကြောင့်ပဲ။ ကျွန်တော်တို့ ခြေလျင်စစ်သားတွေဘာမှ သိရှာတာမဟုတ်ဘူး။ ခြေလျင်စစ်သားတွေသေနတ်ကိုင်ပြီး ကာကွယ်နေချိန်မှာ ထောက်လှမ်းရေးက တပ်ကြပ်အဆင့်ကခွေးချည်တဲ့ကြိုးလောက်ရှိတဲ့ ဆွဲကြိုးကြီးတွေဆွဲပြီးနေကြတယ်။ ထောက်လှမ်းရေးကြောင့် ကျွန်တော်တို့တပ်မတော်သိက္ခာကျရတာ။ ကျွန်တော်တို့ခြေလျင်တပ်သားတွေခက်ခက်ခဲခဲနဲ့ တိုင်းပြည်တာဝန်ထမ်းဆောင်နေချိန်မှာ ထောက်လှမ်းရေးကကောင်တွေက ခွေးချည်တဲ့ကြိုးလောက်ရှိတဲ့ ဆွဲကြိုးကြီးတွေဆွဲပြီး အငြိမ့်စားနေနိုင်တယ်။ ဒီလိုမျိုးနေနိုင်တာကိုလည်း သူ့အထက်က လူကြီးတွေက ပြုံးပြုံးကြီးကြည့်နေကြတယ်" ဟု အချင်းချင်း ပြန်'တုတ်'သည်။

တကယ်က သူပြောသည့် တိုက်ခိုက်ရေးဆိုတာလည်း သူတို့စစ်တပ်၊ ထောက်လှမ်းရေးဆိုတာလည်း သူတို့စစ်တပ်ပေပဲ။ သည်စစ်အာဏာရှင်စနစ်ကြီးကို ဝိုင်းဝန်းထမ်းပိုးထားကြရင်း လက်ညှိုးညွှန်တိုင်းရေဖြစ်သည့် အာဏာတွေကိုယ်စီရခဲ့ကြသည့် အတူတူနှင့် အနူနူတွေပဲ။ သို့သော် သူကငါ မပါဘူးလုပ်ချင်နေပုံရသည်။

သည်နှယ်သာ ညောင်မြစ်တူးကြစတမ်းဆို ကျွန်တော်တို့မြန်မာနိုင်ငံထဲမှာ ပေါ်လာလိုက်မည့် ပုတ်သင်ဥတွေက တင်းတောင်းတစ်ထောင်ဖြင့် ကောက်၍တောင် ကုန်မည်မထင်ဟု ဆိုလိုက်ချင်သည်။

ပြောပုံက တိုက်ခိုက်ရေးမှ ကိုရွှေစစ်သားတို့ကတော့ ပါးစပ်ထဲ လက်ညှိုးထည့်လျှင်တောင်မှ မကိုက်တတ်သည့်အပြင် ချိုလိမ်ကြီးမှတ်လို့တပြွတ်ပြွတ်နှင့် စုပ်နေတတ်သည့် ခြောက်ပြစ်ကင်းသဲလဲစင်လူရိုးကြီးတွေပါဟု ပြောချင်နေပုံရသည်။

ကျွန်တော်ကမူ ထိုပုဂ္ဂိုလ်နှယ် မည်းမည်းမြင်ရာ စွပ်စွပ်စွဲစွဲနှင့်ပြောရပြီးရော မပြောချင်သော် မင့်ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၆နိုင်ငံရှိသည့်အနက် ၂၀၁၁ခုနှစ်တွင် အဂတိလိုက်စားမှုအဆင့် ၁၈၀တွင်ရှိနေသည့်နိုင်ငံက ဘယ်နိုင်ငံလဲဟု မေးကြည့်ချင်သည်။ထိုအဆင့်သို့ ရောက်လောက်အောင်အထိအဂတိကြီးတွေ မိုးလုံးမွှန်ခဲ့သည့်ခေတ်ကဘယ်သူတွေကြီးစိုးခဲ့သည့် ဘာခေတ်လဲဟုမေးချင်သည်။ တပ်မတော် အပေါ် ပြည်သူတွေက ဝေဖန်သည်ဆိုရာ၌ ဖိနှိပ်မှုမှာ သာမကအဂတိမှုမှာပါသရုဖူဆောင်းခဲ့သောကြောင့် ဖြစ်ကြောင်းကမ္ဘာသိဖြစ်သည်။

ထို့ကြောင့် ကျွန်တော်ကဖြင့် လူတွေကိုမပြောချင်။ စနစ်ကိုသာ ပြောချင်သည်။ 'အကြွင်းမဲ့အာဏာသည် လူကိုအကြွင်းမဲ့ပျက်စီးစေသည်" ဆိုသည့် အခြေအနေမျိုးရောက်အောင်လုပ်ချင်တိုင်းလုပ်ပိုင်ခွင့်ပြုထားသော စစ်အာဏာရှင်စနစ်ကိုသာပြောချင်သည်။

ကျွန်တော်တို့၏ အိမ်နီးချင်း တရုတ်နိုင်ငံမှ စစ်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးသည် အကောင်းစားအိမ်အလုံးပေါင်း ခြောက်ဆယ်ပိုင်သည်တဲ့။ သူနေသည့် စံအိမ်ကြီးကလည်း နန်းတော်ကြီးတမျှခမ်းနားသည်တဲ့။

**စာမျက်နှာ(၃၂) သို့**

# Business

7 Day News Journal

Vol.13, No.1 • MARCH 5 , 2014




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ထိုင်းအစိုးရပြောင်းလျှင် ပြည်ပဆန်ဈေးတက်နိုင်

**ပြည်သိမ်း**

**ရန်ကုန်၊ မတ်-၂**

ထိုင်းနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်လာပါက အာဆီယံဒေသအတွင်း၌ ဆန်ဈေးမြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

"ထိုင်းအစိုးရမှာ တကယ်ဝယ်ထားတယ်။ အရင်းနဲ့ သိုလှောင်ထားတာနဲ့က ကွာနေတယ်။ ငွေထုတ်ပြီးတော့ ဝယ်မထည့်ထားရသေးဘူး။ အစိုးရအပြောင်းအလဲဖြစ်ရင်တော့ လိုတာတွေ ထပ်ဝယ်ရမယ်" ဟု အထက်ပါအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးထွန်းက ပြောသည်။

ထိုင်းနိုင်ငံတွင် လယ်သမားများထံမှ အာမခံဈေးနှုန်းဖြင့် ဆန်တန်ချိန် ၁၆ သန်း ဝယ်ယူသိုလှောင်ထားပြီး အစိုးရ အပြောင်းအလဲဖြစ်ပါက ထုတ်ရောင်းလျှင် ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းများကျဆင်းမည်ကို ပြည်ပသို့ဆန်အဓိကတင်ပို့နေသော မြန်မာအပါအဝင် အာဆီယံနိုင်ငံများက စိုးရိမ်နေကြသည်။

လက်ရှိအခြေအနေမှာ ထိုင်းအစိုးရ သိုလှောင်ထားသည့် ဆန်တန်ချိန်မှာ စာရင်းရှိသည်ထက် ခြောက်သန်းကျော် လျော့နည်းနေကြောင်း သတင်းရရှိသည်။ ထို့ကြောင့် လိုအပ်ချက်များကို ဖြည့်ဆည်းပါက ဈေးကွက်အတွင်းမှ ဆန်များ ထပ်မံဝယ်ယူရန်ရှိပြီး ဈေးတက်နိုင်ကြောင်း ဒေါက်တာစိုးထွန်းက ရှင်းပြသည်။

"ဒီနှစ်က ဆန်ဈေးကျစရာမရှိဘူး။ နွေစပါးပေါ်ရင်လည်း ဒီအတိုင်းပဲ ရှိနေမှာပဲ" ဟု ပြည်ပသို့ ဆန်တင်ပို့နေသော လုပ်ငန်းရှင် ဦးမျိုးသူရအေးက ပြောကြားသည်။

လက်ရှိပြည်တွင်း ဆန်ဈေးနှုန်းမှာ ပြည်ပသင်္ဘောတင်များရှိနေခြင်း၊ တပ်မတော်ရိက္ခာ စုဆောင်းချိန်ဖြစ်နေခြင်းတို့ကြောင့် ကျဆင်းမှုမရှိကြောင်း ဆန်ကုန်သည်များ သုံးသပ်ပြောကြားသည်။

တရုတ်နိုင်ငံမှအဝယ်များနေခြင်းနှင့် အထက်ပါအကြောင်းအချက်များကြောင့် မကြာမီ နွေစပါးပေါ်လာလျှင် လယ်သမားများအနေဖြင့် တင်းတစ်ရာကို စပါးဈေးကျပ်လေးသိန်းအောက်ဖြင့် မရောင်းချရန် မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း ဥက္ကဋ္ဌက တိုက်တွန်းထားသည်။

ယခုနှစ် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုမှာ တရားဝင်အနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ တန်ချိန်ငါးသိန်းကျော်ရှိပြီး ကြိုတင်ဝင်ငွေခွန်မဆောင်ဘဲတင်ပို့မှုပမာဏမှာ တန်ချိန်သုံးသိန်းကျော်ရှိနေသည်။ ထို့ကြောင့် ပင်လယ်ရေကြောင်းမှ တင်ပို့မှုများနှင့်ဆိုလျှင် လက်ရှိတွင် တန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၈ | ၉၈၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၁ | ၇၈၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၈ | ၁၃၅၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၉. ၉ | ၃၀. ၁ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၅ | ၁၅၈ | ကျပ် |

၂၀၁၄ မတ်လ ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း


| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၅၉၇၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၄၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁. ၇၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၄၄၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၇၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၇၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၆. ၀၁ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၇၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၅၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၆၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၆၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၀၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၁၉၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၁၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၁၀၅၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၆. ၀၄၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၂၆. ၂၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၁၆ |
| ငွေ | အောင်စ | ၂၁. ၂၂ |
| ကြေးနီ | ပေါင် | ၃. ၂၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၆၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအများပိုင် ကုမ္ပဏီအစုရှယ်ယာစရောင်းသည့်နေ့တွင် ကျပ်သိန်းသုံးထောင်ဖိုးရောင်းရ

**ဖွဲ့ဉာဏ်**

**ရန်ကုန်၊ မတ်- ၃**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုး တိုးတက်မှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ အစုရှယ်ယာများကို မတ်လ ၂ ရက်က ရုပ်ရှင်လောကသားများအား စတင်ရောင်းချခဲ့ရာ စုစုပေါင်း အစုရှယ်ယာသုံးသောင်း (ကျပ်သိန်းသုံးထောင်ဖိုး) ရောင်းချခဲ့ရကြောင်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဦးက ပြောသည်။

အစုရှယ်ယာတစ်ခုလျှင် ကျပ်တစ်သောင်းဖြင့် ရောင်းချခြင်းဖြစ်ပြီး ကုမ္ပဏီအနေဖြင့် စုစုပေါင်း အစုရှယ်ယာတစ်သိန်းခွဲ ရောင်းချမည်ဖြစ်သည်။

“ရုပ်ရှင်လောကသားတွေလည်း စိတ်ဝင်စားကြပါတယ်။ အစုရှယ်ယာစရောင်းတဲ့ တစ်ရက်တည်းကို သိန်းသုံးထောင်ကျော်လောက် ရှယ်ယာသုံးသောင်းကျော်လောက် ရောင်းရတယ်။ ရုပ်ရှင်လောကသားတွေကို ဒီလကုန်အထိ ရောင်းပေးမယ်လို့တော့ သတ်မှတ်ထားတယ်။ ကျွန်တော်တို့ ရောင်းမှာက ရှယ်ယာတစ်သိန်းခွဲအထိပဲဆိုတော့ ကုန်သွားရင် အရောင်းရပ်မယ်။ ဒီလထဲမှာ ကုန်သွားရင် အပြင်လူတွေကို မရောင်းတော့ဘူး”ဟု ဦးမောင်မောင်ဦးကပြောသည်။

ထို့အပြင်ရှယ်ယာနှစ်သောင်းခန့်ကိုလည်း နှုတ်ကတိဖြင့် ဝယ်ယူသူများရှိကာ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရှယ်ယာတစ်သောင်းဝယ်ယူမည်ဟုဆိုသည်။



ကုမ္ပဏီ၏ ပထမဆုံးလုပ်ငန်းစဉ်အတွက် ကနဦးစတင်တည်ထောင်သူများ၏ငွေဖြင့်စရန်ပေး၍ ဒီဗီဒီစက်ကြီးကို ပြည်ပမှမှာယူထားရာ ဧပြီလတွင် ရောက်ရှိမည်ဖြစ်ပြီး ဇွန်လတွင် စတင်လည်ပတ်နိုင်မည် ဖြစ်ကြောင်း ဦးမောင်မောင်ဦးက ပြောသည်။

“ရုပ်ရှင်လောကအတွက် လိုအပ်တာမှန်သမျှကိုစီမံကိန်းတွေချပြီးလုပ်ဆောင်သွားမယ်။ နောက်ထပ် အစုရှယ်ယာတွေရောင်းဖို့ကတော့ လုပ်ငန်းတွေလုပ်မှ ရှယ်ယာထပ်ခေါ်မယ်”ဟု ၎င်းကပြောသည်။

တစ်ဦးလျှင် အများဆုံး အစုရှယ်ယာငါးထောင်အထိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ယင်းရှယ်ယာရှင်များထဲမှ ခြောက်ဦးနှင့် ကုမ္ပဏီစတင်တည်ထောင်သူ ဆယ်ဦးထဲမှ ခြောက်ဦး စုစုပေါင်း ဆယ့်နှစ်ဦးက ဒါရိုက်တာအဖြစ်ဆောင်ရွက်ကာ ကုမ္ပဏီလုပ်ငန်းစဉ်များ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။




# ၁၁လအတွင်း ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း ၁၆၀ကျော်တိုး

**နိုင်လင်းအောင်**

**ရန်ကုန်၊ မတ်- ၃**

ယခုနှစ်ခရီးသွားရာသီတွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီအထိ ၁၁ လအတွင်း တစ်နိုင်ငံလုံး၌ ဝန်ကြီးဌာနက နိုင်ငံခြားသားများ တည်းခိုရန်အတွက် လိုင်စင်ထုတ်ပေးခဲ့သည့်ဟိုတယ်၊မိုတယ်နှင့်တည်းခိုရိပ်သာအလုံးပေါင်း၁၆၀ ကျော်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ယခုလ ၃ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းများအရ ပြီးခဲ့သည့် ၂၀၁၂–၁၃ခရီးသွားရာသီတွင် နိုင်ငံတစ်ဝန်း၌ ဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးခဲ့သည့် ဟိုတယ်၊ မိုတယ်နှင့်တည်းခိုရိပ်သာ ၇၄၉ လုံး အထိရှိခဲ့ရာမှ ယခုနှစ် ခရီးသွားရာသီတွင် ဖေဖော်ဝါရီအထိစာရင်းများအရ ၉၆၀ လုံး အထိရှိလာသောကြောင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၁၆၆ လုံးတိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။

“အခုနောက်ပိုင်းမှာ မြန်မာနိုင်ငံကိုလာတဲ့ ဧည့်သည်တွေများလာတဲ့အတွက် ဟိုတယ်အလုံးအရေအတွက်ကလည်း တိုးလာတယ်။ ဝန်ကြီးဌာနကလည်း ဟိုတယ်တွေတိုးချဲ့တည်ဆောက်ဖို့အတွက် အားပေးတဲ့အတွက် လက်ရှိမှာကို ဟိုတယ်တွေထပ်ပြီး တိုးချဲ့နေတာတွေရှိပါတယ်”ဟု မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးသန်းရွှေက ပြောသည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စာရင်းများအရနိုင်ငံတစ်ဝန်းတွင် ဟိုတယ်အလုံးရေ ၉၆၀အထိရှိလာခဲ့ပြီး အခန်းပေါင်း ၃၆၄၆၈ခန်းအထိ ရှိလာခဲ့သည့်အတွက် ယခင်နှစ် ခရီးသွားရာသီထက် ဟိုတယ်အခန်းပေါင်း ၇,၈၀၈ ခန်းအထိ တိုးလာသည်ကို တွေ့ရသည်။

နိုင်ငံတစ်ဝန်းရှိ ဟိုတယ်အလုံးပေါင်း ၉၆၀မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ် ၂၂လုံး၊ ပြည်ပနှင့် ဖက်စပ်ဟိုတယ် လေးလုံး၊ ဌာနပိုင်ငှားရမ်းဟိုတယ် ၂၁လုံးနှင့် ပြည်တွင်းဟိုတယ် ၉၁၃လုံးတို့ဖြစ်ကြောင်း သတင်းရရှိသည်။



၂၀၁၃ ခုနှစ်က ဖြစ်ပွားခဲ့သော ဂန်းဆုပြည်နယ် မင်ရှန်းစီရင်စု ငလျင်လှုပ်ခတ်သွားပြီးနောက် ဆွန်ဆူရှား (၁၉)နှစ် ဆေးကုသမှု ခံယူနေသည်ကို တွေ့ရစဉ် STRINGER/REUTERS

> “ လူတွေက နေ့တိုင်းပဲလာပြီး ဝန်ထမ်းတွေကို ဓားတွေနဲ့ ခြိမ်းခြောက်နေကြတာပဲလို့ ဆေးရုံက ကျွန်မတို့ကို ပြောတယ် ”

# ကျိုးပဲ့နေသော စနစ်ကြောင့်လား

**ကြည်နေဝင်းမင်း**

နန်ကျင်းပြည်နယ်တွင် သူနာပြုတစ်ဦး အောက်ပိုင်းသေသွားခဲ့သည်။ ဟီဘေးပြည်နယ်တွင် ဆရာဝန်တစ်ဦး လည်ပင်းပြတ်ရှသွားခဲ့သည်။ ဟေလုံကျန်းတွင် အခြားဆရာဝန်တစ်ဦး ပိုက်ဖြင့် အသေအရိုက်ခံခဲ့ရသည်။ ယင်းတို့မှာ ပြီးခဲ့သည့်သီတင်းနှစ်ပတ်အတွင်း တရုတ်နိုင်ငံတွင် သီးခြားဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များဖြစ်ပြီး ရိုင်းစိုင်းသော ထိတ်လန့်စရာဖြစ်ရပ်များ ဖြစ်သည်ဆိုခြင်းမှာ ပြောစရာပင်မလိုပေ။

ထို့ထက်ပို၍ သောကပွားစရာကောင်းသည်က အဆိုပါအဖြစ်အပျက်များက ရှားရှားပါးပါးမဟုတ်ဘဲ တရုတ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွင်း တိုး၍တိုး၍ဖြစ်ပေါ်လာနေသော အကြမ်းဖက်မှုအကျပ်အတည်းများကြားနောက်ဆုံးထွက်ပေါ်လာသည့် ဖြစ်ရပ်များဆိုသော အချက်ဖြစ်သည်။ ယင်းနှင့်အတူ ပူဆွေးသောကများ တသီတတန်းကြီးချန်ထားရစ်ခဲ့သည်။

မစ္စစ်ဝမ်ဟွေကျောင်းတစ်ယောက်သေဆုံးသွားသောအစ်ကိုဖြစ်သူ၏ဓာတ်ပုံရှေ့တွင် မီးညှိထားသော အမွှေးတိုင်များ လက်ထဲကိုင်လျက် လေးလေးနက်နက်ဦးညွှတ်လိုက်သည်။ သူ့အစ်ကို၏ဓာတ်ပုံကို ကုလားထိုင်တစ်လုံးပေါ်တွင် တင်ထားပြီး ကုလားထိုင်ရှေ့တွင်မူ စားပွဲလေးတစ်ခုဖြင့် သစ်သီးပန်းကန်နှင့် သကြားလုံးပန်းကန်များ ရှိသည်။ ကုလားထိုင်အောက်တွင် သေသပ်စွာချထားသော သားရေဖိနပ်လေးတစ်ရန်။

ဒေါက်တာဝမ်ယွန်ဂျီသေဆုံးခဲ့သည်မှာ လေးလရှိလာပြီဖြစ်သော်လည်း မိသားစုက အိမ်အောက်ထပ်တွင် သူ့အတွက်အောက်မေ့ဖွယ်ပြင်ဆင်ထားသော အခန်းအပြင်အဆင်ကို ဖယ်ရှားနိုင်သော အင်အားမရှိ။ “ကျွန်မတို့အဖေဆို အိပ်လို့ကိုမပျော်ဘူး” ဟု မစ္စစ်ဝမ်ကပြောပြသည်။

“ကျွန်မအစ်ကိုရဲ့သမီးလည်း စာကိုအာရုံမစိုက်နိုင်ဘူး။ သူ့မိန်းမဆိုရင် လုံးဝအထီးကျန်ပဲ”ဟု ၎င်းက ဆက်ပြောသည်။ “သူက ကြင်နာတတ်တယ်။ ပျော်ပျော်နေတတ်တယ်။ လူတိုင်းအပေါ်လည်း ကောင်းတယ်။ သူ့ရဲ့လူနာတွေကိုလည်း မိသားစုလိုပဲ ဆက်ဆံတယ်”ဟု မစ္စစ်ဝမ်ကပြောပြသည်။

ဒေါက်တာဝမ်သည် တရုတ်နိုင်ငံအရှေ့ပိုင်း ဝန်လင်းမြို့ အမှတ်(၁)ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ကျနေစဉ် ယမန်နှစ်အောက်တိုဘာတွင် အသတ်ခံခဲ့ရခြင်းဖြစ်သည်။ သူ့ကို သတ်သူ လျန်အင်ကင်း(၃၃)နှစ်က သူ့ရုံးခန်းထဲဝင်လာပြီး တူတစ်ချောင်း၊ ဓားတစ်လက်နှင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်က ရိုက်ကူးထားသော ဓာတ်ပုံတွင် လျန်အင်ကင်းမှာ နုပျိုပြီးပျော်ရွှင်နေပုံပေါ်သည်။ ယင်းမှာ လျန်တစ်ယောက် ဝန်လင်းဆေးရုံတွင် နှာခေါင်းရောဂါခွဲစိတ်ကုသမှု မခံယူမီကဖြစ်သည်။ ဆေးရုံတွင် ခွဲစိတ်ကုသပြီးနောက် လျန်အင်ကင်းမှာ အမြဲတမ်း နာကျင်မှုဝေဒနာ ခံစားနေရသည်ဟုဆိုသည်။ လျန်ဘဝ ပျော်ရွှင်မှုကင်းမဲ့သွားသည်။

ဝန်လင်းမြို့ပြင်ပရှိ လျန်အင်ကင်း၏နေအိမ်တွင် ၎င်း၏မိခင်ဖြစ်သူက သူ့သား စိတ်ဆိုးဒေါသထွက်တိုင်း ဖျက်ဆီးထားသော အိမ်အသုံးအဆောင်ပစ္စည်း အကျိုးအပဲ့များထည့်ထားသည့် အိတ်ကြီးတစ်လုံး ထုတ်ပြသည်။ “သားလေးက လူကောင်းပါကွယ်။ ဆိုးတာက ဆရာဝန်တွေ”ဟုလျန်အင်ကင်း၏ မိခင်ကဆိုသည်။

သူ လူသတ်မှုကျူးလွန်သောနေ့ကအတိုင်းထားရှိသော သူ့အိပ်ခန်းမှာ နာမကျန်းမှု နှိပ်စက်ခံရပြီး ကျန်းမာရေးစနစ်အပေါ် ဒေါသထွက်နေသော လူတစ်ဦး၏တစ်မူထူးခြားသော အတွင်းအဇ္ဈတ္တကို လှစ်ဟပြနေသည်။

ဆေးဝါးကုသခံယူမှု အသုံးအဆောင်များမှာ သူ့စားပွဲပေါ်တွင်ရှိနေဆဲ၊ ဆေးပုလင်း၊ ဆေး ကတ်များ။ ယင်းနှင့်အတူ ရှန်ဟိုင်း စိတ်ကျန်းမာရေးဆေးရုံတွင် နှစ်လတာကုသမှုခံယူခဲ့သော မှတ်တမ်းမှတ်ရာများ၊ လျန်အင်ကင်းမှာ ယုံမှားသံသယလွန် စိတ်ကစဉ့်ကလျားရောဂါ ခံစားနေရသည်ဟု ရှန်ဟိုင်းဆေးရုံမှတ်တမ်းတွင် ဖော်ပြထားပြီး ၎င်းအား ဆေးရုံမှ ဆင်းခွင့်ပေးလိုက်သောနေ့စွဲမှာ အောက်တိုဘာ ၁၅ ရက်နေ့။ လူသတ်မှုမကျူးလွန်မီ ဆယ်ရက်ကဖြစ်သည်။ အိပ်ခန်းနံရံပေါ်တွင် တစ်စုံတစ်ဦးကဖျက်ရန်ကြိုးစားထားသော်လည်း တွေ့မြင်နိုင်ဆဲ စာတန်းတွင် ဆရာဝန်နှစ်ဦးနာမည်ဘေး၌ “သေမင်း” ဆိုသောစကားလုံး ရေးထိုးထားသည်။ ၎င်းဆရာဝန်နှစ်ဦးအနက် တစ်ဦးမှာ ဒေါက်တာဝမ်ယွန်ဂျီဖြစ်သည်။

လျန်အင်ကင်း၏မိသားစုကသားဖြစ်သူ၏လုပ်ရပ်များအတွက် သူရရှိခဲ့သော ညံ့ဖျင်းသည့်ကျန်းမာရေးစောင့်ရှောက်မှုကို ရှင်းလင်း ပြောပြနိုင်စရာအကြောင်းဟုဆိုသည်။ သို့သော် လုံးလုံးအပြစ်ပုံချသည်တော့မဟုတ်။ သို့သော် အချို့ပြည်သူလူထုက ယင်းသို့ဆိုရန် ဝန်မလေးကြပေ။ ၂၀၁၂ ခုနှစ်က တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဆရာဝန်တစ်ဦး အသတ်ခံရပြီးနောက် ယခုအခါ ၎င်းတို့၏ဝက်ဘ်ဆိုက်မှ ဖယ်ရှားလိုက်ပြီဖြစ်သော ပြည်သူ့နေ့စဉ် အွန်လိုင်းစစ်တမ်းတွင် ဝက်ဘ်ဆိုက်အသုံးပြုသူများအား ၎င်းတို့၏ခံစားချက်များကို ဖော်ပြခိုင်းခဲ့သည်။ တုံ့ပြန်သူ ၆၀ ရာခိုင်နှုန်းကျော်က ပြုံးနေသောမျက်နှာပုံသဏ္ဌာန်ကို ရွေးချယ်ခဲ့ကြပြီး ၆ ဒသမ ၇ ရာခိုင်နှုန်းကသာ စိတ်မကောင်းသော မျက်နှာပုံကို ရွေးချယ်ခဲ့သည်။

လူနာများက အကြမ်းဖက်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ပြောဆိုမှုများမှာ ဖြစ်နေကျကိစ္စဟု ဒေါက်တာဝမ်ယွန်ဂျီ အသတ်ခံခဲ့ရသော ဝန်လင်းဆေးရုံ အဆောင်မှ ဧည့်ကြိုဖြစ်သူက ပြောသည်။

တရုတ်မူဝါဒရေးဆွဲသူများကလည်း ကျန်းမာရေးစောင့်ရှောက်မှု ချဲ့ထွင်ခြင်း၊ လူမှုအာမခံစနစ် တိုးချဲ့ခြင်းများဖြင့် စနစ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြသည်။ သို့သော် ယင်းမှာ လုံလောက်သော မြန်ဆန်မှုမရှိဘဲ မြင့်မားသောစရိတ်စက အလွဲသုံးစားမှု၊ အကျင့်ပျက်ခြစားမှုများရှိကြောင်း ပြောဆိုမှုများနှင့်အတူ လူနာများ၏မကျေနပ်ချက်များ ရေချိန်မြင့်နေသည်။ ယခုအခါ ဒေါက်တာဝမ်ယွန်ဂျီ အသတ်ခံလိုက်ရသော ဆေးရုံဂိတ်ပေါက်ဝတွင် ရဲကင်းတစ်ခု ရှိနေပြီဖြစ်သည်။

ဒေါက်တာဝမ်ယွန်ဂျီ၏ မိသားစုရော၊ လျန်အင်ကင်း၏ မိသားစုကပါ တရားမျှတမှုမရှိဟူသော ခံစားချက်မျိုး နက်နက်ရှိုင်းရှိုင်း ခံစားနေကြရသည်။

လျန်အင်ကင်း၏ မိသားစုက တရားရုံးတွေ့ရှိချက်၌ သီးခြားဖြစ်သော်လည်း ဆေးမှတ်တမ်းများတွင် သက်သေပြနေသကဲ့သို့ လျန်မှာ ပြစ်မှုကျူးလွန်ချိန်၌ စိတ်ဖောက်ပြန်နေသည်ဟု ယုံကြည်နေသည်။ မိသားစုက လျန်၏ သေဒဏ်ကို အယူခံဝင်နေပါသည်။

ဒေါက်တာဝမ်၏မိသားစုကလည်း ယင်းသတ်ဖြတ်မှုကို တရားရုံးနှင့် မီဒီယာများတွင် ပုံဖော်ရေးသားပြောဆိုကြသဖြင့်ဒေါသဖြစ်ကြသည်။ ယခုကဲ့သို့ဖြစ်ခြင်းမှာ လူနာနှင့် ဆရာဝန်ကြားက ရိုးရှင်းသော အငြင်းပွားမှုမဟုတ်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ဒေါက်တာဝမ်ယွန်ဂျီမှာလျန်အင်ကင်းကို ခွဲစိတ်ကုသပေးခဲ့ရုံသာမက လျန်၏ ဝေဒနာကို ကြားဝင်ကုစားပေးရန်ကြိုးစားခဲ့သူသာဖြစ်သည်။

ဒေါက်တာဝမ် အသတ်ခံရပြီးအကာအကွယ်ပိုပေးရန် ဆေးရုံဝင်းအတွင်းလူအများအပြားပါဝင်ဆန္ဒပြခဲ့ကြပြီးနောက် ဒေါက်တာဝမ်၏စျာပနကို တက်ရောက်လိုသော လုပ်ဖော်ကိုင်ဖက်များ၏ အရေအတွက်ကို ဆေးရုံက ကန့်သတ်ခဲ့သည်ဟု မိသားစုကပြောပြသည်။

“လူတွေက နေ့တိုင်းပဲလာပြီး ဝန်ထမ်းတွေကို ဓားတွေနဲ့ ခြိမ်းခြောက်နေကြတာပဲလို့ ဆေးရုံက ကျွန်မတို့ကို ပြောတယ်” ဟု ဒေါက်တာဝမ်၏ညီမ ဝမ်ဟွေကျောင်းက ပြောသည်။

“ကျွန်မ အစ်ကိုဟာ ကျန်းမာရေးစနစ်အတွက် သေဆုံးခဲ့တယ်။ စနစ်က ကျိုးပဲ့ပျက်စီးနေလို့ သူ့အသက် ဆုံးရှုံးခဲ့တယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

## 7DAY BOOK REVIEW

# ဖွှန်ပန်းရုံမှာ ပွင့်တဲ့ ခရေဦး

**သင်းရီ**



ခရေပန်းရနံ့သင်းသင်းကို စာဖတ်သူ ရှူရှိုက်ဖူးပါလိမ့်မည်။ ထိုရနံ့က စာမျက်နှာပေါ်တွင် အစီအရီ ပုံနှိပ်ထားသည့် စာလုံးလေးများကို ဖတ်ရှုနေရင်းမှပင် ဆွတ်ပျံ့ဖွယ်၊ လွမ်းဆွတ်တသဖွယ်၊ ကြေကွဲဝမ်းနည်းဖွယ်တို့ ထုံမွှမ်းနေသည့် ရသစာပေ ခရေရနံ့တော့ဟုတ်ကောင်းမှ ဟုတ်ပါလိမ့်မည်။ ထိုခရေရနံ့ကို ရှူရှိုက်မိသည်နှင့် ကိုယ်တိုင်စီးမျောရ၏။ ကိုယ်တိုင်ခံစားရ၏။ ကိုယ်တိုင် မပါဝင်ချင်ဟု ငြင်းဆို၍ ရနိုင်အံ့မထင်။ တစ်ခါတစ်ရံ ကိုယ်တိုင်ပင် ခရေပွင့်တစ်ပွင့် ဖြစ်နေနိုင်သေးသည်။ ရသစာပေသည် နှလုံးသားကို ချဲ့ထွင်သည်ဟု ပညာရှင်တို့ဆိုကြ၏။ ရသစာပေက ညွှတ်နူးအောင် စွမ်းဆောင်နိုင်သည်။ စာနာနိုင်မှုကိုပေးသည်။ အတ္တကိုခွာချနိုင်သည်။ သို့သော်လည်း ရသစာပေဖတ်ရှုမှု နည်းပါးလာသလို ဖန်တီးနိုင်မှုကလည်း အားလျော့လာသည်။ ထိုရသကွက်လပ်ကို စာရေးဆရာသင်းရီက "ဖွှန်ပန်းရုံမှာပွင့်တဲ့ ခရေဦး" လုံးချင်းဝတ္ထုရှည်ဖြင့် တစ်စိတ်တစ်ပိုင်း ဖြည့်တင်းလိုက်သည်။

"ဝတ္ထုဆိုသည်မှာ စာရေးသူ၏ ရင်ကို ရိုက်ပုတ်ထိခတ်လာသည့် မေ့နိုင်ဖွယ်မရှိသော အဖြစ်မှန်အကြောင်းအရာများပေါ်တွင် အခြေခံလေ့ရှိတတ်ပါသည်။ သို့သော် ဝတ္ထုတစ်ပုဒ်ကို ရသမြောက်အောင် ဖန်ဆင်းရာ၌ အနုပညာဖြင့် ရက်ဖောက်ပြောက်မွမ်းထားခြင်းများ မလွဲမသွေပါဝင်နေခဲ့ပြီဖြစ်ခြင်းကြောင့် ဝတ္ထုကို အဖြစ်မှန်ဟုကား ယူဆ၍ မရနိုင်တော့ပါ။ ထိုကြောင့် "ဖွှန်ပန်းရုံမှာ ပွင့်တဲ့ခရေဦး"သည် သင်းရီ၏ ရင်မှဖြစ်သော အနုပညာပစ္စည်း သက်သက်မျှသာ ဖြစ်ပါကြောင်း" စာရေးသူက ဆိုထားသည်။

သို့သော်လည်း ဖြူနှင်းအိ၊ သက်နှင်းအောင်၊ တင်သူဇာ၊ ဇော်ဝင်းမောင်၊ မြမြလှိုင်ဆိုသည့် ဇာတ်ကောင်များ ကိုယ်တိုင် အသီးသီး ဇာတ်ကြောင်းပြောသူများအဖြစ် "ဖွှန်ပန်းရုံမှာ ပွင့်တဲ့ခရေဦး" ကို လှုပ်နိုးလိုက်သောအခါ ခရေဦးသည် လှုပ်ရှားလာသည်။ သွက်လက်လာသည်။ ဇာတ်ကောင်စရိုက်များ ရုန်းကြွလာသည်။ စာရေးသူ၏ အနုပညာ ဖန်တီးမှုကြောင့် စာဖတ်သူကိုယ်တိုင် တစ်ခါတစ်ရံ ဖြူနှင်းအိဖြစ်သွားသည်။ တစ်ခါတလေ သက်နှင်းအောင်ဖြစ်ရပြန်သည်။ နောက် တင်သူဇာ၊ ဇော်ဝင်းမောင်၊ မြမြလှိုင်...။

လသားအရွယ်ကပင် မိဘတို့ အိမ်ထောင်ရေးပြိုကွဲခဲ့၍ ဖခင်ဟု ခေါ်စရာမရှိတော့သော အသက်နှစ်ဆယ်ကျော်ကောင်မလေးတစ်ယောက် မိခင်အပျိုစင်ဘဝက ချစ်မြတ်နိုးခဲ့ဖူးသော အမျိုးသားတစ်ဦးကို ဖခင်ဟု ထင်မှတ်ရာမှ မိခင်ဆရာမ ဒေါ်တင်သူဇာ၊ ဖခင် ဦးဇော်ဝင်းမောင်၊ ဆရာမကို ချစ်ခဲ့မိသူ ကိုသက်နှင်းအောင်နှင့် ကိုသက်နှင်းအောင်၏ ဇနီး မြမြလှိုင်တို့ကြားတွင်ရှိခဲ့သော အတိတ်က ခရေဦးကို ပြန်လည်မွှေးကြိုင်စေသောအခါ ၅၂၈ နှင့် ၁၅၀၀ တို့ ထုံမွှမ်းသော အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်လာတော့သည်။

ယခုစာအုပ်သည် အပျော်ဖတ်လုံးချင်း ဝတ္ထုတွေကြား တစ်မျိုးတစ်ဖုံ ထွန်းလင်းတောက်ပနေသော လုံးချင်းဝတ္ထုစစ်စစ်တစ်ပုဒ် ဖြစ်သည်။ အပျော်ဖတ်ကားမဟုတ်။ ဝတ္ထုထဲမှာဘဝတွေပါသည်။ တစိမ့်စိမ့် ပြန်လည်တွေးတောစရာလေးများလည်း ပါသည်။ ဆိုရလျှင် တစ်မျိုးတစ်ဖုံ ကွဲထွက်နေသော လုံးချင်းတစ်ပုဒ်၊ ထိုလုံးချင်းဝတ္ထုထဲမှ စာရေးသူ၏ နှလုံးသားနှင့် အနုပညာ ပေါင်းစပ်ဖန်တီးမှုက စာဖတ်သူကိုယ်တိုင် ခရေဦး၏ ရနံ့ကို နမ်းရှိုက်ရင်း အာရုံငြိတွယ်သွားပါမည်။ စာအုပ်ကို လင်းလွန်းခင်စာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို တရားဝင်ရောင်းဝယ်ခွင့်ရှိတဲ့ အီရန်နိုင်ငံ

နှလုံး၊ ကျောက်ကပ်၊ အသည်း စသည့်ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ အစားထိုးခွဲစိတ်ရန်လိုသည့်အတွက် အခြားသူများထံမှ အလှူခံခြင်း မဟုတ်ဘဲ ငွေကြေးမက်လုံးပေး၍ ဝယ်ယူခြင်းများရှိလာရာ ကမ္ဘာတွင် တရားမဝင်ကိုယ်အင်္ဂါအစိတ်အပိုင်း ရောင်းဝယ်ဖောက်ကားမှုများ ခေတ်စားလာသည်။ ယင်းကို ကိုယ်အင်္ဂါကုန်သွယ်ရေး Organ Trade ဟုခေါ် ဆိုသည်။ ကမ္ဘာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တရားဝင်ရောင်း ဝယ်ခွင့်ပြုထားသော နိုင်ငံမှာ အီရန်တစ်နိုင်ငံတည်းသာရှိပြီး ကျန်နိုင်ငံများတွင် အလှူရှင်များထံမှ လက်ခံခြင်းမှအပ အရောင်းအဝယ်လုပ်ခြင်းများကို တားမြစ်ထားသည်။ သို့သော် အီရန်တွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရောင်းချခြင်းကို အစိုးရက စည်းမျဉ်းများဖြင့် ထိန်းချုပ်ထားပြီး လိုအပ်နေသူများထံ လှူလိုသူကပေးခြင်းကို ငွေကြေးသတ်မှတ်၍ ပေးချေစေခြင်းဖြစ်သည်။ အီရန်တွင် ကျောက်ကပ်လှူဒါန်းမှုတစ်ခုအတွက် အလှူရှင်များမှာ ပျမ်းမျှဒေါ်လာ ၁,၂၀၀ ခန့်ရသည်ဟုဆိုသည်။

—*Ref: Wikipedia*

# တစ်ပတ်တာကံကြမ္မာ

မတ်လ ၅ ရက်မှ ၁၁ ရက်အထိ

စံဇာဂျီဘို



**ARIES** မိဿရာသီဖွား (မတ် ၂၁-ဧပြီ၂၀)

အပြောင်းအလဲနှင့်တိုးတက်မှုရရှိမည်။ ကံသစ်ပွင့်သည်။ တိုးတက်မှုသစ်များဆက်တိုက်ရရှိလာမည်။ ကာလအတန်ကြာစောင့်ဆိုင်းနေသည့်အခွင့်အရေးများကိုလက်ဝယ်ပိုင်ပိုင်ရရှိမည်။ အပြောင်းအရွှေ့၊ အပြောင်းအလဲနှင့်တိုတက်မှုများပူးတွဲဖြစ်ပေါ်မည်။



**TAURUS** ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မြုပ်နေသောငွေများပြန်ပေါ်မည်။ ကြန့်ကြာနေသည်များလက်ဝယ်ပြန်ရမည်။ ခက်ခဲသောပြဿနာများဖြေရှင်းအဆင်ပြေမည်။ မိမိကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ ခရီးသွားခြင်း၊ ရပ်ဝေးနှင့်ဆက်သွယ်ခြင်းများမှအကျိုးကောင်းခံစားရမည်။



**GEMINI** မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အခက်အခဲများကျော်လွှား၍ အလုံးစုံအဆင်ပြေမည်။ စိတ်ကူးထားခြင်း၊ မျှော်လင့်ထားခြင်းမရှိက ထူးထူးခြားခြားငွေဝင်မှုနှင့်ကံကောင်းခြင်းများအိပ်မက်သဖွယ်ဖြစ်ထွန်းကိန်းရှိမည်။ လုပ်ငန်းလုပ်နေသူများအလုပ်တိုးတက်ခြင်း၊ ငွေဝင်ခြင်းကြုံမည်။



**CANCER** ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

တာဝန်ယူအာမခံထားသည့်ကိစ္စများအပေါ် စိတ်သောကဝင်ရမည်။ စာရွက်စာတမ်းအတုအယောင်များကိစ္စနှင့်ပတ်သက်ဆက်နွှယ်ပြီး စိတ်သောကရောက်တတ်သည်။ ငွေကြေးကိစ္စကြားဝင်၍ လျော်ရကိန်းကြုံမည်။



**LEO** သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ငွေရေးကြေးရေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများဖြေရှင်းရမည်။ နာမည်သိက္ခာထိခိုက်စရာများပေါ်တတ်သည်။ အန္တရာယ်ပေးမည့်သူများ၊ ဒုက္ခပေးမည့်သူများပတ်ဝန်းကျင်တွင်ပြည့်နေမည်။ အားငယ်သောမိမိအမှားကိုထောက်၍ပြဿနာရှာမည့်သူတွေ့မည်။



**VIRGO** ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလွန်ကောင်းသည်။ စိတ်ချမ်းသာမည်။ ရည်မှန်းချက်အောင်မြင်မည်။ ဆန္ဒရှိသည်များလုပ်လိုသည့်ကိစ္စများရှေ့တိုးလုပ်ကိုင်၍အကျိုးရှိမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စိတ်ချမ်းမြေ့စရာကြုံမည်။



**LIBRA** တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စဆောင်ရွက်ရန်အခါကောင်းကျရောက်သည်။ အမိဘက်မှဆွေမျိုးများနှင့်ပတ်သက်၍ ထူးခြားသောအခွင့်အရေးရရှိနိုင်သည်။ ပစ္စည်းများအလောတကြီးဝယ်ယူရန်မသင့်။ ပစ္စည်းအပျောက်အရှများတတ်သည်။



**SCORPIO** ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ငွေကြေးနှင့်ပတ်သက်သောကံ၊ အလုပ်ကိစ္စများ အပြည့်အဝအောင်မြင်မည်။ လုပ်ငန်းမရှိသူ၊ အလုပ်ရှာခြင်း၊ လျှောက်ခြင်းဖြင့် လက်ငင်းအကျိုးထူးခံစားရမည်။ ပေါ်လာသည့်အခြေအနေများကို အသုံးချ၍တိုးတက်မှုအဆင့်ဆင့်ရရှိသွားမည်။




**SAGITTARUS** ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကျန်းမာရေးဂရုစိုက်ပါ။ နားအူ၊ နားကိုက်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ အစာအိမ်ဒုက္ခပေးခြင်းဖြစ်တတ်သည်။ အချိန်ကိုက်စနစ်တကျစီမံထားသည်များ အလွဲလွဲအချော်ချော်ဖြစ်ကုန်မည်။ သူတစ်ပါးကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်းကြုံမည်။



**CAPRICORN** မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အပြောင်းအလဲများပြုသင့်သည်။ လမ်းသစ်ထွင်၍လုပ်သင့်သည်။ ပုံမှန်လုပ်နေသည့်အတိုင်းဆောင်ရွက်ကအကျိုးမရှိသည့်အပြင် နစ်နာဆုံးရှုံးမှုကြုံနိုင်သည်။ အရေးကြီးသည့်ဆုံးဖြတ်ချက်များချမှတ်ရမည်။ ပစ္စည်းအပျောက်အရှများမည်။



**AQUARIUS** ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ကျန်းမာရေးဂရုစိုက်ပါ။ အစားအသောက်များယွင်းမှုကြောင့် ရောဂါဖြစ်မည်။ အခွင့်အလမ်းနှစ်မျိုးနှစ်ခုတစ်ပြိုင်တည်းပေါ်က လုပ်ငန်းဟောင်းရပ်၍ လုပ်ငန်းသစ်စတင်ရခြင်းကြုံမည်။ ဆန့်ကျင်ဘက်ပြုသူများနှင့်တွေ့မည်။




**PISCES** မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

တလွဲတချော်ဖြစ်မည်။ စိတ်ကူးထင်မြင်တွက်ဆထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှုကပြောင်းပြန်ဖြစ်နေမည်။ အရည်အချင်း၊ ဉာဏ်စွမ်းမည်မျှရှိစေ၊ အရင်းအနှီးမည်မျှပိုင်ဆိုင်စေ လက်တွေ့လုပ်ငန်းများတွင်အသုံးမဝင်သလိုဖြစ်နေမည်။

7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014



# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၇၄)



## အလျားလိုက်

၄။ တန်ဖိုးရှိပစ္စည်းများ ခြေရာခံနိုင်သောပစ္စည်း
၇။ အာဇာနည်ကုန်းဗုံးခွဲမှု အသက်ဘေးမှ သီသီကလေးလွတ်မြောက်ခဲ့သောသမ္မတ
၉။ အမျိုးသားကဇာတ်ရုံတွင် ဆွေးနွေးမည့်သူ
၁၀။ တရုတ်နိုင်ငံကို မနှစ်မြို့ကြသူများ
၁၁။ သစ်မှောင်ခိုထုတ်ရာတွင် ပါဝင်ပတ်သက်သောအဖွဲ့
၁၂။ ကမ္ဘာလှည့်ခရီးသွားများ စီးနင်းသောသင်္ဘောတစ်စီး

## ဒေါင်လိုက်

၁။ ငါးပိချက် ချက်နိုင်သော အသီးတစ်မျိုး
၂။ အမေရိကန်နှင့် အိန္ဒိယကဗျာများကို ဝါသနာထုံသူ
၃။ ကလေးဝမြို့အနီး တံတားအထိုးခံရမည့်မြစ်
၅။ စင်ကာပူအခြေစိုက်သတင်းဌာန
၆။ မြို့အဖြစ်ပြောင်းရန် အဆိုပြုထားသော ကမ်းခြေဒေသ
၈။ ပရဟိတအဖွဲ့များ၏ ကူညီမှုရရှိသူ ကလေးငယ်များ


**Smart Dictionary ကံထူးသူ**

၁။ မမေဇင်ထွန်း၊ ၅/ငဇန(နိုင်)၀၆၅၇၅၇ သမဝါယမတက္ကသိုလ်၊ စစ်ကိုင်း။

**ကျန်အဖြေမှန်သူများ**

၂။ မောင်စိုးတင့်၊ ၉/မရတ(နိုင်)၁၂၈၂၄၇
၃။ စုယမင်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၄၆
၄။ ရွှေခရေဖူး၊ ၁၂/ရကန(နိုင်)၀၀၆၀၀၅
၅။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁
၆။ နေသူရိန်၊ ၁၃/တကန(နိုင်)၁၆၀၁၁၈
၇။ ဒေါ်ခင်သန်းနွယ်၊ ၉/ပမန(နိုင်)၀၈၄၀၀၃

**ပဟေဠိ အမှတ်စဉ်(၂၇၃)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................
**နေရပ်လိပ်စာ** ..............................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၉) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပညာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၇-၃-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**သင်ကြားပေးသည်**

၉၊ ၁၀ တန်း သင်္ချာ၊ ဓာတု၊ ရူပ၊ ထူးချွန်ရန် အိမ်လိုက်သင်သည်။ ဘာသာစုံ ဂိုက်သင်သည်။ ဦးအောင်နိုင်ဦး B.E (Mech)

ဖုန်း-၀၉ ၇၃၁၃၄၀၃၀

**သင်ကြားပေးသည်**

၈၊ ၉၊ ၁၀ Engilsh (Text, Grammar, Essay & Letter) (Grammar, Essay & Letter) သီးသန့်။ ဒေါ်စမ်းသီတာတင့် B.A(English) Hons:M.A, D.A(LCCI) & ACCA (Part II)

PH:09 5176453

**Teahcer Myo**

Grade X,XI, IELTS, Interview, IGCSE BCA (ALL Subjects) Home Service.

PH:09 5132373

**အရပ်မြင့်လမ်းညွှန်သင်တန်း**

အရပ်မြင့်မားလိုသူ ကျား၊ မများ အတွက် ဆေးဝါး၊ လေ့ကျင့်ခန်း၊ အစားအစာတို့ဖြင့် လမ်းညွှန်ပို့ချပေးပါမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**စီးပွားဖြစ် စားသောက်ကုန်သင်တန်း**

ကိတ်မုန့်၊ ပေါင်မုန့်၊ ပီဇာ၊ ရေခဲမုန့်၊ အချိုရည်မျိုးစုံ၊တရုတ်အစားအစာ၊ ကြေးအိုး၊ ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ ငါးကင်၊ ဒံပေါက်(အစိမ်းဖောက်) . . . (ပညာဒါန)

ဖုန်း-၀၁ ၄၀၀၁၆၃

**ကုသပေးသည်**

ဗောက်အလွန်ထူခြင်း၊ ဦးရေပြားမှိုစွဲခြင်း၊ ဆံပင်အလွန်ကျွတ်ခြင်းကြောင့် ထိပ်ပြောင်၊ ဆံပင်ပါး၊ ကျဲခြင်းများကို ချိုသာသောဈေးနှုန်းဖြင့် ထိရောက်စွာကုသပေးပါသည်။

ဖုန်း-၀၉ ၃၁၅၆၅၉၂၀

**ခိုင်စံဟိန်းဆေးခန်း**

သွားဘက်ဆိုင်ရာ ကုသမှုအမျိုးမျိုး၊ သွားမြစ်တုဖြင့် သွားတုတပ်ဆင်ခြင်းနှင့် မညီညာသော သွားများအား ပါရဂူမှပြုပြင်ပေးပါသည်။

ဖုန်း-၀၉ ၄၃၀၆၈၃၆၀

**FAMILY RESTAURANT**

တရုတ်ဟင်းလျာစားသောက်ဆိုင် ၄ရပ်ကွက်၊အမှတ်(၈၃၃)၊သုဓမ္မာလမ်းမ၊ မ/ဥက္ကလာပ။

**ဦးရာလူကိုပေးမည်**

အောက်ဖော်ပြပါ စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များအား ထုတ်ကုန်ပစ္စည်း အရည်အသွေးပိုမိုကောင်းမွန်ရန် အုပ်စုအလိုက် အကူအညီပေးမည်။ (အချိုရည်အုပ်စု၊ စည်သွပ်အုပ်စု၊ ငရုတ်ဆီအုပ်စု၊ ဘီစကွတ်အုပ်စု)

ဖုန်း-၀၉-၃၁၅၅၄၆၇၄

**ရောင်းမည်**

မ/ဥက္ကလာ၊ ရတနာကျွန်းရိပ်သာ ပေ (၆၀×၁၁၀)၊ (ညှိနှိုင်း)။

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၇၃၀၅၄၅၄၃

**ရောင်းမည်**

အင်းစိန်၊ အာလိန်ငါးဆင့်အနီး ပေ (၄၀×၁၂၀) သိန်း (၆၀၀၀)။

ဖုန်း-၀၉ ၂၅၀၀၇၀၂၁၉

**ရောင်းမည်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ သီရိနန္ဒာလမ်းပေါ်ရှိ ဘိုးဘွားပိုင်မြေ။

ဖုန်း-၀၉ ၇၃၂၃၂၈၈၉

**ရောင်းမည်**

မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပေ (၂၀×၆၀)၊ (ရေမီး) (ဂရန်မူရင်း) ၆ ကွေ့နှင့် နီး၊ တစ်ထပ်ပျဉ်ထောင်အိမ် ဈေး၊ကားမှတ်တိုင်၊ ကျောင်းနီး။ သိန်း(၃၇၀)။

ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

**ဝန်ထမ်းအလိုရှိသည်**

Assistant Production Manager
M (1) Post
HR Manager M/F (1) Posts
Sales/Marketing Manager
M/F (1) Post

PH:09 73192935

**ဝန်ထမ်းအလိုရှိသည်**

အချက်အပြုတ်ကျွမ်းကျင်
(ယိုးဒယား၊ တရုတ်၊ ရှမ်း)
မီးဖိုချောင်အကူ/ပန်းကန်ဆေး
စားပွဲထိုး/မုန့်ပို့
အအေးဖျော်ကျွမ်းကျင်

ဖုန်း-၀၁ ၅၃၅၃၅၀

**ဝန်ထမ်းအလိုရှိသည်**

WFP Myanmar is seeking the qualified candidates for the below.
Job Title – Programme officer (1) Post, Grade – NO.A, Duty Station– Maungdaw.
No.5, Kanbawza St, Shwe Taung Kyar 2 Ward, Bahan Tsp. email: wfpmyanmar.vacancy@wfp.org

**ဆောင်ရွက်ပေးသည်**

Internet ချိတ်ဆက်ထားသော Home or Small Office network များ စတင်တပ်ဆင်ခြင်း ပြုပြင်ထိန်းသိမ်းခြင်းများကို LSP များထက် ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးနေပါသည်။

ဖုန်း-၀၉ ၂၅၀၀၂၇၁၉၉

**နွေရာသီ(အထူး)**

မူကြို၊ မူလတန်း၊ အလယ်တန်း ကလေးများအတွက် ဘာသာစုံ(သို့) တစ်ဘာသာချင်းစီအထူး သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၀၀၅၀၃၀၁

**သင်ကြားပေးသည်**

Maths, Chemistry & Physics ထူးချွန်လိုသော Grade X& XI တပည့်များအတွက် တစ်ဦးချင်းဖြစ်စေ၊ ဝိုင်းဖြစ်စေ၊ အိမ်လိုက်သင်သည်။

ဖုန်း- ၀၉ ၇၃၁၄၂၀၂၀

**သင်ကြားပေးသည်**

၈၊ ၉၊ ၁၀တန်း အင်္ဂလိပ် Essay & Letter (သီးသန့်) ကိုယ်တိုင်ရေးတတ်အောင် လေ့ကျင့်သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၂၀၃၁၇၉၅၄

**ရိုက်ကူးပေးပါသည်**

အလှူ၊ မင်္ဂလာပွဲ၊ မွေးနေ့၊ တရားပွဲ၊ စာပေဟောပြောပွဲစသည်များကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသည်။ ဖုန်း-၀၉ ၄၅၀၀၄၅၆၂၇

**နားထောင်ပေးမည်**

မိမိတို့ဘဝအဆိုးအကောင်းအတွက် ရင်ဖွင့်စရာ၊ ပြောစရာလိုလျှင် နားထောင်ပေးမည်။ ပုဂ္ဂိုလ်ရေးလုံခြုံမှု အာမခံသည်။ (စေတနာကြေးဖြစ်ပါသည်။)

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**အာရုံကြောအားဆေး**

အာရုံကြောအားနည်းခြင်း၊ လေငန်း၊ လေဖြတ်၊ ထုံကျဉ်၊ ဒူးနာ၊ ခါးနာ၊ အကြောတက်ညောင်းညာ၊ ရုံးဝန်ထမ်းများအတွက် "ချိုးရာဇာ" အမှတ်တံဆိပ် အာရုံကြောအားဆေး။

ဖုန်း-၀၉ ၂၄၅၀၀၇၂

**အဆီကျဖျော်ရည်**

ကိုယ်ခန္ဓာတွင်းမှ အဆီပိုများကျစေပြီး သက်လုံကောင်းစေရန် အဆီကျဖျော်ရည်မှ ကူညီအားပေးမည်။ သဘာထွက်ဖြစ်၍ သောက်သုံးရန် အဆင်ပြေမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရောင်းမည်**

migun ကျန်းမာရေးစက်။

ဖုန်း- ၅၀၃၄၈၀

**ရောင်းမည်**

450 MHZ 49 ဖုန်း တစ်လုံးရောင်းရန်ရှိသည်။ ရောင်းဈေး (280000) ကျပ်။ အလျှော့အတင်းမရှိ။

ဖုန်း-09-256313917

**ရောင်းမည်**

လည်ပတ်နေသော အင်တာနက်ဆိုင်ရောင်းရန်ရှိသည်။ ကြည့်မြင်တိုင်၊ ဗိုလ်သူရလမ်း၊ ညဈေးအနီးလူစည်ကားသောနေရာတွင်တည်ရှိသည်။

ဖုန်း-၀၉ ၄၃၀၃၀၀၇၃

**ရောင်းမည်**

မြောက်ဥက္ကလာ၊ ၆ ကွေ့အနီး ရောရပ်ကွက်၊ အတွင်းမိန်းလမ်းမကြီးပေါ် (၂၀×၆၀) (ရေမီး) (ဂရန်မူရင်း) တစ်ထပ်ပျဉ်ထောင်၊ နေရာကောင်း၊ ဈေး၊ ကျောင်း၊ ကားမှတ်တိုင်အနီး။ သိန်း (၆၅၀)။

ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

**ရောင်းမည်**

တ/ဥ၊ (၁၂) ရပ်ကွက်၊ မာဃလမ်းမပေါ်၊ ပေ (၄၀×၆၀)၊ ဂရန်အမည်ပေါက်။ ဈေး-5500L။

ဖုန်း-၀၉ ၃၁၆၈၇၀၁၃

**ရောင်းမည်**

အမှတ် (၂၂)၊ လေးလွှာ၊ ကျောက်မြောင်းလမ်း၊ ပေ (၁၆x၆၅)၊ အခန်းနှစ်ခန်း၊ သံပန်းအပြည့်ပါ၊ အိမ်ရှေ့ခန်းပါကေးခင်း၊ ပြင်ဆင်ပြီး အသင့်တက်နေရုံ။ သိန်း (၆၃၀) ညှိနှိုင်းဈေး။

ဖုန်း-၀၉ ၇၃၁၉၇၇၄၂

**Living Real Estate Services**

အိမ်၊ ခြံ၊မြေနှင့် ပတ်သက်၍ ဝယ်မယ်/ရောင်းမယ်/ငှားမယ်ဆိုတဲ့ စိတ်ကူးလေးများရှိခဲ့လျှင် ရှင်သန်ခြင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဆက်သွယ်စေချင်ပါတယ်။ ဖုန်း- ၀၉ ၃၃၂၇၀၂၇၇

**AUNG BROTHER Groups**

လေအေးပေးစက်များကို ဝန်ဆောင်မှုပုံစံအမျိုးမျိုးဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။ ဖုန်း-၀၉ ၄၂၀၀၄၈၃၅၂

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| မန်နေဂျာ | ကျား (၁) ဦး |
| ရုံးဝန်ထမ်း | ကျား (၁) ဦး |
| အထွေထွေဝန်ထမ်း | ကျား (၁၀) ဦး |
| ယာဉ်မောင်း(ကျွမ်းကျင်) | ကျား (၃) ဦး |

ဖုန်း-၀၉ ၇၃၀၂၇၇၃၃

7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

စာမျက်နှာ (၂၃)မှ

## ဖောင်းတဲ့ဖားက ပိုဖောင်း ပြားတဲ့ဖားက ပိုပြား

ပထမဆုံးနိုင်ငံတကာအဆင့်မီစက်မှုဇုန်ကြီးက နှစ်လတာမျှအတွင်း ရန်ကုန်မြို့၏ စက်မှုဇုန်မြေဈေးကွက်ကို ထိုးဖောက်လာတော့မည့်အချိန်တွင် စက်မှုဇုန်မြေဈေးကျစေရန်ဟု အကြောင်းရှာ၍ ရန်ကုန်မြို့အနီးတစ်ဝိုက်၌ နောက်ထပ်နိုင်ငံတကာအဆင့်မီစက်မှုဇုန် အသစ်ကို မည်သူက တာဝန်ယူ၍ ဖော်ထုတ်မှာပါနည်း။ လိုအပ်ပါဦးမည်လော။ အိမ်ရာမြေကွက်စီမံကိန်းများနှင့် တန်ဖိုးနည်း၊ တန်ဖိုးလတ်အိမ်ရာများအတွက် ရန်ကုန်အနီးတစ်ဝိုက်ရှိ မြေကွက်များ အမြောက်အမြားလိုအပ်နေသည်ကိုလည်း မသိကြလေရော့သလား။ အချို့က မြို့သစ်များတွင် ကန်ထရိုက်လယ်မြေ (Contract Farming) ဟူ၍ ဧက ၅၀၀ မှ ၁၀၀၀ အထိ ရယူထားသော ကုမ္ပဏီကြီးများသည် မိမိတို့ အချောင်ရထားသည့် လယ်ယာမြေများကိုစက်မှုမြေဖြစ်အောင် ပူးပေါင်းကြံစည်နေကြသည်ဟု ဝေဖန်ပြောဆိုသံများကိုလည်း ကြားနေရ၏။ ဖောင်းသည့်ဖားများကို ပိုဖောင်းအောင်လုပ်မပေးကြပါနှင့် အိမ်ရာမဲ့များကို သနားတော်မူကြပါဦးဟု အယူခံဝင်လိုပါသည်။

အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်မှာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်ပထမခြောက်လပတ်အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီမှ လေ့လာသုံးသပ်၍ တင်သွင်းခဲ့သော အစီရင်ခံစာပင်ဖြစ်၏။ အဆိုပါအစီရင်ခံစာတွင် “မြန်မာနိုင်ငံ၏လက်ရှိပကတိအခြေအနေမှာ ငွေကြေးချမ်းသာသူများပို၍ ချမ်းသာခြင်း၊ ဆင်းရဲသူများပို၍ ဆင်းရဲခြင်း”ဟူသော အချက်ကို အတိအလင်းဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

ဒီမိုကရေစီနိုင်ငံကြီးများ၌ပင် စီးပွားရေး၊ လူမှုရေးမညီမျှမှုများအတွက် ပြည်သူတို့က တိုက်ပွဲဝင်နေကြဆဲဖြစ်ပြီး အစိုးရကလည်း မူဝါဒဖြင့် ထိန်းကျောင်းနေကြရဆဲဖြစ်ရာ စာရေးသူတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီသက်တမ်းနုနယ်သော နိုင်ငံတွင် ဆင်းရဲချမ်းသာကွာဟချက်များရှိနေသည်မှာ မဆန်းပါဟုဆင်ခြေပေးနိုင်၏။ သို့သော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းပြောသကဲ့သို့ ရှေ့တွင် ရောက်ရှိနေသော နိုင်ငံများ၏ အမှားများကို မိမိတို့က သင်ခန်းစာယူ၍ Late Corner advantage မည်သော “အကြံတူနောက်လူသာစမြဲ”ဖြစ်မည့် အခွင့်အရေးကို ယူတတ်ကြဖို့လိုပေသည်။

မိဘပြည်သူများကလည်း နိုင်ငံတော်အစိုးရကို ဒီမိုကရေစီကန့်လန့်ကာဖွင့်သည့်အချိန်မှ စ၍ စ၊ လယ်၊ ဆုံး သုံးပါးစလုံးခိုင်မာသန့်ရှင်းသော မူဝါဒများဖြင့် ထိန်းကျောင်းပေးနိုင်သော ဒါရိုက်တာကြီးဖြစ်စေချင်၏။ နိုင်ငံတော်တွင် ဆင်းရဲချမ်းသာကွာဟချက်ရှိသည်ကို လက်ခံပါသော်လည်းကွာဟချက်ပို၍ ပို၍ ကြီးထွားလာခြင်းမရှိအောင် ယခုထက် ထိထိရောက်ရောက်ဆောင်ရွက်ပေးစေချင်၏။ ဒဏ်ခတ်သင့်သော ပုဏ္ဏားကို ဒဏ်ခတ်စေချင်၏။ အခွန်နှင့် ပတ်သက်၍ “ရှောင်လိမ်”ကျင့်စဉ်သုံးစွဲခြင်း၊ သာဓကအနေဖြင့် ယခင်အစိုးရခေတ် ပြည်သူပိုင်မြေကွက်များ ရောင်းချမှု ကြွေးကျန်နှင့်အခွန်သင့်ငွေ ဘီလီယံ ၄၀၀ ကို ယနေ့အထိ သုံးနှစ်ကျော်မပေးဘဲနေခြင်းအား လုံးဝခွင့်မပြုခြင်း၊ ငွေကြေးခဝါချမှုများ ဖော်ထုတ်အရေးယူခြင်း၊ “တစ်မိုးလုံး ဖျောက်ဆိပ်”ဆိုသကဲ့သို့ ကုမ္ပဏီတစ်ခုတည်းကို လုပ်ငန်းနယ်ပယ်စုံ၌ ထပ်တလဲလဲ ကန်ထရိုက်ရယူခွင့်မပြုခြင်း၊ မလျော်ဩဇာသုံး၍လည်းကောင်း၊ လာဘ်ပေး၊ လာဘ်ယူပြု၍လည်းကောင်း လုပ်ငန်းကန်ထရိုက်ရယူကြောင်း တိုင်ကြားလာပါက အမှန်တရားပေါ်ပေါက်အောင် ဖော်ထုတ်အရေးယူခြင်း၊ တရားမဝင်ကုန်သွယ်မှုများကို ပြင်းထန်စွာ အရေးယူခြင်း၊ လုပ်ငန်း ကန်ထရိုက်များကို အောက်ကြေးနှင့် ရယူပိုင်ခွင့်မပြုခြင်း၊ မြို့ပြဒေသအဝန်းအဝိုင်းအတွင်းလယ်မြေဧက ၅၀၀၀ ကျော်ခန့်အထိ ချထားပေးခဲ့မှုများကို ပြန်လည်စိစစ်ရုပ်သိမ်းခြင်းစသည့်စသည့်အချက်များကို ဦးစားပေးအရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ပါသည်။

သို့မှသာ “Littel For many, much for few”ဟူသော မညီမျှမှုကို ဖယ်ရှားပြီး “Little for few, much for many”ဟူ၍ လူနည်းစုအတွက် ဝေစုနည်းပြီး လူများစုအတွက် ဝေစုများသော စီးပွားရေး၊ လူမှုရေးအခွင့်အရေးမျှတမှု အခြေခံကောင်းများ တည်ဆောက်မှုလမ်းကြောင်းသို့ ရှေးရှုလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

## JOKE

### ကျွန်တော့်နေရာမှာဆိုရင်

အမျိုးသားတစ်ဦးဘားတစ်ခုထဲဝင်လာပြီး ဘားကောင်တာမှ လူကို အရက် ခုနစ်ခွက်တစ်ပြိုင်နက်တည်းထည့်ခိုင်းသည်။ အရက်ခုနစ်ခွက်ငှဲ့ပြီးချိန်မှာပင် အမျိုးသားက တစ်ခွက်ပြီး တစ်ခွက်ဆက်တိုက်သောက်ပစ်လိုက်ရာ ဘားတာဝန်ခံက “ဟေ့လူ ဘယ်လိုဖြစ်တာလဲ။ ယတြာချေတာလား။ ဒါလောက်တောင် အလောတကြီးဖြစ်နေတာ”ဟုပြောရာ အမျိုးသားက “နောင်ကြီးလည်း ကျွန်တော့်နေရာမှာဆိုရင် ကျွန်တော့်လိုပဲ လုပ်မှာပဲ”ဟု ဆိုရာ ဘားတာဝန်ခံက “ခင်ဗျားမှာ ပိုက်ဆံဘယ်လောက်ပါသလဲ”ဟု မေးရာ အမျိုးသားက “ဟီး...ဟီးကျွန်တော့်အိတ်ကပ်ထဲမှာ ပိုက်ဆံတစ်ဒေါ်လာပဲပါတယ်”ဟု ပြောကာ တစ်ဒေါ်လာတန် တစ်ရွက်ထုတ်ပေးပါတော့သည်။

### စိတ်မပူပါနဲ့

ဆူဆန်၏ ငါးနှစ်အရွယ်သားငယ် ဂျွန်တစ်ယောက် သူငယ်ချင်း စတီဗင် အိမ်မှပြန်လာပြီး စတီဗင်တို့အိမ်ဧည့်ခန်းတွင် ဘောလုံးကန်ရင်း မီးအုပ်ဆောင်းတစ်ခုကွဲအောင်လုပ်ခဲ့ကြောင်း ဝန်ခံသည်။ ယင်းနောက်ဂျွန်က “ဒါပေမဲ့ အဲဒါကို မေမေပြန်ဝယ်ပေးရမှာကိုတော့ မပူနဲ့မေမေ။ စတီဗင်မေမေပြောတာ အဲဒါမျိုးနောက်တစ်ခုမရှိဘူးတဲ့”ဟု ပြောပါသည်။

စာမျက်နှာ (၂၆)မှ

## တရားခံစစ်စစ်အမြစ်ကရှာဖွေ...ဖြတ်ကြမှ နောင်တာရှည်

သူ့အိမ်ထဲ ဝင်ရှာသည့်အခါ အဖိုးတန်ကြွေသားရုပ်တုတွေနှင့် ဇိမ်ခံအရက်ပုလင်းသေတ္တာပေါင်းများစွာကိုလည်းတွေ့ရှိခဲ့သေးသည်တဲ့။ ကျွန်တော်ဖတ်ဖူးသည်။

တချို့ အဂတိမှုတွေဆို သေဒဏ်ပင်ပေးပြီး စစ်ဆေးစီရင်နေသည့် တစ်ပါတီအာဏာရှင်ကွန်မြူနစ်ဟု နာမည်ခံထားသော တရုတ်နိုင်ငံထဲမှ ဗိုလ်ချုပ်ကြီးကပင် အဲသည်လောက်ဆိုသည့်အခါ အကြွင်းမဲ့အာဏာကို ပိုင်ပိုင်နိုင်နိုင်သုံးခွင့်ရခဲ့ကြသည့် ကျွန်တော်တို့နိုင်ငံမှ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကလေးများကို ‘ရွှေကျမ်းရွက်လို့ ကျိန်ပ့ါမယ်ကွယ်’ ဆိုသည့်သီချင်းလေးများဆိုရဲကြသလား မေးချင်သည်။

သို့သော် သူတို့ကိုကျွန်တော်အပြစ်မပြောလို။ လုပ်ခွင့်ရှိအောင် ဖန်ဆင်းပေးထားသည့် စနစ်ကိုသာ ပြောသည်။ အားလုံးသည် ထိုစနစ်ထဲမှ သားကောင်တွေ ဖြစ်ခဲ့ကြသည်။

ထို့ကြောင့် အဲသည်စနစ်မျိုး ကျွန်တော်တို့ နိုင်ငံထဲတွင် နောက်တစ်ကြိမ်ပြန်ပေါ်မလာအောင် ကျွန်တော်တို့အားလုံးကြိုးပမ်းနေကြခြင်းဖြစ်သည်။

ပြည်ခိုင်ဖြိုးမှ ပုဂ္ဂိုလ်၏ အင်တာဗျူးတွင် ပုတ်ပုတ်ခတ်ခတ်ပြောထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦးကလည်း စစ်အာဏာရှင်၏ လက်အောက်တွင် နယ်ရုပ်ကြီးတစ်ရုပ်ဖြစ်ခဲ့ဖူးသည်ပဲ။ သို့သော် သူကတော့ ထိုစစ်အာဏာရှင်လက်အောက်၌ တာဝန်ထမ်းဆောင်စဉ်က အမှားများကျူးလွန်မိခဲ့ပါကြောင်းထုတ်ဖော်တောင်းပန်ခဲ့ဖူးသည်။ အခြားဘယ်သူ့အပေါ်ကို မျှလွှဲမချဘဲ ယောက်ျားပီသစွာ သူမှားခဲ့ကြောင်း ရိုးသားစွာဝန်ခံခဲ့ဖူးသည်။

ခပ်စောစောပင် ကွယ်လွန်သွားခဲ့ရရှာသူ ကာကွယ်ရေးဦးစီးချုပ်ဟောင်းဦးစောမောင်သာ ခုလိုပွင့်လင်းလာချိန်ထိ ကျန်းကျန်းမာမာရှိခဲ့လျှင် သူ့မှာလည်းပြောချင်စရာတွေ ဝန်ခံချင်စရာတွေရှိမည်အသေအချာဟု ထင်သည်။

တကယ်တော့ စစ်အာဏာရှင်စနစ်ကသာ လူတွေကိုတရားခံဖြစ်အောင် ဖန်ဆင်းခဲ့ခြင်းဖြစ်လျက်ထို စစ်အာဏာရှင်စနစ်ကြောင့်ပင်မြန်မာ့တပ်မတော်ကြီးတစ်ခုလုံးကိုပြည်သူတွေက အော့နှလုံးနာစရာကြီးအဖြစ် မြင်စရာအဖြစ်တွေဖြစ်ခဲ့ကြခြင်းဖြစ်သည်။

မုန်းတီးရွံရှာအော့နှလုံးအနာခံရသည့်အထဲတွင်မှာမှ အနစ်နာဆုံးကမူ အမိန့်ကိုသာနာခံကြရရှာသည့် အောက်ခြေမှ တပ်သား၊ တပ်ကြပ်၊ ဗိုလ်လေး၊ ဗိုလ်ကြီး၊ ဗိုလ်မှူးလေးတွေဖြစ်သည်။ သူတို့တွေမှာ ပြည်သူတွေ၏ အော့နှလုံးနာခြင်းကိုသာခံကြရသော်လည်း ဗိုက်ကမူဖောင်းခွင့်မရခဲ့ကြ။

တွေးရင်းနှင့် ဟိုတစ်လောကဖတ်မိခဲ့သည့် ကာတွန်းတစ်ပုဒ်ဆီစိတ်ရောက်သွားသည်။ ဖောင်းကားနေသည့် ဗိုက်ပေါ်မှ သေနတ်ဒဏ်ရာကို လှန်ပြပြီးတိုင်းပြည်ကို အဲသည်လောက် သက်စွန့်ဆံဖျားချစ်ခဲ့သည့်အကြောင်း လူတောမှာဂုဏ်ဖော်နေသည့်တပ်မတော်အငြိမ်းစားသူရဘွဲ့ပိုင်ရှင်ကြီးတစ်ယောက်၏ ခြေရင်းမှာ ခြေတစ်ဖက်ပြတ်နေသော ချိုင်းထောက်နှင့်စစ်သားဟောင်းလေးကမော့ကြည့်နေသည့် ကာတွန်းပုံဖြစ်၏။ ရေးထားသည့် စာက “သူရတဲ့ သူရဘွဲ့”ဟုဖြစ်သည်။ ခြေတစ်ဖက်ပြတ်စစ်သားဟောင်းလေးအတွက် ရင်ထဲမှာ နင်နေသလို ခံစားမိရသည်။ တစ်ဆက်တည်းလည်း စောစောကမှ တံခါးဝတွင် ခါးခါးသီးသီးပြောအလွှတ်ခံလိုက်ရသော စာအုပ်လေးတွေလည်ရောင်းကာ ဝမ်းစာရှာရသည့် ခြေတစ်ဖက်ပြတ် စစ်သားဟောင်းလေးကို ပြန်သတိရမိပြန်သည်။

ရပ်မနေသည့်အတွေးက ထပ်ပြီး ကြွက်မြီးတန်းပြန်တော့ မကြာသေးခင်ရက်ထဲကမှ ဖေ့စ်ဘွတ်ခ်စာမျက်နှာတစ်ခုတွင် ‘ထူးဝေ’ဆိုသည့် ဗိုလ်ကြီးတစ်ဦးသူတွေ့ကြုံခဲ့ပုံလေးကို ပြန်ရေးပြထားသော စာတစ်ပိုဒ်နှင့် ဓာတ်ပုံလေးကို သတိရမိပြန်၏။

သူတင်ထားသည့် ဓာတ်ပုံလေးထဲတွင် ဘယ်ခြေတစ်ဖက်ပြတ်နေသော ချိုင်းထောက်နှစ်ဖက်ထောက်စစ်ယူနီဖောင်းဝတ်စစ်သားဟောင်းလေးတစ်ယောက် ကားကြိုကားကြားတွင် လမ်းလျှောက်နေသည်။

“ကျွန်တော် တပ်ထွက်ပါဗိုလ်ကြီး။ နောင်ချိုတပ်ကပါ။ အခု ခုတင်ခုနစ်ရာမှာ ခြေတုလဲဖို့ လပွတ္တာကနေလာတာပါ။ ကျွန်တော်အခု ထမင်းမစားရတာ နှစ်ရက်လောက်ရှိနေလို့ပါ။ ကျွန်တော်ခုလိုပြောရတာလည်း ဗိုလ်ကြီးက ယူနီဖောင်းနဲ့မို့ လာပြောရဲတာပါ။ တခြားလူတွေကို ပြောရင် သူတောင်းစားထင်ကြမှာစိုးလို့ပါ။ ကျွန်တော် လပွတ္တာက ရွာဘက်မှာလယ်စောင့်ပေးပြီး ထမင်းစားရပါတယ်။ ခုလည်းကျွန်တော်ပိုက်ဆံတောင်းတာမဟုတ်ပါဘူး။ ဗိုလ်ကြီးကျွန်တော့်ကို ထမင်းလေးကျွေးရင် ဝမ်းသာလှပါပြီဗိုလ်ကြီးရယ်..”

ချိုင်းထောက်နှင့် စစ်သားဟောင်းလေးပြောသည့်စကားက နှလုံးသားရှိသည့်ဗိုလ်ကြီးထူးဝေ၏ရင်ကိုတည့်တည့်မှန်လိုက်ပုံရသည်။ ဗိုလ်ကြီးထူးဝေလည်းမရှိမဲ့ရှိမဲ့ တတ်နိုင်သလောက်လေးထဲမှ ငွေတစ်သောင်းကို ထမင်းဖိုးပေးကာ သတိဆွဲပြီး ဒုက္ခိတတပ်သားဟောင်းလေးကို အလေးပင်ပြုလိုက်မိပါသေးသည်ဟု ရေးထားသည့် စာပိုဒ်လေးဖတ်လိုက်ရတော့ ရဲဘော်ရဲဘက်ချင်း စာနာတတ်သူ၏ နှလုံးသားကို မုဒိတာပွားမိရလိုက်သေးသည်။

အတွေးကဆက်ရွေ့နေပြန်သည့်အခါ နေပြည်တော်ရုံးတစ်ရုံးတွင် လုံခြုံရေးလုပ်သားလုပ်ပြီး ဝမ်းကျောင်းနေရသည့် ကျွန်တော့်မိတ်ဆွေစစ်ထွက်ရဲဘော်ဟောင်းကြီး မကြာသေးခင်ရက်ကမှ ကျွန်တော့်ကိုပြောသည့် စကားလေးတွေနားထဲပြန်ကြားယောင်လာမိပြန်သည်။

“ကျွန်တော်တို့လို အောက်ခြေကတပ်ထွက်စစ်မှုထမ်းဟောင်းတွေရဲ့ ဘဝတွေဆိုတာကကြိတ်စက်ထဲက ထွက်ကျလာတဲ့ကြံကြိတ်ဖတ်တွေလိုပါပဲဗျာ။ အခွံချည်းကျန်တဲ့ဘဝမျိုးတွေပါ။ တပ်ကလည်းထွက်ရောနေစရာအိမ်ကမရှိ။ ရတဲ့ပင်စင်လေးကလည်းဆန်ဖိုးတောင်မှ မလောက်ဆိုတော့ ရရာအလုပ်ကောက်လုပ်ကြရတဲ့အခါ ယဉ်အောင်ခေါ်တော့ လုံခြုံရေးဝန်ထမ်းပေ့ါဗျာ။ အဲဒီ ဒရဝမ်အလုပ်လိုဟာမျိုးကိုတောင်မှ ကံကောင်းမှရတာမျိုးပါ။ ဘယ်သူကမှလှည့်ကြည့်တာမျိုးမဟုတ်ဘူး။ တပ်ကိုမုန်းနေတဲ့ပြည်သူကိုမပြောနဲ့ ကိုယ့်စစ်ထွက်ချင်းကတောင်မှ အပေါ်ဆင့်ကလူက အောက်ကလူကို ဂရုတစိုက်ဆိုတာမျိုးကမရှိသလောက်ရှားရှားပါဗျာ။ ဟိုတစ်လောက ကျွန်တော့်အလုပ်ဌာနမှာ ညွှန်မှူးလုပ်နေတဲ့ ဗိုလ်မှူးဟောင်းက သူမေးတာမသိရကောင်းလားဆိုပြီး ကျွန်တော့်သမီးလေးကို တေတေတာတာနဲ့ဆဲတာဗျာ...သမီးလေးဆိုတာ ငိုလိုက်တာလေ..မပြောပါနဲ့တော့ ကိုယ့်ဆရာရယ်.. ဒီတော့ ကျွန်တော်တို့လို တပ်ကအနားယူလာခဲ့ကြသူတွေအဖို့ကတော့ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့တို့ဘာတို့ဆိုတာလည်း ဟန်ပြလောက်ပဲလုပ်ကြတာပါဗျာ။ တကယ်တမ်း အောက်ခြေကနေ အသေအကျေနဲ့ ခိုင်းတိုင်းလုပ်လာခဲ့ကြရတဲ့ ကျွန်တော်တို့တွေအဖို့ကတော့ ဆင်နင်းထားတဲ့ယပ်တောင်လိုပါပဲ”

ကျွန်တော့် မိတ်ဆွေ၏စစ်သားဟောင်းကြီးကတော့ နှလုံးသားမပါသည့် လူ့ငှက်ပျောတုံးလိုဟာမျိုးနှင့် ကြုံခဲ့ရပုံရသည်။

တကယ်တမ်းစဉ်းစားကြစို့ဆိုတော့ အားလုံးဟာစစ်အာဏာရှင်စနစ်အောက်တွင် စစ်အာဏာရှင်စနစ်သက်ဆိုးရှည်အောင် စတေးခံခဲ့ကြရသူတွေချည်းဖြစ်သည်။

ဒါကို ပြည်ခိုင်ဖြိုးက ဟိုပုဂ္ဂိုလ်လည်း သဲသဲကွဲကွဲမြင်ရဲပုံမရတော့ အချင်းချင်းတွေလှည့်တုတ်ရင်းပတ်ဝန်းကျင်ကိုပါ ရမ်းသည်။

ကျွန်တော့်မိတ်ဆွေကလည်း ဆင်းရဲလွန်းလို့မျက်နှာအောက်ချပြီး စာအုပ်လိုက်ရောင်းရရှာသည့် ဒုက္ခိတရဲဘော်ဟောင်းလေးကို ခါးခါးသီးသီးလုပ်လွှတ်သည်။

သည်တစ်ခါဆုံလျှင်တော့ စနစ်နှင့်လူကွဲအောင် ကျွန်တော့်မိတ်ဆွေကိုပြောရပါဦးမည်။ စိတ်ထဲတွင်တော့ ဂီတပြဇာတ်စာဆိုကြီး ဘဘ ‘ဘိုကလေးတင့်အောင်’ ရေးပြီး အဆိုတော်ကြီးကိုမင်းနောင်ဆိုခဲ့သည့် ‘ဂျင်မလေးဂျမ်း’ သီချင်းအဆုံးစာသားလေးကို ဆိုလိုက်ချင်ပါသေးသည်။

“တရားခံစစ်စစ် အမြစ်ကရှာဖွေဖြတ်ကြမှ နောင်တာရှည်”။

Environment

7 DAY NEWS JOURNAL

Vol.13, No.1 • MARCH 5 , 2014




*ကျိုက်ထီးရိုးတွင် တားမြစ်ထားသောစာချိတ်ထားသည့်ဆိုင်*

ဓာတ်ပုံ – ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်း ဖေ့စ်ဘွတ်ခ်

# တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်အသားများ မရောင်းရန် ကျိုက်ထီးရိုးတောင်တွင် ပညာပေး

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မတ်-၁**

ကျိုက်ထီးရိုးတောင်တွင် တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်အသားများ မရောင်းချရန် ကျိုက်ထီးရိုးတောင်တန်းချစ်သူများ အဖွဲ့က ပညာပေးလှုပ်ရှားမှုများလုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

ကျိုက်ထီးရိုးတောင်ပေါ်နှင့် တောင်ခြေရှိ စားသောက်ဆိုင်အချို့တွင် တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်အသားများ မရောင်းချရန် ဆိုင်းဘုတ်များကို စားသောက်ဆိုင်များတွင် ချိတ်ဆွဲမှုများ ပြုလုပ်ခဲ့ကြောင်း ကျိုက်ထီးရိုးတောင်တန်းချစ်သူများအဖွဲ့မှ ကိုမျိုးမျိုးက ပြောသည်။

ယင်းပညာပေးဆိုင်းဘုတ်များကို ကျိုက်ထီးရိုးတောင်ပေါ်ရှိ စားသောက်ဆိုင် ၁၀ ဆိုင်၊ ရသေ့တောင်တွင် သုံးဆိုင်၊ ကျိုးကန်းပါးစပ်တွင် ငါးဆိုင်၊ ကင်ပွန်းစခန်းရှိ ဆိုင် ၄၀ တို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

''ကျိုက်ထီးရိုးတောင်မှာ ဘေးမဲ့ကြိုးဝိုင်းလည်း ရှိတယ်။ တောင်ပေါ်မှာလည်း ဂျီသား၊ ဆတ်သားတွေ ရောင်းတာရှိတယ်။ အမှန်က ဒီအကောင်တွေက ရှားသွားပြီဖြစ်တဲ့အတွက် ပညာပေးလုပ်တာ'' ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ကျိုက်ထီးရိုးတောင်ပေါ်တွင် ယခင်ထက် လူနေထိုင်မှုများပြားလာခြင်းကြောင့် တောပြုန်းတီးမှုများ ဖြစ်ပေါ်နေပြီး အမှိုက်စွန့်ပစ်မှုများလည်း များလာသည်ဟု ဒေသခံများက ပြောသည်။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဘေးမဲ့တောတွင် တောင်ဆိတ်၊ ပြောင်၊ မျောက်၊ ဆတ်၊ ဂျီနှင့် ငှက်များ နေထိုင်ကျက်စားလျက်ရှိသည်။

# ပလိပ်အင်းရေတိမ်ဒေသရှိ ဆောင်းခိုငှက်များကို ငှက်မုဆိုးများ နေ့စဉ် ဖမ်းဆီးသတ်ဖြတ်နေ

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မတ်-၁**

မန္တလေးမြို့ရှိ ပလိပ်အင်းရေတိမ်ဒေသတွင် လာရောက်ကျက်စားသည့် ဆောင်းခိုငှက်များကို ငှက်မုဆိုးများက နေ့စဉ်ဖမ်းဆီးသတ်ဖြတ်မှုများနေကြောင်း သတင်းရရှိသည်။

ပလိပ်အင်းတွင် လာရောက်ကျက်စားသည့် ဆောင်းခိုငှက်များကို ရေကျချိန်ဖြစ်သည့် ဖေဖော်ဝါရီမှစ၍ ဒေသခံ ငှက်မုဆိုးများက အစာတွင် အဆိပ်ထည့်ကျွေး၍ နေ့စဉ်ဖမ်းဆီးသတ်ဖြတ်လျက်ရှိကြောင်း ပလိပ်အင်းချစ်သူများအသင်းမှ ဦးတင်မွေးက ပြောကြားသည်။

ပလိပ်အင်း ရေတိမ်ဒေသတွင် ဆောင်းခိုငှက်နှင့် ဒေသခံငှက်များကို သတ်ဖြတ်ခြင်းမပြုရန် သတိပေး ဆိုင်းဘုတ်များထားရှိသော်လည်း လူနည်းပါးသည့် နံနက်အချိန်များတွင် လာရောက်ဖမ်းဆီးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

''ငှက်မုဆိုးတွေက မနက်ပိုင်းဆို အင်းထဲလာပြီး အစာကျွေးအဆိပ်ထည့်ပြီး လာဖမ်းနေတာ။ ပြီးရင် အိတ်တွေနဲ့ သယ်သွားကြတာ နေ့စဉ်ပဲ'' ဟု ဦးတင်မွေးက ပြောသည်။

ထိုသို့ ဖမ်းဆီးမှုများ လျော့နည်းစေရန် ပလိပ်အင်းချစ်သူများအသင်းက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငှက်ဖမ်းသမားများရှိသော ရွာများသို့ သွားရောက်ကာ ပညာပေးမှုများပြုလုပ်မည်ဟု ဆိုသည်။

''ငှက်ဖမ်းတဲ့ သူတွေကလည်း စားဝတ်နေရေးကြောင့် လုပ်တာဖြစ်တဲ့အတွက် သူတို့ကို အရင်စည်းရုံးဖို့ လိုမယ်။ အဆိပ်ချတာ ဟုတ်၊ မဟုတ်ကိုလည်း စစ်ဆေးဖို့လိုမယ်'' ဟု မြန်မာနိုင်ငံ ငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း ဒုဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ မြွေဘုရားအနီးတွင် တည်ရှိသည့် ပလိပ်အင်းရေတိမ်ဒေသတွင် ဆောင်းခိုငှက်များသည် နိုဝင်ဘာမှ မတ်လအထိ လာရောက် ကျက်စားလေ့ရှိကြောင်း သိရသည်။






Tourism
7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ပြည်တွင်းရှိ ခရစ်ယာန်ဘာသာဝင်များအတွက် အစ္စရေး၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံများသို့ ခရီးစဉ်များ စီစဉ်ပို့ဆောင်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မတ်- ၁**

ပြည်တွင်းရှိ ခရစ်ယာန်ဘာသာဝင် ဘုရားဖူးသွားလိုသူများအတွက် အစ္စရေး၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံများသို့ ဧပြီလအတွင်း၌ ၁၂ ရက် ခရီးစဉ်အနေဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း Business Plus Travel and Tours တာဝန်ခံကိုအမ်ဒရူးကပြောသည်။

"အဓိကရည်ရွယ်တာကတော့ ပြည်တွင်းမှာရှိတဲ့ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ ခရစ်ယာန်တို့ရဲ့ မြင့်မြတ်တဲ့ နေရာတွေရှိတဲ့ ဒီသုံးနိုင်ငံကို ရောက်ဖူးအောင်လို့ ပို့ပေးတဲ့သဘောပါ။ ဥရောပနိုင်ငံတွေက လူတွေဆိုရင် မရောက်ဖူးတဲ့သူတွေ ရှားကတယ်။ မြန်မာနိုင်ငံကတော့ ရောက်ဖူးတဲ့သူ နည်းသေးတယ်" ဟု ကိုအမ်ဒရူးက ရှင်းပြသည်။



ဓာတ်ပုံ– israelmybeloved.com

အရှေ့အလယ်ပိုင်းဒေသများဖြစ်သည့် အစ္စရေး၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်မည်ဆိုပါက ဧပြီ ၁၄ ရက် မှ ၂၅ ရက်အထိ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ယေရှုခရစ်လက်ဝါးကပ်တိုင်ထမ်း၍ လမ်းလျှောက်ခဲ့သော ကရာနီလမ်း၊ ဂျေရုဆလင်၊ ဗက်လင်၊ နာဇရက်နှင့် ခရစ်ယာန်ဘာသာ၏ နာမည်ကြီးနေရာများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၃၀၀ ပေးရမည်ဖြစ်သည်။

"ဗုဒ္ဓဘာသာဝင်တွေအတွက် ဗုဒ္ဓဂယာကို ဘုရားဖူးသွားကြသလိုမျိုး ခရစ်ယာန်ဘာသာဝင်တွေအတွက်ကိုလည်း ဘုရားဖူးခရီးစဉ်ပို့ပေးတဲ့ သဘောပါ" ဟု ကိုအမ်ဒရူးက ရှင်းပြသည်။

Business Plus Travel and Tours ခရီးသွားလုပ်ငန်းသည် အဆိုပါခရီးစဉ်အား တစ်နှစ်လျှင် ခုနစ်ခေါက်ခန့် ပို့ဆောင်ပေးလျက်ရှိပြီး အစ္စရေးနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့မှ လုံခြုံရေးအခြေအနေကောင်းသော်လည်း အီဂျစ်နိုင်ငံမှာမူ နိုင်ငံရေးမငြိမ်သက်မှုများကြောင့် အချို့ခရီးစဉ်များတွင် နှစ်နိုင်ငံကိုသာ ပို့ဆောင်ပေးခဲ့ရသည်ဟု ဆိုသည်။

ပြည်တွင်းရှိ ခရစ်ယာန်ဘာသာဝင်အများစုမှာ တိုင်းရင်းသားများဖြစ်သည့်အတွက် အဆိုပါခရီးစဉ်သို့ သွားရောက်သူအများစုမှာလည်း တိုင်းရင်းသားများသာဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာဝင်ပေါင်း သုံးသန်းကျော်ရှိပြီး အဆိုပါခရီးစဉ်သို့ သွားရောက်ဖူးသူမှာ ၃၀၀ ခန့်သာ ရှိသေးကြောင်း သိရသည်။

# ချောင်းသာကမ်းခြေရှိ တရားမဝင် တည်းခိုခန်းများ အရေးမယူပေးပါက နေပြည်တော်ဝန်ကြီးရုံးသို့ တိုင်ကြားမည်ဟုဆို

**နိုင်လင်းအောင်**

**ရန်ကုန်၊ မတ်-၁**

ချောင်းသာကမ်းခြေတွင် တရားမဝင်ဖွင့်လှစ်ထားသည့် တည်းခိုခန်းများကြောင့် တရားဝင်ဖွင့်လှစ်ထားသည့် တည်းခိုခန်းများ ဝင်ငွေထိခိုက်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်၍ အရေးယူပေးခြင်းမရှိပါက နေပြည်တော်ဝန်ကြီးရုံးသို့ တိုက်ရိုက်တင်ပြမည်ဖြစ်ကြောင်း ချောင်းသာတည်းခိုခန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအားရွှေက ပြောသည်။

"ဒီကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဝန်ကြီးချုပ်တို့ဆီမှာ တင်ပြထားတာ ခြောက်လလောက်ရှိနေပြီ။ ဝန်ကြီးချုပ်ကိုယ်တိုင် လာပြီးတော့ ကြည့်ခဲ့ပေမယ့် အခုအချိန်ထိ ဘာမှအကြောင်းထူးမလာသေးဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ဆောင်မပေးဘူးဆိုရင်တော့ နေပြည်တော်ဝန်ကြီးရုံးအထိ တင်ပြသွားဖို့ပဲ ရှိတော့တယ်"ဟုဦးအားရွှေကပြောသည်။

ချောင်းသာကမ်းခြေတွင် တရားမဝင်တည်းခိုခန်းများသည် ပြီးခဲ့သည့်နှစ်မှစ၍ များပြားလာခဲ့ပြီး လက်ရှိတွင် တည်းခိုခန်း၊ အခန်းအရေအတွက် ၂၀၀ ကျော် ရှိလာသည့်အတွက် တရားဝင်ဖွင့်လှစ်ထားသည့် တည်းခိုခန်းများ ဝင်ငွေထိခိုက်လာပြီး အချို့တည်းခိုခန်းများတွင် ဝန်ထမ်းလျှော့ချနေရသည့် အခြေအနေတွင်ရှိနေကြောင်း ချောင်းသာတည်းခိုခန်းလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

"အခုလို တရားမဝင်တည်းခိုခန်းတွေ များလာတာကြောင့် တည်းခိုခန်းလုပ်ငန်းရှင်တွေရဲ့ ဝင်ငွေ ၇၀ ရာခိုင်နှုန်းလောက်ကို ထိခိုက်နေတယ်။ အခုလိုဖြစ်နေတာကို ဘာမှမလုပ်ဆောင်နိုင်သေးတဲ့အတွက် ကျွန်တော်တို့ တည်းခိုခန်းလုပ်ငန်းရှင်များ အသင်းကိုပဲ လာပြောကြတဲ့အတွက် အမြန်ဆုံးလုပ်ဆောင်သွားဖို့ လိုအပ်နေပါတယ်" ဟု ဦးအားရွှေက ပြောသည်။ အဆိုပါ တရားမဝင် တည်းခိုခန်းများပေါ်ပေါက်နေခြင်းကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ဖြေရှင်းပေးရန် လိုအပ်နေပြီး ဟိုတယ်များမှာ နိုင်ငံခြားသားများအဓိကတည်းခိုလေ့ရှိ၍ ဝင်ငွေထိခိုက်ခြင်း မရှိသော်လည်း ပြည်တွင်းခရီးသွားများအား အဓိကအားထားနေရသည့် တည်းခိုခန်းများ၏ဝင်ငွေလျော့နည်းလာနိုင်ကြောင်း ချောင်းသာဟိုတယ်ဇုန် ဘဏ္ဍာရေးမှူး ဦးကျော်ဟိုးက ပြောသည်။

တရားမဝင် တည်းခိုခန်းများ ဆောက်လုပ်ထားသည့် မြေနေရာမှာ ယခင်က ချောင်းသာကမ်းခြေရှိ အုန်းတောများကို စစ်တပ်မှ နှစ် ၂၀ နီးပါး သိမ်းယူထားပြီး ယခုမှ မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်လိုက်သည့်အခါ တည်းခိုခန်းများ ပေါ်ပေါက်လာခြင်းဖြစ်သည် ဟု ဆိုသည်။

တည်းခိုခန်းများမှာ ကမ်းခြေနှင့်လည်းနီးပြီး ဈေးလည်းချိုသည့်အတွက် ပြည်တွင်းခရီးသွားများမှာ အဆိုပါ တည်းခိုခန်းများတွင် သွားရောက်တည်းခိုကြ၍ တရားဝင်ဖွင့်လှစ်ထားသည့် တည်းခိုခန်းများ ဝင်ငွေနည်းလာကြောင်း ချောင်းသာ တည်းခိုခန်းလုပ်ငန်းရှင်များထံမှသတင်းရရှိသည်။




























7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014



# “ယူကရိန်းဟာ လုံးဝရှင်းရှင်းလင်းလင်းပဲ အကျပ်အတည်းထဲမှာပါ

## ပိုလန်နိုင်ငံခြားရေးဝန်ကြီး ရာဒိုစလော်ဆီကော်စကီးနှင့် တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး

ယူကရိန်းနိုင်ငံရေးဟာ အခုရက်ပိုင်းအတွင်း အလှုပ်ခတ်ဆုံး နိုင်ငံတကာ ဖြစ်ရပ်တစ်ခုဖြစ်နေပြီး အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲတွေ ဖြစ်ပွားနေတဲ့ ကမ္ဘာ့နိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗင်နီဇွဲလားတို့ထက်ဦးပြီး အစိုးရအပြောင်းအလဲကို အတိုက်အခံတွေက ပထမဆုံးဖော်ဆောင်နိုင်တဲ့ နိုင်ငံလည်း ဖြစ်လို့သွားခဲ့ပါပြီ။ ယူကရိန်းမှာ သမ္မတယာနူကိုဗစ်ချ်ကို ရာထူးကဖယ်ရှားပြီးနောက်ပိုင်း ကိဗ်မြို့ လွတ်လပ်ရေးရင်ပြင်မှာ ဆန္ဒပြပြည်သူတွေက ကြားဖြတ်အစိုးရသစ်ကို အသိုပြုခဲ့ပြီး၊ အစိုးရသစ်မှာ ပြီးခဲ့တဲ့ ဆန္ဒပြပွဲတွေမှာ ထင်ရှားတဲ့အတိုက်အခံခေါင်းဆောင်တွေ ပါဝင်ခဲ့တာကို တွေ့ရပါတယ်။ ဒီနောက်ကြာသပတေးနေ့ အစိုးရသစ်ဖွဲ့စည်းအပြီး ယူကရိန်းရှိ ရုရှားလူမျိုးအများစုနေထိုင်ရာ ခရိုင်မီးယားဒေသမှာ လေဆိပ်နှစ်ခုကို အမည်မသိ သေနတ်သမားတွေကသိမ်းပိုက်ကာ ရုရှားအလံတွေလွှင့်ထူခဲ့တာ၊ ယူကရိန်းအာဏာပိုင်တွေဘက်က ရုရှားရဲ့ စစ်ရေးအရဝင်ရောက်စွက်ဖက်မှုလို့ စွပ်စွဲခဲ့တာတွေ ဖြစ်ပေါ်ခဲ့သလို တစ်ဖက်မှာလည်း သောကြာနေ့ နံနက်ပိုင်းမှာတော့ ပါလီမန်က ဖယ်ရှားခံရပြီးနောက် ပုန်းရှောင်သွားတဲ့ သမ္မတဟောင်းယာနူကိုဗစ်ချ်ဟာ ရုရှားနိုင်ငံတွင်းမှာ နိုင်ငံရေးခိုလှုံခွင့်ရခဲ့တာကိုတွေ့ရပါတယ်။ ရုရှားဘက်ကခရိုင်မီးယားအရေးကို အကြောင်းပြုလို့ တောင်ဘိုဆက်တီးယားမှာ မနှစ်ကလုပ်ခဲ့သလို စစ်ရေးအရ ကျူးကျော်ဝင်ရောက်မှုကိုလုပ်နိုင်ခြေရှိသလားဆိုပြီး စိုးရိမ်မှုတွေထွက်ပေါ်လာတာမို့ အမေရိကန်အပါအဝင် နေတိုးနဲ့ အနောက်နိုင်ငံများကို ရုရှားကစစ်ရေးအရ မပါဝင်ဖို့ သံတမန်နည်းနဲ့ မက်ဆေ့ချ်ပေးတာတွေကို လုပ်လာရပါတယ်။ ဒီလိုမျိုး အချိန်နဲ့အမျှ ရှုပ်ထွေးနေပြီး ရက်ပိုင်းအတွင်း အပြောင်းအလဲကြီးကြီးမားမားတွေ ဖြစ်လာနိုင်တဲ့ယူကရိန်းအရေးကို ပုံကြမ်းမျှဖြစ်စေသိရှိနိုင်ဖို့ စီအင်န်အင်န်သတင်းမှ ခရစ် တျန်းအမန်ပူးရ်က ဝါဆောမြို့တော်မှ ပိုလန်နိုင်ငံခြားရေးဝန်ကြီး ရာဒိုစလော်ဆီကော်စကီဆီကို ဖုန်းဆက်မေးမြန်းဆွေးနွေးမှုတွေ ဖော်ပြပေးလိုက်ရပါတယ်။ ပိုလန်ဟာ ယူကရိန်းနိုင်ငံရေးအကျပ်အတည်းမှာ ကြားဝင်ဆွေးနွေးတဲ့ အဓိက အီးယူနိုင်ငံတွေထဲမှာ ဦးဆောင်နိုင်ငံဖြစ်ခဲ့ပါတယ်။

**နိုင်ငံခြားရေးဝန်ကြီးရှင့်။ အခုလိုမေးမြန်းခွင့်ရတာ ကျေးဇူးတင်ပါတယ်။ ပထမဆုံးအနေနဲ့ ယူကရိန်းကြားဖြတ် အစိုးရသစ်ဟာ ရွေးကောက်ပွဲအသစ်ကို ကျင်းပတဲ့အချိန်ထိသာ ယာယီဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့ အီးယူဟာ လက်ရှိအချိန်မှာ ယူကရိန်းအနေနဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအရ တစ်ခုမဟုတ်တစ်ခု မပြိုလဲသွားနိုင်အောင် လုပ်နိုင်သမျှတွေကို လုပ်ပေးပြီးသွားပါပြီလား။**

ဟုတ်ကဲ့။ ယူကရိန်းနိုင်ငံသားတွေကသာ ယူကရိန်းကို ဖန်တီးနိုင်ပါလိမ့်မယ်။ ကြားဖြတ်အစိုးရဝန်ကြီးချုပ် အာဆင်နီယက်ဆင်ယွတ်ဟာလည်း အတွေ့အကြုံရှိပြီး လေးစားလောက်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်ပါတယ်။ ကျွမ်းကျင်လိမ္မာပြီး နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ပါလီမန်ဥက္ကဋ္ဌဟောင်းဖြစ်ပြီး အနောက်တိုင်းရဲ့ ယုံကြည်မှုကို ရနိုင်တဲ့သူတစ်ဦးဖြစ်ရုံမျှမကဘဲ အလွန်အရေးပါတဲ့ ရုရှားနဲ့လည်း စကားပြောဆိုနိုင်သူတစ်ဦး ဖြစ်ပါတယ်။

**ဟုတ်ကဲ့။ ကြားဖြတ်မေးရတာကို ခွင့်လွှတ်ပါရှင့်။ ရုရှားအကြောင်းမေးပါရစေ။ ရုရှားမှာဒီနေ့ထုတ်တဲ့ စာစောင်နှစ်ခုမှာ တစ်ခုမှာက အစိုးရဟာ နိုင်ငံအရှေ့ဖျားမှာ စစ်တပ်ကို စစ်ရေးလေ့ကျင့်စေဖို့ ကြေညာထားပါတယ်။ သူတို့ပြောတာက ဒါဟာယူကရိန်းမှာ ဖြစ်တာနဲ့ ဘာမှမဆိုင်ဘူးလို့ ပြောနေပါတယ်။ ဒါပေမဲ့ အမေရိကန်ကတော့ ယူကရိန်းမှာ စစ်ရေးအရဝင်ရောက်စွက်ဖက်မှုတွေ မရှိသင့်ဘူးလို့ ပြောထားပါတယ်။ ရုရှားနဲ့ ဂျာမနီတို့ကလည်း သူတို့အနေနဲ့ အတိုက်အခံက ငြိမ်းချမ်းရေးစာချုပ်ကို လုပ်ဆောင်နိုင်မယ်လို့ မယုံကြည်ဘဲ တည်ငြိမ်မှုရဖို့ အရေးပေါ်ဆောင်ရွက်ချက်တွေ လုပ်ဆောင်ဖို့ လိုနေတယ်လို့ ဆိုပါတယ်။ ဒါတွေအားလုံးကို ဝန်ကြီးဘယ်လိုနားလည်သလဲ။**

ဟုတ်ကဲ့။ ကျွန်တော်တို့ စေ့စပ်ပေးခဲ့တဲ့ ငြိမ်းချမ်းရေးစာချုပ်ကတော့ အဖြစ်အပျက်တွေကြောင့် ပျက်သွားခဲ့ပါပြီ။ သူ့ရဲ့ နံပါတ်တစ်အချက်ကတော့ ယခင်ဒီမိုကရေစီနည်းကျ အခြေခံဥပဒေကို ၄၈ နာရီအတွင်း ပြန်ကျင့်သုံးဖို့ပါ။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ရုရှားမိတ်ဖက်တွေကို ခွဲထွက်ရေးကစားကွက်နဲ့ ပါဝင်လာတာဟာ အမှားကြီးတစ်ရပ်ဖြစ်မယ်ဆိုတာလည်း အချက်ပြထားပါတယ်။ ရုရှားဟာ ဘူဒါပတ်စ်ကြေညာချက် ၁၉၉၄ ကို လက်မှတ်ရေးထိုးအသိအမှတ်ပြုထားပြီး ယူကရိန်းကလည်း ဆိုဗီယက်ပြည်ထောင်စုဟောင်းဆီက သူဆက်ခံရရှိထားတဲ့ နျူကလီးယားလက်နက်တိုက်ကို ဆုံးရှုံးခံထားခဲ့ပါတယ်။ ပြီးတော့ အပြန်အလှန်အားဖြင့် ရုရှား၊ အမေရိကန်နဲ့ ဗြိတိန်တို့ဟာ ယူကရိန်းရဲ့ လွတ်လပ်ရေးနဲ့ နယ်နိမိတ်ကို အာမခံချက်ပေးပြီး အသိအမှတ်ပြုထားခဲ့ပါတယ်။

**ဟုတ်ကဲ့ဝန်ကြီးရှင့်။ ကြားပါတယ်။ ဒီတော့ ဒီအကြောင်းတရား၊ ဒီထိပ်တိုက်ရင်ဆိုင်မှုတွေနဲ့ ဥပမာအားဖြင့် ခရိုင်မီးယားမှာဖြစ်တာတွေကို ဖြေရှင်းနိုင်ပါ့မလား။**

ဟုတ်ကဲ့။ ယူကရိန်းပါလီမန်က ကျွန်တော့်အနေနဲ့ အမှားလို့ ထင်တဲ့အလုပ်တစ်ခုကို ပြီးခဲ့တဲ့ ရက်အနည်းငယ်အတွင်း လုပ်ခဲ့ပါတယ်။ ဒေသဆိုင်ရာ ဘာသာစကားတွေကို တရားဝင်အဆင့်က ပယ်ဖျက်လိုက်တာပါ။ ယူကရိန်းအစိုးရအနေနဲ့ သူတို့ဟာ နိုင်ငံတွင်းက လူနည်းစုလူမျိုးတွေကိုလည်း ကြိုဆိုပါကြောင်း အချက်ပြသင့်ပါတယ်။ သူတို့ဟာလည်း ယူကရိန်းရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်ပေါ့။ ပြီးတော့ ယူကရိန်းဟာလည်း လူနည်းစုတွေကို ကာကွယ်ရမယ့် ဥပဒေတွေပြဋ္ဌာန်းထားတဲ့ ဥရောပကောင်စီရဲ့ အဖွဲ့ဝင်နိုင်ငံ ဖြစ်နေတာမို့လည်း ပါပါတယ်။

**ဟုတ်ကဲ့။ ဝန်ကြီးအနေနဲ့ ယူကရိန်းအရေးမှာ အတိုက်အခံနဲ့ သမ္မတ ယာနူကိုဗစ်ချ်တို့ကြားမှာ**



**စေ့စပ်ဆွေးနွေးမှုတွေကို ကြားဝင်လုပ်ပေးနေတုန်းက ယာနူကိုဗစ်ချ်ကိုခေါ်ပြီး နောက်ပြန်ဆုတ်ဖို့ ဆွဲဆောင်ခဲ့တာ ရုရှားသမ္မတပူတင်ပဲလို့ ပြောခဲ့တယ်နော်။**

သမ္မတယာနူကိုဗစ်ချ်ဟာ ကန်ဒုသမ္မတ ဂျိုးဘစ်ဒန်၊ ဂျာမနီအဓိပတိ အင်ဂျလာမာကယ်လ်နဲ့ ရုရှားသမ္မတ ပူတင်တို့နဲ့ စကားပြောဖို့အရေးကို အကြိမ်ကြိမ်ရှောင်ထွက်ခဲ့ပါတယ်။ ပြီးတော့ ဒါဟာ ဂျာမန်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ အီးယူရဲ့ ကိုယ်စားလှယ်နိုင်ငံခြားရေး မူဝါဒရေးရာ အကြီးအကဲ ကက်သရင်းအက်ရှ်တန်တို့ပါဝင်တဲ့ မစ်ရှင်တစ်ခုဖြစ်ပါတယ်ဆိုတာ သတိရပါ။ ဒါပေမဲ့ အမှန်ကတော့ ကျွန်တော်တို့ ပြောကြတဲ့အခါ အောင်မြင်မှုတစ်ခုကတော့ ကဲ– သမ္မတကြီးရေ။ ခင်ဗျားတော့ အတိုက်အခံတွေကို သမ္မတရွေးကောက်ပွဲအသစ်ကို ကြေညာပေးဖို့ ဘယ်အချိန်တော့ဖြင့် သဘောတူပြီဆိုတာ၊ ဘယ်အချိန်လောက်မှာဖြင့် ကိုယ့်ရဲ့ ရာထူးသက်တမ်းကို လျှော့ဖို့ရည်ရွယ်ထားတယ်ဆိုတာတွေကို ပြောခဲ့ပါတယ်။ ဒီနောက် သူ့သဘောထားက ကျွန်တော်တို့ ထင်တာပေါ့လေ။ သမ္မတပူတင်နဲ့ တွေ့ပြီးနောက်မှာ ပြောင်းလဲခဲ့တယ် ထင်ပါတယ်။

**ဒီကိစ္စမှာ သမ္မတပူတင်အနေနဲ့ အခြေခံအားဖြင့် သူ့ရဲ့ ဆက်ဆံရေးတွေကို ဖြတ်တောက်ပစ်မယ် (သို့မဟုတ်) ဒီကိစ္စမှာ သူ့ဆုံးရှုံးမှုတွေကို ဖြတ်တောက်ပစ်ခဲ့တယ်လို့ ဝန်ကြီးဘက်က ဘယ်လိုတွေးတာပါလဲ။**

သူတို့ စကားပြောတာမှာ ကျွန်တော်မှ မပါဝင်ခဲ့တာ။

**တစ်ခုဆိုတော့လေ။ ဒါပေမဲ့ ဥရောပက ယူကရိန်းကိုသူတို့လိုနေတဲ့ ဘဏ္ဍာရေးအကူအညီ ပမာဏကြီးကြီးမားမားကိုပေးမယ်လို့ တကယ်ပဲ ကတိမပြုထားပါဘူး။ သူတို့က လာမယ့်နှစ်အနည်းငယ်အတွက် ဘဏ္ဍာရေးကယ်ဆယ်မှု အကူအညီ ဒေါ်လာ ၃၅ ဘီလီယံ တောင်းထားတာ မဟုတ်လား။ ဥရောပဟာ နောက်ပြန်လှည့်ပြီး (သို့မဟုတ်) လုပ်သင့်တာ လုပ်နိုင်တာအားလုံးကို ဒီအချက်မှာ လုပ်နိုင်မလား။**

အိုး.. ဥရောပက အစပဲ ရှိပါသေးတယ်။ ဒီဇာတ်လမ်းရဲ့ အနှစ်သာရကလည်း သိတဲ့အတိုင်း သမ္မတယာနူကိုဗစ်ချ်ဘက်က ဥရောပနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ထိုးဖို့ကိစ္စကို ရပ်ဆိုင်းလိုက်လို့ပဲ ဒီနိုင်ငံရေးအကျပ်အတည်း ဖြစ်စဉ်ကြီး ဖြစ်ပေါ်လာရတာ မဟုတ်လား။ ဥရောပနဲ့ ပေါင်းစည်းရေးကို ယူကရိန်းလူမျိုးအများစုက ပိုကောင်းတဲ့ဘဝကိုရဖို့အခွင့်အရေးလို့မြင်ကြသလို၊ တကယ်လည်း ဟုတ်ပါတယ်။ ဥရောပဟာ အဲဒီသဘောတူညီချက်ကို လုပ်ဖြစ်အောင် ကူညီနိုင်ပါတယ်။ ဒါပေမဲ့ ယူကရိန်းကို သတ်မှတ်ချက်မထားဘဲ ငွေကြေးထောက်ပံ့မှုတွေ စီးဆင်းစေလိုက်ရင် အမှားတစ်ရပ်ဖြစ်မယ် ကျွန်တော်ထင်ပါတယ်။ ယူကရိန်းဟာလည်း ကျွန်တော်တို့ အီးယူရဲ့ အခြေခံကျတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ဆောင်နိုင်စွမ်းရှိတယ်ဆိုတာကို ပြဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် အကောင်းဆုံး ကိရိယာကတော့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ပြန်လည် ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်တာပါပဲ။

**ဟုတ်ကဲ့။ အီးယူကရော ဘယ်လိုရှိသလဲ မေးပါရစေ။ ဝန်ကြီးက အီးယူမှာ ရှေ့တန်းကပါခဲ့ပြီးပိုလန်ကလည်း ယူကရိန်းနဲ့ ဥရောပဆက်ဆံရေးမှာ ဘယ်ဘက်ကပဲဖြစ်ဖြစ် ခိုင်မာတဲ့မိတ်ဖက်နိုင်ငံ ယူကရိန်းဟာ အကျပ်အတည်းထဲမှာ ရှိနေဆဲလား။ ဒါမှမဟုတ် အခုဆက်သွားနေပြီး တည်ငြိမ်မှု တချို့ရသွားပြီလို့ ဝန်ကြီးထင်မြင်မိပါသလားရှင့်။**

ယူကရိန်းဟာ လုံးဝရှင်းရှင်းလင်းလင်းပဲ အကျပ်အတည်းထဲမှာပါ။ ထပ်ပြီး မနက်ရှိုင်းစေဖို့ပဲ မျှော်လင့်ကြပါစို့ရဲ့။ ဒါပေမဲ့ အခု ယူကရိန်းဟာ သူ့ရဲ့ အခြေခံအဖွဲ့အစည်း အင်စတီကျူးရှင်းတွေကို တည်ငြိမ်အောင်လုပ်နိုင်ဖို့၊ ပြုပြင်ပြောင်းလဲရေးတွေ စဖို့၊ အိုင်အမ်အက်ဖ်ငွေထောက်ပံ့မှုတွေကို ဒုတိယအကြိမ် အခွင့်အရေးရဖို့ သမ္မတသစ် ရွေးချယ်တင်မြှောက်ဖို့ ဥရောပနဲ့ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ရေးထိုးပြီး ပိုကောင်းတဲ့နိုင်ငံဖြစ်ဖို့ အခွင့်အရေးရခဲ့ပါပြီ။ ။



*—Ref: Christian Amanpour: Europe's Bridge to Ukraine. 26th February*



# Leader's Profile

## ပါပူဝါးနယူးဂီနီဝန်ကြီးချုပ်

## ပီတာအိုနေးလ်

ရဲမင်း

ပီတာချားလ်စ်အိုနေးလ်သည် ပါပူဝါးနယူးဂီနီနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သည်။ ပြည်သူ့အမျိုးသားကွန်ဂရက်ပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၄ ရက်က ပါပူဝါးနယူးဂီနီနိုင်ငံ၏ နဝမမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အိုနေးလ်၏ဖခင်မှာ အိုင်ယာလန်သွေးပါသော ဩစတြေးလျနိုင်ငံဖွား တရားသူကြီးဖြစ်ပြီး မိခင်မှာ ပါပူဝါးနယူးဂီနီနိုင်ငံ တောင်ပိုင်း ကုန်းမြင့်ဒေသမှဖြစ်သည်။

ဖခင်ဖြစ်သူ ဘရိုင်ယန်အိုနေးလ်မှာ ဩစတြေးလျအစိုးရ၏ လုပ်ငန်းခွင်အရာရှိအဖြစ် ၁၉၄၉ ခုနှစ်က ပြောင်းရွှေ့လာပြီး နောက်ပိုင်းတွင် ၁၉၈၂ ခုနှစ် ကွယ်လွန်ချိန်အထိ တရားသူကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။

အိုနေးလ်သည် ၎င်းကိုယ်စားပြုနေသော အိုင်လီဘူ–ပန်ဂီယာဒေသမှာပင် အခြေခံပညာ သင်ကြားခဲ့သည်။ ပါပူဝါးနယူးဂီနီ တက္ကသိုလ်တွင် ဆက်လက်တက်ရောက်ပြီး ၁၉၈၆ ခုနှစ်တွင် စာရင်းအင်းနှင့် စီးပွားရေးပညာဘွဲ့ ရရှိခဲ့သည်။

ပီတာအိုနေးလ်သည် နိုင်ငံရေးလောကသို့ မဝင်ရောက်မီ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ အိုနေးလ်သည် ၂၀၀၂ ခုနှစ်တွင် ပါပူဝါးနယူးဂီနီအမျိုးသားပါလီမန်သို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး တစ်နှစ်တည်းမှာပင် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။

အိုနေးလ်သည် ၂၀၀၄ ခုနှစ်တွင် ပါပူဝါးနယူးဂီနီအတိုက်အခံခေါင်းဆောင် ဖြစ်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဝန်ကြီးချုပ် မိုက်ကယ်ဆိုမာရီ၏ အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးချုပ်ဆိုမာရီ နာမကျန်းဖြစ်၍ ယာယီဝန်ကြီးချုပ် ဆမ်အေဘယ်လ်လက်ထက်တွင် ဆောက်လုပ်ရေးဝန်ကြီးအဖြစ် ပါဝင်သည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင်မူ အတိုက်အခံအမတ်များနှင့်ပူးပေါင်း၍ ယာယီဝန်ကြီးချုပ် အေဘယ်လ်ကို ဖြုတ်ချခဲ့သည်။ ယင်းနှစ် ဩဂုတ် ၂ ရက်မှာပင် ပါလီမန်က ၎င်းအား ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

အိုနေးလ် ဝန်ကြီးချုပ်ဖြစ်လာပြီး ပထမဆုံးကိုင်တွယ်သောကိစ္စမှာ အမှီအခိုကင်း အစိုးရစီးပွားရေးကော်ပိုရေးရှင်း (IPBC)၏ အမှုဆောင်ဒါရိုက်တာ ဂလင်းဘလိတ်ကို ဖယ်ရှားခြင်းဖြစ်သည်။ ဘလိတ်မှာ နိုင်ငံပိုင်လုပ်ငန်းတွင် ရန်ပုံငွေများကို တရားမဝင်၊ အဆင်အခြင်မဲ့ သုံးစွဲနေသည်ဟု စွပ်စွဲခံရသည်။ IPBC ၏ လုပ်ငန်းများမှာ ပွင့်လင်းမြင်သာမှု မရှိခဲ့ဟု ပြည်သူပိုင်လုပ်ငန်းများဝန်ကြီး မိုရှူတာက ထိုစဉ်က ပြောကြားခဲ့သည်။

အိုနေးလ်သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီက မဟာမိတ်လက်တွဲဖော် ဒွန်ပိုလီကို ဘဏ္ဍာရေးဝန်ကြီးအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ၂၀၁၃ ခုနှစ် မတ်လက ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်လာရောက်လည်ပတ်စဉ်ကလည်း ပါပူဝါးနယူးဂီနီ၏ မက်မောဖွယ်ရာ သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထိုင်းကုမ္ပဏီများ လုပ်ဆောင်ခွင့်ရရေး လမ်းဖွင့်ပေးရန် သဘောတူခဲ့သည်။

ပီတာအိုနေးလ်သည် လက်တွဲဖော် လင်ဒါမေ၊ သားသမီး ငါးဦးနှင့် ပါပူဝါးနယူးဂီနီမြို့တော် ပို့တ်မိုရက်စ်ဘီတွင် နေထိုင်လျက်ရှိသည်။

*—Ref: Wikipedia*

# အမျိုးသမီးငယ်များ ပညာသင်စရိတ်ရရန် နိုက်ကလပ်များတွင် ဝတ်လစ်စားလစ်ကပြ၍ ဝင်ငွေရှာ

**လန်ဒန်၊ မတ်၊ ၁**

ဗြိတိန်နိုင်ငံတွင် ဝတ်လစ်စားလစ်က ဖျော်ဖြေသူသုံးဦးအနက်တစ်ဦးမှာ ပညာသင်စရိတ်ရရန် ကြိုးစားနေသော ကျောင်းသူများဖြစ်ကြောင်း လေ့လာမှုတစ်ရပ်အရသိရသည်။

ဗြိတိန်နိုင်ငံရှိ ဝတ်လစ်စလစ်ဖျော်ဖြေသော ကလပ်များစွာတွင် အလုပ်လုပ်ကိုင်နေသည့် ကခြေသည် ၂၀၀နီးပါးကိုလိဒ်တက္ကသိုလ်တာဝန်ရှိသူများက တွေ့ဆုံမေးမြန်းခဲ့သည်။ ကခြေသည်မိန်းကလေးသုံးဦးအနက် တစ်ဦးမှာ ကောလိပ် (သို့မဟုတ်) တက္ကသိုလ်တက်နေသူများဖြစ်ကြောင်း လိဒ်တက္ကသိုလ် လေ့လာမှုတွင် ဖော်ပြထားသည်။



ယင်းမိန်းကလေးအများစုက ပညာသင်စရိတ် စျေးကြီးခြင်းကို အပြစ်တင်ကြပြီး ယင်းမှာ ငွေမြန်မြန်ရရန် ဝတ်လစ်စားလစ်ကပြဖျော်ဖြေသူများအဖြစ် အလုပ်လုပ်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်ဟု ၎င်းတို့ကပြောသည်။

ယင်းလေ့လာမှုကို ဗြိတိန်နိုင်ငံ လူမှုဗေဒပညာရေးဂျာနယ်က ရေးသားဖော်ပြခဲ့ပြီး ကျောင်းသူများဝတ်လစ်စားလစ်ကပြဖျော်ဖြေရခြင်း၏ အဓိကအကြောင်းရင်းများမှာ ပညာသင်စရိတ်စျေးကြီးခြင်း၊ ပညာရေးချေးငွေရယူနိုင်သည့် အခြေအနေနည်းပါးခြင်းနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို အားပေးထောက်ခံမှုမရှိခြင်းတို့ကြောင့် ပညာသင်ရင်း ဝတ်လစ်စားလစ်ကခြေသည်အဖြစ် အလုပ်လုပ်နိုင်ရန် ကလပ်များ၏ညှို့နှိုင်းကမ်းလှမ်းမှုတို့ကြောင့်ဖြစ်သည်ဟု လူမှုဗေဒပညာရေးဂျာနယ်က ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံတွင် အရေအတွက်ပိုမိုများလာသည့် ဝတ်လစ်စားလစ် ဖျော်ဖြေသောကလပ်များမှာ ယခုအခါ ကိုယ်ဟန်ပြမယ်သစ်များရှာဖွေရန် တက္ကသိုလ်များကို စတင်အမှီပြုနေကြပြီဖြစ်ကြောင်း သုတေသီများကပြောသည်။

သို့သော် ယင်းမိန်းကလေးအများစုက မိမိတို့မှာ ကခြေသည်များသာဖြစ်ပြီး လိင်လုပ်သားဟု ညွှန်းဆိုခံရခြင်းများကို ငြင်းဆိုကြသည်။

ဝတ်လစ်စားလစ်ကပြဖျော်ဖြေခြင်းမှာ လူမှုရေးအရ ပိုလက်ခံနိုင်သည်ဟု ၎င်းတို့ကပြောသည်။

*—Ref: Times of India*

7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ရှိရှားလုပ်ငန်းများနှင့် အီလက်ထရွန်နစ်စီးကရက် ရောင်းချမှုလုပ်ငန်းများပိတ်ပင်ရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် အမိန့်ထုတ်ပြန်


SCMP

**ဖနွမ်းပင်၊ မတ် - ၁**

ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်သည် နိုင်ငံတွင်း၌ ဖွင့်လှစ်ထားသော ရှိရှားနှင့် အီလက်ထရွန်နစ်စီးကရက်လုပ်ငန်းများအားလုံး ပိတ်ပင်သွားရန် အမိန့်ထုတ်ပြန်လိုက်သည်။

ရှိရှားဆိုသည်မှာ ဆေးရွက်ကြီးကို အနံ့ထည့်ထားပြီး မီးရှို့ကာ ရေထည့်ထားသည့်ပိုက်ဖြင့် ရှူသွင်းရသည့် ဆေးရှူခြင်းပုံစံတစ်မျိုးဖြစ်သည်။ အီလက်ထရွန်နစ်စီးကရက်များမှာမူ နီကိုတင်းပါသောအရည်ကို ဆေးလိပ်ပုံစံ အီလက်ထရွန်နစ်ပစ္စည်းဖြင့် အပူပေးသောက်သုံးရခြင်းဖြစ်ကာ ဆေးလိပ်အစစ် သောက်သုံးသကဲ့သို့ ရေငွေ့များဖြင့် မီးခိုးပုံစံထွက်ပေးသည်။

"တာဝန်ရှိသူတွေအားလုံးကို နိုင်ငံတွင်းမှာရှိတဲ့ ရှိရှားလုပ်ငန်းတွေအားလုံးကိုပိတ်ဖို့၊ ပိုင်ရှင်တွေကိုလည်း သူတို့လုပ်ငန်းတွေကို ပိတ်ခိုင်းထားဖို့ ကျွန်တော် အမိန့်ထုတ်ထားပါတယ်"ဟု ခရီးသွားလုပ်ငန်းကွန်ဖရင့် ပိတ်ပွဲတွင် ဝန်ကြီးချုပ်ဟွန်ဆန်က ပြောသည်။ ရှိရှားသည် ဆေးရွက်ကြီးသုံးစွဲသည်ဆိုသော်လည်း စွဲလမ်းစေသည့် ဓာတ်ပမာဏများ မြင့်မားစွာပါဝင်ကြောင်း ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ တွေ့ရသည်ဟုလည်း ဟွန်ဆန်ကပြောသည်။ ၎င်းက ထိုပစ္စည်းများသည် နိုင်ငံတွင်း၌မရှိသင့်ကြောင်း၊ လူငယ်များအနာဂတ်ကို ဖျက်ဆီးနေကြောင်းဆိုသည်။

ဝန်ကြီးချုပ်၏နှုတ်မိန့်ဖြင့် တားမြစ်လိုက်ခြင်းသည် ဗုဒ္ဓဟူးနေ့က ကမ္ဘောဒီးယားမူးယစ်ဆေးတိုက်ဖျက်ရေးအမျိုးသားအာဏာပိုင်အဖွဲ့က ရှိရှားပိုက်ရှူခြင်းနှင့် အီလက်ထရွန်နစ်စီးကရက်များ နိုင်ငံတွင်းသို့ တင်သွင်းခြင်းကို ပိတ်ပင်ပြီးနောက် ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။

ရှိရှားပိုက်ဖြင့် တိုဘားကိုးဆေးရွက်ရှူရှိုက်ခြင်းကို အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ကျယ်ပြန့်စွာစတင်သုံးစွဲပြီးနောက် ကမ္ဘာ့နိုင်ငံများသို့လည်း ပျံ့နှံ့လာရာ ကမ္ဘောဒီးယားတွင်ကဖေးဆိုင်များ၌ တပ်ဆင်အသုံးပြုမှုများပြားလာနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ရှိရှားရှူခြင်းမှာ အချိန်ကြာကြာအငွေ့ရအောင် ရှူခြင်းဖြစ်သည့်အတွက် သာမန်စီးကရက်တစ်လိပ်ထက် မီးခိုးငွေ့အဆုတ်တွင်းသို့ဝင်ရောက်မှု အဆ ၂၀ ပိုများကာ ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှု ကဲ့သို့ပင် အန္တရာယ်ကြီးကြောင်း ဆိုထားသည်။

—Ref: Xinhua

# စင်ကာပူတက္ကသိုလ်သုံးခုမှထွက်သော ဘွဲ့ရကျောင်းသား ၁၀ ဦးတွင် ရှစ်ဦး ခြောက်လအတွင်း အချိန်ပြည့်အလုပ်များရ

**စင်ကာပူ၊ မတ် - ၁**

စင်ကာပူနိုင်ငံရှိ သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်သုံးခုမှ ထွက်သောဘွဲ့ရကျောင်းသား ၁၀ ဦးတွင် ရှစ်ဦးသည် ခြောက်လအတွင်း အချိန်ပြည့်အလုပ်များ ရရှိသွားကြကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ် NUS၊ နန်ယန်းနည်းပညာ၊ NTU နှင့် စင်ကာပူစီမံခန့်ခွဲမှုပညာတက္ကသိုလ် SMU တို့က ပူးပေါင်းပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်တွင်တွေ့ရကြောင်း ချန် နယ်နယူးအေးရှသတင်းက ဖော်ပြသည်။

စစ်တမ်းမှာ အလုပ်အကိုင်ရှာဖွေရေးဈေးကွက်အတွင်းမှ ဘွဲ့ရကျောင်းသားပေါင်း ၁၀,၅၀၀ ကို မေးမြန်းလေ့လာပြီးနောက် တင်ပြခဲ့ခြင်းဖြစ်သည်။ အလုပ်မြန်မြန်ရသည့် ဘွဲ့ရကျောင်းသားများမှာ ထိုတက္ကသိုလ်များမှ အင်ဂျင်နီယာဘာသာရပ်၊ စာရင်းကိုင်ပညာနှင့် ဆက်နွယ်သော ဘာသာရပ်များမှဖြစ်ပြီး အခြားသော အထူးပြုဘာသာရပ်များဖြစ်သည့် စီးပွားရေး၊ သူနာပြုနှင့် ရေကြောင်းသိပ္ပံ ဘာသာရပ်များလည်း အလုပ်အကိုင်ရရှိမှုမြန်ဆန်ကြောင်းဆိုသည်။ သို့သော် ဤသို့ ခြောက်လအတွင်း အလုပ်ရရှိမှုနှုန်းမှာ ယမန်နှစ်ကနှုန်းထက် အနည်းငယ်လျော့ကျနေသေးသည်။

ဤအတောအတွင်း ဘွဲ့ရပြီး ခြောက်လအတွင်း အလုပ်ရသည့် ကျောင်းသားများ၏ ပျမ်းမျှစုစုပေါင်းလစာမှာလည်း စင်ကာပူဒေါ်လာ ၃,၂၀၀ ခန့်ရှိသည်ဟု သတင်းကဆိုသည်။ အလယ်အလတ်အဆင့်လစာများမှာမူ စင်ကာပူဒေါ်လာသုံးထောင်ခန့်ဖြစ်သည်။ ထိုတက္ကသိုလ်သုံးခုမှ ကျောင်းသားများတွင် စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ် SMU ထွက် ဘွဲ့ရကျောင်းသားများမှာ ထုံးစံအတိုင်းရှေ့တန်းမှ ဦးဆောင်နေသည်။ SMU ဘွဲ့ရများမှာ ပျမ်းမျှလစာ စင်ကာပူဒေါ်လာ ၃,၅၀၀ ခန့် ရနေကြသည်။

ဘွဲ့ကြိုဘာသာရပ်များတွင် လက်တွေ့လေ့ကျင့်မှုလိုအပ်သော ပညာရပ်များဖြစ်သည့် ဥပဒေ၊ ဆေးပညာနှင့် ဗိသုကာပညာရပ်ဖြင့် ဘွဲ့ရကျောင်းသား ၉၈ ရာခိုင်နှုန်းမှာလည်း ယမန်နှစ်က အချိန်ပြည့်အလုပ်များရရှိသွားခဲ့သည်။ ၎င်းတို့မှာ ပျမ်းမျှလစာ စင်ကာပူဒေါ်လာ ၄,၆၀၀ ခန့်ရကြပြီး ၂၀၁၂ တွင် ရခဲ့သည့် ပျမ်းမျှနှုန်းထက် ဒေါ်လာ ၁၀၀ ပိုများခဲ့သည်။

—Ref: CNA

# ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ပိုလီယိုရောဂါကာကွယ်ဆေးအဖွဲ့ ဗုံးခွဲတိုက်ခံရ၍ လူ ၁၁ ဦးသေဆုံး

**အစ္စလာမာဘတ်၊ မတ်-၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ပိုလီယိုကာကွယ်ဆေးကုသရေးအဖွဲ့တစ်ခုကို လမ်းဘေးဗုံးထောင်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့ရသည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာနေရာမှာ ခိုင်ဘာပက်ခ်ထန်ခ၀ါပြည်နယ်ရှိ ရွာတစ်ရွာအနီးတွင် လက်နက်ကိုင်ရဲတပ်ဖွဲ့အစောင့်အရှောက်ဖြင့် ကာကွယ်ဆေးအဖွဲ့ ယာဉ်တန်းသွားစဉ် ဗုံးခွဲခံရခြင်းဖြစ်သည်။ ယခုတိုက်ခိုက်မှုမှာ နိုင်ငံတွင်း၌ပိုလီယိုကာကွယ်ဆေးအဖွဲ့များအားတိုက်ခိုက်မှုများတွင် နောက်ဆုံးဖြစ်လာသည့်တိုက်ခိုက်မှုလည်းဖြစ်သည်။ တိုက်ခိုက်မှုများအတွက် မည်သည့်အဖွဲ့ကမျှ ဝန်ခံခြင်းမရှိသေးသော်လည်း တာလီဘန်များမှာ ယခင်ကပင် နိုင်ငံတကာမှလာသော ပိုလီယိုကာကွယ်ဆေးအဖွဲ့များကို သူလျှိုလုပ်ရန်လာသူများဟု ရှုမြင်လေ့ရှိသဖြင့် ၎င်းတို့ကို တိုက်ခိုက်မှုဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။

တိုက်ခိုက်ခံရမှုတွင် သေဆုံးသူများအပြင် ဒဏ်ရာရသူများ၌ အရေးပေါ်အခြေအနေဖြင့် တင်ထားရသည်များရှိသည်။

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၂ ဒီဇင်ဘာမှစ၍ ကာကွယ်ဆေးကုသရေးအဖွဲ့များကို တိုက်ခိုက်မှုများနှင့် ဆက်နွယ်၍ လူ ၄၀ ကျော် သေဆုံးခဲ့ရသည်။

—Ref: BBC





Entertainment
7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# “အနုပညာအရည်အသွေးမြင့်နေရင် ဘယ်လိုမျိုးပဲဖြစ်ဖြစ် ပရိသတ်လက်ခံမယ်လို့ ထင်ပါတယ်”



ဓာတ်ပုံ–လမင်းနိုင်

## ■ မိုးယုစံနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

မြန်မာ့ရုပ်ရှင်ဈေးကွက်အခြေအနေအရ နာမည်ကြီးသရုပ်ဆောင်များနှင့်သာ ရုပ်ရှင်ကားကြီးများ ရိုက်ကူးကြသော်လည်း ဒါရိုက်တာ ပန်းချီစိုးမိုးက “ကျွန်တော့်ရည်းစား ဘုရားမှာနေသည်”ရုပ်ရှင်ကား၌ အဓိကသရုပ်ဆောင်များကို ဝါရင့်သရုပ်ဆောင်များမပါဝင်ဘဲ ရိုက်ကူးခဲ့သည်။ ယင်းဇာတ်ကားတွင် ခေါင်းဆောင်အဖြစ်ပါဝင်ထားသောသရုပ်ဆောင်မိုးယုစံကို အဆိုပါရုပ်ရှင်ရိုက်ကူးခဲ့သည့် အကြောင်းအရာများနှင့် ၎င်း၏ အနုပညာလှုပ်ရှားမှုများအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ပထမဆုံးအနေနဲ့ လက်ရှိရိုက်ကူးနေတဲ့ “ကျွန်တော့်ရည်းစား ဘုရားမှာ နေသည်”ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားလေးအကြောင်း ပြောပြပေးပါလား။**

ဒီရုပ်ရှင်မှာ ညီမက ကာရိုက်တာ နှစ်မျိုးသရုပ်ဆောင်မှာပါ။ နှစ်ကိုယ်ခွဲတော့ မဟုတ်ပါဘူး။ တစ်မျိုးက တောသူပုံစံ၊ နောက်တစ်မျိုးက သိုက်ဆက်ပုံစံသရုပ်ဆောင်ရတာပါ။

**သိုက်ဆက်ပုံစံက မိုးယုစံအတွက် ထူးခြားတဲ့ ကာရိုက်တာလို့ ပြောလို့ရလား။**

ဗီဒီယိုမှာတော့ သိုက်နန်းဆန်ဆန်တစ်ကားတော့ သရုပ်ဆောင်ဖူးပါတယ်။ အဲဒီတုန်းကတော့ ရိုးရိုးပါပဲ။ ဒါကတော့ ကားကြီးဆိုတော့ သေသေချာချာလေး ပြင်ဆင်ပြီးလုပ်ထားပါတယ်။

**ဒီကားထဲမှာ ပါတဲ့ အဓိကသရုပ်ဆောင်တွေက နာမည်ကြီးသရုပ်ဆောင်တွေ မဟုတ်တော့ ဒီကားက မိုးယုစံအတွက်ဘယ်လောက်တာဝန်ကြီးလဲ။**

ဒီကားထဲမှာ ဦးဇင်ဝိုင်းတို့၊ ဦးရဲအောင်တို့တော့ပါပါတယ်။ အငယ်ထဲမှာတော့ ညီမက ဒီကားမှာပါတဲ့နှစ်ယောက်ထက်စာရင် အတွေ့အကြုံရှိတဲ့ လူတစ်ယောက်ဖြစ်နေတဲ့အတွက် ဒီကားတစ်ကားလုံးရဲ့တာဝန်က ညီမအပေါ်မှာ အများကြီးသက်ရောက်မယ်လို့ထင်တယ်။ ညီမတို့ဆီမှာက ဇာတ်ကားတွေမှာ မင်းသား ဝိတ်ကို သုံးတာလေ။ ဒီကားမှာ မင်းသားဝိတ်လည်းမပါတော့ အရမ်းတာဝန်ကြီးပါတယ်။ ဒါပေမဲ့ ဦးစိုးမိုးက အသစ်တွေကို တင်ချင်တယ်။ ဇာတ်ကားတစ်ကားမှာ မင်းသား၊ မင်းသမီးနာမည်ကြီးမှ မဟုတ်ဘူး။ ဇာတ်လမ်းကောင်းဖို့ အရေးကြီးတယ်ဆိုတာကို ရိုက်ပြချင်တယ်။

**အဓိက ဇာတ်ကောင်နေရာက သရုပ်ဆောင်မယ့်မိုးယုစံအတွက် မှတ်တိုင်တစ်ခုလို့ပြောလို့ရမလား။**

ဟုတ်ကဲ့၊ ပြောလို့ရပါတယ်။ ခုခေတ်မှာ ကားကြီးရိုက်ဖို့ဆိုတာ တော်တော်ကို ရှားပါတယ်။ နောက်ပြီး ကားတော်တော်များများမှာ ဇာတ်က မင်းသားကိုပဲ အဓိကပေးတာ။ ဒီကားမှာက ကိုယ့်ကိုပဲ အဓိကပေးထားတယ်။ ကားတစ်ကားလုံးကောင်းဖို့က တော့ ညီမတစ်ယောက်တည်း မဟုတ်ဘူး။ အစစအရာရာ အားလုံးအပေါ်မှာမူတည်တယ်။ ဒါပေမဲ့ ဒီကားလေးက ညီမအတွက် အမှတ်တရအဖြစ်ဆုံးပါပဲ။

**ခုနောက်ပိုင်း ဇာတ်ကားတွေမှာ မင်းသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေရှိတော့ မိုးယုစံအနေနဲ့ အဝတ်အစားကို ဘယ်လိုပြင်ဆင်ဖြစ်လဲ။**

အဓိကက ကာရိုက်တာနဲ့ညီတာကိုပဲ ဝတ်ဖြစ်တယ်။ တခြားအတွက် ညီမအနေနဲ့ဆင်ခြင်စရာမလိုပါဘူး။ အစကတည်းက ပရိသတ်ကြိုက်တဲ့ပုံစံမျိုးတွေပဲ ဝတ်ဖြစ်တယ်။ ကိုယ်ကိုယ်တိုင်ကလည်း အပြောမခံနိုင်ဘူး။

စာမျက်နှာ ၄၁ »



# ချစ်သူနဲ့ ပျော်စရာကောင်းတဲ့ မင်္ဂလာပွဲဆင်နွှဲမယ့် ဖြိုးငွေစိုး

**ဖွဲ့ညက်**

**ရန်ကုန်၊ မတ်-၂**

ပရိသတ်များသိထားပြီးသော ချစ်သူနှင့်အတူ မကြာမီလပိုင်းတွင် မင်္ဂလာညစာစားပွဲ ပြုလုပ်မည်ဟု သရုပ်ဆောင်ဖြိုးငွေစိုးက ပြောသည်။

“ဒီတစ်လ နှစ်လထဲမှာလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ တော်တော်များများသိထားပြီးသားပါ။မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီးသေချာရင် အားလုံးကိုပြောပြပေးမှာပါ”ဟု ဖြိုးငွေစိုးကပြောသည်။

မင်္ဂလာညစာစားပွဲတစ်ပွဲသာ ပြုလုပ်မည်ဖြစ်ပြီး ပျော်စရာကောင်းသည့် မင်္ဂလာပွဲဖြစ်စေရန် စီစဉ်ထားသည်ဟု ဆိုသည်။

လတ်တလော အနုပညာလှုပ်ရှားမှုအနေဖြင့် လန်ဒန်မြို့ ဗုဒ္ဓဘာသာစင်တာဖြစ်မြောက်ရေး ရန်ပုံငွေအနုပညာဖျော်ဖြေပွဲတွင် ကပြခဲ့သော ဒါရိုက်တာမောင်သီ၏ ‘ရှက်တတ်ရဲ့လား’ ပြဇာတ်၌ မိုးအောင်ရင်၊ အေးဝတ်ရည်သောင်း၊ ဝါဆိုမိုးဦးတို့နှင့်ပါဝင်ကပြခဲ့သည်။

ဗီဒီယိုဇာတ်ကားများလည်း ဆက်တိုက် ရိုက်ကူးလျက်ရှိပြီး ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးသည့် ဟာသဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်နေကြောင်းဖြိုးငွေစိုးကပြောသည်။

“လူလိမ်ဆိုတဲ့ ဇာတ်ကားလေးရိုက်ကူးနေပါတယ်။ ရိုးရိုးပွဲစားတွေပုံစံပါပဲ။ ဟာသလေးပါ” ဟု ၎င်းသရုပ်ဆောင်ရမည့်ဇာတ်ရုပ်အကြောင်းကိုပြောပြသည်။



7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# Unite 4:good ပရဟိတအဖွဲ့က ချီးမြှင့်သော လူသားချင်းစာနာထောက်ထားမှုဆုရရှိတဲ့ ဆယ်လီနာဂိုမက်ဇ်



**လော့စ်အန်ဂျလိစ်၊ ဖေဖော်ဝါရီ-၂၈**

အမေရိကန်အဆိုတော် ဆယ်လီနာဂိုမက်ဇ်သည် Unite4:good ပရဟိတအဖွဲ့က ချီးမြှင့်သော လူသားချင်းစာနာထောက်ထားမှုဆုကို ရရှိခဲ့သည်။

ဆယ်လီနာဂိုမက်ဇ်သည် ဖေဖော်ဝါရီ ၂၇ ရက်ညက အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့၌ ကျင်းပသော Unite4:good ၏ ပထမအကြိမ် လူသားချင်းစာနာထောက်ထားမှုဆုပေးပွဲနှင့် ပျော်ပွဲရွှင်ပွဲတွင် လူသားချင်းစာနာထောက်ထားမှုဆု ရရှိခဲ့သည်။

အသက်(၂၁)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်သည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ယူနီဆက်သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပြီး ကလေးငယ်များအရေးအတွက် အလှူအတန်းများကိုဆော်ဩပေး၍ အပြုသဘောဆောင်သော တိုးတက်မှုများ ပြုလုပ်ပေးခဲ့သောကြောင့် ဂုဏ်ပြုဆုချီးမြှင့်ခံခဲ့ရသည်။

"ကျွန်မရဖူးတဲ့ ဆုတွေထဲမှာ အရမ်းအမိုက်ဆုံးဆုပါ။ အသက်(၁၇)နှစ်ကတည်းက ယူနီဆက်သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်ခွင့်ရခဲ့တာကိုလည်း အရမ်းဂုဏ်ယူတယ်"ဟု ဆယ်လီနာဂိုမက်ဇ်က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

Unite4:good ၏ ပထမအကြိမ်ဆုပေးပွဲသို့ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်၊ အဲလစ်ဆာကီးစ်၊ ဒမ်မီလိုဗက်တို၊ အီဗာလောင်းဂိုရီယာ စသည့် ကျော်ကြားသူများ တက်ရောက်ခဲ့ကြသည်။ –Hollywood Buzz



# ကန်ဒေါ်လာသန်း ၂၀ ခန့်ကုန်ကျမယ့် သိပ္ပံစိတ်ကူးယဉ်အက်ရှင်ဇာတ်ကားမှာ ပါဝင်တဲ့ ယိုဂျင်ဂို

**ဆိုးလ်၊ ဖေဖော်ဝါရီ-၂၈**

တောင်ကိုရီးယားနာမည်ကျော် ကလေးသရုပ်ဆောင် ယိုဂျင်ဂိုသည် Kwon Bob အမည်ရ သိပ္ပံစိတ်ကူးယဉ်အက်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အသက်(၁၆)နှစ်အရွယ် ယိုဂျင်ဂိုသည် Kwon Bob ဇာတ်ရုပ်နှင့် အလွန်လိုက်ဖက်ပြီး ၎င်းသရုပ်ဆောင်ရမည့် ဇာတ်ဝင်ခန်းများကိုလည်း ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်သောကြောင့် ယိုဂျင်ဂိုကို ခေါင်းဆောင်မင်းသားအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု Kwon Bob ဇာတ်ကားတာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်။

သိပ္ပံစိတ်ကူးယဉ် အက်ရှင်ဇာတ်ကားဖြစ်သော Kwon Bob ကိုကိုရီးယားရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ CJE & M နှင့် တရုတ် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ CFG တို့က ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ပြီး ယင်းရုပ်ရှင်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ခန့် သုံးစွဲသွားမည်ဟု သိရသည်။

အသက်(၈)နှစ်အရွယ်မှစ၍ အနုပညာလုပ်ငန်း လုပ်ဆောင်လာခဲ့သော ယိုဂျင်ဂိုသည် တောင်ကိုရီးယားနာမည်ကျော် ဒရာမာဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး သရုပ်ဆောင်ထူးချွန်ဆု (၁၁) ဆုရရှိထားသည်။

Kwon Bob ဇာတ်ကားတွင် ယိုဂျင်ဂိုသည် မတရားမှုကို လက်ပိုက်ကြည့်မနေတတ်သော အထက်တန်းကျောင်းသားအဖြစ် သရုပ်ဆောင်ပြီး တိုက်ခိုက်ရေးပိုင်းကို အသားပေး သရုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းဇာတ်ကားကို ယခုနှစ်ကုန်ပိုင်းတွင် ရိုက်ကူးမည်ဖြစ်ပြီး ၂၀၁၆ တွင် ရုံတင်ပြသနိုင်မည်ဟု မျှော်လင့်ကြောင်း ဇာတ်ကားတာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်။

–Kpop Starz






7 DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# Radio to Live စီးရီးတွင်ပါသည့် နာမည်ကြီးအဆိုတော်များ၏ အခမဲ့ဖျော်ဖြေပွဲ မတ်လ ၂၉ရက်တွင် ကျင်းပမည်

**ဇွဲညက်**

**ရန်ကုန်၊**

**မတ်-၃**

ပတ္တမြားအက်ဖ်အမ်မှ စီစဉ် ကာ ဖြန့်ချိခဲ့သည့် Radio to Live စီးရီးတွင်ပါဝင်သော အဆိုတော်များ၏ အခမဲ့ဖျော်ဖြေပွဲကို မတ်လ ၂၉ ရက်တွင် Junction Square ၌ ပြုလုပ်မည်ဖြစ်သည်။

ယင်းစီးရီးခွေတွင် ရေဒီယိုခေတ်တွင် နာမည်ကြီးခဲ့သော ရေဒီယိုသီချင်းများနှင့် စတီဒီယိုသီချင်းများကို ယနေ့ခေတ်အဆိုတော်များက ၎င်းတို့၏ပုံစံများဖြင့် ပြောင်းကာ သီဆိုထားခြင်းဖြစ်သည်။

အင်းလေးမှာရွာတဲ့မိုး၊ မင်းတစ်ယောက်တော့ အသည်းကွဲရလိမ့်မယ်၊ မောင့်ကိုချစ်ဖို့ မွေးဖွားလာပါတယ် စသည့်ရေဒီယိုသီချင်းများအပါအဝင် စုစုပေါင်းသီချင်း ၁၄ ပုဒ်ပါဝင်ကာ စည်သူလွင်၊ ထူးအယ်လင်း၊ L လွန်းဝါ၊ သားသား၊ ရဲရင့်အောင်၊ အားတီ၊ ဂျက်ဆန်ထွန်း၊ မရန်ဆိုင်းနော်၊ သာဒီးလူ၊ အေသင်ချိုဆွေ၊ အိမ့်ချစ်၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ နေနေနှင့် Jewel တို့က သီဆိုထားသည်။

ယင်းစီးရီး၏ Audio ခွေကို ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဖြန့်ချိခဲ့ခြင်းဖြစ်ပြီး မတ်လ ၂၉ ရက်တွင် Junction Square ၌ အခမဲ့ဖျော်ဖြေပွဲပြုလုပ်ကာ ပတ္တမြားအက်ဖ်အမ်ရေဒီယိုနှင့် 5Plus ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းတေးစီးရီးတွင် ညမွှေးပန်းသီချင်းကို အီလက်ထရိုပုံစံဖြင့် သီဆိုထားသော အားတီက ယင်းသီချင်းသည် ၎င်းငယ်စဉ်ကတည်းက ကြိုက်ခဲ့သော သီချင်းတစ်ပုဒ်ဖြစ်ပြီး ၎င်းသီဆိုထားသည့်ပုံစံကို စတီရီယိုခေတ်က သီဆိုခဲ့သော ပလေးဘွိုင်းသန်းနိုင်ကိုယ်တိုင် ချီးကျူးခဲ့သည်ဟုဆိုသည်။



ဓာတ်ပုံ-နစ်ကီ

စာ(၃၉)မှ

## မိုးယုစံနှင့်တွေ့ဆုံခြင်း

အပြောမခံရအောင်လည်းနေတယ်ဆိုတော့ ဒီအချိန်အထိလည်း အဝတ်အစားပိုင်းနဲ့ ပတ်သက်ပြီး အပြောမခံရပါဘူး။

**မိုးယုစံက လူငယ်တစ်ယောက်ဖြစ်ပေမယ့် မြန်မာဆန်ဆန်ဝတ်စုံတွေနဲ့ အတွေ့များတယ်နော်။**

မြန်မာဆန်ဆန်ဝတ်စုံကတော့ ကိုယ်မှ မဟုတ်ပါဘူး။ တော်တော်များများလည်း ဝတ်လာကြတယ်။ ကိုယ်က မင်းသမီးတစ်ယောက်လည်းဖြစ်တော့ ကိုယ်ဝတ်မှ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ရာ ရောက်မယ်လို့လည်း ထင်တယ်။ အဲဒီအတွက် ပွဲ တော်တော်များများမှာ မြန်မာဝတ်စုံနဲ့ ဂါဝန်ရွေးဆိုရင် မြန်မာဝတ်စုံကိုပဲ ဝတ်ဖြစ်ပါတယ်။

**အနုပညာရှင်တိုင်း ကောလာဟလနဲ့ ကြုံဖူးကြတာဆိုတော့ အနုပညာရှင်တစ်ယောက်ဘယ်လို နေထိုင်သင့်တယ်လို့ထင်လဲ။**

အဲဒါက ကိုယ့်အပေါ်မှာပဲ မူတည်တယ်လို့ ထင်တယ်။ မိုးယု ကတော့ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်ချင်တယ်။ ပရိသတ်တွေကအစ ကိုယ့်အကြောင်းကိုပြောရင် မိုးယုစံရဲ့ ကောင်းကြောင်းပဲ ကြားချင်တယ်ဆိုတော့ အစစအရာရာအကောင်းဆုံး ဖြစ်အောင် ကြိုးစားရတာပေါ့။

**ဖျော်ဖြေပွဲတွေမှာ သီချင်းဆိုတာကိုလည်းတွေ့ရတော့ မိုးယုအနေနဲ့ ဂီတကိုရော ဝါသနာပါလား။ ဘယ်အတိုင်းအတာထိလုပ်သွားဖို့ရှိလဲ။**

သီချင်းဆိုတာတော့ ဝါသနာပါတယ်။ အရင်ကတည်းက ဆိုဖြစ်တယ်။ အားနေတဲ့ အချိန်ဆိုရင်လည်း သီချင်းဆိုဖြစ်တာများတယ်။ ဆိုဖြစ်မယ်ဆိုရင်တောင် အဆိုတော်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ မင်းသမီးတစ်ယောက်အနေနဲ့ ပရိသတ်နဲ့ ထိတွေ့ချင်လို့ ခွေထုတ်တာမျိုး လုပ်ရင် လုပ်ဖြစ်မယ်။

**မြန်မာပြည်မှာ အနုပညာရှင်တစ်ယောက်အိမ်ထောင်ပြုရင် နာမည်ကျသွားတတ်တယ်လို့ပြောကြတယ်။ ဒီနှစ်ထဲမှာ နာမည်ကြီးမင်းသမီးတချို့ အိမ်ထောင်ပြုသွားကြတော့ မင်းသမီးအငယ်တွေအတွက် အခွင့်အရေးရနိုင်တယ်လို့ သုံးသပ်ကြတဲ့အပေါ်မှာကော ဘယ်လိုမြင်လဲ။**

နာမည်ကျတယ်၊ မကျဘူးက ကိုယ့်စွမ်းဆောင်ရည်အပေါ်မှာလည်း မူတည်တာပေါ့။ အိမ်ထောင်ပြုပြီးသွားပေမယ့် အနုပညာလောကမှာ အောင်မြင်တဲ့သူတွေ အများကြီးပါ။ ကိုယ့်ရဲ့ အနုပညာတော်နေရင်တော့ လက်ခံမယ်လို့ထင်ပါတယ်။ ပရိသတ်စိတ်ဝင်စားမှုနည်းနည်းတော့ နည်းသွားနိုင်တာပေါ့။ ပရိသတ်ကို လူလွတ်နဲ့ အိမ်ထောင်သည် ဘယ်သူ့ကို စိတ်ဝင်စားမလဲဆိုရင် လူလွတ်ပဲ စိတ်ဝင်စားမှာပေါ့။ ဒါပေမဲ့လည်း အနုပညာအရည်အသွေးမြင့်နေရင်တော့ ဘယ်လိုမျိုးပဲ ဖြစ်ဖြစ် ပရိသတ်လက်ခံမယ်လို့ထင်ပါတယ်။

**မိုးယုရဲ့ အချစ်ရေးနဲ့ ပတ်သက်ပြီးတော့ ပရိသတ်ကြီးကို ဘယ်လိုမျိုး အသိပေးချင်လဲ။**

လောလောဆယ်ကတော့ အေးဆေးပါပဲ။ အခုအချိန်ကလည်း ပရိသတ်ကြီးကို တိတိကျကျ ရင်ဖွင့်ပြီးပြောရမယ့် အချိန်မဟုတ်သေးတဲ့အတွက် ကိုယ့်ဘက်က စဉ်းစားသင့်သလောက်တော့ စဉ်းစားနေပါတယ်။ ဖွင့်ပြောရမယ့် အခြေအနေတစ်ခုကို ရောက်လာရင်တော့ အားလုံးကို အသိပေးသွားမှာပါ။

**နှင်းဆီအဖွဲ့ရဲ့ အမေရိကန် ခရီးစဉ်ကိုလိုက်ဖြစ်မှာလား။ ဘယ်တော့သွားဖို့စီစဉ်ထားလဲ။**

မတ်လလယ်လောက်မှာ သွားဖြစ်မယ်ထင်တယ်။ ပွဲကတော့ မတ်လ ၁၆ ရက်ကရမှာ။ ခုလောလောဆယ်တော့ ခြောက်ပွဲကရမယ်လို့တော့သိထားတယ်။

**မိုးယုစံကို အားပေးနေတဲ့ ပရိသတ်အတွက် စကားလေးပြောပါဦး။**

အားပေးနေတဲ့ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ မိုးယုရဲ့ လှုပ်ရှားမှုတွေကို ကြည့်ပြီး ဝေဖန်ပေးကြပါ။ အခုရိုက်ထားတဲ့ ရုပ်ရှင်ကားကြီးထွက်လာရင်လည်း အားပေးကြပါလို့။

**ကျေးဇူးတင်ပါတယ်**

Amazing Time Travels & Tours

တစ်နှစ်တာအမောများပြေဖျောက်ဖို့ Amazing Time နဲ့ခရီးသွားစို့
ပျော်ရွှင်ကြည်နူး ချမ်းမြေ့ဖို့ ဒူဘိုင်း၊ ကိုးရီးယား ရွေးချယ်စို့
အံ့ဖွယ်ပျော်ရွှင်ဒူဘိုင်းရောက်ရှည ခရီးစဉ်(Little America)
(14-4-2014 မှ 19-4-2014)ထိတစ်ဦးလျှင် USD 2330
အံ့ဖွယ်ပျော်ရွှင် ကိုးရီးယား ဗီယက်နမ် ၇ ရက် ၆ ညအိပ်ခရီးစဉ်
ဂျယ်ဂျူး-ဘူဆန်-ဆိုလ်း-ဟန္တိုင်း
(11-4-2014 မှ 18-4-2014 )ထိတစ်ဦးလျှင် USD 1750
No.139,2 nd floor,Bagaya Road,Sanchaung Township,Yangon,Myanmar
Email: sales@amazingtimetravels.com http:// www.amazingtimetravels.com

Hot Line:
(+95-1)527445,2304785
(+95-9)731 20852
430 64845,73211907

STEM learning center
Teaching hands on
Science, Technology, Engineering and Mathematics
Fun & Learn Center
Education through motivation and inspiration
STEM Education for all ages!
သိပ္ပံ၊နည်းပညာ၊စက်မှုနှင့်သင်္ချာပေါင်းစပ်လက်တွေ့အသုံးချမှုနည်းပညာသင်တန်းများ
From kindergarten to university students
Summer Camp!!!
Courses
- Origami
- Simple Machines
- Build to Express (character education and science)
- Motorized Machines
- Renewable Energy and Pneumatic Machines
- Junior Electrical and Electronic Circuits
- Robotic Programming

Tower A, First Floor, Rm F-17,Pearl Condominium,
Kabar Aye Pagoda Road, Bahan Township, Yangon.
Tel : 09 31123407,09 8602271

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာ့သဓမ္မ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက်) ခရီးစဉ် ၉ သိန်း
သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများသို့ ( ၇ည / ၈ရက်) ခရီးစဉ် ၈ သိန်း
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခြင်း လုံးဝမရှိပါ။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 73150070, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ဖုန်း -09 402 64 8989, 09 5300305

တန်ဖိုး - ၁၅၀၀၀/- အသုံးပြုနည်းစာအုပ်၊ စီဒီခွေ၊ Software Stick ပြည့်စုံစွာပါဝင်သည်။ တန်ဖိုး - ၁၅၀၀၀/-




Easy Windows Recovery System
ကွန်ပျူတာ အလွယ်ပြုပြင်ထိန်းသိမ်းနည်း
ဉာဏ်ကြွယ်

ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ အသိပညာ လုံးဝ(လုံးဝ) မလိုအပ်သောကြောင့် အခြေခံအဆင့် ကျောင်းသားများပင်လျှင် သုံးစွဲနိုင်သည်။

* Window ပုံမှန်မဖြစ်ခြင်း (သို့) မတက်ခြင်း အချိန်တွင် Factory Restore ဖြင့် ပြန်လည်ခေါ်ယူ အသုံးပြုနိုင်သည်။
* File/Folder တွေကို ချုံ့နိုင်မည်။ ချုံ့ထားတဲ့ဖိုင်တွေကိုလည်း ပြန်ဖြေနိုင်မည့်အပြင် Drive တစ်ခုမှ တစ်ခုသို့ ကူးယူ/ ပြောင်း ပြုလုပ်နိုင်မည်။
* USB Boot စနစ်ကို Desktop နှင့် Laptop Computer တိုင်းမှာ အသုံးပြုနိုင်ပြီ။ မှားဖျက်မိတဲ့ ဖိုင်များရှိလျှင် ပြန်ရှာနိုင်ပြီ။
* စာအုပ်နှင့်အတူပါရှိသည့် Window (XP,7,8) ရဲ့Window Backup Image များဟာ ကွန်ပျူတာတိုင်းအတွက်အသုံးပြုနိုင်တယ်။
* System Partition မပါတဲ့ Window အနေနဲ့ လွယ်ကူစွာ ပြုလုပ်အသုံးပြုနိုင်မှာဖြစ်ပါတယ်။
* Window XP, 7 (32 bits, 64 bits) Window 8 ကြိုက်နှစ်သက်ရာ Window မှ Single, Dual, Triple Window အနေနဲ့ လွယ်ကူစွာ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။
* Window(XP,7,8) ကို Restore ပြုလုပ်ထားတဲ့ Hard Disk ကို အခြား Hard Disk မှာ ပုံတူကူးနိုင်ပြီ။
* မိမိနှစ်သက်ရာ Setting ကိုလည်း Factory Restore ပြုလုပ်၍ လိုရာ Software နှင့် Setting များ ထည့်သွင်း၍ Backup ပြုလုပ်ထားနိုင်ပါသည်။

မျက်ပွင့်စာပေ – ဖုန်း–၀၉–၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂

Sakura Residence Vacancy Announcement

*Manager and Sales Staff for NEW Gems & Diamonds Shop with good salary and incentive.*

Requirements

1. **Manager** (Female: 30 to 40 in age) 1 position
   Salary Proposal: USD 400~ (+incentive)
   (a) Good personality and high education
   (b) Minimum 5 years' experience in management field
   (c) Language Skills: Fluent English
   (d) Background knowledge on Gem & Diamond

2. **Sales Staff** (Female: 18 to 25 in age) 6 positions
   Salary Proposal: USD 150 (+incentive)
   (a) Good personality and high education
   (b) Sales experience is preferable
   (c) Language Skills: Good English
   (d) Background knowledge on Gem & Diamonds is preferable

Apply at Sakura Residence office on Inya Road. Bring CV, passport photo, recommendation from police department and labour registration card to interview. Deadline: 15 March 2014.

Sakura Residence
No.9, Block 10, Inya Road,Kamaryut Township, Yangon
Ph – 01 525001
Email- sakuraresidence.hr@gmail.com

Sports
7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# သုံးမျိုးစုံအားကစားအဖွဲ့အား မတ်လ ၇ ရက်တွင် နေပြည်တော်၌ စတင်စခန်းသွင်းမည်



နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် သုံးမျိုးစုံပြိုင်ပွဲလူရွေးပွဲ၌ ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေစဉ်

ဓာတ်ပုံ – အား/ကာ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်လ- ၃**

၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် သုံးမျိုးစုံ (Triathlon) ပြိုင်ပွဲအတွက် မြန်မာအားကစားအဖွဲ့အား မတ်လ ၇ ရက်မှစတင်ကာ နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အားကစားဝန်ကြီးဌာနသည် သုံးမျိုးစုံအားကစားနည်းအတွက် လူရွေးချယ်သည့်ပြိုင်ပွဲကို မတ်လ ၁ ရက်က နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသား ၂၀ ဦးနှင့် အမျိုးသမီးသုံးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ သုံးမျိုးစုံ (Triat–hlon)ပြိုင်ပွဲသည် ရေကူး၊ စက်ဘီး၊ တာဝေး(အပြေး)အားကစားနည်းသုံးမျိုး ပေါင်းစပ်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

"ပြိုင်ပွဲကို လာရောက်ရွေးချယ်ယှဉ်ပြိုင်တာကတော့ အမျိုးသား ၂၇ ဦးနဲ့ အမျိုးသမီးလေးဦးဖြစ်ပေမယ့် ရေကူးဆန်းစစ်ပြိုင်ပွဲမှာ အောင်မြင်ခဲ့တဲ့ အမျိုးသား ၂၀ ဦးနဲ့ အမျိုးသမီးသုံးဦးပဲ နောက်ဆုံးအဆင့်ကို ဆက်လက်ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲက အမျိုးသား ၁၀ ဦးနဲ့ အမျိုးသမီးသုံးဦး စုစုပေါင်းအားကစားသမား ၁၃ ဦးကို နေပြည်တော်မှာ မတ်လ ၇ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်''ဟု မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးဦးမြသန်းထိုက်က ပြောသည်။

ပထမဆုကျပ်သိန်း ၃၀ ချီးမြှင့်ခဲ့သည့် အဆိုပါသုံးမျိုးစုံ (အမျိုးသား)ပြိုင်ပွဲတွင် ချစ်ကိုကိုနှင့် (အမျိုးသမီး)ပြိုင်ပွဲတွင် ယဉ်နွယ်ဦးတို့က ဗိုလ်စွဲခဲ့သည်။

"သုံးမျိုးစုံအားကစားနည်းအတွက် ကစားသမားသစ်တွေတော့ ထပ်ရှာဖွေသွားမှာဖြစ်ပါတယ်။ လက်ရှိမှာ ပြည်တွင်းနည်းပြတွေနဲ့ လေ့ကျင့်မှာဖြစ်ပေမယ့် တရုတ်နိုင်ငံက နည်းပြဆရာကို ခေါ်ယူဖို့စီစဉ်နေပါတယ်"ဟု ဦးမြသန်းထိုက်က ပြောသည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက်တွင် သုံးမျိုးစုံအားကစားနည်းကို ၂၀၀၅ ဖိလစ်ပိုင်ဆီးဂိမ်းတွင်သာ တစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသော်လည်း ဆုတံဆိပ်မရရှိခဲ့ကြောင်း သတင်းရရှိသည်။

(၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပဏာမစာရင်းပါနေသည့် အားကစားနည်း ၃၀ ကျော်အနက် သုံးမျိုးစုံပြိုင်ပွဲအပါအဝင် အားကစားနည်းခုနစ်မျိုးခန့်မှာ မြန်မာလူမျိုးများနှင့် ရင်းနှီးမှုမရှိသည့် အားကစားနည်းများဖြစ်သည်။

အားကစားဝန်ကြီးဌာနသည် ၂၀၁၅ စင်ကာပူဆီးဂိမ်းတွင် မြန်မာလူမျိုးများနှင့် ရင်းနှီးမှုမရှိသေးသည့် သုံးမျိုးစုံ (Triathlon) အားကစားနည်း၊ Fenching (အနောက်တိုင်းဓားသိုင်း)၊ Netball, Squash စသည့် အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို ဧပြီအတွင်း ကျင်းပမည့်ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေး၌ အတည်ပြုပေးသွားမည်ဖြစ်သည်။

## ပြည်ပထွက်ကစားနေသော ကစားသမားနှစ်ဦး ခြေစွမ်းကို အေဗရာမိုဗစ်စောင့်ကြည့်နေ



နယ်မြို့တွင် ယှဉ်ပြိုင်သည့်မြန်မာလိဂ်ပွဲစဉ်တစ်ပွဲအား ရုပ်သံမှကြည့်ရှုနေသည့် မိုဗစ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်လ- ၃**

လက်ရွေးစင်ဘောလုံးအသင်းအတွက် ပြည်ပတွင် သွားရောက်ကစားနေသော ကျော်ဇေယျာဝင်းနှင့် ပိုင်စိုးတို့၏ ခြေစွမ်းကိုစောင့်ကြည့်နေသည်ဟု မြန်မာလက်ရွေးစင်အသင်းနည်းပြချုပ် အေဗရာမိုဗစ်က ပြောသည်။

"မလေးရှား၊ ထိုင်းတို့မှာ သွားရောက်ကစားနေတဲ့ မြန်မာဘောလုံးသမားတွေအနေနဲ့ သက်ဆိုင်ရာကလပ်မှာ ကောင်းကောင်းကစားနိုင်မယ်ဆိုရင် လက်ရွေးစင်အသင်းက သူတို့ကို ကြိုဆိုနေမှာပါ"ဟု ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းက မြန်မာအသင်းနည်းပြချုပ်ရာထူး စတင်တာဝန်ယူခဲ့သည့် ဆားဘီးယားလူမျိုးအေဗရာမိုဗစ်က ပြောသည်။

လက်ရှိတွင်ကမ္ဘောဇအသင်းမှ ကွင်းလယ်ကစားသမားကျော်ဇေယျာဝင်းသည် မလေးရှားစူပါလိဂ်ကလပ်ပီရတ်အသင်းတွင်လည်းကောင်း၊ ရတနာပုံအသင်းမှ တောင်ပံကစားသမားပိုင်စိုးသည် ထိုင်း ပထမတန်းကလပ်ဖူးခက်အသင်းတွင်လည်းကောင်း အငှား သွားရောက်ကစားနေကြပြီး လက်ရွေးစင်အသင်းဖွဲ့စည်းရန် ပြည်တွင်းလိဂ်ပွဲစဉ်များကို လိုက်လံကြည့်ရှုနေသည့် မြန်မာအသင်းနည်းပြချုပ်သစ်က ၎င်းတို့နှစ်ဦးကို ရည်ရွယ်ပြောကြားခဲ့သည်။

ထို့အပြင် အေဗရာမိုဗစ်က လက်ရွေးစင်ကစားသမားများ ရွေးချယ်ရာတွင် ပရော်ဖက်ရှင်နယ်အဆင့်ကစားနေသည့် ကစားသမားများကို ဦးစားပေးသွားမည်ဖြစ်သလို မြန်မာ လိဂ်–၂ ပွဲစဉ်များကိုလည်း စောင့်ကြည့်နေကြောင်း ပြောသည်။

"ပထမတန်းလိုပြိုင်ပွဲမျိုးမှာ အလားအလာရှိတဲ့ကစားသမားအငယ်လေးတွေလည်း တွေ့ရလေ့ရှိပါတယ်။ ဒါကြောင့် အချိန်ရတာနဲ့ မြန်မာလိဂ်–၂ ပွဲစဉ်တွေကို သွားရောက်ကြည့်ရှုမှာပါ"ဟု အေဗရာမိုဗစ်က ဆိုသည်။

ဘောလုံးအဖွဲ့ချုပ်က ၎င်းအား လူရွေးချယ်မှုအပိုင်းတွင် လွတ်လပ်စွာခွင့်ပြုထားသည်ဟု ဆိုထားသည့် မြန်မာအသင်းနည်းပြချုပ်အနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပထမဆုံးပွဲထွက်ရန်ရှိသည်မှာ လာမည့်မေလအတွင်း မော်လဒိုက်နိုင်ငံ၌ ကျင်းပမည့် အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲဖြစ်သည်။ အေဗရာမိုဗစ်သည် ၎င်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းအား ဧပြီလတတိယပတ်အတွင်း စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



# လီဗာပူးတိုက်စစ်မှူးစတားရစ်ချ် အင်္ဂလန်အသင်းနှင့်အတူ ပွဲ ၁၀၀ ကစားရနိုင်ဟု နည်းပြရှိုင်းဟော့ဆန်ခန့်မှန်း

**လန်ဒန်၊ မတ်-၂**

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြရှိုင်းဟော့ဆန်က လီဗာပူးမှ လူငယ်တိုက်စစ်မှူး စတားရစ်ချ်သည် နိုင်ငံအသင်းလက်ရွေးစင် ကစားသမားဘဝ၌ ပွဲ ၁၀၀ ခန့် ကစားရနိုင်သည့် ထိပ်တန်းကစားသမားဖြစ်လာနိုင်ကြောင်း ခန့်မှန်းပြောကြားလိုက်သည်။

စတားရစ်ချ် (၂၄)နှစ်သည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးပုံစံရနေပြီး လီဗာပူး၌ ထိပ်တန်းတိုက်စစ်မှူးဖြစ်သူ ဆွာရက်ဇ်နှင့်တွဲ၍ ခြေစွမ်းပြကာ ပွဲပေါင်း ၂၀ ကစားပြီး ၁၈ ဂိုး သွင်းထားသူဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ယခုနှစ် ကမ္ဘာ့ဖလားတွင်လည်း အင်္ဂလန်အသင်း၌ ပါဝင်ကစားနိုင်ဖွယ်ရှိနေသည်။

“စတားရစ်ချ်ဟာ အင်္ဂလန်အတွက် ကစားခွင့်ရတာနည်းလှပါတယ်။ သူနဲ့ပတ်သက်ရင် ကျွန်တော်တို့ ကံမကောင်းပါဘူး။ သူ လီဗာပူးကိုရောက်ကတည်းက အရမ်းကောင်းခဲ့ပါတယ်။ ကျွန်တော် အင်္ဂလန်အသင်းကိုကိုင်တဲ့ ၂၅ ပွဲမှာသူ့ကိုသဘောကျပေမယ့်ထည့်သုံးခွင့်မကြုံခဲ့ပါဘူး။ ဒါကြောင့် နောက် ၂၅ ပွဲမှာ သူကစားခွင့် များများရပါမယ်။ ပွဲ ၅၀ လောက်ပြည့်သွားရင်တော့ သူ ပွဲ ၁၀၀ ပြည့်ဖို့ မခက်ပါဘူး။ သူ့မှာ ပါရမီရှိလို့ပါ” ဟု ရှိုင်းဟော့ဆန်ကပြောသည်။

စတားရစ်ချ်သည် အင်္ဂလန်ကို ရှိုင်းဟော့ဆန်ကိုင်တွယ်သည့် ၂၀၁၂ မေလမှစ၍ နိုင်ငံအသင်းအတွက် လေးပွဲသာကစားခွင့်ရခဲ့သည်။

—*Ref: AFP*



ANDREW WINNING/EPA

## ဖလားသုံးလုံးရယူရေး စဉ်းစားထားခြင်းမရှိကြောင်း ရီးရဲလ်နည်းပြအန်ဆယ်လော့တီပြောကြား



REUTERS

**မက်ဒရစ်၊ မတ်-၂**

ရီးရဲလ်မက်ဒရစ်နည်းပြ အန်ဆယ်လော့တီက ၎င်းတို့အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဥရောပချန်ပီယံ၊ လာလီဂါချန်ပီယံနှင့် ကိုပါဒယ်ရေးဖလားသုံးလုံးစလုံးကို ရယူသွားရန် စဉ်းစားထားခြင်း မရှိကြောင်း ပြောကြားလိုက်သည်။

ရီးရဲလ်သည် လက်ရှိတွင် ကိုပါဒယ်ရေးဖိုင်နယ်၌ ဘာစီလိုနာနှင့်တွေ့ဆုံရန်ရှိပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင်လည်း ရှော်လ်ကေးကို ပထမအကျော့ ဂိုးပြတ်နိုင်ထားကာ ဆီမီးဖိုင်နယ်သို့ တက်ရန် ကျိန်းသေသလောက်ဖြစ်နေသည်။ ထို့အပြင် လာလီဂါတွင်လည်း ဘာကာနှင့် အက်သလက်တီကိုတို့ကို သုံးမှတ်ဖြတ်ထားပြီး ဦးဆောင်နေသည်။ “ကျွန်တော်တို့ ဖလားသုံးလုံးရဖို့ မစဉ်းစားပါဘူး။ ကျွန်တော်တို့ တစ်ပွဲချင်းကိုပဲ အာရုံစိုက်ကစားသွားမှာပါ။ ဖလားအားလုံးကို ရနိုင်တယ်လို့စဉ်းစားတာဟာ ကျွန်တော်တို့အတွက် မကောင်းပါဘူး။ တစ်ပွဲချင်းနိုင်ဖို့ပဲ တွေးသင့်တာပါ”ဟု အန်ဆယ်လော့တီကပြောသည်။

ရီးရဲလ်သည်လက်ရှိတွင်လာလီဂါ၌ နိုင်ပွဲဆက်နေပြီး ဂိုးပြတ်နိုင်ပွဲများရခဲ့သည့်အပြင် ချန်ပီယံလိဂ်ကွာတားတွင် ရှော်လ်ကေးကို အဝေးကွင်းတွင် ၆–၁ ဂိုးဖြင့်နိုင်ခဲ့ရာ အကြိုဗိုလ်လုပွဲတက်ရန် ကျိန်းသေသလောက်ဖြစ်သွားသည်။

—*Ref: Soccerway*



7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

# ချယ်လ်ဆီး-စပါး လန်ဒန်ဒါဘီ၊ နာပိုလီ-ရိုးမား ထိပ်တိုက်တွေ့ဆုံမှုနဲ့ ဒီတစ်ပတ်ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲတွေကတော့ ချယ်လ်ဆီး–စပါး လန်ဒန်ဒါဘီ၊ နာပိုလီ–ရိုးမား စီးရီးအေ ဒုတိယနေရာလုရမယ့်ပွဲသဖွယ် ဖြစ်လာတဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေရှိနေပါတယ်။ လာလီဂါကတော့ ရီးရဲလ်တို့ မက်ဒရစ်ဒါဘီပွဲအပြီးမှာ အိမ်ကွင်းကစားချိန် အက်သလက်တီကိုနဲ့ ဘာကာတို့က အဝေးကွင်းပွဲတွေ ဖြတ်သန်းပြီး အနိုင်သေချာဖို့ ကြိုးပမ်းရမှာဖြစ်လို့ ဇယားမှာရပ်တည်မှု အမှတ်တွေ ထပ်မံကွာဟသွားနိုင်မလား စောင့်ကြည့်ချင်စရာဖြစ်ပါတယ်။

**ပရီးမီးယားလိဂ်**

**၈၊ မတ်၊ စနေ**

**ဝက်စ်ဘရွန်း-မန်ယူ**

**ပကျော့ရလဒ် ၂-၁**

ပထမအကျော့ရှုံးကြွေးကို မန်ယူဆပ်နိုင်မလားစောင့်ကြည့်ရမှာပါ။ သရေပွဲဆက်တိုက်များနေတဲ့ ဝက်စ်ဘရွန်းကို မန်ယူ သရေထပ်မပေးဖို့လိုပါတယ်။မန်ယူတစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်မယ့်ပွဲပါ။

**ခရစ္စတယ်ပဲလေ့စ်-ဆောက်သမ်တန်**

**ပကျော့ရလဒ် ၀-၂**

တန်းဆင်းဇုန်ထိပ်နားမှာ ခရစ္စတယ်ပဲလေ့စ်တို့ ခြေမမှန်ဘဲ ဆောက်သမ်တန်ကလည်း လီဗာပူးကို အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးထားတဲ့အသင်းပါ။ ပဲလေ့စ်အိမ်ကွင်းမှာ သရေရရင် ကျေနပ်ရမှာပါ။ ချန်ပီယံရှစ်လိဂ်မှာ တွေ့ဆုံမှုတွေ တုန်းကတော့ ဆောက်သမ်တန်က နိုင်ခဲ့တယ်။

**နော့ဝစ်ချ်-စတုတ်စီးတီး**

**ပကျော့ရလဒ် ၁-၀**

တန်းဆင်းဇုန်အထက်နားရုန်းကန်နေရဆဲ နှစ်သင်းတွေ့တဲ့ ပွဲဖြစ်ပါတယ်။ အိမ်ကွင်းမှာ နော့ဝစ်ချ်တို့ သရေအနည်းဆုံးရနိုင်တယ်။ စတုတ်တို့နိုင်ရင်လည်း တစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်မယ့်ပွဲပါ။

**၉၊ မတ်၊ တနင်္ဂနွေ**

**ချယ်လ်ဆီး-စပါး**

လန်ဒန်ဒါဘီဖြစ်ပြီးအိမ်ကွင်းမာကျောတဲ့ ချယ်လ်ဆီးရဲ့ စတန်းဖို့ဒ်ဘရစ်ချ်မှာ ကစားမှာဖြစ်ပါတယ်။ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ သရေသုံးကြိမ်နဲ့ ချယ်လ်ဆီးနှစ်ကြိမ်နိုင်တဲ့ ရလဒ်ထွက်ထားတယ်။ ချယ်လ်ဆီးဘက်ကပဲ နေရမှာပါ။ ချယ်လ်ဆီးထုံးစံအတိုင်း တစ်ဂိုးအသာနဲ့ ကပ်နိုင်တဲ့ ရလဒ်မျိုးနဲ့ ပြီးသွားနိုင်တယ်။

**စီးရီးအေ**

**၈၊ မတ်၊ စနေ**

**အူဒီးနီးစ်-မီလန်**

**ပကျော့ရလဒ် ၂-၁**

မီလန်တို့ နောက်ပိုင်းနိုင်ပွဲတွေရလာပေမယ့် အူဒီးနီးစ်ကလည်း ခြေမှန်နေတဲ့အသင်းပါ။ ပထမအကျော့တုန်းကလို အူဒီးနီးစ်ပဲ ကပ်နိုင်ခြေရှိတယ်။ သရေလည်းဖြစ်သွားနိုင်တယ်။

**၉၊ မတ်၊ တနင်္ဂနွေ**

**ဂျူဗင်တပ်-ဖီအိုရင်တီးနား**

**ပကျော့ရလဒ် ၂-၄**

ဇယားထိပ်ဂျူဗီတို့ အိမ်ကွင်းခြေစွမ်းပြမယ့်ပွဲပါ။ ဖီအိုရင်တီးနား ပထမအကျော့တုန်းကလို နိုင်ဖို့မလွယ်ပါဘူး။ ဂျူဗင်တပ် အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားပါလိမ့်မယ်။ ဒီနှစ်သင်းက ယူရိုပါလိဂ်မှာလည်း တွေ့ဦးမှာဖြစ်တယ်။

**၁၀၊ မတ်၊ တနင်္လာ**

**နာပိုလီ-ရိုးမား**

**ပကျော့ရလဒ် ၃-၀**

နာပိုလီအိမ်ကွင်းမှာ ရိုးမားကို ရှုံးနိုင်ခြေမရှိပါဘူး။ ကိုပါအီတာလီယာမှာ နာပိုလီဂိုးပြတ်နိုင်ခဲ့တာကို ရိုးမားပြန်ချေနိုင်ဖို့ မလွယ်သေးပါဘူး။ ရိုးမားသရေလည်း ရနိုင်ပါတယ်။

**လာလီဂါ**

**၈၊ မတ်၊ စနေ**

**ရီးရဲလ်ဗယ်လာဒိုလစ်-ဘာစီလိုနာ**

**ပကျော့ရလဒ် ၁-၄**

ဘာကာတို့အဝေးကွင်းနိုင်ပွဲ မဖြစ်မနေရအောင် ကစားမယ့်ပွဲပါ။ ဗယ်လာဒိုလစ် ဇယားအောက်ဆုံးကဆိုပေမယ့် သရေပွဲဆက်တိုက်များနေတဲ့အချက်ကဘာကာနဲ့လည်း ခံစစ်ပိတ်ကစားနိုင်တယ်ဆိုတာကို သတိထားရမယ်။ ဘာကာ နှစ်ဂိုးလောက်နဲ့ နိုင်ခြေရှိတယ်။

**၉၊ မတ်၊ တနင်္ဂနွေ**

**ဆယ်လ်တာဗီဂို-အက်သလက်တီကို**

**ပကျော့ရလဒ် ၁-၂**

အက်သလက်တီကိုမက်ဒရစ်ဟာ ချန်ပီယံလိဂ်မှာ မီလန်ကို အဝေးကွင်းနိုင်ခဲ့ပေမယ့် လာလီဂါ အဝေးကွင်း အိုဆာဆူနာကိုတော့ သုံးဂိုးပြတ်ရှုံးခဲ့ပါတယ်။ ဒါပေမဲ့ ဒီပွဲကိုတော့ အနိုင်ပြန်ကန်သွားနိုင်တယ်။ ဂိုးနည်းပါမယ်။

**၁၀၊ မတ်၊ တနင်္လာ**

**ရီးရဲလ်မက်ဒရစ်-လီဗန်တေး**

**ပကျော့ရလဒ် ၃-၂**

ရီးရဲလ်တို့ ခြေစွမ်းပိုင်းအမြင့်ဆုံးကို ရောက်လာနေပြီး ချန်ပီယံလိဂ်ရော ပြည်တွင်းလိဂ်မှာပါ တစ်ပွဲကို အနည်းဆုံးနှစ်ဂိုးပြတ်တွေနဲ့ ငါးပွဲဆက်တိုက်နိုင်ထားတယ်။ ရီးရဲလ်ဘက်က ဂိုးအများနဲ့ ရွေးထားသင့်ပါတယ်။



ANDY RAIN/EPA

Precious Lights
Think Green, Save Energy.
"စွမ်းအင်ချွေတာပြီး စိမ်းလန်းသော ကမ္ဘာမြေကြီးကို ပိုင်ဆိုင်ဖို့
Precious Lights ရဲ့ LED Lighting ပစ္စည်းများကို သုံးကြစို့။"
နာရီ(၅၀၀၀၀) ကျော် သက်တမ်းရှိခြင်း၊
သာမန်မီးလုံးမီးချောင်းများထက် ၅၀% ကျော် စွမ်းအင်ချွေတာနိုင်သဖြင့် မီတာခကို ထက်ဝက်ကျော်သက်သာစေခြင်း၊
အာမခံကာလ (၂)နှစ် နှင့် (၃)နှစ် ရှိခြင်းတို့ကြောင့် လူကြီးမင်းတို့ စိတ်တိုင်းကျ အသုံးပြုနိုင်မည်ဟု ယုံကြည်ပါသည်။
e-mail:staff@precious-lights.com
CE RoHS

F4P
giz
သင့်စိတ်ကူးများကို ဖိတ်ခေါ်လိုက်ခြင်း
ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ လက်ဖက်လုပ်ငန်းတို့နှင့် ပတ်သက်သော Company အသင်း၊ အဖွဲ့၊ ထုတ်လုပ်သူများ အသင်းတို့တွင် သင်လုပ်ကိုင်နေပါသလား ?
သင်နှင့် သင့်လုပ်ငန်းပါတနာ၊ အသင်းအဖွဲ့တို့သည် ရှမ်းပြည်နယ်တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ လက်ဖက်လုပ်ငန်းတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကျိုးတူစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ကူးကြံစည်ထားပါသလား?
ယင်းစီမံကိန်းများ အကောင်အထည်ဖော်ရန် အကူအညီလိုအပ်နေပါက
Project Idea Format ကိုဖြည့်၍ လျှောက်လွှာပုံစံငယ်နှင့်အတူ အကျိုးတူပူးပေါင်းမှု ပုံပိုးရေးသို့ မတ်လ ၃၁ရက် ၂၀၁၄ နောက်ဆုံးထားလျှောက်လွှာပေးပို့လိုက်ပါ။
သင့်လျှောက်လွှာရွေးချယ်ခံရပါက စီမံကိန်းမူဝါဒ (Project Concept) ရေးဆွဲခြင်းတွင် GIZ မှ အကူအညီပေးမည်ဖြစ်ပြီး ဒုတိယအဆင့်ရွေးချယ်မှုသို့ တက်ရောက်နိုင်သည်။
နောက်ဆုံးရွေးချယ်အောင်မြင်သူများ သည် US$ 10,000 မှ US$ 125,000 အထိထောက်ပံ့ကူညီမှုရရှိမည်။
Project Idea လျှောက်လွှာပုံစံရယူရန်နှင့် သတင်းစုံစမ်းရန်
f4p@giz.de သို့ ဆက်သွယ်ပါ။
FRUITS, VEGETABLES, TEA

LIFAN GROUP
HONLEI
SKYGO
LIFAN GROUP SKYGO MOTO
LIFAN
4.3.2014 မှ 6.3.2014 ရက်တွင် မန္တလေးမြို့တွင်
Motor Cycle ပြပွဲ ကျင်းပရာတွင်
Lifan Group မှ ပါဝင်ဆင်နွှဲမည် ဖြစ်ပါသည်။
မြန်မာနိုင်ငံအတွင်းရှိ Lifan Cycle များဟာ ထိုင်းနိုင်ငံ ၊ ဗီယက်နမ်နိုင်ငံ နှင့်တရုတ်နိုင်ငံ များတွင် ရှိသော Lifan Cycle စက်ရုံများမှ ထုတ်လုပ်ပြီး တိုက်ရိုက် တင်ပို့ရောင်းချခြင်း ဖြစ်ပါသည်။
HONLEI : 09-5231558 SKYGO : 09-250404790, 428174795
LIFAN : 09-428153206
www.lifan.com

# လုံခြုံရေးအဖွဲ့ များ၏ နှိပ်စက်မှုများကို လူသိရှင်ကြားဖော်ထုတ်ရန် ဗင်နီဇွဲလားဆန္ဒပြသူများချီတက်တောင်းဆို

**ကာရာကတ်စ်၊ မတ်-၁**

ဗင်နီဇွဲလားဆန္ဒပြသူရာပေါင်းများစွာသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုများကို လူသိရှင်ကြား ရှုတ်ချပြောဆိုရန် ကာရာကတ်စ်မြို့တွင် ချီတက်ဆန္ဒပြခဲ့ကြသည်။

ထိုအတောအတွင်း အမေရိကန်အစိုးရက ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုအနေဖြင့် ဆန္ဒပြသူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်နှင့် သွေးမြေကျအကြမ်းဖက်မှုများ အဆုံးသတ်ရန် တိုက်တွန်းခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံ တည်ငြိမ်အေးချမ်းစေရေးအတွက် အမေရိကန်အစိုးရသည် ကိုလံဘီယာနှင့် အခြားသောနိုင်ငံများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိသည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတမာဒူရိုက ယင်းဆန္ဒပြမှုများမှာ အာဏာသိမ်းရန်ကြိုးပမ်းမှုဟု အမည်ပေးခဲ့သည်။ ကုန်ဈေးနှုန်းတက်ခြင်းနှင့် ကုန်ပစ္စည်းရှားပါးခြင်းတို့အပေါ် အမျက်ထွက်နေသော ကျောင်းသားများနှင့် ပူးပေါင်းလိုက်သည့် အတိုက်အခံခေါင်းဆောင်များသည် လက်ရှိအစိုးရကိုဖြုတ်ချရန် ဇာတ်လမ်းဆင်နေသည်ဟု သမ္မတမာဒူရိုက စွပ်စွဲခဲ့သည်။

ဆန္ဒပြပွဲစီစဉ်သူ အဲဖရက်ဒိုရိုမာရိုက နှိပ်စက်ညှဉ်းပန်းမှု ၃၃ မှုကို လူထုမကျေနပ်ချက်ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားထားသည်ဟု ပြောကြားသည်။ ဗင်နီဇွဲလားအစိုးရကလည်း လူ့အခွင့်အရေးချိုးဖောက်မှု ၂၇ မှုကို စုံစမ်းစစ်ဆေးနေသည်ဟု ပြောကြားသည်။ စာနယ်ဇင်းသမဂ္ဂက ပြည်တွင်းနှင့် ပြည်ပသတင်းသမားများ နှိပ်စက်ညှဉ်းပန်းခံရမှု၊ ခြိမ်းခြောက်ခံရမှု၊ မတရားဖမ်းဆီးခံရမှု၊ လုယက်ခံရမှု စသည့်အမှုပေါင်း ၇၀ ခန့် တိုင်ကြားခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်တွင်စတင်ဖြစ်ပွားခဲ့သော ဗင်နီဇွဲလားနိုင်ငံတွင်း ဆန္ဒပြမှုများနှင့် ဆူပူအကြမ်းဖက်မှုများ၌ လူ ၅၀ ကျော် သေဆုံးခဲ့ပြီး လူ ၂၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဗင်နီဇွဲလားအစိုးရက ကြေညာသည်။ ဆန္ဒပြအကြမ်းဖက်မှုများကြောင့် လူ ၁,၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်ဟုလည်း သိရသည်။ အစိုးရဆန့်ကျင်ဆန္ဒပြသူများအပေါ် အပြင်းအထန်ဖြိုခွင်းမှုအတွက် တာဝန်ရှိသူများအား အရေးယူမှုများပြုလုပ်ရန် အမေရိကန် ကွန်ဂရက်က သမ္မတအိုဘားမားအား တိုက်တွန်းခဲ့သည်။ *—Ref: AFP*



JUAN BARRETO/AFP

*ဖေဖော်ဝါရီ ၂၈ ရက်က ကာရာကက်စ်မြို့ အစိုးရဆန့်ကျင်ဆန္ဒပြပွဲအတွင်း* Guy Fawkes *မျက်နှာဖုံးတပ်ဆန္ဒပြသူတစ်ဦး သွပ်ပြားဒိုင်းကာ ကိုင်ဆောင်ထားသည်ကို တွေ့ရစဉ်*

# အမေရိကန်စီးပွားရေးတိုးတက်မှု လျှော့ချခန့်မှန်းခဲ့သော်လည်း နေးကွေးမှုလက္ခဏာလျော့ကျလာ

**ဝါရှင်တန်၊ မတ်-၁**

စီးပွားရေးနာလန်ထမှုအရှိန်လျော့လာသော နောက်ဆုံးအမှတ်သင်္ကေတတစ်ရပ်တွင် အမေရိကန်အစိုးရက စတုတ္ထသုံးလပတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျှော့ချခန့်မှန်းလိုက်သည်။ သို့သော် တစ်ဖက်တွင်လည်း စီးပွားရေးနှေးကွေးမှု အဆိုးဆုံးအခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီဟူသောလက္ခဏာများပေါ်ထွက်လာသည်။

နိုင်ငံ၏ဂျီဒီပီမှာ နှစ်စဉ်နှုန်းဖြင့်တွက်လျှင် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဌာနက ပြောကြားသည်။

ယင်းမှာ ပြီးခဲ့သည့်လကရရှိခဲ့သော ၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် တတိယသုံးလပတ်ကရရှိခဲ့သော ၄ ဒသမ ၁ ရာခိုင်နှုန်းတို့ထက် နည်းပါးသည်။

အမေရိကန်စီးပွားရေးမှာ အောက်တိုဘာက ၁၆ ရက်ကြာ အစိုးရယန္တရားရပ်ဆိုင်းမှုနှင့် ဒီဇင်ဘာနှောင်းပိုင်း ရာသီဥတုကမောက်ကမဖြစ်မှုကြောင့် ထိခိုက်ခဲ့ရသည်။

ယခုနှစ် ပထမသုံးလပတ်ခန့်မှန်းချက်ကိုလည်း ၂ ရာခိုင်နှုန်းအောက်သာရှိမည်ဟု ခန့်မှန်းထားသည်။

သို့သော် ဖေဖော်ဝါရီ ၂၈ ရက်က ကြေညာခဲ့သော အချက်အလက်များတွင် စားသုံးသူခံစားချက်၊ စက်ရုံလုပ်ငန်းများနှင့် အိမ်ရာကဏ္ဍတွင် တိုးတက်မှုလက္ခဏာများကိုမြင်တွေ့ရသည်။ ဖေဖော်ဝါရီတွင် စားသုံးသူခံစားချက်အကောင်းမြင်လာသလိုနိုင်ငံအနောက်တောင်ပိုင်း စက်ရုံကုန်ထုတ်လုပ်မှုမှာလည်း သုံးလကြာကျဆင်းခဲ့ရာမှ ပြန်လည်အားကောင်းလာခဲ့သည်။

*—Ref: Reuters*

# ရွေးကောက်ပွဲမတိုင်မီ တူနီးရှားဝန်ကြီးချုပ် ပြည်နယ်အုပ်ချုပ်ရေးမှူးများ ပြောင်းလဲခန့်အပ်

**တူးနစ်၊ မတ်-၁**

၂၀၁၄ ရွေးကောက်ပွဲများမတိုင်မီ အတိုက်အခံပါတီ၏ တောင်းဆိုမှုကိုလိုက်လျော၍ တူနီးရှားဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးအများစုကို ပြောင်းလဲခန့်အပ်ခဲ့သည်။

လက်ရှိအာဏာရအင်နက်ဒါ အစ္စလာမ်ပါတီသည် ရွေးကောက်ပွဲမတိုင်မီ အကြီးတန်းအရာရှိနေရာများ၌ ၎င်းတို့၏ပါတီဝင်များသာ ခန့်အပ်ထားသည်ဟု ဘာသာရေးကို နိုင်ငံရေးမှ သီးခြားခွဲထားသော အတိုက်အခံပါတီက စွပ်စွဲခဲ့ပြီး ရာထူးခန့်အပ်မှုများ ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့သည်။

ဝန်ကြီးချုပ်မေဒီဂျိုမာအနေဖြင့် စီမံအုပ်ချုပ်မှုကိုပြုပြင်ရန် ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၄ ဦးအနက် ၁၈ ဦးအား ပြောင်းလဲရန်ဆုံးဖြတ်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး လော့တီဘန်ဂျက်ဒေါက ပြောကြားသည်။

အင်နက်ဒါပါတီ ခေါင်းဆောင်များက ၎င်းတို့ရာထူးပြောင်းရွှေ့ခံရမှုကို မကန့်ကွက်သော်လည်း လူတစ်ဦးချင်းစီကို ပါတီစွဲမပါဘဲ ၎င်းတို့၏ ဆောင်ရွက်မှုဖြင့်သာ အဆုံးအဖြတ်ပေးသင့်သည်ဟု ပြောကြားသည်။

အစ္စလာမ်မစ်ပါတီဝင်များနှင့် အတိုက်အခံပါတီဝင်များအကြား သဘောတူညီမှုအရ ၂၀၁၄ ခုနှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။ ယင်းရွေးကောက်ပွဲများကို ပါလီမန်က ရွေးကောက်သော လွတ်လပ်သည့် အဖွဲ့တစ်ဖွဲ့က ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။

*—Ref: Reuters*



# International

7DAY NEWS JOURNAL
Vol.13, No.1 • MARCH 5 , 2014

## ချူလက်နက်ထုတ်လုပ်ရန် အီရန်ကြိုးစားနေသည့် အထောက်အထား ကုလသမဂ္ဂမတွေ့ဟု သမ္မတရိုဟာနီပြောကြား

**တီဟီရန်၊ မတ်-၃**

အီရန်နိုင်ငံ၏ နျူကလီးယားထုတ်လုပ်မှုများကို နာရီထောင်ပေါင်းများစွာကြာအောင် စုံစမ်းစစ်ဆေးခဲ့သော်လည်း စစ်ရေးဦးတည်ချက်ရှိသည် ဆိုသော အထောက်အထားကို ကုလသမဂ္ဂအဏုမြူစောင့်ကြည့်ရေးအဖွဲ့က မတွေ့ရှိခဲ့ဟု အီရန်သမ္မတရိုဟာနီက မတ်လ ၂ ရက်တွင် ပြောသည်။

ဆွစ်ဇာလန်နိုင်ငံ ဗီယင်နာမြို့တွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)က အုပ်ချုပ်ရေးမှူးများ အစည်းအဝေးအကြိုနေ့၌ ရိုဟာနီက ယင်းသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

"အီရန်နိုင်ငံမှာရှိတဲ့ နျူကလီးယားသိပ္ပံလုပ်ငန်းဟာ ငြိမ်းချမ်းရေးလမ်းကြောင်းအတိုင်း စီးဆင်းနေတယ်ဆိုတာ အနောက်အင်အားကြီးနိုင်ငံတွေအားလုံး သိကြပါတယ်"ဟု ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော မိန့်ခွန်းတစ်ရပ်တွင် ရိုဟာနီကပြောကြားသည်။

IAEA က နာရီပေါင်းထောင်ပေါင်းများစွာကြာ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး နျူကလီးယားနည်းပညာ ငြိမ်းချမ်းစွာအသုံးပြုမှုမှ စစ်ရေးဦးတည်ချက်ဆီသို့ ပြောင်းလဲသွားခြင်းမတွေ့ရဟု ယင်းအဖွဲ့က ကြေညာခဲ့ကြောင်း ရိုဟာနီက ပြောသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံကြား နိုဝင်ဘာအတွင်း ရယူနိုင်ခဲ့သည့် ယာယီသဘောတူညီမှုအတိုင်း အီရန်နိုင်ငံက ဆောင်ရွက်နေသည်ဟု IAEA ၏ ဖေဖော်ဝါရီလနှောင်းပိုင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းသဘောတူညီမှု အသက်ဝင်လာပြီးနောက် တစ်လအကြာတွင် IAEA ၏ အစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်သည်။ အီရန်နျူကလီးယားအစီအစဉ်များမှာ စစ်ရေးဦးတည်ချက်ရှိသည်ဟူသော အနောက်နိုင်ငံများ၏ သံသယစိတ်များကို ဖြေလျှော့စေမည့် အပြီးသတ် နျူကလီးယားသဘောတူညီမှုရရှိရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့က ကြိုးစားနေသည်။ *—Ref: AFP*

## ဖမ်းဆီးထားသော မူးယစ်ဘုရင်ကို ထောက်ခံဆန္ဒပြရန် စီစဉ်ထားမှု မက္ကဆီကိုရဲတပ်ဖွဲ့တားဆီး

**ကူလီယာကန်၊ မတ်-၃**

စပိန်ဘာသာစကားဖြင့် အယ်လ်ချာပို (အရပ်ပုသူ)ဟု လူသိများသော ဖမ်းဆီးခံထားရသည့် မူးယစ်ဂိုဏ်းဘုရင် ဂျောင်ကင်ဂုတ်စ်မန်းကို ထောက်ခံဆန္ဒပြရန် ပြင်ဆင်ထားပုံရသော လူ ၄၀ ဦးခန့်အား ရဲတပ်ဖွဲ့က မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် မတ်လ ၂ ရက်က ဖမ်းဆီးလိုက်သည်။

ဂုတ်စ်မန်းဦးဆောင်ခဲ့သည် ဆိုသော စီနာလိုအာမူးယစ်ပူးပေါင်းအဖွဲ့၏ အဓိကအခြေစိုက်ရာ စီနာလိုအာပြည်နယ်မြို့တော်ကူလီယာကန်လမ်းမများတွင် ဂုတ်စ်မန်းထောက်ခံသူ ၁,၀၀၀ ခန့်က ၎င်းကိုလွှတ်ပေးရန် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဆန္ဒပြတောင်းဆိုခဲ့ကြပြီးနောက် ယခုကဲ့သို့ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုအတွင်း ပါဝင်သူများကို ကာကွယ်ပေးသူ (သို့မဟုတ်) စောင့်ရှောက်ပေးသူအဖြစ် ရှုမြင်ထားသော သူတော်စင်ယေရှုမာလ်ဗာဒီ၏ ဓာတ်တော်တည်ရာနေရာတွင် စုဝေးကြသည့် လူ ၁၅၀ ခန့်အနက် လူ ၄၀ ခန့် ထိန်းသိမ်းခံခဲ့ရသည်ဟု စီနာလိုအာပြည်နယ် ပြည်သူ့လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ် ဒန်နီယယ်ဂါစီအိုလာက ပြောသည်။ ယင်းသို့ လူ ၁၅၀ ခန့် စုဝေးနေစဉ် အချို့က 'ဂျပုကြီး သက်တော်ရာကျော်ရှည်ပါစေ'ဟု အော်ဟစ်ခဲ့ကြပြီး ရဲတပ်ဖွဲ့၏လူစုခွဲရန် အမိန့်ကို ငြင်းဆန်ခဲ့ကြသည်ဟု ၎င်းကပြောသည်။

ယင်းနေရာသို့ ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ် အစီး ၂၀ ခန့် စေလွှတ်ခဲ့ပြီး ယင်း လူ ၄၀ အား ငြိမ်းချမ်းရေးကို နှောင့်ယှက်မှုဖြင့် ဖမ်းဆီးထားခြင်းဖြစ်သည်ဟု ဂါစီအိုလာက ပြောသည်။

ဂုတ်စ်မန်းမှာ အလုပ်အကိုင်များ၊ ငွေကြေးနှင့် ကာကွယ်မှုများ ပေးသောကြောင့် ၎င်းကို သဘောကျသည်ဟု ယခင်ဆန္ဒပြပွဲများတွင် ပါဝင်သူအချို့ကပြောသည်။

ချီတက်ဆန္ဒပြမှုပြီးနောက် လွတ်လပ်စွာသဘောထားဖော်ထုတ်ခွင့်ကို ကန့်သတ်ရန် မိမိတို့ မကြိုးစားသော်လည်း ငြိမ်းချမ်းမှုကို နှောင့်ယှက်ခြင်း (သို့မဟုတ်) ရာဇဝတ်ကောင်များအတွက် အကူအညီပေးခြင်း (သို့မဟုတ်) တောင်းဆိုမှုများကို သည်းခံမည်မဟုတ်ဟု မက္ကဆီကိုအာဏာပိုင်များက ပြောသည်။

ဂုတ်စ်မန်းကို မာဇာလန်မြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် မက္ကဆီကိုနိုင်ငံတွင်း ရာဇဝတ်ဂိုဏ်းတည်ထောင်မှုစွဲချက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မက္ကဆီကို ဖက်ဒရယ်တရားသူကြီးများက ပြောသည်။ *—Ref: AP*









Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့
'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ ...
Manufactured by
DAEWON PHARM. CO., LTD.
Seoul Korea
MARKETED BY:
AA MEDICAL PRODUCTS LTD.




CP
ရင်ခုန်ပျော်ရွှင် ကံစမ်းအစီအစဉ်မှာ
အားလုံးပါဝင်
ဆုတွေယူကြစို့
CP
5000
စီပီကြက်ကြော်ဆိုင်တိုင်းတွင် ၂၀၀၀ ကျပ်ဖိုး ဝယ်ယူပြီး ကံစမ်းစက်တွင် ရင်ခုန်ပျော်ရွှင်စွာ ဆော့ကစားရင်း လူတိုင်း ဆုတွေ ပိုင်ဆိုင်နိုင်ပါပြီ။
HOT LINE :
09-4211-33777, 09-42111-6868
Follow us on www.facebook.com/CPFoodBusinessMyanmar
၂၀၁၄ ခုနှစ်
မတ်လ (၅) ရက်နေ့မှ
ဧပြီလ (၁၀) ရက်နေ့အထိ

7Day News Journal

# International

Vol.13, No.1 • MARCH 5 , 2014

## ဟေတီကာလဝမ်းရောဂါသည်များအား နစ်နာကြေးပေးရန် ကုလကျွမ်းကျင်ပညာရှင်တောင်းဆို

**ဖို့တ်အော်ပရင့်စ်၊ မတ်-၃**

ကုလသမဂ္ဂအဖွဲ့က ခန့်အပ်ထားသော လူသားချင်းစာနာထောက်ထားမှု ကျွမ်းကျင်ပညာရှင် ဂူစတာဗိုဂယ်လန်သည် ဟေတီကာလဝမ်းရောဂါနစ်နာကြေးကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် လူသိရှင်ကြား အငြင်းပွားလျက်ရှိပြီး ဟေတီကာလဝမ်းရောဂါဒုက္ခသည်များအား နစ်နာကြေးပေးရန် ပြောကြားလိုက်သည်။

ဂယ်လန်၏အစီရင်ခံစာတွင် ၂၀၁၀ ပြည့်နှစ်က ဟေတီနိုင်ငံတွင် ကာလဝမ်းရောဂါ စတင်ဖြစ်ပွားရခြင်းမှာ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကြောင့်ဖြစ်ပြီး ကုလသမဂ္ဂအနေဖြင့် ယင်းရောဂါဖြစ်ရခြင်းကို တာဝန်ယူရမည်ဖြစ်ကြောင်း ပါဝင်သည်။

ဂယ်လန်၏ အစီရင်ခံစာအရ ဟေတီနိုင်ငံတွင် ကုလသမဂ္ဂဌာနတစ်ခုရှိ မိလ္လာပိုက်များမှ အညစ်အကြေးများ ယိုစိမ့်မှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံသားသိန်းနှင့်ချီ၍ ကာလဝမ်းရောဂါဖြစ်ပွားခဲ့ပြီး လူပေါင်း ၈,၃၀၀ ကျော် သေဆုံးခဲ့သည်။

ကုလသမဂ္ဂက ကာလဝမ်းရောဂါ ဖြစ်ပွားရခြင်း၏ အဓိကအရင်းအမြစ်ကို အတိအကျဖော်ထုတ်ရန် မဖြစ်နိုင်ကြောင်းနှင့် ယင်းအတွက် နစ်နာကြေးပေးရန် တာဝန်မယူနိုင်ကြောင်း ပြောကြားသည်။



THONY BELIZAIRE/AFP

*ဟေတီနိုင်ငံ၊ ဒယ်မတ်စ်ဒေသ၌ ကာလဝမ်းရောဂါကုသမှုခံယူရန် လူနာသစ်တစ်ဦးအား နယ်စည်းမခြားဆရာဝန်များအဖွဲ့ ဆေးခန်းသို့ ပို့ဆောင်ထားသည်ကို ၂၀၁၂ နိုဝင်ဘာ ၇ ရက်ကဓာတ်ပုံတွင် တွေ့ရစဉ်*

ပြီးခဲ့သည့်နှစ်တွင် နယူးယောက်မြို့ရှိ တရားရုံးတစ်ခု၌ ဟေတီကာလဝမ်းရောဂါဒုက္ခသည်များအမှုမှ တရားဝင်ကင်းလွတ်ခွင့်ရရှိထားပြီးဖြစ်သည်ဟု ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။ ဟေတီကာလဝမ်းရောဂါသည်များ၏ ရှေ့နေများက ကာလဝမ်းရောဂါဖြင့် သေဆုံးသူတစ်ဦးလျှင် ကန်ဒေါ်လာတစ်သိန်းနှင့် မကျန်းမာသူတစ်ဦးလျှင် ကန်ဒေါ်လာငါးသောင်း နစ်နာကြေးပေးသင့်သည်ဟု တောင်းဆိုထားသည်။

ဟေတီနိုင်ငံတွင် ၂၀၁၀ မတိုင်မီက နှစ်ပေါင်းတစ်ရာခန့်ကြာအောင် ဘက်တီးရီးယားရောဂါပိုး ကူးစက်မှုများမရှိခဲ့ဟု မှတ်တမ်းများကဖော်ပြသည်။

—Ref: BBC

## ဗြိတိန်မင်းသားငယ်လေးဂျော့ချ် မိဘများနှင့်အတူ နိုင်ငံခြားသို့ ပထမအကြိမ်ခရီးထွက်မည်

**လန်ဒန်၊ မတ်-၃**

ဗြိတိန် တော်ဝင်မင်းသားလေးဂျော့ချ်သည် လာမည့်ဧပြီလတွင် နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံသို့ ၎င်း၏မိဘနှစ်ပါးနှင့်အတူ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဗြိတိန်ကင်စင်တန်နန်းတော် တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ကန်းဘရစ်ချ်မြို့စား မင်းသားဝီလီယံနှင့် မြို့စားကတော် ကိတ်မစ်ဒယ်တန်တို့၏ သားဖြစ်သူဂျော့ချ်သည် ရှစ်လသားအရွယ်တွင် ပထမဆုံးအကြိမ် ပြည်ပသို့ တရားဝင်သွားရောက်လည်ပတ်မည်ဖြစ်သည်။ ယင်းခရီးစဉ်တွင် မင်းသားဂျော့ချ်အတွက် ကလေးထိန်း၊ ဆံသသမားအပါအဝင် အခြွေအရံ ၁၁ ဦး လိုက်ပါမည်ဟု သိရသည်။

ဗြိတိန် တော်ဝင်မင်းသားမိသားစုသည် ဧပြီ ၇ ရက်တွင် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။ ကန်းဘရစ်ချ်မြို့စားဝီလီယံ မိသားစုခရီးစဉ်သည် ၁၉၈၃ ခုနှစ်တွင် မင်းသားဝီလီယံ၏ မိဘများဖြစ်ကြသော ဝေလမင်းသားနှင့် မင်းသမီးတို့၏ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများသို့ ကိုးလသားအရွယ် ဝီလီယံမင်းသားလေးနှင့်အတူ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် အလွန်ဆင်တူသည်။

မင်းသားဝီလီယံ၏ဇနီး ကိတ်မစ်ဒယ်တန်၏အဝတ်အစားများမှာ အလေးချိန်သုံးတန်ခန့်ရှိမည်ဖြစ်ကြောင်းနှင့် ၎င်းတို့မိသားစုကို လူပေါင်းတစ်သန်းခန့် စောင့်မျှော်ကြိုဆိုမည်ဟု မျှော်လင့်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

တော်ဝင်မင်းသား ခရီးစဉ်သည် နယူးဇီလန်နိုင်ငံ မြို့တော်ဝယ်လင်တန်တွင် စတင်မည်ဖြစ်ပြီး ယင်းမြို့တွင် ၎င်းတို့ကို အခမ်းအနားနှင့် ကြိုဆိုမည်ဖြစ်သည်။ မင်းသားဝီလီယံမိသားစုသည် ဩစတြေးလျနိုင်ငံ၏ အထင်ကရမြို့ကြီးများနှင့် နေရာများသို့လည်း သွားရောက်လည်ပတ်မည်ဟု ဗြိတိန်နန်းတော်ကပြောကြားသည်။

—Ref: BBC

## ယူကရိန်းသို့ကျူးကျော်ရေး လိုလားသူများ မော်စကိုမြို့တွင် ချီတက်အင်အားပြ

**မော်စကို၊ မတ်-၃**

အိမ်နီးချင်းယူကရိန်းနိုင်ငံတွင် ရုရှားနိုင်ငံက စစ်အင်အားသုံးခြင်းကို ထောက်ခံသော လူထောင်ပေါင်းများစွာသည် မော်စကိုမြို့၌ ချီတက်ခဲ့ကြပြီး အနီးအနားရှိ ကျူးကျော်မှုဆန့်ကျင် ကန့်ကွက်ဆန္ဒပြသူများမှာမူ ထိန်းသိမ်းခံခဲ့ရကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံတော် ရုပ်သံက ယူကရိန်းနိုင်ငံနယ်စပ်မှ ဒုက္ခသည်များစီးနင်းလာသော ဘတ်စ်ကားများဟုဆိုသည့် ကားများကို ရိုက်ပြခဲ့ပြီး ၎င်းတို့မှာ ဖက်ဆစ်လူရမ်းကားများထံမှ ထွက်ပြေးလာကြသည်ဟု အစီအစဉ်တင်ဆက်သူများက ပြောကြားသည်။

မော်စကိုမြို့လယ်တွင် ရုရှားအလံများဝှေ့ယမ်း၍ အနည်းဆုံးလူပေါင်းတစ်သောင်း ချီတက်ခဲ့ကြသည်။ အချို့ကလည်း ဆိုဗီယက်စစ်ယူနီဖောင်းများဝတ်ဆင်ထားပြီး 'ဖက်ဆစ်ဝါဒကို လက်မခံ' 'နာဇီဝါဒအလိုမရှိ'ဟု အော်ဟစ်ခဲ့ကြသည်။

သို့သော်အနီးအနားရှိရင်ပြင်နီတွင် ကျူးကျော်မှုဆန့်ကျင်ရေး ဆန္ဒပြသူဒါဇင်အနည်းငယ်ကို ရဲတပ်ဖွဲ့က အလျင်အမြန်ထိန်းသိမ်းခဲ့ကြောင်းနှင့် ဆန္ဒပြသူ ၅၀ ကျော်အား ရဲကားငါးစီးဖြင့် ထိန်းသိမ်းခေါ်ဆောင်သွားခဲ့သည်ကို အေပီသတင်းထောက်များက ကိုယ်တိုင်မြင်တွေ့ခဲ့ကြသည်။

ယူကရိန်းတွင် စစ်အင်အားသုံးရေး ရုရှားပါလီမန်က ခွင့်ပြုခဲ့သလို ပင်လယ်နက်ဒေသ မဟာဗျူဟာမြောက် ခရိုင်းမီးယားကျွန်းဆွယ်နှင့် ယူကရိန်းနိုင်ငံရှိ အခြားရုရှားစကားပြောသူများကို အကာအကွယ်ပေးခွင့်ရှိသည်ဟု ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားသည်။

—Ref: AP

